


# နေနွယ်ဝင်းမြင့်

## သဲနုငယ်၏အချစ်ရုပ်ကြွင်း

(ဒုတိယအကြိမ်)

# နေနွယ်ဇင်မြင့်

# သဲနငယ်၏ အချစ်ရုပ်ကြွင်း


စာမူခွင့်ပြုချက်အမှတ် - ၁၇၇၅/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆/၂၀၀၄ (၁)

၂၀၀၄ ခုနှစ်၊ မတ်လ၊

ဒုတိယအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေနွယ်ဇင်မြင့်
သဲနုငယ်၏ အချစ်ရုပ်ကြွင်း
(ဒုတိယအကြိမ်)






# နေနွယ်ဇင်မြင့်



## သဲနုငယ်၏ အချစ်ရုပ်ကြွင်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## နာကြည်းမှုကလဲ့စားအတွက်  အတိတ်၏အရိပ်

ပင်လယ်ရေမျက်နှာပြင်မှ ပေပေါင်းနှစ်ထောင်ကျော် သုံးထောင်နီးပါး မြင့်မားသည့် တောင်ကုန်းများ။ တောင်ကမ်းပါးယံဘေးမှာ ကားတစ်စီးသာ သွားနိုင်သည့် လမ်းကျဉ်းကလေး။ တစ်ဖက်မှာ ချောက်ကမ်းပါးကြီး။

ဆောင်းရာသီ၏ အအေးဆုံးညဖြစ်သည့် ဒီဇင်ဘာလ။ ရာသီဥတုက ချမ်းခိုက်ခိုက်တုန်နေသည်။ တောင်စောင်းအတိုင်း ကွေ့ပတ်ဖောက်ထားသည့် လမ်းကျဉ်းကလေးဝယ် “င” နံပါတ် နို့နှစ်ရောင် မာစီးဒီးကားကြီးတစ်စီး က ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။

ကား၏ နောက်ပိုင်းထိုင်ခုံတွင် ထိုင်နေသူက သူဌေးကြီး ဦးဘထွန်း၊ ရိုးကော်လာနှင့် ခေါင်းစွပ်ဆွယ်တာ၊ လက်ရှည်တစ်ထပ်၊ ကုတ်အင်္ကျီတစ်ထပ် ဝတ်ထားလျက်နှင့်ပင် မနွေးနိုင်သေးသကဲ့သို့။ ရှေ့ခန်း စတီယာရင်နောက်မှ ယာဉ်မောင်းကတော့ ဦးဘထွန်းနှင့်ရော ပတ်ဝန်းကျင်နှင့်ပါ ဆန့်ကျင်ဘက် ဖြစ်နေသည်။

ရာသီဥတု အအေးဒဏ်ကိုလည်း သတိပြုမိပုံမရ၊ နှင်းမှုန်တွေကြားမှာ ရှပ်အင်္ကျီလက်တိုကလေးနှင့် ကားမောင်းနေရသည့်သူ့အဖြစ်ကိုလည်း မေ့လျော့နေဟန်မျိုး၊ နဖူးကျယ်ကြီးပေါ်၌ ချွေးသီးအချို့ပင် စို့ချင်ချင်၊ ခိုက်အိုက် လူအိုက်ကြီး ဖြစ်နေပါ၏။

ပုလဲနှင်းပွင့်တွေကြားတွင် လင်းလက်နေသည့် ကားရှေ့မီးရောင်တန်းမှာ ရာဇဝတ်မှုတစ်ခုကို ရုပ်ရှင်ပြသည့်နှယ် သူ့မျက်စိထဲမှာ အလိုလို မြင်နေသည်။ သူ ဆုံးဖြတ်ချက် ချပစ်လိုက်သည်။ စိတ်အာရုံ မြင်ကွင်း ရုပ်ရှင်ကားပေါ်မှ ဇာတ်လမ်းကို သူ အကောင်အထည်ဖော်တော့မည်။

ကားအရှိန်ကို အနည်းငယ် လျှော့ပစ်သည်။

"သိပ်ချမ်းနေရင် ဘရန်ဒီကလေး နည်းနည်းသောက်လိုက်ပါလား ဆရာ"

နောက်လှည့်မကြည့်ဘဲ ပြောသည်။

"အေး ... ကောင်းသလိုလိုရှိဘား၊ ဒါပေမဲ့ ပါမလာဘူးကွ"

ဦးဘထွန်း စကားသံက မေးရိုက်သံနှင့်အတူ ထွက်ပေါ်လာသည်။

"ကျွန်တော့်မှာ ပါပါတယ် ဆရာ၊ ကျွန်တော်တော့သောက်လာခဲ့လို့ ဒီလောက် အချမ်းခံနိုင်တာပေါ့၊ ဖန်ခွက်တွေဘာတွေတော့ မပါဘူး ဆရာ၊ ပုလင်းလိုက်သာ မော့ပေတော့၊ ရော့ ... ဆရာ၊ ကန်တော့"

အရက်ပုလင်းကို နောက်လှည့်မကြည့်ဘဲ လက်ပြန်လှမ်းပေးသည်။ သူ့မျက်စိက ရှေ့တည့်တည့်မှာသာ။



ဦးဘထွန်းက လှမ်းယူကာ ပုလင်းလိုက်ပင် မော့ရသည်။ ဂွပ်ခနဲ မျိုချသည်။ ဦးဘထွန်း၏ လည်ချောင်းတစ်လျှောက်မှာ မီးကျိုးခဲများ လျှောခနဲ ဆင်းသွားသကဲ့သို့။

"အား ... အခုမှ နေသာထိုင်သာရှိ ... ဟော့ မင်းအရက်က ပြင်းလှချည်လား"

ယာဉ်မောင်းကြီးက အပြုံးဟု မဆိုသာနိုင်ပါသော အပြုံးတစ်မျိုး ပြုံးသည်။ အပြုံးတော့ အပြုံးပါပဲ၊ သို့ပေမင့် ကောက်ကျစ်စဉ်းလဲမှု သုံးပုံနှစ်ပုံ စွက်နေပါသည့် အပြုံးမျိုး။ စကားပြန်မဆိုပါ။ တစ်မိနစ်ပင်ပြည့်အောင် ကြာလိုက်မည် မထင်ပါ။ ကားနောက်ပိုင်းက ဦးဘထွန်း ထံမှ တခေါခေါဟောက်သံကြီးက မြူခိုးများနှင့်အတူ လွင့်ပျံတက်လာတော့သည်။

ယာဉ်မောင်းကြီးက မျက်ခုံးနှစ်ခုကို နီးနိုင်သမျှနီးအောင်တွန့်ရင်း ကားရပ်လိုက်သည်။ သည်တစ်ခါတော့ သူ မပြုံးတော့ပါ။ ဦးဘထွန်း ဘေးမှ လွယ်အိတ်ခပ်ဟောင်းဟောင်းကလေးကို ယူသည်။

ဦးဘထွန်း၏ ကိုယ်ကြီးကို ပွေ့ယူကာ ကားစတီယာရင်ရှေ့ခုံသို့ ပို့သည်။ ဦးဘထွန်း တစ်ဦးတည်း ကားထဲမှာ ပါလာသည့် ပုံစံမျိုးဖြစ်အောင် လုပ်သည်။ လွင့်စဉ်ကျလျှင်လည်း ကျပါစေ၊ အကယ်၍ လွင့်စဉ်မကျပါက ယာဉ်မောင်းမပါဘဲ ဦးဘထွန်း တစ်ဦးတည်းသာ မောင်းနှင်လာဟန် ထင်ကြမှာဖြစ်မည်။

ကားကိုစက်နိုး၊ တစ်ဖက် ချောင်းကမ်းပါးအတိုင်း အရှိန်နှင့် မောင်းချ၊ ချောက်ထဲမကျမီ ဘေးတံခါးဖွင့်ကာ မိမိက လွယ်အိတ်စုတ်ကလေးနှင့်အတူ ခုန်ဆင်းလိုက်ရုံ။

"အား"

ဝေါသမင်းငင်သံကြီးတစ်ခု။

## တမလွန်မှ ချစ်ညှို့သည်

စတီရီယိုအဆိုတော် "လင်းလက်ထွန်း"။ ညက မွေးနေ့ညစာပွဲတစ်ခုမှာ ၁၂ နာရီထိ သီချင်းဆိုခဲ့သည်။ အိမ်ပြန် ရောက်၊ အဝတ်အစားလဲ၊ အိပ်ရာပေါ်ရောက်တော့ တစ်နာရီပင် ထိုးလေပြီ၊ ရေမြှုပ်မွေ့ရာကြီးပေါ်မှာ ကျောတစ်ခုလုံး နှစ်ထားသည် မို့ သူ့မျက်လုံးအစုံက မျက်နှာကြက်ဆီသို့။

သဲနုငယ်၊ မျက်နှာကြက်ပေါ်တွင် သဲနုငယ်၏ အပြစ်ကင်းစင်ပါလေသည့် မျက်နှာလေး၊ ခုတင်မှာ ခြင်ထောင် မပါ။ တစ်ခန်းလုံး ခြင်ဆန့်ခါ တပ်ထားသည်မို့ ခြင်ထောင်မလို၊ မျက်ဝန်းအစုံက မျက်နှာကြက်အဖြစ် ပြုလုပ်ထားပါသည့် ဖိုက်ဘာ ပြားများဆီသို့ တန်းတန်းမတ်မတ်။

သဲနုငယ်က မျက်နှာကြက်ပေါ်မှ မခွာ။

"ဩော် ... သဲနုငယ်ရယ်"

မွေးနေ့ညစာပွဲမှာ သဲနုငယ် အတွက် ရည်စူးသည့် သီချင်းကိုပင် သူ ဆိုခဲ့သေးသည်။ ကိုယ်တိုင်ရေးစပ်ခဲ့ခြင်းလည်း ဖြစ်၏။ လူမသိ ရှင်မကြား မထင်မရှား အဆိုတော်ကလေးဘဝ

မှုသည် ထိပ်တန်းအဆိုတော်ဘဝသို့ ရောက်ခဲ့ရသည်မှာ စင်စစ်သည် သီချင်းကြောင့်ပါ။

"သဲနုငယ်၏ အချစ်ရုပ်ကြွင်း"

ခံစားချက်ကလည်း ရင်နှင့်အပြည့်မို့ စာသားများက နုလှသလို သူ့အသံကလည်း နှလုံးသားအတွင်းမှ ပေါက်ကွဲမွှင့်အန်ကျလာရှော့သလား ထင်ရသည်။ သီချင်းဆိုနေစဉ်မှာ သူ့နှလုံးသားက ငိုညည်းနေသည်။ သူ့အသံမှာ ရှိုက်သံတစ်ဝက် စွက်နေသည်။ သူ့မျက်ဝန်းများမှာ မျက်ရည်စကလေးတို့ သီကရီခိုတွဲနေသည်။

သည်သီချင်းတစ်ပုဒ်တည်းဖြင့် သူ အောင်မြင်မှုသရဖူ ဆောင်းခဲ့ရသည်။ သဲနုငယ်တို့ကဲ့သို့သော နုနုငယ်ငယ် ပျိုပျိုမျစ်မျစ်ကလေးများ၏ အသည်းကျော် ဖြစ်လာရသည်။ "သဲနုငယ်"ဆိုသည့် စကားကို အသည်းနုနု ငယ်ငယ်ရွယ်ရွယ်ကလေးများအား တင်စားခေါ်ဝေါ်သည်ဟု ထင်ကြသည်။ စင်စစ်သူ့နှလုံးသားတွင်းမှ "ချစ်သည်းအူ" ကလေး၏ အမည်နာမဖြစ်ပါလေ၏။

သည်သီချင်းကြောင့် အောင်မြင်လာရသည်ကိုပင် သူ မပျော်နိုင်ပါ။ သဲနုငယ်နှင့်ရင်းမှ ရပါလေသည့် အောင်မြင်မှုဖြစ်သောကြောင့် သဲနုငယ် အပေါ်မှာ မတရား အခွင့်အရေးယူခဲ့လေရှော့သလား။ သည်သီချင်းကို အလွန်ဆိုချင်ပါလျက် မဆိုရက်၊ သို့ပေမင့် စတီရီယိုအဆိုကျော် "လင်းလက်ထွန်း" ပါဝင်သည့် ဧည့်ခံပွဲတိုင်းမှာ မှုရီသတ်က သည်သီချင်းကိုချည်း ပွဲတောင်းကြပါလေသည်။



မတတ်သာပါ၊ ကိုယ့်ပရိသတ်က ပွဲတောင်းတော့လည်း မနေသာပါလေတော့၊ နှလုံးသား၏ ငိုညည်းသံကို လှစ်ကျူးရပြန်ပါ၏။

ကိုယ်တိုင် ရေးစပ်သီဆိုသည့် သီချင်းကိုပင် အဝေးတစ်နေရာမှ ပျံ့လွင့်လာသကဲ့သို့ လင်းလက်ထွန်း၏ နားထဲမှာ ကြားယောင်လာရပြန်သည်။

ဆင်စွယ်နန်းတော်ကြီးရဲ့အလယ်
ပုလဲနှစ် သလွန်ပေါ်ဝယ်
စံမြန်းပါလေသည်၊ သဲနုငယ် ...
ချစ်သဲနုနုငယ်ငယ်
ရွှေဘဝက ရေစက်နယ်
သဲနုငယ်ရယ်
ရင်ခွင်ထဲကို ကြွေကျတဲ့ လစန္ဒာ
မြတ်နိုးယုယဖို့ အခွင့်ကမသာ
ကံကြမ္မာရိုင်းရဲ့၊ တာဝန်တစ်ရပ်ပါ
နှလုံးသားကို ဆုပ်ညှစ်ပြီးမှ ခွန်ခွာ
အချစ်မုဆိုးလို့ ခေါ်ချင်ခေါ်ပါ
ကိုယ့်နှလုံးသားလည်း တဆတ်ဆတ်ခါ
ရင်မှာ မပြေသာ၊ အစဉ်အမြဲနာ၊ မခံချိတဲ့ ဝေဒနာ
ကိုယ့်ဘဝအတွက် နေဆယ်စင်း
အသည်းကိုမှ လောင်မြိုက်ခြင်း
အံကြိတ် အနိုင်ခံ ခွဲကိုတင်း

ကိုယ် ဘယ်တော့မှ မငြင်း
သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်း
မင်း ... တရားပါတယ် သဲနုငယ်
ဇေိုက်သားက ကိုယ်ပါကွယ်
မင်းနွဲ့ဝေးမှ ကိုယ့်ဘဝက မီးငယ်လယ်
သဲနုငယ် ... ချစ်သဲနုငယ် ...
သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်းက
မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ် ...

သီချင်းသံဆုံးသည်နှင့် ဆယ်ကျော်သက်မကလေးများ သူ့အနားသို့ ဝိုင်းကပ်လာကြမြဲ။ မျက်ရည်အပြည့်နှင့် သူ့မျက်ဝန်းအိမ်ကို ဆွေးဆွေးမြည့်မြည့် ဝိုင်းကြည့်ကြသည်။

"အစ်ကိုလင်းလက်ရဲ့ ကိုယ်တွေ့ခံစားချက်လားဟင်"

စပ်စပ်စုစု မေးသူက မရှား။ သူက ခေါင်းညိတ်ပြသည့်အခါမှာ သူ ဝတ်ထားသည့် ဘောင်းဘီပေါ်သို့ မျက်ရည်စက်ကလေးများက လွင့်စဉ်ကျမြဲ။

"အို ... သူ့အချစ်ကို ရပြီးမှ ဘာဖြစ်လို့ ရင်နာခံပြီး စွန့်ခွာခဲ့ရတာလဲဟင်"

"ကံကြမ္မာရှင်းရဲ့ တာဝန်ဆိုတာက ဘယ်လိုတာဝန်မျိုးမို့ နှလုံးသားထဲက ချစ်သူကိုတောင် စွန့်ခွာခဲ့ရတာလဲဟင်"

သည်မေးခွန်းတွေကိုတော့ လင်းလက်ထွန်း မဖြေပါ။ ခေါင်းငိုက်စိုက်ချကာ လူအုပ်ကြားမှ တိုးထွက်လာခဲ့သည်။ ဖြည်းဆေးလေးကန်သော ခြေလှမ်းတို့က သူ့ခန္ဓာကိုယ်ကြီးကို မနိုင်တနိုင် သယ်မ,သွားကြသည်။ သူ့ရင်တွင်းဝေဒနာနှင့် သူ့ခံစားချက်အတိုင်း ပြုမူခြင်းပေမင့် သည်အမှုအရာကိုပင် ဆယ်ကျော်သက်ကလေးများက အသည်းစွဲသွားကြရသည်။ အသနားပိုကြရသည်။ သည်တော့လည်း လင်းလက်ထွန်း၏ ဦးခေါင်းထက်ဝယ် အောင်မြင်ခြင်း သရဖူ။



အတွေးဆုံးတော့ နှစ်နာရီပင် ခွဲလုလု၊ မျက်စိကို စုံမှိတ်ကာ ကြိုးစား၍ အိပ်ရသည်။

ဩော် ... အိပ်မက်ထဲမှာ သဲနုငယ်။

အချိန်က သုံးနာရီခွဲခန့်။

အိပ်ပျော်ကာစမို့ ချက်ချင်းကြီး ပြန်နိုးရန် မလွယ်သည့် အချိန်မှာပင် ခုတင်ဘေးမှ တယ်လီဖုန်းက မြည်လာသည်။ တစ်ခါမြည် မနိုး၊ နှစ်ခါမြည် မနိုး၊ စကားပြောခွက်က ယင်းကို တင်ထားသည့် ပုခက်ပေါ်မှ ထခုန်တော့မလောက် အော်တော့မှ လင်းလက်ထွန်း နိုးသည်။

"မိုးတောင် မလင်းသေးဘူးကွာ"

လင်းလက်ထွန်းက ဟယ်လိုဖုန်း ဆက်သူကို ဒေါပွသွားရသည်။ အိပ်ရေးက မဝ၊ အတွေးတွေ ကသိကရိ၊ ဦးခေါင်းတစ်ခုလုံးကျတော့ မူးယစ်ဝေသီနေတော့သည်။ စိတ်မပါ့တပါနှင့်ပင် စကားပြောခွက်ကို လှမ်းယူသည်။

"သဲမောင်လား၊ ဟင် ... သဲမောင်ရေ"

ကမ္ဘာကြီးတစ်ခုလုံး ဦးစောက်ကျွမ်းပြန် ဖြစ်သွားပြီလား၊ သူ အိပ်ရာကမှ နိုးသေးရဲ့လား၊ အိပ်မက် မက်နေတာများလား။

"သဲမောင်ရေ ... သဲနုငယ်ပါ၊ သဲနုငယ် စကားပြောနေပါတယ်ရှင်"

သာယာချိုအေးလှပါသည့် အသံကလေး၊ သူ တစကြိမ် နားထောင်ခဲ့ဖူးသည့် အသံကလေးပါ။ သည်အသံကလေးက ယခုထက်တိုင် နှလုံးသားတွင်းမှာ ပဲ့တင်ရိုက်မြဲမို့ မမေ့နိုင်သေးပါ။

လင်းလက်ထွန်းက စကားပြောခွက်ကို ကိုင်လျက် ခုတင်ပေါ်မှ ဆင်းသည်။ ခုတင်စောင်းမှာ ပြန်ထိုင်သည်။ သူ နိုးနေပြီဖြစ်ကြောင်း၊ အိပ်မက် မဟုတ်ကြောင်းတော့ သေချာသွားပါပြီ။

အိပ်မက် မဟုတ်ကြောင်း သေချာသွားသည်မို့ ဒေါသထွက်လာသည်။ သန်းခေါင်သန်းလွဲမှာ အနှောင့်အယှက်ပေးသည့် ဖုန်းသရဲပေပဲ။ သူ့အနားမှာ ဝိုင်းဝိုင်းလည်နေကြမြဲဖြစ်သည့် ဆယ်ကျော်သက်မကလေးများထဲမှ တစ်ယောက်ယောက်တော့ အချိန်မဟုတ် အခါမဟုတ် နောက်ပြီ။ လင်းလက်ထွန်း ဒေါသက ရေဆူအမှတ်ဆီသို့။

"ခင်ဗျား ဘယ်သူလဲ၊ အခု အိပ်ပျော်ကာစမှာ ပြန်နိုးလာရတာ၊ ဒီအချိန်ကြီး ဖုန်းသရဲလုပ်တာတော့ မကောင်းပါဘူး"

"ဩော် ... သဲမောင်ရယ် ... သဲနုငယ်ပါ"

"တော်ဗျာ တော်တော်၊ ခင်ဗျား တခြားပြောစရာစကားမရှိရင် ဖုန်းချလိုက်တော့မယ်"



"သဲမောင် ... မလုပ်ပါနဲ့ သဲမောင်ရယ်၊ သဲနုငယ် အစစ်ပါ၊ သဲမောင်ရဲ့ သဲနုငယ်က သဲမောင်ကို သဲမောင်လို့ ခေါ်တာ ဘယ်သူ သိတာလိုက်လို့၊ သဲနုငယ် ကိုယ်တိုင်မို့ လို့သာပေါ့"

လင်းလက်ထွန်း တွေခနဲ ဖြစ်သွားသည်။ သူ့ကို "သဲမောင်"ဟု ခေါ်သူမှာ သူနုငယ်မှ သဲနုငယ် တစ်ယောက်တည်း။ သူ့မှာကလည်း တစ်ဘဝမှာ သည်တစ်ခါသာ နှလုံးသားချင်း စကားဆိုဖူးသူမို့ မောင်မောင်တွေ၊ ကိုကိုတွေ ခေါ်မည့်သူလည်း မရှိ၊ သဲနုငယ်က သူ့ကို "သဲမောင်"ဟု ခေါ်ကြောင်းလည်း မည်သူ့ကိုမျှ ပြောပြမထား။

သူမ ... မည်သူနည်း။

"မင်း ဘယ်သူလဲ"

"ယုံပါ သဲမောင်ရယ်၊ သဲမောင်ကို သိပ်ချစ်နေတဲ့ တမလွန်က သဲနုငယ်ပါ"

"သဲနုငယ်က သေပြီ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း တမလွန်က သဲနုငယ်လို့ ပြောတာပေါ့"

"ဩ ... ဩ ... တမလွန် တိုင်းပြည်မှာလည်း တယ်လီဖုန်း ရှိသကိုး"

သူ့အကြောင်း တစ်စွန်းတစ်စ သိထားသည့် ကောင်မလေး တစ်ယောက်ယောက်ပေပဲဟူ၍ သူ တွေးထင်လိုက်မိသည်။

"ထားပါတော့၊ မင်းက သဲနုငယ်ပဲ ဆိုပါတော့၊ တို့ဆီ ဘာလုပ်မလို့ တယ်လီဖုန်း ဆက်တာလဲ"

"လွမ်းလို့ပါ သဲမောင်ရယ်၊ သဲမောင်က စိမ်းရက်ပေမဲ့ သဲနုငယ်ကတော့ အမြဲလွမ်း၊ အမြဲချစ်နေရတဲ့သူ မဟုတ်လား"

"သရဲမ စကားပြောတတ်တယ်၊ သရဲတိုင်းပြည်မှာ တယ်လီဖုန်း ရှိတယ်ဆိုတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်"

"ဘာပြောတယ်"

တစ်ဖက်မှ ဒေါသသံလေး ထွက်လာသည်။ လင်းလက်ထွန်းက နှုတ်ခမ်းကလေး အပေါ်တွန့်တက်ရုံ ပြုံးသည်။ "သရဲမ"ဟု ခေါ်လိုက်သောကြောင့် တစ်ဖက်က ဖုန်းသရဲမလေး ဒေါကန်သွားပုံရသည်။

"မင်းဟာ သဲနုငယ် တဖြစ်လဲ သရဲမလေး ဆိုတာ တို့ ယုံပါတယ်၊ မင်းအသံက သဲနုငယ် အသံအတိုင်းပဲ၊ ဟော... မင်း ငိုနေသလား"

"အင့်"ခနဲ ရှိုက်သံသဲ့သဲ့ကလေးက တယ်လီဖုန်းမှတစ်ဆင့် လင်းလက်ထွန်း နားထဲသို့ ဝင်လာသည်။

"ဖြစ်ရလေကွာ၊ အချိန်မတော်ကြီးမှာ မင်းကလည်း အနှောင့်အယှက် ပေးသေးတယ်၊ မင်းကပဲ ငိုရသေးတယ်လို့၊ ငိုရမှာက တို့ကွ ...သိလား၊ သဲနုငယ် အကြောင်း တွေးနေလို့ နှစ်နာရီခွဲမှ အိပ်ပျော်တယ်၊ အခု မင်း ဖုန်းဆက်တော့ သုံးနာရီခွဲ၊ တို့ အိပ်ရေးပျက်လှပြီ၊ ကဲပါကွာ ငိုမနေပါနဲ့၊ တို့ကပဲ တောင်းပန်ပါတယ်၊ တို့ လွန်ပါတယ်၊ ကဲ ... ကဲ မင်းလည်း ပြန်အိပ်ပါ၊ တို့ အိပ်ချင်ပြီ"



"သဲမောင်ရယ် ... ရက်စက်လိုက်တာ"

"ဟော ... မင်း မလျှော့သေးဘူးလား"

"သဲနုငယ် အစစ်ပါ သဲမောင်ရယ်၊ သဲမောင်ကို သိပ်ချစ်နေမိတဲ့ တမလွန်က သဲနုငယ်ပါ၊ သဲမောင်ကတော့ ဟိုတုန်းကအတိုင်း နှလုံးသား စိမ်းသလောက် ရက်စက်မာကျောလွန်းလှချေလား သဲမောင်ရယ်"

လင်းလက်ထွန်းက ပခုံးနှစ်ဖက်ကို စုံတွန့်မိသည်။ မလွယ်ကြောပါလား။ ဖုန်းသရဲအဖြစ် နောက်ချင် ပြောင်ချင်ရုံဖြင့်က,ဟန်မတူ။ လင်းလက်ထွန်း၏ သိချင်းများကို နားထောင်ရင်းက သူ့ကိုယ်သူ 'သဲနုငယ်'ဟု ထင်သွားရှာပါသည့် စိတ္တဇဝေဒနာရှင်မလေး၊ ခပ်ရိုင်းရိုင်းနှင့် တိတိကျကျ ဆိုပါသော် အရူးမလေး တစ်ယောက်ယောက် ဖြစ်ဟန်တူသည်ဟု မှတ်ချက်ချသည်။

သည်လိုဆိုပြန်တော့လည်း တစ်ဖက်က စိတ္တဇဝေဒနာရှင်မလေး မိန်းမသား နုနုငယ်ငယ်ကလေး တစ်ဦး၊ သူ့ကြောင့် မျက်ရည်ကျရသည် ဆိုပြန်တော့လည်း သနားချင်သလိုလို၊ နောက်ပြီး သူ့အသံကလေးက အပြစ်ကင်းစင်ပြီး ဆာယာချိုအေးပုံ၊ တောင်းပန်ခယဟန်များ စွက်နေရပုံ၊ မာန်ကင်းပုံတွေကလည်း သဲနုငယ် အသံမှ တကယ့် သဲနုငယ် အသံအတိုင်း။

တစ်ဖက်သား အရူးမကလေးကို စိတ်ချမ်းသာသွားစေရန် လိုက်လိုက်လျောလျော ပြောတော့မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

"ကဲပါကွယ် ... ဟုတ်ပါပြီ၊ သဲနုငယ်ကို သဲမောင်က ယုံပါပြီ၊ သဲနုငယ်က ဟိုတုန်းကတည်းက ကျန်းမာရေး သိပ်ကောင်းတာ မှတ်ဘူး၊ အိပ်လိုက်ပါလား သဲနုငယ်"

"သဲမောင် မယုံသေးပါဘူးကွယ်၊ သဲနုငယ် သိပါတယ် သဲနုငယ် ကိုယ်တိုင် လာခဲ့ရင် သဲမောင် ယုံမလား"

"ဘယ်ကိုလဲ၊ အခုလား"

သူက ဘုရားတ,၍ မေးရသည်။ လူပျို့လူလွတ်မှ အသက်နှစ်ဆယ်ပြည့်ရုံကလေး ရှိသေးသည်။ သူ့လို အောင်မြင် ကျော်ကြားနေသူ တစ်ဦးမှာ မိန်းမပြဿနာနှင့် ပတ်သက်၍ နာမည်ပျက် မခံနိုင်ပါ။

"အခု မလာပါဘူး"

"ဟူး ..."

**သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ "တော်ပါသေးရဲ့"** ဟု တွေးမိသည်။

"သဲမောင် ဒီနေ့ သီချင်းဆိုစရာ ရှိသေးလား"

"ရှိတယ်"

"ဘယ်မှာ"

"ဒေသကောလိပ် အမှတ်(၃)မှာ၊ အဲဒီမှာ ပျော်ပွဲရွှင်ပွဲတွေ ရှိတယ်"

"သဲနုငယ် လာခဲ့မယ်၊ သဲမောင် သီချင်းဆိုတာကို သဲနုငယ် လာနားထောင်မယ်၊ သဲနုငယ် မျက်နှာကို ပြမယ်၊ ဒါဆိုရင် သဲမောင် ယုံပြီပေါ့"



"လာပါ ... လာပါ၊ ဘယ်သူမဆို လာနိုင်ကာပဲ၊ လက်မှတ်ကလေးသာ ဝယ်ပေါ့"

"အို ... သဲနုငယ်က သရဲမပဲဟာ၊ လက်မှတ်ဝယ်စရာ မလိုပါဘူး၊ ကိုယ်ရောင်ဖျောက်ပြီး လာခဲ့မှာပေါ့ သဲမောင်ရဲ့၊ ခစ် ... ခစ်"

ဗုဒ္ဓေါ ... ခုဏ္ဍိ ခုရယ်နဲ့ ဘယ်လိုကောင်မလေးလဲဟု သူတွေးလိုက်ရသည်။

"သဲမောင်ရေ၊ တာ့တာ"

တစ်ဖက်မှ တယ်လီဖုန်း ချသွားပါပြီ။ နှုတ်ဆက်သွားပုံကလေးက "သဲမောင်ရေ၊ တာ့တာ" တဲ့၊ ယခင် သူနှင့် သဲနုငယ်တို့ လျှောက်လည်ပြီး ပြန်ခါနီးတိုင်း သဲနုငယ် နှုတ်ဆက်ပုံကလေး အတိုင်းပါလေ။

"အင်း ... ငါ့အကြောင်း တော်တော်သိထားတဲ့ ကောင်မလေး ဖြစ်ရမယ်၊ သဲနုငယ် မှာတော့ ညီအစ်မ မရှိဘူး၊ ဖအေ တစ်ခု သမီးတစ်ခုပဲ၊ သူငယ်ချင်း တစ်ယောက်ယောက် များလား၊ သဲနုငယ်မှာ သူငယ်ချင်းလည်း များများစားစား ရင်းရင်းနှီးနှီး မတွေ့မိပါဘူး၊ နောက်ပြီး ... အသံ၊ သူ့အသံနဲ့ သူ့အသုံးအနှုန်းကလေးတွေက သဲနုငယ်မှ တကယ့် သဲနုငယ် အတိုင်း"

"သဲနုငယ် သေမှ သေသေးရဲ့လား"

"အို ... မဟုတ်တာ၊ ကြီးတော့သုသာန်မှာ သဲနုငယ် (၁၇) နှစ် ဆိုပြီး အုတ်ဂူမှ အထင်အရှားပါ"

ယောက်ယက်ခတ်ပါလေသော အတွေးများဖြင့် မိုးစင်စင် လင်းခဲ့ရပါတော့သတည်း။

သီချင်းတစ်ပုဒ် ဆုံးသည်နှင့် "လင်းလက်ထွန်း" လက်နှစ်ဖက်ကို မြှောက်ပြသည်။ လက်ခုပ်သံများ ဖြောင်းဖြောင်းညံသွားသလို "ဟေး ..."ဟု ဝိုင်းအော်သံကြီးက "ဟေး"ဟု မထွက်လာဘဲ "ဝေါ"ခနဲသံကြီး ဖြစ်သွားရသည်။

"လင်းလက်ထွန်းကွ၊ လင်းလက်ထွန်း"

ဆယ်ကျော်သက်မကလေးများ အသည်းစွဲသလို ဆယ်ကျော်သက် ထီးကလေးများက အားကျသည်။ ရုပ်ရှင်မှာ ကျော်ဟိန်း၊ စတီရီယိုမှာ လင်းလက်ထွန်းဟု ဆိုစမှတ်ပြုကြသည်။ လက်နှစ်ဖက်ကို ခပ်ကွေးကွေးမြှောက်ရင်း ပရိသတ်ထဲမှ နုနုစိုစို ပျို့ပျို့မကလေးများကို ပြုံးကြည့်မိသည်။

"ညက ဖုန်းသရဲမကလေး ဘယ်သူဖြစ်မလဲ"ဟုသည့် အတွေးနှင့် သူ မမြင်ဖူးသေးသည့် အသံရှင်ကို စိတ်မှန်းဖြင့် ရှာရသည်။

"သဲနုငယ်၏အချစ်ရုပ်ကြွင်း ဆိုပါ"

"သဲနုငယ်၏အချစ်ရုပ်ကြွင်း ဆိုပါ"

တောင်းဆိုသံများက ထုံးစံအတိုင်း သောသောညံလာပြန်ပါပြီ။ လျှော့ရဲရဲ၊ ခွေနွဲ့နွဲ့ ရပ်နေရာမှ ကိုယ်ကို မတ်ပစ်သည်။

"ဟေး ... လင်းလက်ထွန်း ကွ"



ဩဘာသံများ ရပ်သွားအောင် လက်ဝဲတစ်ဖက် မြှောက်ပြရင်း တားရသည်။

"ဒီလိုရှိပါတယ်ခင်ဗျား"

"ဟိုလိုမရှိဘူးကွ"

"ဝေး ..."

ငယ်ရွယ်သူများ၊ ပျော်နိုင်အားကြပါဘိခြင်း။

"သဲနုငယ်၏အချစ်ရုပ်ကြွင်း ဆိုတဲ့ တေးဟာ ကျွန်တော့်ရင်ထဲက ပေါက်ဖွားလာရတဲ့ နှလုံးသားငိုညည်းသံ တစ်ခုပါ"

"ဝေး ..."

"ဆိုပါ ဆိုပါ၊ နှလုံးသားရဲ့ ငိုညည်းသံကို ကြားချင်ပါတယ်"

"ဒီသီချင်းဟာ ဆိုချင်လွန်းပါလျက်နဲ့ မဆိုရက်တဲ့သီချင်းပါ၊ ဒါပေမဲ့ ဂီတချစ်သူ ပရိသတ်များရဲ့ တောင်းဆိုချက်ကို လေးစားတဲ့အနေနဲ့ ဆိုပါမယ် ခင်ဗျာ၊ ဆိုပြပါမယ်"

လင်းလက်ထွန်းက တစ်ကိုယ်လုံးရှိ အကြောများကို လျှော့ချပစ်သည်။ ကိုယ်ခန္ဓာကို ညွတ်ပျောင်းလုလု၊ ခွေခွေနွဲ့နွဲ့ ရပ်သည်။ ခေါင်းတစ်ချက် ဆတ်လိုက်သည့်အခါမှာ ဆံနွယ်တစ်ခွေက နဖူးပေါ်မှာ ဝဲကျလာသည်။

... ဩော် ... ပူပုံပန်းအသွင်ကို တမင်ဆောင်တယ်လို့ ထင်ကြမယ် သဲနုငယ်၊ မင်းရဲ့ အချစ်ရုပ်ကြွင်းအဖြစ် ကျန်ခဲ့တဲ့ နေ့ဆယ်စင်းက ကိုယ့်နှလုံးသားကို မီးလောင်တိုက်သွင်းနေကြတာ သူတို့မသိဘူး၊ လင်းလက်ထွန်းရဲ့ ရင်ကွဲနာကို ပရိသတ်တွေ နားမလည်ကြပါဘူး သဲနုငယ် ...

"ဒီသီချင်းကို ဆိုကာနီးတိုင်း မှုပုံပန်းအသွင်မျိုး လုပ်ပစ်တာ သိပ်မိုက်တာပဲနော်၊ သီချင်းဆိုသံတောင် မကြားရသေးဘူး၊ ဒီပုံစံနဲ့တင် ရင်ထဲမှာ ချိုလှပြီ၊ ဟော ... မျက်ရည်တွေ ဝဲလာပြီ ထင်တယ်၊ မျက်လုံးတစ်ချက် ဝင့်လိုက်တော့ လက်ခုံနဲ့ မြင်လိုက်ရတယ်"

"ညဘက်ဆိုတဲ့ စတီတပ်ရှီးတွေမှာ ဖာတ်ခုံတစ်ခုလုံး မှောင်ချပြီး သူ့တစ်ယောက်တည်း ဆလိုက်ထိုးပေးတာကလည်း တစ်မျိုးပဲကွာ၊ ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့်ကြီးလိုပဲ"

"သူ့ တကယ်ခံစားရပုံ ပေါ်တယ်၊ ကြည့်ပါဦး၊ သူ့မျက်နှာက ခုပဲ ငိုချလိုက်တော့မလို"

ဆယ်ကျော်သက်မကလေးများ တီးတိုးတီးတိုး သဘောနိုင်း လုပ်ကြသည်။

"အလကား ထွင်နေတာ"

လူအမျိုးမျိုး စိတ်အထွေထွေဖြင့် အပြစ်တင် ဝေဖန်သူများလည်း ရှိကြပါ၏။ သို့သော်ငြား များစုကတော့ သဘောကျနှစ်ခြိုက်နေကြသည်။ ဇော်ရိုယို အဆိုကျော် လင်းလက်ထွန်းအပေါ် အသံနား ပိုနေကြသည်။

စ,ပါပြီ၊ ပထမဆုံး စိတ်ပျက်အားလျော့သံနှင့် စ,သည်။

ဆင်စွယ်နန်းဆောင်ကြီးရဲ့ အလယ်
ပုလဲနှစ် သလွန်ပေါ်ဝယ်
စံမြန်းပါလေသည့် သဲနုငယ်၊ ချစ်သဲနုငယ်ငယ်



သဲနုငယ်၏ ဘဝပေးအခြေအနေ မြင့်မားပုံကို ဆိုသည့်အခါ မျက်နှာထားကထန်၍ အသံက မာပါသည်။

ရှေ့ဆုံးခုံတန်းမှ ဆယ်ကျော်သက်မကလေးများကို တစ်ချက် ဝေ့ဝဲကြည့်လိုက်သည်။

ရင်ခွင်ထဲကို ကြွေကျတဲ့ လစန္ဒာ
မြတ်နိုးယုယဖို့ အခွင့်က မသာ
ကံကြမ္မာရိုင်းရဲ့တာဝန်တစ်ရပ်ပါ

"ဟင်"

နှလုံးသွေးများ ရပ်သွားလေသလား၊ အသက်မရှူမိပါ။

"သဲနုငယ်"

သူ့နှုတ်ခမ်းမှ ရေရွတ်သံကလေး တီးတိုးထွက်ပေါ်လာသည်။ ဟုတ်ပါသည်။ သဲနုငယ်မှ သဲနုငယ် အစစ်ပါ။ ရှေ့ဆုံးခုံတန်းမှာ ပြုံးပြုံးကလေး ထိုင်နေပါသည်။ နှုတ်ခမ်းကလေးတွေက တရွရွနှင့် "သဲမောင်"ဟုပင် ခေါ်လေရော့သလား။

"သဲနုငယ်"ဟု တအားကျုံးခေါ်ကာ ပြေးသွားချင်မိသည်။ သီချင်းဆိုရက်တန်းလန်းက စက္ကန့်အနည်းငယ် ရပ်တန့်သွားရသည်။

"သဲမောင်ကို ပစ်မသွားပါနဲ့ သဲနုငယ်၊ သဲနုငယ်ဆီ သဲမောင်လာခဲ့မယ်"

ဒီစကားစုက မူရင်းသီချင်းမှာ မပါပါ။ ထို့ကြောင့် တွေတွေကြီးရပ်ရင်း သဲနုငယ်ကို ရပ်ကြည့်ကာ စကားပြောသလို ပြောချပစ်သည်။ သီချင်းကဲ့သို့ တေးသွားအလိုက်နှင့် မဆို။ သူ

ပြောလိုသည့် အဓိပ္ပာယ်ကို သဲနုငယ်သာ ဟုတ်ရိုးမှန်လျှင် နားလည်ပါလိမ့်မည်။

သီချင်းဆိုရင်းက ရပ်တန့်ကာ စကားပြော ဝင်လာသည်ကို ပရိသတ်ကတော့ တစ်မျိုးထွင်ပြန်ပြီဟု ထင်ကြမည် အမှန်ပါ။ သူ့မှာတော့ သူ့အဓိပ္ပာယ်နှင့်သူ၊ လင်းလက်ထွန်း သီချင်းဆက်ဆိုသည်။

သဲနုငယ်ကိုသာ စေ့စေ့ကြည့်ရင်းဆိုသည်။ သဲနုငယ် ... သဲနုငယ် ... သဲမောင်ရဲ့ သဲနုငယ်ရယ်၊ မင်း မသေသေးပါလား ကွယ် ... သီချင်းဆိုသည်မှာ ပိုပြီး အသက်ပါလာသည်။ နှလုံးသား၏ ငိုညည်းသံက ပိုပြီးပီပြင်လာသည်။ ရှိုက်သံများပင် နှောလာသည်။ ကိုယ့်ခံစားချက်ကို တင်ပြရမည့် ကာယကံရှင် သဲနုငယ် ရှေ့မှောက်မှာမို့ ရင်ကွဲနာကို လှိုက်လှိုက်လှဲလှဲ တင်ပြမိသည်။

ပရိသတ်ကြီးက ငြိမ်ကျလို့။

"မင်းရဲ့ အချစ်ရပ်ကွင်း အဖြစ် ကျန်ရစ်ခဲ့တဲ့ နေဆယ်စင်းက ကိုယ့်နှလုံးသားကို မီးလောင်တိုက်သွင်းနေပေမဲ့ ငမိုက်သား ကိုယ်ရယ်လေ အံကြိတ်ပြီး ခံပါတယ် သဲနုငယ်၊ သဲမောင် မငြင်းပါဘူး သဲနုငယ်ရယ်"

သီချင်းကို ခဏရပ်ကာ စကားပြောကို သွင်းပြန်သည်။ ပရိသတ်ကြီးကလည်း သဘောအကျကြီး ကျနေသည်။ သူ့အမူအရာ၊ သူ့အသံက သူ့ရင်တွင်းဝေဒနာကို ဖော်ပြနေကြသည်။ သည်သီချင်းကို ဆိုခဲ့လေသမျှ သည်တစ်ခါ အကောင်းဆုံး။ အသက်အပါဆုံး၊ ဝမ်းနည်းလှိုက်မောဖွယ် အဖြစ်ရဆုံး။

သီချင်း၏ နိဂုံးပုဒ်ကို ဆိုသည်။



သဲနုငယ် ... သဲနုငယ် ... သဲနုငယ်ရဲ့ အချစ်ရပ် ကွင်းက မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ်။

ငါးစက္ကန့်မျှ ပရိသတ်ကြီးက ဆက်လက် ငြိမ်သက်နေတုန်း။ လင်းလက်ထွန်း၏ ဂီတကြောမှာ မျောသွားကြခြင်း ဖြစ်ပါ၏။ ခဏကြာမှ "ဝေါ"ခနဲ အသံကြီး ထွက်ပေါ်လာသည်။ လက်ခုပ်သံများက နားကွဲလုလု။

လင်းလက်ထွန်းက စင်ပေါ်မှ အပြေးဆင်းသည်။ "သဲနုငယ် ... သဲနုငယ်"ဟု တဖွဖွ ခေါ်သေးသည်။ ဆယ်ကျော်သက်မကလေးများကြားသို့ တိုးဝင်လာသည်။ နုနုစိုစို ပျိုပျိုရွယ်ရွယ် ကလေးများ သူ့နားမှာ ဝိုင်းအုံလာကြသည်။

မတွေ့တော့ပါပြီ၊ သဲနုငယ် မရှိတော့ပါပြီ၊ မျက်နှာနုနုကလေး အားလုံးကို စေ့အောင် လိုက်ကြည့်သည်။ မင်းဘယ်မှာလဲ သဲနုငယ်ရယ်၊ သူ့ကို အတင်းထိုးပေးနေသည့် အော်တိုဂရာအုပ်ကလေးများကိုလည်း သူ မမြင်။

"အစ်ကို့ ရင်တွင်း ခံစားချက်လားဟင်"ဆိုသည့် မေးခွန်းများကိုလည်း သူ မကြား။ သူ့ လက်နှစ်ဖက်ဖြင့် လူများကိုရှဲကာ မျက်စိအစုံ ပြူးထွက်အောင် တွေ့ချင်သူကို ရှာသည်။ အခါတိုင်း ခေါင်းငိုက်စိုက်ချကာ လေးကန်စွာ လှမ်းလေ့ရှိသည့် သူ့ခြေလှမ်းများ သည်တစ်ခါတော့ မနားတမ်း ပြေးနေရတော့သည်။

ဒေသကောလိပ်အမှတ်(၃) ကျောင်းရှေ့ကွင်းပြင် တစ်ဝန်းလုံးအနှံ့ ဘယ်မှာမှ မတွေ့ရတော့ပါပြီ။ ငှက်အသွင် ပြောင်းသွားလေသလား သဲနုငယ်။ မင်း တကယ်ပဲ သရဲဖြစ်ပြီး

ကိုယ်ထင်လာပြလေသလား သဲနုငယ်ရယ်။ အလယ်မင်းလမ်းမကြီးမှ ဖြတ်ပြေးကာ အဆောင်(၁)ပေါ်တိုက်ကြီးအောက်သို့ ဝင်သည်။ ရေပန်းဝဲယာမှ အဆောက်အဦ(၂)၊ (၃)၊ (၄) တစ်ခုမျှမကျန်ရှာသည်။ သဲနုငယ် ... သဲနုငယ် ဟု တစာစာ ခေါ်သေးသည်။ ရေပန်းနောက်တည့်တည့်မှ ကျောင်းရုံးခန်းရှေ့သို့လည်း ရောက်သည်။

စကားဖြူနုံ့ကလေး သင်းသွားသည်မို့ သဲနုငယ်လားဟူ၍ ကိုယ်ကို ဆတ်ခနဲ တစ်ပတ်လှည့် ရှာမိသေး၏။ ဪ ... ဘေးနားမှာက မြင့်မြင့်မားမား စကားဖြူပင်ကြီး၊ စကားဖြူပင်စောင့်နတ်သမီးကလေး ဖြစ်နေရင်လည်း ကိုယ်ထင်ပြပါ သဲနုငယ်။

မတွေ့ပါလေတော့။ သဲနုငယ် မရှိပါလေတော့။

ရေပန်းဖွားကြီးဘေးမှာ စိတ်ပျက်လက်ပျက် ထိုင်ချသည်။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ရင်း ထောင်ထားသည့် ဒူးပေါ်ကို မှောက်ချသည်။

"သဲနုငယ် ... သဲမောင်ရဲ့ သဲနုငယ်ရယ်"

"သဲမောင်ရဲ့ဘဝကို မီးတင်ရှို့ခဲ့တာလား သဲနုငယ်ရယ်"

အငိုမျက်ဝန်းနှင့် ပြေးထွက်သွားသည့် လင်းလက်ထွန်းကြောင့် ပရိသတ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်ကျန်ရစ်ခဲ့တော့သည်။

"ဟေ့ကောင် ... လွင်းလင်း၊ မင်း အိုက်တင်ကတော့ မှည့်ပါ့ကွာ၊ ငါဖြင့် ရှာလိုက်ရတာ ... ဟေ့ကောင်"

သည်အသံကို သူ ကျက်မိပါသည်။ သူနှင့် တစ်ဝိုင်းတည်း ဆိုဖော်ဆိုဖက် နန္ဒာမင်းမင်း။

"ဟေ့ကောင် ထကွာ၊ ဟင် ... မင်း ဘာဖြစ်"



နန္ဒာမင်းမင်းကို မော့ကြည့်သည်။ လင်းလက်ထွန်း၏မျက်နှာအပေါ်မှ ခံစားမှုများ၊ ကြေကွဲဆွေးမြည့်ခြင်း၊ ဆာလှုလှိုက်လှဲခြင်း၊ တမ်းတ လွမ်းမောခြင်းများနှင့်အတူ ညှိုးကျနေပါသော အလွမ်းမျက်နှာနှင့် အငိုမျက်ဝန်း။

"သဲနုငယ်နဲ့ ပတ်သက်ပြီး မင်း ခံစားပြတာတွေအားလုံးကို ထွင်တာတွေလို့ တို့က ထင်ခဲ့တာ လင်းလင်း"

"မဟုတ်ဘူး မင်းမင်း၊ ငါ့ရင်ထဲမှာ ..."

လည်ချောင်းတွင်းမှ စကားလုံးများကို ဆို့နင့်ခြင်းကဝါးမျိုသွားသည်။

"မင်းရဲ့ သဲနုငယ် ဆိုတာ တကယ်ရှိခဲ့တာလား"

လင်းလက်ထွန်း ခေါင်းညိတ်ပြသည်။

"နာမည်ကလည်း သဲနုငယ် ပဲလား"

ဒုတိယအကြိမ် ခေါင်းညိတ်ပြန်သည်။

"အခု ဘယ်မှာလဲ"

"သေပြီ"

"ဟေ"

"ဒါပေမဲ့ စောစောက ငါ တွေ့လိုက်တယ်"

"ဘာ"

"ရှေ့ဆုံးခုံတန်းမှာ သီချင်းကို ပြုံးပြုံးနားထောင်နေတယ်"

"လင်းလင်း ... မင်း နေကောင်းပါတယ်နော်"

"မနက်ကလည်း ငါ့ဆီ ဖုန်းဆက်သေးတယ်"

"သဲနုငယ်ကလား"

"ဟုတ်တယ်"

"တကယ်မသေခဲ့ဘူးပေါ့"

"မဟုတ်ဘူး၊ တကယ် သေခဲ့တယ်၊ တမလွန် တိုင်းပြည်ကနေ လှမ်းပြီးဖုန်းဆက်တယ်တဲ့၊ သီချင်း လာနားထောင်မယ်တဲ့၊ ပြောတဲ့အတိုင်း သူ တကယ်လာတယ်"

"လူတူ မရှား၊ နာမည်တူ မရှား"

"မဟုတ်ဘူး၊ အသံပါတူတယ်၊ သဲနုငယ်မှ သဲနုငယ်အစစ်၊ မှဲ့ကလေးကအစ တူတာ"

"သူ သေတုန်းက မင်း ကိုယ်တိုင် မြင်ခဲ့လား"

"သူ သေတော့ ငါက ဆေးရုံပေါ်မှာ၊ ဒါပေမဲ့ သူ့အုတ်ဂူကလေး သချိုင်းမှာ ရှိတယ်"

"အဲဒါ သဲနုငယ် ဟုတ်ရဲ့လား၊ အစစ်လား"

"အစစ် ... ရေမရောဘူး၊ ကဋ္ဌနာဝင်းတို့ အသုဘသွားပို့ကြသေးတယ်"

"အခု တွေ့တာက မင်း မျက်စိမှားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"မမှားဘူး၊ သဲနုငယ် အစစ်ပဲ"

"လင်းလင်း ... မင်း ဆရာဝန်ပြဖို့ ကောင်းပြီ"

လင်းလက်ထွန်း ခေါင်းခါသည်။ နန္ဒာမင်းမင်း ကလည်း သူ့အဓိပ္ပာယ်နှင့်သူ ခေါင်းယမ်းသည်။

"ဟာ ... ကိုလင်းလက်ထွန်း၊ ရှာလိုက်ရတာဗျာ၊ ဒီမှာလေ ကလေးတွေကြားထဲ လာရှုပ်တဲ့ ကလေးဖိုလ်"

"ဪ ... ကိုလပြည့်"

နန္ဒာမင်းမင်းကပင် ပြန်နှုတ်ဆက်ရသည်။ ကိုလပြည့်ကလည်း အဆိုတော်တစ်ဦးပါပဲ။



"ဒီမှာ ဦးသက်မြင့် တဲ့၊ လောလောလတ်လတ် ပူပူနွေးနွေး အကယ်ဒမီ ဒါရိုက်တာလေ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

နန္ဒာမင်းမင်းကသာ ဒိုင်ခံ၍ ပြောနေရသည်။

"ကလေးတွေ ပျော်ကြပါးကြတဲ့ပွဲမှာ လာရှုပ်တယ်ဗျာ ဦးသက်မြင့်၊ သူက နန္ဒာမင်းမင်း၊ ဟောဟိုက အဆွေးအိုက်တင်နဲ့ ပုဂ္ဂိုလ်ကတော့ သိပြီးတဲ့အတိုင်း သတင်းထွားတဲ့ ရွှေမင်းသား ကိုလင်းလက်ထွန်းပါပဲဗျား"

"ကိုလင်းလက်ထွန်းရဲ့ အသံရော ရုပ်ရော အမူအရာရော သိပ်ကြိုက်သွားပြီ၊ အဲဒါ ရုပ်ရှင်ရိုက်ချင်လို့ ဘယ်သူမှ မဦးခင် လာရတာ"

"ဒါပဲ ... ဒါပဲ၊ ခင်ဗျားတို့ ဒါရိုက်တာတွေ ဒီအကွက်လောက်ပဲ စောင့်ချောင်းနေတာ"

ကိုလပြည့်က ရင်းရင်းနှီးနှီး နောက်ပြောင်သည်။

"ဦးသက်မြင့်မှာ ကုမ္ပဏီပိုင်လည်း ရှိတယ်နော်"

"ဟုတ်တယ်၊ ရှိတယ် မင်းမင်းရဲ့၊ သူ့ကုမ္ပဏီ၊ သူဒါရိုက်တာ၊ သူ့ဝတ္ထုနဲ့၊ သူ့ဇာတ်ညွှန်း၊ ချွေတာရေးရုပ်ရှင် ဆိုတာပေါ့"

"ဟာဗျာ ... ကိုလပြည့်ကလည်း တော်တော်နောက်တယ်၊ ရုပ်ရှင်ကုမ္ပဏီနာမည်က နေသူရိန်ပါဗျ"

"သိပါဘူး၊ အကုန်သက်သာအောင် တစ်ယောက်တည်းများ စွယ်စုံကြီးနေသလားလို့၊ မင်းသားတော့ ဝင်မလုပ်နဲ့ဗျာ၊ ငွေရောင်ပိတ်ကားကြီးပေါ်မှာ အနိဋ္ဌာရုံတွေ မမြင်ချင်ဘူး"

ဦးသက်မြင့်က မသက်မသာ ရယ်သည်။ ပြောမနာ၊ ဆိုမနာများမို့ စိတ်မဆိုးနိုင်ပါ၊ ကိုလပြည့် ပြောသည့်အတိုင်း သူ့ရုပ်ကလည်း ဆိုးရွာလွန်းပါသည်။ အသားမည်းမည်း၊ ပါးစပ်ပြဲပြဲ၊ နှာခေါင်းပြားပြား၊ ထိပ်ပြောင်ပြောင်၊ သို့ပေမင့် သဘောကတော့ အလွန်ကောင်းပါ၏။

"ကိုလင်းလက်ထွန်း ဆန္ဒရှိရင် ကျွန်တော့်ဘက်ကတော့ သဘောကျနေပြီဗျ၊ လက်ဦးအောင် ကမ်းလှမ်းရတာပဲ"

လင်းလက်ထွန်း ထိုင်နေရာမှ ဝုန်းခနဲထသည်။ သူ့ရှေ့မှာ ပိတ်ကားသလို ဖြစ်နေသည် ဒါရိုက်တာဦးသက်မြင့်ကို တွန်းထိုးကာ ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားပါတော့သတည်း။

❦ ❁ ❦

"လမင်းတစ်ရာ" တေးသံသွင်း အဆောက်အအုံ၏ အောက်ဆုံးထပ်သို့ လင်းလက်ထွန်းက မောလျှဟန်ဖြင့် ဝင်လာသည်။ ကုလားထိုင်တစ်လုံးမှာ ခြေပစ်လက်ပစ် ထိုင်ချသည်။ သည်အဆောက်အအုံကြီးက လေးထပ်တိုက်ရှိသည်။ တစ်ဦးတည်းပိုင် ဖြစ်သောကြောင့် လှေကားများက အတွင်းဘက်မှာ ရှိသည်။ ဦးတင်မောင်ဝင်းသည် "လမင်းတစ်ရာ"တေးသံသွင်းကို ပိုင်ဆိုင်သကဲ့သို့ ယင်းလေးထပ်တိုက်ကြီးကို ပိုင်ဆိုင်သူလည်း ဖြစ်ပါ၏။

အောက်ဆုံးထပ်မှာ တေးသံသွင်းဆိုင် ဖွင့်ထားသည်။ ဂီတာကို အများဆုံးထားကာ အခြားတူရိယာပစ္စည်းအမျိုးမျိုးကို



လည်း ရောင်းချသည်။ သီချင်း ဓာတ်ထုပ် အခွေရှိသည့် သွင်းပြီးကက်ဆက်ခွေများကိုလည်း ရောင်းချသည်။ နှစ်သက်ရာတေးသီချင်းများကိုလည်း ကူးပေးသည်။

ဦးတင်မောင်ဝင်းမှာ စတီရီယိုလောကနှင့် အကျိုးပေးသူ ဖြစ်ပါ၏။ FullMoon (လပြည့်ဝန်း) အမည်ဖြင့် တီးဝိုင်းတစ်ခု ရှိသေးသည်။ ကေဂျာနူး၊ နွဲ့ယဉ်ဝင်း၊ ချိုပြုံး၊ တင်မိုးနိုင်၊ ဘိုဘိုဟန်၊ မျိုးအောင် စသည့် စတီရီယို အဆိုကျော်များဖြင့်လည်းကောင်း၊ သူ့ကိုယ်ပိုင် စတီရီယို အဆိုတော်များ ဖြစ်ကြသည့် ကိုလပြည့်၊ နန္ဒာမင်းမင်း၊ လင်းလက်ထွန်းတို့ဖြင့်လည်းကောင်း၊ ခေတ်ပေါ်တေးသီချင်း စီးရီးများလည်း ထုတ်လုပ်ရောင်းချလေသည်။

ဒုတိယထပ်ကို စတူရီယို ပြုလုပ်ထားသည်။ တူရိယာပစ္စည်း အစုံအလင်ဖြင့် သီချင်းအသံသွင်းခြင်းအတွက် ဒုတိယထပ်မှာ ခမ်းခမ်းနားနား ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားသည်။ တတိယထပ်ကျတော့ ဦးတင်မောင်ဝင်းတို့ မိသားစု နေသည်။ စတုတ္ထထပ်ကျတော့ ယနေ့ခေတ်ပေါ် စတီရီယိုလောကမှာ အကျော်ကြားဆုံးနှင့် အအောင်မြင်ဆုံး အဆိုတော် လင်းလက်ထွန်းကို အပိုင်စား ပေးထားပါလေ၏။

လင်းလက်ထွန်းကို "မောင်ပိုင်စီးသည်"ဟု ဆိုနိုင်ပါ၏။ လင်းလက်ထွန်းက သူ့ခြေပေါက်။ သူမသိ လူမသိ "လင်းလင်း" ကလေးကို "လင်းလက်ထွန်း" ဖြစ်လာအောင် ဖန်တီးခဲ့သူလည်း ဖြစ်ပါ၏။ ခုတော့ လင်းလက်ထွန်းက တစ်ပြန်တလှည့် အကျိုးပြုနိုင်ခဲ့ပြီ။

လင်းလက်ထွန်းနှင့် ဦးတင်မောင်ဝင်းတို့မှာ လုပ်ငန်းရှင်နှင့် တေးဆိုသူအဖြစ် မျိုးထက် ဆွေမျိုးသားချင်းနှယ် ခင်မင်ရင်းနှီးကြပါ၏။

"ဟေး ... လင်းလင်း၊ ပင်ပန်းလာသလား၊ ဘာနဲ့ပြန်လာလဲ"

နွမ်းရိ ခွေနုံးစွာ ထိုင်ချလိုက်သည့် လင်းလက်ထွန်းကို ဦးတင်မောင်ဝင်းက ခရီးဦးကြိုပြုသည်။

"သုံးဘီးနဲ့ပဲ ဦးလေး"

"အမယ်လေး ... လေး၊ နိုင်ငံကျော် အဆိုတော်ကြီးကို ပြန်ပို့မပေးကြဘူးလား၊ မဖြစ်ဘူး၊ လင်းလင်းကို ဘီခြောက်ရာတစ်စီးလောက်တော့ ဝယ်ပေးဦးမှပဲ"

"ဟာ ... ဦးလေးရဲ့ကြွေးတွေ ကျွန်တော် ငယ်ထိပ်မြှုပ်တော့မယ်"

"ဘယ်ကကြွေးတွေရမှာလဲ၊ လုပ်အားခ ကြိုတင်ထုတ်ပေးထားတဲ့ သဘောပါ လင်းလင်းရဲ့၊ လင်းလင်းရဲ့လုပ်အားခနဲ့ ပြန်နှိမ်ရင် လေးငါးခြောက်လဆို ကျေပါတယ်ကွ၊ မင်း ထမင်းစားခဲ့ပြီးပလား"

"ဟင့်အင်း ... ဒါပေမဲ့ စားချင်စိတ် မရှိဘူး"

လင်းလက်ထွန်းကို အပေါ်ဆုံးထပ်ကြီး တစ်ထပ်လုံးမှာ စိတ်တိုင်းကျ နေစေရုံမက နံနက်စာ၊ ညစာလည်း တာဝန်ယူသည်။ အဝတ်အစားများပါမကျန် အိမ်သားတစ်ဦးနှယ်ပင် ဦးတင်မောင်ဝင်း အိမ်မှ အိမ်ဖော်မကလေးများက လျှော်ဖွပ်မီးပူတိုက်ပေးရသည်။



"ညံ့ပါ့ကွာ၊ ဘာမှလဲ မကျေးလိုက်ဘူးလား၊ နေပါဦး၊ လင်းလင်းကို လာငှားသွားတာ ဘယ်တီးဝိုင်းလဲ၊ ဘယ်မှာ သွားဆိုရတာလဲ"

"ဆိုရတာက Regional 3 မှာ၊ အဖွဲ့က တောင်ထိပ်ပန်း၊ သူတို့က မကျေးတာ၊ လိုက်မပို့တာ မဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ ဘယ်သူ့မှ နှုတ်မဆက်ခဲ့ပဲ ပြန်လာတာပါ၊ မင်းမင်းတို့ ကိုလပြည့်တို့ ကျန်ရစ်တယ်"

" 'သဲနုငယ်ရဲ့အချစ်ရုပ်ကြွင်း' သီချင်းကို ဆိုခဲ့ပြန်ပြီပေါ့၊ ဟုတ်လား လင်းလင်း"

လင်းလက်ထွန်း ခေါင်းငိုက်စိုက် ချနေလိုက်ပါ၏။

"သဲနုငယ်ရဲ့အချစ်ရုပ်ကြွင်း" သီချင်းကို ဆိုခဲ့ပြီးပါလေတိုင်း ခံစားရသည့် ဝေဒနာကို ဦးတင်မောင်ဝင်း အသေအချာ သိသည်။

"ဦးလေး ... ကျွန်တော့်ကို ကားဝယ်ပေးရင် ပစ်ကပ်ဝယ်ပေးပါ"

"ဟေ ... ဗင်က စီးရတာ လှတာပေါ့ကွ၊ ပစ်ကပ်ဆိုရင် တက္ကစီမှတ်ပြီး လှမ်းတားမဲ့သူတွေက ပေါ်လာဦးမယ်"

"ကျွန်တော် တက္ကစီ ဆွဲစားတော့မယ် ဦးလေး၊ သီချင်း မဆိုချင်တော့ဘူး"

"မလုပ်နဲ့၊ မလုပ်နဲ့၊ တေးသံသွင်းတွေ ထမင်းငတ်ကုန်မယ်"

လင်းလက်ထွန်း နောက်ပြောင်နေသည်ဟု ထင်မှတ်ကြောင့် ဦးတင်မောင်ဝင်းက ရယ်လျက်ပြောသည်။

"မြန်မာပြည် တစ်ပြည်လုံး မြို့နယ်အနှံ့မှာ ရောင်းမလောက် အောင်သွက်တဲ့ ကက်ဆက်ခွေဆိုလို့ လင်းလင်း စီးရီးတစ်ခုပဲ ရှိတာ"

ဘာလုပ်မလဲ၊ သည်အောင်မြင်ကျော်ကြားမှုကို သူ မယူချင်တော့ပါ။ သဲနုငယ်နဲ့ ရင်းမှ ရတဲ့အောင်မြင်ခြင်း သရဖူကို မဆောင်းရက်ဘူး သဲနုငယ်။

"သုံးထပ်ကို ဝင်သွားဦးကွာ၊ မနု ဆိုတဲ့ ကောင်မလေး ရှိလိမ့်မယ်၊ ဒီညနေရောက်မယ် ပြောတာပဲ၊ ရောက်,မရောက် တော့ မသိဘူး၊ တွေ့ရင် စားစရာတစ်ခုခု လုပ်ခိုင်းပေါ့၊ မရှိလည်း မင်းအဒေါ်ကို လိုတာပြော"

"ဘယ်သူ ... ဦးလေး"

"မနုတဲ့၊ အရင်ကောင်မလေး ထွက်သွားပြီးကတည်းက လူစားမရလို့ မင်းအဒေါ် ပင်ပန်းနေတာ၊ ဒီညနေ ရောက်မယ် ပြောထားတာ၊ တို့ ထမင်းစားချိန်ထိတော့ ရောက်မလာသေးဘူးကွ"

.... မနု ဆိုပါလား သဲနုငယ်၊ သဲတို့၊ နုတို့၊ ငယ်တို့ ဆိုတဲ့ နာမည်မျိုးတွေနဲ့ ဝေးတဲ့နေရာမှာ ကိုယ် နေချင်တယ် သဲနုငယ် ....

"ဟော့ ... မင်း ခုမှ ရောက်လာသလား၊ လင်းလင်းရေ — မနုက ခုမှ လာတယ်ကွ"

လင်းလက်ထွန်း ဆတ်ခနဲ လှည့်ကြည့်သည်။ မနု ဆိုတော့လည်း သူ ကြည့်မိသည်ပေါ့။



အသားညိုညိုပေါ်မှာ သနပ်ခါး ပါးကွက်ကျားနှင့် ဆံပင်အားလုံးကို နောက်လှန် သိမ်းရုံးကာ ဘီးဆံပတ် ပတ်ထားသည်။ မျက်ခုံးမွေး ပါးရှားရှာသည် ထင့်၊ မည်းမည်း အပြားကြီးကြီး ဆွဲထားသေးသည်။ မျက်ကြောကပဲ စင်းလေသလား၊ မျက်အိမ် ကပင် ကျဉ်းလေသလား မသိ။ မျက်ဝန်းကတော့ ခပ်မှေးမှေး။ သနပ်ခါးတွေက ထူပြိန်းလွန်းသောကြောင့် နှုတ်ခမ်းရစ်ကို မမြင်ရ။ နှုတ်ခမ်းပေါ်မှာတောင် သနပ်ခါးလိမ်းသူ မိန်းကလေးတစ်ဦး။ အသားညိုညိုပေါ်မှာ သနပ်ခါး ဖြူစင်းကျားက ရွံ့ပေသည့်နယ်။ ခန့်မှန်းခြေအားဖြင့် အသက်နှစ်ဆယ်ကျော်။

ဦးတင်မောင်ဝင်းက အိမ်တွင်းမှာပင် တစ်ထပ်နှင့် တစ်ထပ် စကားပြောနိုင်ရန် တပ်ဆင်ထားသည့် တယ်လီဖုန်းကို ကိုင်၍ သုံးထပ်ကို ခေါ်သည်။

"ခင်လေးလား၊ မင်း မနု ရောက်လာပြီကွ၊ ခရီးရောက် မဆိုက်ဘဲ လင်းလင်း စားဖို့ တစ်ခုခု လုပ်ခိုင်းလိုက်ပါ၊ လင်းလင်း ဘာမှ မစားရသေးဘူး၊ အဲ ... နည်းနည်းလည်း နေလို့မကောင်းလို့"

စကားပြောခွက်ကို ချကာ မနု ဘက်သို့ ပြန်လှည့်သည်။

"အဲဒီ လှေကားအတိုင်း တက်သွား ကလေးမ၊ သုံးထပ် ရောက်အောင်တက်၊ ညည်းအဒေါ် ရှိတယ်"

မနု အဝေါစား ပလတ်စတစ်အိတ်ကလေးကို ဆွဲကာ တက်သွားတော့သည်။

"ဟား ဟား ဟား ဟား"

လင်းလက်ထွန်းက ခေါင်းကို နောက်လှန်၍ အားရ ပါးရ ရယ်ချသည်။

"ဟဲ့ ... လင်းလင်း၊ ခုမှိုင် ခုရယ်နဲ့ ဘာဖြစ်တာလဲဟ"

"ရယ်ချင်လို့ပါ ဦးလေးရာ"

"ရယ်တယ်သာ ဆိုတယ် မချိသွားဖြဲကြီးပါလားကွ၊ ဟား ဟား၊ အသံထွက်လို့သာ ရယ်တယ်လို့ သတ်မှတ်လိုက်ရတယ်"

"ဦးလေးက မနု ဆိုတာနဲ့ လှည့်ကြည့်တာ"

"မနု ဆိုတာနဲ့ လှည့်ကြည့်တာနဲ့ ဘာဆိုင်တုံး"

"ဩော် ... ကျွန်တော်က နုတို့ ငယ်တို့ နာမည်ပါတဲ့ မိန်းကလေးတွေ မြန်မာပြည်မှာ ရှိသလောက် မြင်ဖူးအောင် လိုက်ကြည့်ချင်နေတာ"

"မလုပ်နဲ့၊ မလုပ်နဲ့၊ ဟောဒီ လေးထပ်တိုက်ကြီးနဲ့ ငါ့ လုပ်ငန်းကြီးရော ကားပါ ချရောင်းရင်တောင် စရိတ်လောက်မှာ မဟုတ်ဘူးဟေ့၊ နေပါဦး၊ ငါတော့ မမြင်ဖူးဘူး၊ သမီးတို့တော့ အသုဘမှာ သွားကြည့်ကြတယ်၊ နို့ အခု မနုရုပ်နဲ့ နီးစပ်ရဲ့လား"

"ဝေးပါသေး၊ သဲနုငယ်ရဲ့ အသားကလေးက ပုလဲနှစ်ရောင် တောက်ပြီး မျက်ခုံးသေးသေး တန်းတန်းကလေးနဲ့ မျက်အိမ်ကျယ်ကျယ်၊ မျက်ဝန်းတောက်တောက်၊ အလှဆုံးက မှဲ့ကလေးဗျ ဦးလေးရဲ့၊ ယာဘက်အောက်နှုတ်ခမ်းထောင့်မှာ မှဲ့နက်နက်ကလေး ပါတယ်၊ သိပ်လှပါတယ်ဗျာ၊ ဟိုး ...



ခေတ်က မင်းသမီး မေရီမြင့်ရဲ့ရုပ်မျိုး၊ ကျွန်တော်ရော အထင်ကြီး တခွဲသားနဲ့ လှည့်အကြည့်မှာ ရုပ်ရည်ချင်းက ကွာလွန်းတော့ ကိုယ့်အဖြစ်ကိုယ် ရယ်ချင် သွားမိတာပါ၊ သဲတို့၊ နုတို့၊ ငယ်တို့လို စကားလုံးမျိုးပါသမျှ မိန်းကလေး နာမည်တိုင်း စိတ်ဝင်စား၊ သဲနုငယ်များ လားလို့ထင်၊ စိတ်ရူးပေါက်ပုံကို ရယ်မိတာပါ ဦးလေး"

"အမယ် ... မင်းက မေရီမြင့်ကို မီလိုက်လို့လား၊ မေရီမြင့် ဆိုတာ တို့ အိမ်ထောင်မကျခင်တည်းက သေသွားရှာတဲ့ မင်းသမီးပါကွ၊ ငါ ထင်တယ်၊ သူ သေတော့ ၁၉၅၆-၅၇ လောက်ထင်တယ်၊ မင်း မမွေးခင်ကတည်းက သေပြီ"

"မီတော့ မမီလိုက်ပါဘူး၊ ကျွန်တော့်အမေက ပြောလို့ပါ၊ သဲနုငယ်ဟာ ရုပ်ရှင်မင်းသမီး မေရီမြင့်နဲ့ သိပ်တူတယ်တဲ့၊ ခေတ်အဆက်ဆက်မှာ လှပါ ချောပါတယ် ဆိုတဲ့ မင်းသမီးတွေ အလှချည်းသက်သက် ယှဉ်ရရင် မေရီမြင့်ကို မီတဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့၊ သဲနုငယ်ကျတော့ မှဲ့နေရာက အစ လိုက်တူလို့ မေရီမြင့်မှာသာ သားသမီး ကျန်ခဲ့ယင် မေရီမြင့် သမီးလို့တောင် ပြောနိုင်တယ်တဲ့၊ တကယ့် မေရီမြင့် အငယ်စားလေးဆိုလို့ ရုပ်ရှင်သမားတွေဆီမှာ မေရီမြင့် ဓာတ်ပုံ လိုက်ရှာကြည့်ရသေးတယ်"

"တူသလား"

"ချွတ်စွပ်လောက်နီးနီးပဲ၊ ကျွန်တော့် မျက်စိထဲမှာတော့ သဲနုငယ်က ပိုလှတယ်"

"ဒါဆို တော်တော်လှမှာပဲ"

"လုပါတယ် ဦးလေးရယ်၊ သိပ်ကို လုပါတယ်"

"သမီးတို့ ပြောတယ်၊ အလောင်းစင် ပြင်ထားတော့လည်း လှလိုက်တာတဲ့"

"မနက်က ကျွန်တော့်ဆီ သူ ဖုန်းဆက်တယ်၊ နောက်ပြီး ကျွန်တော် သီချင်းဆိုတာ သူ လာနားထောင်တယ်"

"ဟော"

ပါးစပ်ဟောင်းလောင်း ပွင့်သွားရသည်။

"သရဲဘဝမှာလည်း လူ့ဘဝတုန်းက ရုပ်အတိုင်းပဲ ဦးလေးရဲ့"

"ဟော့ ... လင်းလင်း၊ မင်း မူးများလာသလား"

"မူးတယ် ဆိုရင်လည်း အချစ်မူးပါပဲ ဦးလေး"

"ရူးတော့ မရူးသေးဘူး ထင်ပါရဲ့"

"ရူးတယ် ဆိုရင်လည်း အချစ်ရူးပဲ ဦးလေး"

"မင်း နေကောင်းရဲ့လား"

"နေကောင်းပေမဲ့ အချစ်ကကျတော့ မကောင်းဘူးဗျ ကျွန်တော် အပေါ်တက်တော့မယ်"

"ဟော့ ... လင်းလင်း၊ မင်းအခေါ်ဆိမှာ တစ်ခုခုဝင်စား သွားဦး"

လင်းလက်ထွန်းက လှေကားထစ်များကို နှစ်ထစ် ကျော်စီ တက်သွားပါတော့သည်။

သဲနုငယ်၊ လူတွေက သဲမောင်ကို အရူးလို့ ထင်ကြ ကြပြီ သဲနုငယ်ရယ်၊ သဲနုငယ် အတွက်သာ ရူးရမယ်ဆိုရင်ဖြင့် သဲမောင် ကျေကျေနပ်နပ်ကြီး ရူးပါရစေကွယ်၊ ကိုယ့်ဝမ်းထဲမှာ



အစာအာဟာရကို မဖြည့်တင်းတော့ပါဘူး၊ သဲနုငယ်ရဲ့ အချစ် အာဟာရတွေနဲ့ တင်းကျပ်မွန်းသိပ်နေပါတယ် အချစ်ရယ်။

ထိုညက တစ်ညလုံး တယ်လီဖုန်းနားမှာထိုင်ကာ မိုးအလင်း ငုတ်တုတ်ထိုင်စောင့်ပါသော်လည်း သဲနုငယ် ထံမှ တယ်လီဖုန်း မလာပါ။ မိုးစင်စင်လင်းတော့မှ လင်းလက်ထွန်း အိပ်ရာပေါ် ပစ်လှဲချလိုက်မိတော့သည်။

သဲမောင်ကို မေ့သွားပြီလား အချစ်ရယ်၊ မုန်းသွား ပြီလားကွယ်၊ တမလွန်က ချစ်ညှို့သည့် သဲနုငယ်လေးရယ်။

သူများတွေ နိုးချိန်ကျမှ အိပ်ပျော်ရသော လင်းလက် ထွန်း၏ အိပ်မက်ထဲမှာ သဲနုငယ်၊ အတွေးကမ္ဘာထဲမှာ သဲနုငယ်။

သဲနုငယ် ... ချစ်သဲနုငယ်၊ သဲနုငယ်ရဲ့ အချစ်ရုပ် ကြွင်းက မီးပင်လယ်ထဲက နေဆာယ်စင်းပါကွယ်။

သဲမောင်ရဲ့ဘဝကို လောင်မြိုက်စေမဲ့ နေဆာယ်စင်း ကို အချစ်ရုပ်ကြွင်း အဖြစ် ဘာလို့များ ချန်ထားရစ်ခဲ့ပါသလဲ သဲနုငယ်။

သြော် ... အတိတ်ကမ္ဘာထဲက သဲနုငယ် ...။

## မီးပင်လယ်ထဲမှ နေအယ်စင်း

နေမွန်းတည့်ပါပြီ။

မိုးစင်စင်လင်းကာမှ အိပ်ရသည့် လင်းလက်ထွန်းက အိပ်ပျော်ဆဲ။ အိပ်မက်ထဲမှာ သဲနုငယ်က စိတ္တဇဆေးရုံ ရောက်နေပါလား။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် အိပ်ရာမှ နိုးလာရသည်။ သဲနုငယ် လာပြီလား၊ ညတုန်းက ဖုန်းမဆက်တဲ့ သဲနုငယ်။ ခုတော့ တံခါးလာခေါက်လေပြီထင့်။

လင်းလက်ထွန်း အိပ်ရာထက်မှ ကမန်းကတန်း ထသည်။ အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့် ...

"သဲနုငယ်"

တံခါးဝမှာ ရပ်နေသူက သဲနုငယ် မဟုတ်ပါ။

"ဦးလေးပါကွ လင်းလင်းရ၊ မနက်ခင်း လက်ဖက်ရည်သောက်လည်း မဆင်း၊ ထမင်းလည်း လာမစား၊ အခု ဆယ့်နှစ်နာရီ ထိုးပြီကွ၊ ပင်းလင်း နေလို့ကောင်းရဲ့လား"



တံခါးရွက်ကို မှီရင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ကြမ်းပြင်ပေါ်မှာပါပဲ၊ ဩော် ... သဲနုငယ်၊ မင်း ... ကိုယ့်ဆီ မလာတော့ဘူးလား အချစ်ရယ်။

"လင်းလင်း"

ဦးတင်မောင်ဝင်း၏ ယာဘက် လက်တစ်ဖက်က လင်းလက်ထွန်း၏ ဝဲဘက်ပခုံးပေါ်သို့ ကျရောက်လာသည်။

"နေကောင်းရဲ့လား လင်းလင်း"

နေကောင်းရဲ့လားဟု မေးကာ ပခုံးပေါ်သို့ လက်တင်လာသည့် ကြင်နာတတ်ပါလေသော ဦးတင်မောင်ဝင်း။

"နေမကောင်းဘူး သဲမောင်ရယ်"ဟု ဆိုကာ သူ့ပခုံးပေါ် လက်ကလေးတင်လာလေ့ ရှိပါသည့် သဲနုငယ်။ သဲနုငယ် လက်ချောင်းကလေးများက သွယ်နွဲ့ချောပျောင်းပါသလောက်၊ ဦးတင်မောင်ဝင်း လက်ချောင်းများက သန်မာ တုတ်ခိုင်ကြပါလေ၏။ ဖယောင်းသွယ် လက်ကလေးတွေကို လွမ်းလှတယ် သဲနုငယ်။

"ဒီနေ့ တို့ အသံသွင်းဖို့ တီးဝိုင်းတစ်ဖွဲ့လုံး ချိန်းထားတာ ဖျက်လိုက်မယ် လင်းလင်း၊ မင်း အစာတစ်ခုခုစားပြီး နားနေဖို့ လိုတယ်"

ကိုယ့်ဦးလေး အရင်းတစ်ယောက် ရှိလျှင်တောင် ဦးတင်မောင်ဝင်းလောက် ကိုယ့်အပေါ် ကောင်းနိုင်ပါ့မလား။ ဩော် ... သူ့ကျေးဇူးတွေကို ထောက်ထားရပါဦးမည်။ သူ့စေတနာကို လေးစားရပါဦးမည်။

"ရပါတယ် ဦးလေး၊ တီးဝိုင်းတစ်ဖွဲ့ ချိန်းရတာ ငွေကုန်ကြေးကျ အလွန်များတာပါ၊ တကူးတက လာပြီးမှ မဆို

ဖြစ်ရင်လည်း လုပ်ဖော်ကိုင်ဖက်တွေကို အားနာစရာ ကောင်းပါတယ်၊ ကျွန်တော် ဆိုပါ့မယ်"

"ဖြစ်ပါ့မလား လင်းလင်း၊ ဦးလေးကို အားမနာနဲ့၊ ပိုက်ဆံဆိုတာ လူကျန်းမာရင် ပြန်ရှာနိုင်တယ်"

"လူကျန်းမာပါတယ် ဦးလေးရယ်၊ စိတ်မကျန်းမာတာပါ၊ သဲနုငယ်ဟာ ကျွန်တော့်ကို တမလွန်ကအောင် ခွင့်မလွှတ်နိုင်ဘူး ထင်ပါရဲ့"

သဲနုငယ်နှင့် ပတ်သက်ပါသည့် သောက ဝေဒနာအတွက် ဦးတင်မောင်ဝင်း ကိုယ်တိုင် ပြေရာပြေကြောင်း မဖျောင်းဖျတတ်ပါ။ ဖြစ်များဖြစ်နိုင်လျှင်တော့ သဲနုငယ် ဆိုသည့် မိန်းကလေးကို အသက်ပြန်သွင်းပေးချင်မိပါသည်။

"ထမင်း ဆင်းစားမလား လင်းလင်း"

"ဟင့်အင်း … ကျွန်တော် မစားချင်ဘူး"

"ညနေ အင်းလျားမြိုင်ခြံက ဟို … ဆရာဝန် နိုင်ငံခြားသွားမဲ့ကိစ္စ Farewell ကို ဖုန်းဆက်ပြီး ဖျက်လိုက်ရမလား လင်းလင်း၊ နေ့ခင်းဘက်လည်း အသံသွင်းဦးမယ် ဆိုတော့ သိပ်ပင်ပန်းနေမယ်"

"မဖျက်ပါနဲ့ ဦးလေး၊ ခုလိုအချိန်မှာ သီချင်းဆိုရတာ ပိုပြီး စိတ်ပါလက်ပါ ရှိပါတယ်၊ ပိုက်ဆံကလည်း ယူပြီးသား ဖြစ်နေတယ်၊ ခုနေခါမှာ ဘာမှမစားဘဲ ကျွန်တော် သီချင်းပဲ ဆိုနေချင်တယ်၊ နောက်ပြီး အဲဒီပွဲကို သဲနုငယ် လာချင်လာမှာ၊ သဲနုငယ်ကို ဘယ်လို အကြောင်းကြားရမယ် မသိဘူး ဦးလေးရယ်"



ဦးတင်မောင်ဝင်း စိတ်ပျက် လက်ပျက်ကြီး ဖြစ်သွားရပါတော့သည်။ ခေါင်းကိုလည်း ယမ်းမိ၏။ သေလွန်ခဲ့ပြီဖြစ်သော သူတစ်ယောက်က သီချင်းလာနားထောင်ပါမည်တဲ့လား။ သူ သီချင်းဆိုမည်ဖြစ်ကြောင်း အဘယ်ကဲ့သို့ အကြောင်းကြားပေးရပါမည်နည်း။

ဦးတင်မောင်ဝင်း ပြန်ထွက်သွားသည့်အခါမှာ လင်းလက်ထွန်း ကိုယ်ခန္ဓာက ရေမြှုပ်မွေ့ရာကြီးထဲမှာ နစ်မြုပ်၍ ကျန်ရစ်ခဲ့ပါတော့သည်။

သဲနုငယ် … ချစ်သဲနုငယ် … သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်းက ကိုယ့်ဘဝအတွက် မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ်။

"ဒေါက် … ဒေါက် … ဝင်ခဲ့ပါရစေ ဆရာ"

"ဆရာ"ဆိုတော့ သဲနုငယ်တော့ မဟုတ်နိုင်။ စေ့ရုံစေ့ထားသည့် တံခါးမှ မနု လင်ပန်းတစ်ချပ်ကိုင်၍ ဝင်လာသည်။

"သြော် … မနု"

"ဦးလေးက ဆရာ့အတွက် ပို့ခိုင်းလိုက်ပါတယ်"

"ဘာတွေလဲဗျာ၊ အဲဒီစားပွဲပေါ်မှာ ချသာထားခဲ့"

"ပေါင်မုန့်၊ ကြက်ဥကြော်၊ ဝက်အူချောင်းကြော်နဲ့ ကော်ဖီတစ်ကရား၊ သာဝလည်း ပါပါတယ်"

ဦးတင်မောင်ဝင်းက သူ့အဆိုကျော် "လင်းလက်ထွန်း"ကို ဤမျှ ဂရုစိုက်သူ ဖြစ်ပါ၏။

"ကြက်ဥကြော်နဲ့ ဝက်အူချောင်းကြော် ပြန်ယူသွားပါ မနု၊ ကျန်တာတွေပဲ စားတော့မယ်၊ တစ်နာရီတိတိမှာ ကျွန်တော် နှစ်ထပ်ကို ဆင်းခဲ့မယ်၊ ဦးလေးကို ပြောလိုက်ပါ"

မနေ့ ပြန်ထွက်သွားသည်။

ကြက်ဥကြော်နှင့် ဝက်အူချောင်းကြော်ကို မစားတော့ပါ။ သီချင်းဆိုစဉ် အသံကပ်မှာ စိုးရသည်။ သာဂူ၊ ကော်ဖီတစ်ကရားနှင့် ပေါင်မုန့်ဆိုလျှင် လုံလောက်ပါပြီ။

နေ့လယ်ဘက် အသံသွင်းတော့ "သဲနုငယ်၏အချစ်ရုပ်ကြွင်း"ကို မဆိုရပါ။ အခြား အခြားသော တေးသစ်များသာ။ သို့ပေမင့် အလွမ်းချည်း အဆွေးချည်း အားလုံးကို နှလုံးသားရှိုက်သံဖြင့်၍သူ ဆိုခဲ့ပါ၏။ ကြားရသူတိုင်း မျက်ရည်ပေါက်ပေါက်ကျမည် ထင်ပါသည်။ လင်းလက်ထွန်း ထပ်ဆင့် ကျော်ကြားပါလေဦးမည်။ အားလုံး အားလုံးသော အောင်မြင်မှုများမှာ သဲနုငယ်ပေါ်တွင်သာ အခြေခံကြသည်တည်း။

သဲနုငယ်ကိုသာ သည်မျှ လွမ်းလှ တမ်းတ မနေရလျှင် သူ့သီချင်းများမှာ ဤသို့သော ခံစားမှု ရင်ဖွင့်သံများ ပေါ်ထွက်လာမည် မဟုတ်။ ခုတော့ ...

အင်းလျားမြိုင် ညေ့ခံပွဲမှာ မျက်စိအစုံက သဲနုငယ်ကို ဖွေရှာရင်း တမ်းတရင်း၊ အငိုမျက်ဝန်း၊ အလွမ်းမျက်နှာဆာပူသည့် အသည်းတို့ဖြင့် နှလုံးသား၏ ငိုညည်းသံ "သဲနုငယ်၏အချစ်ရုပ်ကြွင်း"ကို ဆိုဖြစ်ခဲ့ပါသေးသည်။

သဲနုငယ် မပေါ်လာပါ။

ဪ ... သဲနုငယ်ရယ်၊ တမလွန်ဘဝ မကလို့ ဘယ်ဘဝကြီးကပဲ လာလာ၊ လာခဲ့ပါ အချစ်ရယ်၊ သဲမောင်တွေ့ချင်လွန်းလှပါတယ်။



ထုံးစံအတိုင်း သည်ညမှာလည်း သန်းခေါင်ကျော်သည်အထိ အိပ်မရ။ အစာ မရှိ။ နွမ်းရိခွေနုံးသော အသည်းနှင့်သာ သဲနုငယ်ကို တမ်းတနေမိပါ၏။ လေးထပ်တိုက် အမြင့်ဆုံးအထပ်မို့ လေပြည်လေညင်းက တသုန်သုန် သွေးပါ၏။ လင်းလက်ထွန်းက သူ့အိပ်ခန်း ပြတင်းတံခါးကို ဖွင့်ထားသည်။ ညင်းလေသွေးက သူ့နှလုံးသားကို မအေးစေနိုင်ပါတကား။

ဒီဇင်ဘာလ ဆောင်းတစ်ည၏ ငွေနှင်းမှုန် ပုလဲပန်းတို့က ရင်တွင်းဝေဒနာ ပူဗျာပါတို့ကို မငြိမ်းသတ်နိုင်ပါတကား။

သန်းခေါင်ကျော်သည်နှင့် နှင်းမှုန်တို့က ဝေ့ဝဲစ ပြုလာသည်။ စိန်နှင်းပွင့်ကလေးများက ပြတင်းပေါက်မှာ ရပ်နေသည့် လင်းလက်ထွန်း မျက်နှာပေါ်သို့ ပက်ဖျန်းကြသည်။ အေးစက်သော အထိအတွေ့လေးများကို သူ ကျေကျေနပ်နပ် ခံယူသည်။ ဦးနှောက်တို့က ဆူဝေဆဲ။

"ကလင် ... ကလင် ..."

သူ မျှော်လင့် တမ်းတနေပါသည့် တယ်လီဖုန်းသံ။

"သဲနုငယ်"

စကားပြောခွက်ကို ပြေးမ,သည်။ ဘာသံမှ မကြားရပါ။ တစ်ဖက်မှ အိမ်တွင်းပြော စကားပြောခွက်ကသာ မြည်ဟည်းနေခြင်း ဖြစ်ပါသည်။

စိတ်ပျက်သွားရသည်။ ဦးလေး တင်မောင်ဝင်းက သူ အိပ်,မအိပ် စစ်ဆေးခြင်းပေလား။ ဘာပဲဖြစ်ဖြစ် ဦးလေးဆေတနာကို လေးစားခြင်းဖြင့် ပြန်ထူးရပါဦးမည်။ စကားပြောခွက်ကို မ,သည်။

"ဦးလေး လား"

"သဲမောင် ရေ"

မြတ်စွာဘုရား … သဲနုငယ် အိမ်ထဲရောက်နေပြီလား၊ သရဲဘဝနှင့် အိမ်ထဲကို ဝင်လာနိုင်တာလား။ လူ့ဘဝနှင့်ပင် သူတစ်ပါးအိမ်ကို ခိုးကြောင်ခိုးဝှက် ဖောက်ထွင်း ဝင်လာလေသလား သဲနုငယ်ရယ်၊ ရာဇဝတ်မှု ဖြစ်ပါဦးမယ် အချစ်ရယ်။

သဲနုငယ်က လူ့ဘဝနှင့် လာနိုင်ပါမည်တဲ့လား။ သဲနုငယ် သေပြီပဲ။ သူ့ဂူဖြူဖြူလေးမှာ လင်းလက်ထွန်း ကိုယ်တိုင် အသည်းပုံ လွမ်းသူ့ပန်းခွေကလေးကို ချထားခဲ့သေးသည်။ "ကျန်ရစ်သူ အသည်းတစ်ဖက်ခြမ်း၏ လွမ်းသူ့ပန်းခွေ"ဟူသည့် စာတန်းကလေးပင် ချိတ်ဆွဲပေးလိုက်သေးသည် မဟုတ်ပါလား။

"သဲမောင်ရယ် … သဲနုငယ် ပါ"

"သဲနုငယ် သဲမောင် ဆီကို လာခဲ့ပါ၊ အိမ်တွင်းမှာ တစ်ထပ်နဲ့တစ်ထပ် ပြောဖို့ သွယ်ထားတဲ့ တယ်လီဖုန်းကိုတောင် သုံးနေပြီဆိုတော့ မင်း ဒီတိုက်ကြီးထဲ ရောက်နေပြီလား သဲနုငယ်ရယ်"

"သဲမောင်ကို ချစ်လွန်းလို့ လာခဲ့ပေမဲ့ သဲနုငယ်တို့ တစ္ဆေမှင်စာ ဆိုတာ အနိမ့်စံဘဝပါပဲ သဲမောင်ရယ်၊ လူသားတွေနားကို မကပ်နိုင်ပါဘူးရှင်၊ ပူလောင်ပြင်းပြလွန်းလှပါတယ်"

"သဲနုငယ် … မင်းဟာ မိန်းမသားပါကွယ်၊ သူတစ်ပါးအိမ်ထဲကို ထွင်းဖောက်ဝင်ရောက်တယ် ဆိုတော့ ဦးလေးတို့ နိုးသွားရင် ရာဇဝတ်မှုကြီးပါကွား သနုငယ်ရယ်"



"ခစ် … ခစ် … သဲမောင်ကလည်း သဲနုငယ် သရဲမကို ဘယ်ရဲသားက ဖမ်းလို့မိမှာတဲ့လဲ"

"ညတုန်းက သဲမောင် သီချင်းဆိုတာ ဘာဖြစ်လို့ နားမထောင်တာလဲ သဲနုငယ်"

"သရဲတိုင်းပြည်မှာ အဆက်အသွယ်တွေက အစစအရာရာ နောက်ကျလို့ မသိလိုက်ရပါဘူး သဲမောင်ရယ်၊ နောက်တစ်ခါဆို လာပါ့မယ်"

"သဲနုငယ်"

"ရှင် … သဲမောင်ရယ်"

"သဲမောင် ရင်အကွဲခံပြီး တာဝန်တစ်ရပ်ကို လွဲမှားစွာ ထမ်းဆောင်ခဲ့တဲ့အတွက် တမလွန်ကနေပြီး စိတ်နာနေတာလား"

"သဲနုငယ်ရဲ့ ရင်ကိုခွဲ၊ အသည်းကို မီးကင်ပြီး သဲမောင်က အရက်နဲ့ မြည်းရင်တောင် စိတ်မနာနိုင်တဲ့ သဲနုငယ်ပါ သဲမောင်ရယ်"

"ခွင့်လွှတ်ပါ သဲနုငယ်"

"ခွင့်လွှတ်ပြီးသားပါရှင်၊ ဪ … သဲမောင်ရယ်၊ မရဏမင်းကြီးက ပြောနေတယ်၊ လူ့ဘဝကို အလည်သွားတာ မိနစ်ပိုင်းပဲ ရမယ်တဲ့"

"ဘယ်သူလဲ မရဏမင်းကြီးဆိုတာ"

"ငရဲပြည်က ယမမင်းကြီးပေါ့၊ သဲမောင်ကို ချစ်မိတဲ့အတွက် သဲနုငယ် ငရဲခံနေရပါတယ်၊ ငရဲခံဖို့သွားရတော့မယ် သဲမောင်ရယ်"

"ဪ ... သံနုငယ်၊ သံမောင်ကို ချစ်မိလို့ ငရဲခံနေရသတဲ့လား၊ ဘယ်သူက ပေးတဲ့ အပြစ်များလဲ သံနုငယ်ရယ်"

"သံမောင် သိသင့်ပါတယ်လေ၊ သံမောင်ရေ တာ့တာ"

တယ်လီဖုန်း ချသွားပါလေပြီ။

ရုံးဌာနများကဲ့သို့ Exchange နှင့် စနစ်တကျ ဆက်သွယ်ထားသည့် တယ်လီဖုန်း မဟုတ်ပါ။ ကိုယ့်အိမ်တွင်းမှာသာ တစ်ထပ်နှင့်တစ်ထပ် မဆင်းမတက်ရဘဲ စကားပြောနိုင်အောင်သာ စီစဉ်ထားခြင်းပေမို့ မည်သည့်အထပ်ကဆက်ကြောင်း သူ မသိနိုင်ပါ။

တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် အောက်ဆုံးထပ်ထိ ပြေးဆင်းခဲ့ပါ၏။ အောက်ဆုံးထပ် တစ်ထပ်လုံး မီးတွေလျှောက်ဖွင့်။ သည်တိုက်ကြီးတစ်တိုက်လုံး၊ လေးထပ်လုံး ဘယ်နေရာဘာရှိသည်ကို သူ သိပြီးသား။ မီးခလုတ်များကိုလည်း အလွယ်တကူ ရှာတွေ့ပါသည်။ အောက်ဆုံးထပ် တစ်ထပ်လုံး မီးထိန်ထိန်လင်းသွားတော့သည်။

အရောင်းစင်မှာ တင်ထားသည့် တူရိယာပစ္စည်းများ၊ မှန်ဗီရိုများအတွင်းမှ ဂီတာများ၊ ကက်ဆက်ခွေများက သက်မဲ့များပီပီ တုတ်တုတ်ကလေးမျှ မလှုပ်ကြ။ ချောင်ကြိုချောင်ကြားပါမကျန် လိုက်ရှာကြည့်သော်ငြား၊ သက်ရှိသတ္တဝါဟူ၍ မျက်နှာကြက်မှာ ကပ်နေသည့် တကျွတ်ကျွတ် စုတ်ထိုးနေပါသည့် အိမ်မြှောင်ကလေး တစ်ကောင်သာ။



မီးတွေ ပြန်မပိတ်ဘဲ ဒုတိယထပ်သို့ တက်လာသည်။ သည်အထပ်မှာတော့ သူ အေးအေးဆေးဆေး ရှာသည်။ ထိန်ထိန်လင်းပါသည့် မီးများအလယ်မှာ အသံသွင်းတိုးဝိုင်းပစ္စည်းများက သူ့နေရာနှင့်သူ၊ သည်အထပ်မှာ အဆောင်ဆောင် အခန်းခန်းမရှိ၊ ဟာတိ ပြင်ကျယ်ကြီး။ ဒရမ်ကြီး နောက်မှာ သံနုငယ်များ ပုန်းနေမည်လားဟူ၍လည်း ပတ်ရှာမိသေးသည်။ ဪ ... ဖြစ်များဖြစ်နိုင်လျှင် အသံသွင်းစက်ကြီးပင် ဖွင့်ကာ တစ်စချင်း ဖြုတ်ကြည့်ချင်မိပါ၏။ ဂစ်တာအိမ်ကလေးထဲကများ သံနုငယ် ထွက်လာလေမလား၊ အော်ဂင်ကြီးထဲမှာများ ပုန်းနေရှာသလား သံနုငယ်။ စက်ခွက်သေးသေးကလေးထဲမှာတော့ ရှိဟန်မတူ။

တကယ့်အရူးကြီးအတိုင်းပါပေ။

သံနုငယ် ... မင်းအတွက်နဲ့ ရူးရပါပြီကွယ်။ ပုန်းနေရင် ထွက်ခဲ့ပါ အသည်းရယ်၊ သံမောင် အနားကိုကပ်ရရင်ပြီသတဲ့။ ရေခဲသေတ္တာထဲမှာ ရှိလေမလား သံနုငယ်။

တတိယထပ်သို့ တက်ခဲ့ပြန်ပါသည်။ သည်အထပ်မှာတော့ ဦးတင်မောင်ဝင်းနှင့် သူ့ဇနီးတို့က တစ်ခန်း။ သမီးများဖြစ်ကြပါသော ကဥ္စနာဝင်းနှင့် အမရာဝင်းတို့က တစ်ခန်း။ ထမင်းစားခန်းများကတော့ တိုးလျှိုပေါက်၊ ဪ ... ထမင်းစားခန်းဘေးမှ စတိုခန်းကလေးက မနေ့ အခန်း။

တိုးလျှိုးပေါက် အခန်းများ မီးတွေဖွင့်၊ လျှောက်ကြည့်ပြီးနောက် အသက် ၁၉ နှစ်နှင့် ၁၇ နှစ်စီ ရှိကြပြီဖြစ်သော သမီးနှစ်ယောက် အခန်းကို သူ ရှာကြည့်ချင်စိတ် ပေါက်လာရ

သည်။ မိန်းမသားချင်းမို့ သည်အခန်းထဲမှာများ ပုန်းအောင်းနေ
လေမလား။

သဲနုငယ် လူသားဖြစ်ဖြစ်၊ သဲနုငယ် သရဲဖြစ်ဖြစ်
သူတွေ့ချင်ပါသည်။ သည်အခန်း၏ ခန်းဆီးနံရံများသာ ချက်နှ
ကြက်နှင့် ထိမနေပါလျှင် ခုလောက်ဆို သူ ကျော်တက်ကြည့်ပြ
ပြီ။

"ဒေါက် ... ဒေါက် ... ကဥ္စနာ ... ကဥ္စနာ"

"ဒေါက် ... ဒေါက် ... အမရာ ... အမရာ"

တော်၏ မတော်၏၊ သင့်၏ မသင့်၏ မစဉ်းစာ
နိုင်ပါလေတော့။ မြီးကောင်ပေါက် အပျိုမလေးနှစ်ဦး၏ အိပ်ခန်း
ကို သူ့လို လူပျိုယောကျ်ားတစ်ဦးက သန်းခေါင်ကျော် လင်းအာ
ကြီး တံခါးလာခေါက်သည် ဆိုတော့ ...

"ဘယ်သူလဲ၊ လာပြီ"

"အစ်ကိုလင်းလင်းပါ ကဥ္စနာ၊ အမရာရော ရှိလား
တံခါးဖွင့်ပေးပါ"

တံခါးချက်ဖွင့်ကာ မြီးကောင်ပေါက်မလေးနှစ်ဦး
အိပ်ချင်မူးတူးနှင့် ထွက်လာကြသည်။

"ဘာလဲ အစ်ကိုလင်းလင်း ညကြီးမင်းကြီး"

အကြီးမ ကဥ္စနာက မေးသည်။

"သဲနုငယ် ရှိလား၊ ကဥ္စနာတို့ အခန်းထဲမှာ သဲနုငယ်များ
ပုန်းနေရင် အစ်ကိုလင်းလင်းကို ပြောပါ ကလေးတို့ရယ်"

"အမယ်လေး"



ဆယ်ကျော်သက်မလေးနှစ်ဦး ဇက်ပုသွားကြသည်။
သေဆုံးပြီးသူတစ်ဦးကို သူတို့အခန်းမှာ ရှိသလား အမေးခံရတော့
မျက်လုံးကလေးများ ပြူးသွားကြရပါ၏။ ညီအစ်မနှစ်
ယောက် လက်တွဲကာ သူ့အဖေအခန်း ပြေးကြသည်။

"ဖေဖေ ... မေမေ"

"ဟေ ... သမီးတို့ ဘာဖြစ်ကြတုံး"

လင်းလက်ထွန်း ကတော့ အပျိုမလေးနှစ်ဦး၏
အခန်းတွင်းသို့ သဲနုငယ်ရှာရန် ဝင်သွားပါလေပြီ။

"သရဲ ... သရဲ ... မေမေ"

ဦးတင်မောင်ဝင်းရော ဒေါ်ခင်ခင်လေးပါ အုံသြ
တကြီး ...

"ဘယ်မလဲ၊ ဘာသရဲလဲ"

"သဲနုငယ် ... သဲနုငယ် သရဲ"

"ဟဲ့ ... ဘယ်မှာလဲ"

"ဤတိပိဋကာ ဘဂဝါ အရဟံ၊ ဂဏ္ဍာမိ၊ အို ... မဟုတ်သေး
ပါဘူး"

ဦးတင်မောင်ဝင်းက သမီးနှစ်ယောက်ကို ဖက်ထား
ချိန်မှာ ဒေါ်ခင်ခင်လေးက ဂုဏ်တော်ကိုးပါးကို အမြီးအမောက်
မတည့်အောင် ရွတ်ပါလေပြီ။

"သမ္ဗုဒ္ဓေ ... အဋ္ဌဂတပစ္စယော ဟေတု"

သမ္ဗုဒ္ဓေကို စ၍ ၂၄ ပစ္စည်း အဆုံးကိုလည်း ရွတ်
သည်။ ဘာမှန်း ညာမှန်း မသိဘဲ သရဲကြောက်နေရပါသည့်
ညီအစ်မနှစ်ယောက်မှာ သူတို့အမေ၏ မျက်သလဲဆန်ပုံ အမှုအရာ

နှင့် တောင်ရောက် မြောက်ရောက် ဘုရားစာတို့ကြောင့် ခစ်ခနဲ ရယ်မိကြတော့သည်။ မိဘရင်ခွင်မှာဆိုတော့ အကြောက်ကလည်း ပြေသွားရသည်။

"ဘယ်မှာ သရဲရှိလို့လဲ၊ ဒီမီးတွေလင်းနေတာ သမီးတို့ဖွင့်တာလား"

"မဟုတ်ဘူး၊ အစ်ကိုလင်းလင်း ဖွင့်ထားတာ ထင်တယ်၊ သမီးတို့ တံခါးဖွင့်ထွက်တော့ မီးတွေ လင်းနေတယ်"

"လင်းလင်းက ဘယ်မလဲ"

"သမီးတို့ အခန်းထဲမှာ သရဲ ဝင်ရှာနေတယ်"

"ဘယ်သရဲလဲ"

"သဲနုငယ် သရဲလေ၊ သမီးတို့ အခန်းထဲမှာ သဲနုငယ်ရောက်နေလို့တဲ့၊ မီးတွေဖွင့်ပြီး အတင်းလာနှိုးတာနဲ့ တံခါးဖွင့်ပြီး ထွက်ပြေးလာတာ"

"သမ္မာသမ္ဗုဒ္ဓကောင်းမှ ဟိ ဘာသိတံ"

"အိုကွာ ... ခင်လေးကလည်း ဘာတွေရွတ်နေတာလဲ၊ တစ်ခုမှလည်း အမြီးအမောက် မတည့်ဘူး"

"ဒုမ္မိလာ၊ ခရလာ၊ ဒဏ္ဍိလာ၊ မန္တိလာ"

"အမယ်လေး ... မလာခိုင်းပါနဲ့ မေမေရဲ့ ကြောက်တယ်"

အမရာဝင်းက ဖခင်ကို တိုးဖက်ရင်း ပြောသည်။

"ရွတ်ဟေ့ ... ခင်လေးရဲ့ ပရိတ်ကြီး(၁၁)သုတ်စလုံး ကုန်အောင်ရွတ်၊ အသေဝနာစ ဗာလနံက စပြီးရွတ်"

ဦးတင်မောင်ဝင်း ထံမှ စိတ်တိုသံ ထွက်လာတော့မှ ဒေါ်ခင်ခင်လေး ဘုရားစာ အရွတ်ရပ်တော့သည်။



လင်းလက်ထွန်းက ညီအစ်မနှစ်ယောက် အခန်းထဲမှ ပြန်ထွက်ကာ မိသားစု လေးဦးနားသို့ ရောက်လာသည်။ ဦးတင်မောင်ဝင်းက လင်းလက်ထွန်း၏ မျက်စိအစုံကို စေ့စေ့ကြည့်သည်။ သူငယ်အိမ်မှာ တည်ငြိမ်ခြင်း ကင်းနေပါပြီကော၊ ဩော် ... လင်းလင်းရယ် ဖြစ်မှ ဖြစ်ရလေ။

ဖြစ်ရပ်အားလုံးကို ဦးတင်မောင်ဝင်း ခြုံငုံ၍ သဘောပေါက်သွားရပါတော့သတည်း။

"တွေ့သလား လင်းလင်း"

လင်းလက်ထွန်းက ခေါင်းခါယင်း ...

"မနက်ကို နှိုးပေးပါ ဒေါ်လေး၊ သူ့အခန်းထဲမှာ ရှာချင်တယ်၊ တိုးလျှိုပေါက် အခန်းတွေ အကုန်လိုက်ကြည့်ပြီးပြီ"

"ဦးလေးတို့ အခန်းထဲကော ဝင်ကြည့်ဦးမလား"

"ဦးလေးတို့က လူကြီးပဲ၊ ရှိရင် ပြောမှာပေါ့"

"အမယ် ... အမရာတို့ကျတော့ ဒီသရဲမကို ဖွက်ထားမှာကျနေတာပဲ"

အမရာဝင်း မျက်စောင်းက လင်းလက်ထွန်း အပေါ်ဝဲခနဲ ကျသွားရသည်။ ဦးတင်မောင်ဝင်းက သမီးနှစ်ယောက်ကို လက်ဆွဲ၍ စတိုခန်းသို့ လာသည်။

လေးငါးခွန်းခေါ်မှ နိုးရှာသည်။ သူ့ခမျာ တစ်နေ့လုံး အလုပ်လုပ်ထားရတော့လည်း ပင်ပင်ပန်းပန်းနှင့် အိပ်မောကျရှာပါမည်။ ဦးတင်မောင်ဝင်းက လင်းလက်ထွန်း စိတ်ရှုးထပုံကြောင့် မနု အပေါ် အားနာစိတ်ဖြင့် သနားရပါ၏။

မနု အခန်းတံခါး ဖွင့်ပေးသည်။ အိပ်မှုန်စုံမွှား ဖရိုဖရဲနှင့် မနု ထွက်လာသည်။

"ခဏ ထွက်ပေးလိုက်စမ်း မနုရယ်၊ လင်းလင်းက နင့်အခန်းထဲ ရှာချင်လို့"

"ဟင် … ကျွန်မ ဘာမှ မခိုးရပါလား ဦးလေးရယ်"

မနု ငိုပါလေတော့သည်။

"နင်လည်း သူခိုးမစွပ်စွဲပါဘူးဟဲ့၊ လူတစ်ယောက် …"

"သရဲတစ်ယောက်ပါ"

ကဗ္ဗာနာဝင်းက ဖြတ်ပြောသည်။

"သရဲ ဆိုတာ တစ်ကောင်လို့ ပြောရတယ်၊ ဘုန်းကြီးကျတော့ တစ်ပါး၊ စေတီကျတော့ တစ်ဆူ"

အမရာဝင်းက ကွန့်ပြန်သည်။

"နေကြစမ်း၊ အဲ … အဲ … သရဲတစ်ပါး၊ ဟုတ်ပါဘူးဟယ်၊ ငါလည်း ယောင်မှားကုန်ပြီ"

မိသားစုလေးယောက် ဝါးခနဲ ပွဲကျသွားရသည်။ မနုမှာတော့ နားမလည်သည့်အသွင် ဖြူးတူးဖြဲတဲ၊ လင်းလက်ထွန်းကတော့ စတိုခန်းအတွင်း ဝင်သွားပါပြီ။ တစ်လစာ ဝယ်ထားသည့်ငါးသေတ္တာဘူး၊ နို့ဆီဘူးတွေထဲများ သဲနုငယ် ရှိမလား ထင်နေဦးမည်လား မပြောတတ်ပါ။

"လင်းလင်းက အိမ်ထဲ လူဝင်တယ်ထင်လို့ လိုက်ရှာတာ၊ တခြားအခန်းတွေ ရှာပြီးပြီ၊ နင့်အခန်းထဲ ဝင်ကြည့်တာ၊ နင့်ကို သူခိုးစွပ်စွဲတာ မှုတ်ဘူးဟဲ့"



စိတ် တည်ငြိမ်သွားရပြီဖြစ်သည့် ဒေါ်ခင်ခင်လေးက ရှင်းပြမှ မနု သဘောပေါက်ရတော့သည်။

"တွေ့လား လင်းလင်း"

"မတွေ့ပါဘူး ဦးလေးရယ်"

"လာ … လင်းလင်း၊ ဧည့်ခန်းမှာ ခဏထိုင်ဦး"

"မနုရယ်၊ မိုးလည်း လင်းခါနီးပါပြီ၊ ကော်ဖီလေး လုပ်ပေးပါလားဟယ်၊ ရင်တွေ တုန်လိုက်တာ"

ဒေါ်ခင်ခင်လေး တောင်းဆိုချက်ကြောင့် မနုက မီးဖိုခန်းတွင်း ဝင်သည်။ မိသားစုလေးဦးနှင့် လင်းလက်ထွန်းတို့ ဧည့်ခန်းမှာ ထိုင်ဖြစ်ကြသည်။

"ပြောပါဦး လင်းလင်း၊ သဲနုငယ်ကို ဒီတိုက်ထဲမှာ ဘယ်လို အကြောင်းနဲ့ လိုက်ရှာရတာတဲ့လဲ"

"သူ ဖုန်းဆက်တယ် ဦးလေး"

"ဒီကတည်းက တစ်အိမ်အိမ်ကဆက်တာ သေချာပြီပေါ့၊ ဒီအိမ်ထဲမှာ ရှိမလား၊ ဒီအိမ်ထဲ ရောက်နေပြီလို့ ပြောလို့လား၊ ချင့်ယုံပါတော့လား လင်းလင်းရဲ့"

"တစ်ထပ်နဲ့တစ်ထပ် ပြောတဲ့ အင်တာကွန်းက ဆက်တာ ဦးလေးရဲ့"

"ဟေ …"

သွားရှာပြီ။ အဘောင်မြင်ဆုံး သရုဖူကို ဆောင်းထားသည့် တက်သစ်စ စတီရီယို အဆိုကျော် လင်းလက်တွန်းအတွက် သင့်တော်ဆုံးနေရာမှာ စိတ္တဇဆေးရုံပဲ ရှိတော့သည်ဟု တင်မောင်ဝင်း တွေးလိုက်မိပါ၏။

"အောက်ဆုံးထပ်ထိ ကျွန်တော် ဆင်းရှာပြီးပြီ"

"ဩော်"

ဦးတင်မောင်ဝင်း အကြည့်က လင်းလက်ထွန်းအပေါ် သနားစရာ သတ္တဝါတစ်ဦးအဖြစ် လွှမ်းခြုံနေပါတော့၏။

မနုက ကော်ဖီ လာပို့သည်။

"သောက်လိုက်ဦး လင်းလင်း၊ မင်းမှာ အိပ်ပျက်တာတွေလည်း များနေပြီ၊ ဆရာဝန်ပြဖို့ ကောင်းနေပြီ၊ မစားမအိပ်နဲ့ မင်း ကျန်းမာရေး ထိခိုက်လာလိမ့်မယ်"

လင်းလက်ထွန်းက ကော်ဖီပန်းကန် မ,ယူကာ တဖြည်းဖြည်း မှုတ်သောက်သည်။

"ဦးလေးတို့ ဒေါ်လေးတို့ကတော့ ကျွန်တော့်ကို အရူးလို့ ထင်ကြမှာပဲ၊ ကျွန်တော် မရူးတာ ကျွန်တော်ပဲ သိတယ်၊ အင်းလေ ... ရူးမတတ်တော့ ခံစားရတာပေါ့၊ ဒါပေမဲ့ သဲနုငယ် အသံကို ကျွန်တော် တကယ်ကြားရတာ၊ သဲနုငယ်ကို ကျွန်တော် တကယ်မြင်တာ ဦးလေးရဲ့"

"ပြောပော့ ... ပြောဟဲ့၊ ထင်ရာမြင်ရာတွေ စွတ်သာပြော"ဟူ၍ ဦးတင်မောင်ဝင်း အနေနှင့် အော်ပစ်ချင်သည်။ သို့ပေမင့် မပြောရက်ပါ။ ကရုဏာသက်ခြင်းကြီးစွာဖြင့်သာ လင်းလက်ထွန်းကို စိုက်ကြည့်နေမိပါတော့သည်။

"ကျွန်တော့်ကို ယုံပါ ဦးလေးရယ်၊ ဒီတိုက်ကြီးထဲကို သဲနုငယ် တကယ်ရောက်ခဲ့ပါတယ်၊ အင်တာကွန်းကနေ တယ်လီဖုန်း ဆက်တာပါ၊ သူက သရဲဆိုတော့ ကျွန်တော် နားကပ်ရင် ပူလွန်းလို့ အနီးကပ်တွေ့လို့ မရပါဘူးတဲ့"



ကဋ္ဌနာဝင်းနှင့် အမရာဝင်းတို့ ညီအစ်မ တစ်ယောက် အနား တစ်ယောက် တိုးကပ်မိကြပါ၏။

"ဒုဋ္ဌိလာ၊ ရောဂိလာ၊ ခရလာ"

ဒေါ်ခင်ခင်လေးက ပွစိပွစိနှင့် ပရိတ်ရွတ်ပြန်သည်။

"အို ... မေမေကလည်း ကြောက်ပါတယ်ဆိုမှ လာချည်းခိုင်းနေတော့တာပဲ၊ တလာလာနဲ့ ခေါ်မနေပါနဲ့ မေမေရဲ့"

"အို ... အေ ... ငါ ဓာရဏပရိတ် ရွတ်တာ"

"ခင်လေးရာ ... မင်းက လူကြီး၊ နားလည်မှုရှိမှပေါ့၊ ကလေးတွေနဲ့အပြိုင် ကြောက်နေတော့တာပဲ"

"မကြောက်ပါဘူး၊ သွေးနည်းနည်းလန့်လို့"

လင်းလက်ထွန်း ရယ်ပါလေတော့သည်။ ဒေါ်ခင်ခင်လေး အမူအရာကလည်း တကယ့်ကို ရယ်စရာပါ။

"ဟော ... အစ်ကိုလင်းလင်း ရယ်ပြန်ပြီ"

"လူပဲ ကဋ္ဌနာရဲ့၊ ပါးစပ်ရှိ ရယ်မှာပေါ့"

ပြောပြောဆိုဆို လင်းလက်ထွန်းက လေးထပ်သို့ ပြန်တက်သွားတော့သည်။

"ကြည့်လုပ်ဦးနော် ကိုဝင်း"

"အေးကွာ၊ စိတ္တဇဆေးရုံမှာ မပြလို့ကို မဖြစ်တော့ဘူး၊ ဒီတိုင်းထားရင် ကြာကြာနေ သွက်သွက်လည်သွားလိမ့်မယ်"

ဩော် ... သဲနုငယ်၊ လူတွေက သဲမောင်ကို ရူးနေကြပြီလို့ ထင်ကြတယ် အသက်ရယ်၊ သဲမောင် ဘက်က ကူပြီး ဖြေရှင်းပေးပါဦး အချစ်ရယ်။

"သဲနုငယ် ... ချစ်သဲနုငယ် ... သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်းက မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ်"

"ဟော ... ဟော ... သဲနုငယ်သီချင်း ဆိုနေပြန်ပြီ ဖေဖေ"

ကဥ္စနာဝင်းက ဝင်ပြောသည်။

အမရာဝင်းက သူ့မိခင်ပါးစပ် ပြေးပိတ်သည်။

"ဟဲ့ ... ဟဲ့ ... ငါ့ပါးစပ် ဘာလို့ လာပိတ်တာလဲ"

"အချိန်မီ ဘရိတ်အုပ်တာ မေမေရဲ့၊ တော်ကြာ မေမေကလဲ ... လာနဲ့ ခေါင်းမှာ ကြောက်လို့"

လင်းလက်ထွန်း တစ်ယောက် စိတ္တဇဝေဒနာဖြစ်နေပြီဆိုသည့် သတင်းက Full Moon (လပြည့်ဝန်း) တီးဝိုင်းအဖွဲ့တစ်ဖွဲ့လုံး ပျံ့နှံ့သွားပြီ ဖြစ်ပါ၏။

တနင်္ဂနွေနေ့ တစ်နေ့၊ နေ့လယ် မင်္ဂလာဧည့်ခံပွဲတစ်ခုမှာ လင်းလက်ထွန်း သီချင်းသွားဆိုရသေးသည်။ လင်းလက်ထွန်း ပြုမူပုံများကလည်း ဘေးလူများအနေဖြင့် အရူးထင်ချင်စဖွယ်။

"သဲနုငယ်ရေ ... သဲမောင် ဒီတနင်္ဂနွေ အင်းလျားလိပ် မင်္ဂလာဆောင်တစ်ခုမှာ သီချင်းဆိုရမယ်"

အောက်ဆုံးထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်ပါမကျန် သောကြာနေ့ကတည်းက လျှောက်အော်ပြောနေသည်။ စနေနေ့၊ တနင်္ဂနွေနေ့ သွားကာနီး အချိန်ထိ။



"သဲမောင် သွားပြီ၊ သဲနုငယ် လိုက်ခဲ့"ဟု အော်သွားသေးသည်။ မင်္ဂလာပွဲမှို အဆွေးသီချင်း မဆိုဖြစ်ပါ၊ သဲနုငယ်၏ အချစ်ရုပ်ကြွင်းကို မဆိုလိုက်ရပါ။ သည်မင်္ဂလာပွဲမှာတော့ သဲနုငယ်ကို မတွေ့ရပါ။ တွေ့ချင်တယ် သဲနုငယ် ... ရင်ခွင်ထဲမှာ မလွတ်တမ်း ဖက်ထားမယ်။

ဆောင်းတစ်ည၏ သန်းခေါင်ကျော်မှာ လင်းလက်ထွန်း သဲနုငယ်ကို အရှာကောင်းသည့် ရလဒ်မှာ အိမ်ဖော်မလေးက သရဲခြောက်သည့်အိမ်မှာ မနေရဲပါဟူ၍ အလုပ်မှထွက်သွားခြင်းပါတည်း။

သည့်နောက်ပိုင်း လင်းလက်ထွန်း၏ အခြေအနေက ဆိုးလာသည်။ ကားစီးသွားလျှင်ပင် သူ့နားက ကားတစ်စီးပေါ်မှာ သဲနုငယ် ပါသွားသည်။ အမီလိုက်မောင်းပါ၊ ဟိုမှာ ကွေ့သွားပြီ ဟော ... မရှိတော့ဘူး၊ လွတ်သွားပြီ စသည် စသည်ဖြင့် ပြောလာသည် အထိ။

သူ့ သီချင်းဆိုတိုင်းမှာလည်း လှစ်ခနဲ လှစ်ခနဲ တွေ့လိုက်ရသည်ချည်းဟု ဆိုသည်။ သီချင်းဆုံးအောင် ဆက်ဆိုရသောကြောင့် သဲနုငယ် ပျောက်ပျောက်သွားသည်။ ဒီတစ်ခါ တွေ့လျှင်တော့ ဘယ်သူ့ ဘာဧည့်ခံပွဲကြီးပဲ ဖြစ်ဖြစ် စင်မြင့်ပေါ်က ပြေးဆင်းကာ မလွတ်တမ်း ဖက်ထားတော့မည်ဟု ကြိမ်းဝါးတော့သည်။

ထို့ကြောင့် ဦးတင်မောင်ဝင်းက ဧည့်ခံပွဲ သီချင်းဆိုရန် လာငှားသူတိုင်းကို အရင်ဦးအောင် တွေ့ဆုံကာ ငြင်းလွှတ်ရသည်။ လင်းလက်ထွန်း ကောင်းကောင်း နေမကောင်းပါ၊ အအေး

မိလို၊ အသံဝင်နေလို့ စသည်ဖြင့် ပြောလွှတ်ရသည်။ လူပုံအလယ်မှာ သတိလက်လွှတ် ဖြစ်သွားရလျှင် စတီရီယိုအဆိုကျော် လင်းလက်ထွန်း ရှုးသွပ်သွားပြီ ဟူသည့် သတင်းဆိုး အထွက်မခံနိုင်ပါ။

အသက် ငယ်ငယ်ရွယ်ရွယ်၊ ပညာကလေး ကြွယ်ကြွယ်နှင့် သူ့ရှေ့မှာ တက်လမ်းတွေက အများကြီး ရှိနေသေးသည် မဟုတ်ပါလား။

ညှော်ခံပွဲများ မလိုက်ရတော့လည်း လင်းလက်ထွန်း မမှုပါ။ သူ့အိပ်ခန်းက သူ့ခုတင်၊ သူ့မွေ့ရာထက်မှာ လဲလျောင်းရင်းက သဲနုငယ် အလာကိုသာ စောင့်မျှော်၍ နေပါတော့သတည်း။

သဲနုငယ် ... ချစ်သဲနုငယ် ... သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်းက မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ်။



ရုပ်မကြွင်း မီးအစ အချစ်တစ်ဘဝ

အင်းလျားစောင်းမှာ ပျော်ပွဲစားအဖွဲ့ကလေးတစ်ခု၊ မီးဖိုသူကဖို၊ ထင်းဆိုက်ရန် သစ်ကိုင်းခြောက် ရှာသူကရှာ၊ ရေခပ်သူကခပ်၊ ချက်ပြုတ်ကြော်လှော်ရန် စီစဉ်သူများက တချို့။

တောစာသရက်ပင်ကြီး ခြေရင်းမှာ ခင်းထားသည့် တပ်မတော်သုံး "ဂရောင်းရှိ" Ground Sheet ကလေးပေါ်မှာကား ပန်းပုသူဇာ ရုပ်တုကလေးတစ်ခု ပင်စည်ကိုမှီ၍ ချထားသည့်နှယ်၊ အသားဝင်းဝင်းကလေးက နို့နှစ်မှာ ရွှေမှုန့်ကလေးများ တစ်စ နှစ်စ ရောမွှေထားသည့်နှယ် သေးသေးမျှင်မျှင်နှင့် သွယ်တန်းနေပါသည့် မျက်ခုံးနက်နက်ကလေး၊ ပွင့်လုလု နှင်းဆီငုံနှယ် နှုတ်ခမ်းစုစုကလေး၊ နှင်းဆီဖူးကလေး၏ ယာဘက်အောက်နှုတ်ခမ်းတည့်တည့်မှာက စိမ်းရောင်၊ ညိုရောင်သွေးများ ကဲနေပါသည့် မှဲ့နက်နက်ကလေး။

စင်းစင်းကလေး ကျလာပြီးမှ ကော့တက်လာသည့် နှာသီးဖျား ချွန်ချွန်ကလေး၊ စုံမှိတ်ထားသည့် မျက်ဝန်း၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့ကို မဝိုင်းမရှည် ကြက်ဥပုံသွယ်သွယ် မျက်နှာ

ကလေးနှင့် ကလနားသပ်လိုက်သည့်အခါမှာ ထိရက်စရာ မရှိပါ လေသော၊ ငေးကြည့်ယူရပါသော ဂန္ဓာလရာဇ်ပြည်ဖြစ် ကြွေရုပ်ကလေး ဖြစ်သွားရတော့သည်။

မျက်စိကလေးမှိတ်ကာ နှမ်းနယ်ဟန်နှင့် မှိန်းနေရာသည့် မျက်တောင်ကော့ကလေးများက ကလှုပ်လှုပ် တရွရွကလေး၊ မငြိမ်မသက်ဖြစ်ရာမှ ပွင့်အန်လာသည်။

"ဟင်"

အမျိုးအမည် မသိပါလေသည့် လှုပ်ရှားမှုတစ်မျိုးက ရင်ထဲမှာ အရှိန်အဟုန်ပြင်းစွာ ဖြတ်ပြေးသွားသည်။ ရှေ့မှာက ပုရိသန္ဓယ်ဝင် ယောကျာ်းသား နုနုပျိုပျိုကလေးတစ်ဦး၊ ရှေ့တည့်တည့် ဂရောင်းရှိအစပ်မှာ ဒူးထောင်ထိုင်၊ ဒူးပေါ်မှာ လက်နှစ်ဖက်တင်၊ လက်နှစ်ဖက်ပေါ်မှာ မေးဖျားထပ်ဆင့်ကာ ဆင်စွယ်မင်းသမီးကလေးကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

ရှေ့တည့်တည့်မှာ ယောကျာ်းတစ်ဦးက အသေအချာ လာထိုင်ပြီး တစိမ့်စိမ့်ကြည့်နေခြင်း ခံရသည်ဆိုတော့ မိန်းမလှ၊ နုနုငယ်ငယ်ကလေးမှာ ခြေဖျား လက်ဖျား အေးချင်လာရသည်။ ရင်ထဲမှာ နွေးသွားရသည်။ ဦးခေါင်း၏ထိပ်ပိုင်း ငယ်ထိပ်နားဆီမှာ သွေးတဒိတ်ဒိတ် တိုးလာသည်။ ရင်ခုန်သံကျတော့ တဒိန်းဒိန်း တဒိုင်းဒိုင်း၊ လန့်ဖျားကလေးများပင် ဖျားချင်မိပါ၏။

"သဲနုငယ်"

"ရှင်"

ရှက်ရွံ့အံ့သြဟန်ကလေးကပင် ချစ်စရာ၊ သနားစရာ ကောင်းလွန်းလှပါဘိခြင်း။



"သဲနုငယ် ဆိုပြီး နာမည်ကို ခေါ်လိုက်နိုင်လို့ အံ့သြသွားသလားဟင်"

"ရှင်"

"နာမည်က သဲနုငယ်၊ ဘယ်မှာနေတယ်၊ ဘယ်ကျောင်းတက်တယ်၊ ဘယ်သူ့သမီး၊ ကျန်းမာရေး မကောင်းဘဲ ချူချာရှာတယ်ဆိုတဲ့အထိ သိထားတယ်ဆိုရင် ပိုပြီးအံ့သြဦးမှာလား သဲနုငယ်"

"ရှင်"

"ဩော် ... သဲနုငယ်ရယ်၊ ရှင် ဆိုတဲ့ စကားတစ်ခွန်းတည်းများ ပြောတတ်လေသလားကွယ်"

"မင်း ဘယ်သူလဲ"

"ထွန်း ... လင်းလက်ထွန်းတဲ့"

"ဒါ ... ဒါဖြင့် ..."

"ဟုတ်နိုင်ကောင်းပါရဲ့"

"အို ... တို့ကဖြင့် ဘာမှ မမေးရသေးဘူး"

"မေးလေ"

"ဟို ... Full Moon အဖွဲ့က နောက်ဆုံးထုတ်တဲ့ စီးရီးစ်မှာ သီချင်းနှစ်ပုဒ် ပါလာတဲ့ လင်းလက်ထွန်းလား"

"အဲဒါကိုပဲ ဖြစ်နိုင်ကောင်းပါရဲ့လို့ပြောတာ"

"အို ... မင်း အသံ သိပ်ကောင်းတာပဲ"

"ကျေးဇူးတင်ပါတယ်"

"မင်းက တို့ကို ဘယ်လိုသိတာလဲ၊ ဘာဖြစ်လို့ အနားမှာ လာထိုင်နေတာလဲ"

"တို့အမေက တို့ကို လင်းလင်းလို့ ခေါ်တယ်"

"ဘာဆိုင်လို့လဲ"

"ရင်းနှီးခင်မင်တဲ့ သူငယ်ချင်း မိတ်ဆွေတွေ အားလုံးက လည်း လင်းလင်း လို့ပဲ ခေါ်ကြတယ်"

"တို့နဲ့ မင်းကမှ မရင်းနှီးသေးတာ"

"တို့ ရင်ထဲမှာ ရင်းနှီးနေတာ ကြာလှပြီ"

"ညာတာ"

"တကယ်ပါ၊ မယုံဘူးလား"

"ဟင့်အင်း"

"မင်းအဖေနဲ့ တို့အမေနဲ့က တစ်ရွာတည်းသားတွေတဲ့၊ ငယ်ငယ်တုန်းကတည်းက သူငယ်ချင်းမိတ်ဆွေတွေတဲ့၊ နှစ်ပေါင်းမြောက်မြားစွာ ကွဲသွားပြီး ပြန်တွေ့ရတော့ မင်းအဖေက သူဌေးကြီး ဖြစ်နေပြီ၊ မင်းအမေကိုတော့ မတွေ့ဖူးလိုက်ဘူးတဲ့၊ မင်းက ဆယ်နှစ်သမီးကလေးတဲ့"

"တို့မှာ အမေမရှိပါဘူး"

"ဩော် ..."

"တို့ဖေဖေကလည်း ပြောမပြဖူးပါဘူး၊ မင်းအမေ့ နာမည်က ဘယ်သူလဲ"

"နာမည် ဘာလို့ ပြောတော့မလဲ၊ ရှိမှ မရှိတော့တာ"

"ဟင် ... ဘယ်ရောက်သွားလဲ"

"ဆုံးရှာပြီ၊ လွန်ခဲ့တဲ့ တစ်နှစ်ကပဲ၊ ဒါကြောင့် တို့ ဆယ်တန်းအောင်ပြီး ကျောင်းထွက်လိုက်ရတယ်"

"စာပေးစာယူ"



"တက်တာပေါ့၊ ဝမ်းရေးအတွက် သီချင်းဆိုရတယ်၊ သီချင်း သည်ပေါ့၊ ဟင်း ... ဟင်း"

လင်းလက်ထွန်းက ခနိုးခနဲ့ ရယ်သည်။

"မင်းအမေက တို့ဖေဖေနဲ့ လာတွေ့သင့်တယ်၊ အကူအညီ ပေးနိုင်တာပေါ့၊ ဖေဖေ့ကို တို့ ပြောပေးရမလား"

"ဟင့်အင်း ... ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တယ်၊ မင်းအဖေက သိပ်ချမ်းသာနေတော့ တို့အမေက အဆက် အသွယ် မလုပ်ချင်ဘူးတဲ့၊ စကားပုံတစ်ခု ရှိတယ်လေ၊ မင်း ကြားဖူးလား၊ မရှိခိုးနိုး မလှစုန်းယိုးတဲ့"

"တို့ ဖေဖေက ဒီလိုမှတ်ပါဘူး"

"ရှိပါစေ၊ မင်းနဲ့ မင်းအဖေရဲ့ ခင်မင်မှုကို ရဖို့အတွက် ဘယ်သူ့ဘယ်ဝါရဲ့သား ဆိုတာမျိုးနဲ့ မရင်းနှီးချင်ဘူး၊ တို့ကို တို့အတိုင်းပဲ သိပါစေ"

"အင်းလေ ..."

"တို့ဟာ ရိုးသားကြိုးစားစွာနဲ့ ပညာရှာမယ်၊ စီးပွားရှာမယ်၊ တက်လမ်းကို မော့ကြည့်နေမယ်၊ အကျင့်စာရိတ္တကောင်း ကောင်းထားမယ်၊ တို့ဟာ တို့အဖြစ်နဲ့ပဲ ခင်မင်ဖို့ လုံလောက် ပြီမှတ်လား"

"အင်းလေ"

"မင်းအဖေ့ သူငယ်ချင်းရဲ့သားမှန်း မင်း့အဖေ မသိစေနဲ့"

"ဘာဖြစ်လို့လဲ"

"ပြောခဲ့ပြီကော၊ အကူအညီ ယူမလား မေးတာ မခံချင်ဘူး"

"ချီးကျူးပါတယ်"

“မင်းနဲ့ တို့နဲ့ သူငယ်ချင်း ဖြစ်ပြီလား”
“ဘာလို့ ဖြစ်ချင်တာလဲ”
“ရိုးရိုးကလေးပါ၊ မိဘချင်းတုန်းက သူငယ်ချင်းတွေ
“ဟုတ်ပါပြီ”
“အစ်ကိုလင်းလင်းလို့ ခေါ်မှာလား”
“ရွယ်တူပဲ”
“တို့က ဆယ့်ရှစ်နှစ် တစ်ရက်လျော့”
“လင်းလင်းပဲ ကောင်းပါတယ်”
“တို့ကို ယုံပါ သဲနုငယ်၊ မောင်လို နှမလို ကူညီ
ရောက်မယ်၊ ခင်မင်ရင်းနှီးချင်တယ်”
“အခု ရင်းနှီးပါပြီ လင်းလင်းရယ်၊ ကျေးဇူးတင်ပါ
လင်းလင်း အသံကိုလည်း သဲနုငယ် သဘောကျနေတာ
“ဟင့်အင်း၊ အဲဒီအသံလည်း မပါကြေး”
“အင်းပါ”
“တို့က အင်းလျားရေပြင်ကိုကြည့်ပြီး သံစဉ်ကလေ
လာရှာရင်း သဲနုငယ်ကိုတွေ့လို့ နှုတ်ဆက်ချင်တာ
စောင့်နေတာ၊ အိပ်ပျော်နေသလားလို့ ကြည့်နေမိတာ
လွှတ်နော်”
“ရပါတယ်”
“ရိုင်းစိုင်းတယ်လို့ မထင်ဘူး မှတ်လား”
“မထင်တော့ပါဘူး”
“ကိုယ်က အနုပညာသမား မှတ်လား၊ သီချင်းသည်
အသံကို ရောင်းစားတယ်၊ သဲနုငယ်က သိပ်လှလို့



ကြည့်မိတယ်၊ အလှအပတစ်ခုကို ခံစားတာပါ၊ ရင်ထဲက
မပြစ်မှားပါဘူး”
“အို ... ဘယ်သူက ဘာပြောလို့လဲ”
“စာမေးပွဲ ဖြေနိုင်လား”
“ဆရာမကြီးလက်မှတ် အထက်နားကတော့ ကပ်အောင်
မယ် ထင်ပါရဲ့”
“အဆင့်အနိမ့်ဆုံးပေါ့၊ ဘာဖြစ်လဲ၊ အောင်ရင်ပြီးတာပဲ၊
သဲနုငယ်က ကျန်းမာရေးမှ မကောင်းတာ”
“လင်းလင်းက”
“ပထမနှစ် ဖြေထားတယ်”
“ဘာယူလဲ”
“မြန်မာစာ”
“ဆယ်တန်းအောင်တုန်းက ‘ဒီ’တွေနဲ့လား”
“မြန်မာစာကလွဲပြီး အကုန်ရတယ်”
“ဟင် ... ငါးခုတောင် နှမြောစရာကြီး၊ ဆရာဝန်ဖြစ်ဖို့
ကောင်းတာပေါ့နော်”
“ပြောပြီကော၊ ဝမ်းရေးအတွက် အသံရောင်းနေရချိန်မှာ
ဆေးကျောင်းတက်ပြီး ခုနစ်နှစ် အချိန်ကုန်မခံနိုင်ဘူး၊
မြန်မာစာ ‘ဒီ’မပါလို့ အခု မြန်မာစာအဓိက ယူလိုက်
တာ”
“သဲနုငယ်က ချူချာလို့ ကိုယ်တိုင်ဆရာဝန် ဖြစ်ချင်တယ်၊
ဒါပေမဲ့ မထင်ပါဘူး၊ ဒီနှစ်ကျောင်းပြန်ဖွင့်ရင် ဆယ်တန်း
တောင် တက်နိုင်ပါ့မလား မသိဘူး”

“ဘာဖြစ်လို့လဲ”

“ခဏ ခဏ ဖျားတတ်တယ်၊ ဖျားရင်လည်း တက်တယ်၊ တစ်ခါ တစ်ခါ ဘာကိုမှ တွေးလို့မရဘူး၊ သတိမကောင်းဘူး”

“အခုကော”

“မောလို့ သူငယ်ချင်းတွေနဲ့တောင် ဝိုင်းမကူနိုင်ဘူး၊ ကြည့်ပါလား၊ သူများတွေ အလုပ်လုပ်ချိန်မှာ ထိုင်နေရတာ”

“စကားတွေ အများကြီး ပြောလိုက်ရတော့ မောသေးသလား”

“မောတော့ မောတာပေါ့၊ ဒါပေမဲ့ အစ်ကို တစ်ယောက် ကောက်ရလို့ မမောတော့ပါဘူး”

ခိုးခိုးခစ်ခစ် ရယ်သံကလေးများ။

တဟင်းဟင်း တဟဲဟဲ ကြည်နူးသံကလေးများ။

“ဟေး ... ကြွေရုပ်၊ အယ် ... ဒါက ဘယ်သူလဲ”

ရေခပ်သည့်အဖွဲ့က သဲနုငယ်ကို စိတ်မချ၍ လာကြည့်ရာ အမျိုးသားတစ်ဦးနှင့် အကျအန ထိုင်စကားပြောနေသည်ကို တွေ့ရခြင်းပါပေ။ သူငယ်ချင်းများ စိတ်ပူသွားရသည်။ သဲနုငယ်အဖေက သူ့သမီးကို အသေအချာအပ်၍ ထည့်လိုက်ခြင်းပါ။

“ဆရာဝန်က သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ရောရော နှောနှောနေမှ စိတ်ပြေလက်ပျောက်ဖြစ်မယ်၊ နို့မို့ဆိုကိုယ့်ကိုယ်ကိုယ် ရောဂါသည်ကြီး မှတ်နေမှာ ဆိုလို့သာ ထည့်ပေးရတယ်၊ နေမကောင်းရင် ချက်ချင်းပြန်ပို့နော်”



အထပ်ထပ် မှာကြားလိုက်သေးသည်။ ခုတော့ ကောင်ကလေးတစ်ယောက်နှင့် အကျအန ထိုင်စကားပြောနေတော့ ကုမ္ဘဏ်တစ်ထောင်ကြားမှ မဉ္ဇူသကနတ်ပန်းကို သူတို့ကိုင်ထားခဲ့မှာတော့ အခူးမခံနိုင်ပါ။

“ထိုင်ပါဦး မြရယ်၊ သူက အဆိုတော် လင်းလက်ထွန်းလေ”

“ဟုတ်ကဲ့၊ ကျွန်တော် သီချင်းသည်ပါ”

“သြော် ... ဟို စီးရီးစ်မှ စ,ပါတာ”

“သူက မြမြဖူး တဲ့”

“ဟုတ်ကဲ့၊ ကျွန်မက ပန်းသည်ပါ၊ ခြံထဲမှာ ပိတောက်တွေ ပွင့်တုန်း မွေးလို့ ကျွန်မ မွေးတဲ့နေ့မှာ သင်္ကြန်အဖွဲ့တွေက အတင်းလာဝယ်တာနဲ့ ခုတ်ရောင်းရတာ ခုနှစ်ဆယ်ကျော် ရတယ်တဲ့”

ရယ်သံကလေးများ လွင့်ပျံ့လာရသည်။

“သူက သဉ္ဇာလီ”

“အင်း ... ကျွန်မကတော့ အိပ်ရာသည်လို့ ပြောရမယ်ထင်ပါရဲ့၊ နာမည်က သဉ္ဇာလီဆိုတော့၊ နောက်ပြီး ကျွန်မတို့ စက်ရုံက ထုတ်ရောင်းသမျှ ရာဘာပစ္စည်းတွေထဲမှာ ရာဘာမွေ့ရာက ရောင်းလို့အတွင်ဆုံး ဖြစ်နေသေးတယ်”

ရယ်မိကြပြန်သည်။

“ကျွန်မကတော့ အနှိပ်သည်လို့ ပြောရမယ် ထင်ပါတယ်၊ ဖေဖေက လေဖြတ်ထားလို့ နေ့မအား ညမအား နှိပ်ချည်း ပေးနေရတယ်လေ၊ နာမည်ကတော့ ခိုင်ရွှေဝါ ပါ”

နိုင်ရွှေဝါက သူ့ဘာသာပြော၍ သူ့ဘာသာ ရယ်သည်။

"အားလုံးထဲမှာ သဲနုငယ် ကတော့ ရောဂါသည်ပါပဲကွာ၊ ဒါပေမဲ့ ရောဂါတွေတော့ မရောင်းပါဘူး၊ ဖွဖ ပါးသော ရောဂါတွေကို မနိုင်မနင်း သယ်ထားတဲ့ လူပါ"

"ပြောတော့မယ်ဟာ ... ကြံကြံဖန်ဖန်"

စိတ်မကောင်းစွာ ဟန့်တားမိပေမင့် ရယ်ကြသေးသည်။ အားလုံး အားလုံးတို့မှာက ဆယ်ကျော်သက်မှ တကယ့် ဆယ်ကျော်သက် နုနုစိုစို ပျိုပျိုရွယ်ရွယ်က လေးများချည်းမို့ လေတိုက်၍ သစ်ရွက်လှုပ်သည်ကိုပင် ရယ်ချင်ကြသည့် အရွယ်များပေကိုး။

"တို့ ပျော်ပွဲစားအဖွဲ့တော့ မြိုင်သွားပြီဟေ့၊ ကိုလင်းလက်ထွန်း သီချင်းဆိုပြနော်"

"ဟာဗျာ ... ကျွန်တော်က စားစရာ သောက်စရာလည်း ဘာမှ ယူမလာမိဘူး"

"ပါတာတွေ စားပေါ့"

"ပါတာတွေတော့ မစားပါရစေနဲ့၊ စေတနာရှိရင် ယိုကျွေးပါတော့"

"ဟယ် ... ရှုံစရာတွေ တော်တော့၊ ကိုလင်းလက်ထွန်းက အားနာလို့လား"

"မဝမှာ စိုးလို့ပါဗျာ"

မဋ္ဌူသကနတ်ပန်းကလေးကို လှမ်းချူမည့်သူပေလားဆိုသည့် အတွေးကလည်း လေမှာလွင့်ပါပြီ။ သဲနုငယ် အတွက်



ည်း စိတ်မပူကြတော့ပါ။ ပျော်ပျော်ပါးပါး ရယ်ကာမောကာ ကြ သောက်ကြနှင့် ဆယ်ကျော်သက်တို့ထုံးစံ ရွှင်မြူး၍သာ ကြပါတော့သတည်း။

"လတာနုံ့ရွှေပေမို့
အလှထူးပါဘိ
မြမြူးရယ်တဲ့ နိုင်ရွှေဝါ ... နိုင်ရွှေဝါ"

အတီးမပါ အသံချည်းသက်သက်ပေမင့် လင်းလက် း အဆိုက အတော်ကလေး ကောင်းပါ၏။ သူ့အသံက သူ နှင့်မတူ တစ်မူထူးခြားနေသည်။ ရင်ထဲမှ လှိုက်တက်လာသည့် သံမျိုး၊ ဆွဲငင်ညှို့ငင်အား ကောင်းသည်။ ညိုသော်လည်း း မာသူ ဖြစ်သောကြောင့် စိုဝင်းနေသည့် အသားပေါ်မှာ ခုံးပြားစိမ်းစိမ်းကြီးက မျှော့ကြီးများ တွယ်နေသလား ထင်ရ ည်။

မျက်သားဖွေးဖွေးက အပြာဘက်သို့ လုသည်။ ဝန်းညိုညိုမှာ မျက်ဆန်နက်ကလေးနှင့် သူ့မျက်လုံးအစုံမှာ ခိုင်းသုံးထပ် ရုံဘိသကဲ့သို့။ ထူထဲတိကျသည့် နှုတ်ခမ်းကျတော့ နေသည်။ သွေးအားကောင်းခြင်းကြောင့် ဖြစ်ပါ၏။ ခိုင်ခံ့သည့် ရိုးကြီးများနှင့် မေးစေ့ကလေး အလယ်ချိုင့်နေပုံမှာလည်း စရာ ကောင်းနေတော့သည်။

ခြုံငုံ၍ ပြောရပါလျှင် ဆယ့်ရှစ်နှစ် တစ်ရက်လျော့ ဆိုပါသည်၊ လင်းလက်ထွန်းမှာ ကျယ်ပြန့်သည့် ပခုံးတန်း ၊ ငါးပေဆယ်လက်မတည်း ဟူသော အရပ်အမောင်းတို့ဖြင့် းကိုးချင်စရာ ယောကျာ်းသား ကြီးကြီးမားမားကြီး ပုံစံမှာ

ငယ်မူငယ်သွေးကလေးများ အထင်းသားနှင့် ချစ်စရာပုံသဏ္ဍာ
ကလေး ဖြစ်နေရပါ၏။

"ဟော့ ... မြမြဖူးနဲ့ ခိုင်ရွှေဝါတဲ့ ခေါ်နေတယ်၊ စုံတွဲထွ
က,ကြပါတော့လား"

"နှားထောင်လို့ ကောင်းလိုက်တာ လင်းလင်းရယ်"

သဲနုငယ်က အူလှိုက်သည်းလှိုက် ချီးကျူးမိသွာ
ပါတော့သတည်း။ စင်စစ် သည့်မျက်နှာ၊ သည်အသံ၊ သည်အပြေ
နှင့် သည်သီချင်းတို့က ကြိုးခွေများအဖြစ်သို့ ပြောင်းလဲက
သဲနုငယ်၏ နှလုံးသားကို ခိုင်ခိုင်မြဲမြဲ တွယ်နှောင်ကြပါလေပြီကော
ဟူသည့် အချက်ကို ကာယကံရှင် သဲနုငယ်ကိုယ်တိုင် မသိလိုက်
ရှာပါတကား။ မသိလိုက်ရှာပါတကား။

"ခေတ်ပေါ် စတီရီယိုတေးတွေနဲ့ ပတ်သက်ပြီး ကိုလင်းလ
ထွန်း အမြင်ကို ဆွေးနွေးပြောပြပါဦး"

ကြက်တူရွေးမ,ကလေးများ အလယ်မှာ ကတ္တဝါကြ
တစ်ကောင် ရောက်ရသလို လင်းလက်ထွန်း အဖို့ စင်စစ်မလွ
ကြောပါတကား။ သည်အဖွဲ့မှာ ယောကျ်ားသားဆို၍ သူတ
ယောက်တည်း။

"ကျွန်တော် ကိုယ်တိုင် စတီရီယိုတေး ဆိုနေတဲ့သူပါပဲ
ခေတ်ပေါ်အလိုက်တွေနဲ့ နိုင်ငံခြားတေးအလိုက်တွေ တိုက်
ရိုက်ယူပြီး မြန်မာစကားသွင်း ဆိုတာတွေလည်း ရှိပါတယ်
ဒါပေမဲ့ ကျွန်တော် ထင်တယ်၊ မြန်မာဟာ မြန်မာပဲဗျ

"ဒါပေါ့ ... ဒါပေါ့၊ တရုတ်က တရုတ်၊ ကုလားက
ကုလား၊ တရုတ်မှာ ပါးမြိုင်းမွေး မပေါက်ဘူး"



"ဒီလိုပါ၊ ကျွန်တော် ပြောချင်တာက မြန်မာလူမျိုးတွေဟာ နိုင်ငံခြားနဲ့ ပတ်သက်သမျှဆိုရင် အသစ်အဆန်းမို့ သဘောကျချင်ကြပေမဲ့ ရင်ထဲမှာတော့ မြန်မာတိုင်းဟာ မြန်မာမှုကို မြတ်နိုးနေကြတယ်၊ မြန်မာ့ယဉ်ကျေးမှုကို လေးစားနေကြတယ်၊ တိုင်းပြည်နဲ့ လူမျိုးကို ချစ်နေကြတယ်လို့ ကျွန်တော်ယုံပါတယ်"

"ဟုတ်တယ်၊ ခေတ်ရေစီးကြောင်း ဘယ်လိုပဲမျောမျော ရင်ထဲမှာ မြန်မာဆိုတဲ့ အစွဲကတော့ ရှိနေကြတာပဲ"

"ရှေးသီချင်းတွေမှာ စာသားကောင်းတွေ၊ အဖိုးတန်တွေ အများကြီးပါ၊ ရှေးအလိုက်နဲ့ ဆိုရင်တော့ ဆယ်ကျော်သက်တွေ ပျင်းကောင်း ပျင်းလိမ့်မပေါ့၊ ခေတ်က ဂျက်ခေတ်၊ ဂြိုဟ်တုခေတ်ကိုး၊ နှားလှည်းဝင်ရိုးသံ တအိအိဆိုရင် ပျင်းချင်ပျင်းမယ်"

"နွားလှည်းကို ခပ်မြန်မြန်လေး မောင်းပေးလိုက်ပေါ့၊ မော်တော်ကားသံ ဝီးခနဲနဲ့ စာရင် နားထောင်လို့ ပိုကောင်းမှာပဲ"

"ဟုတ်တယ်နော်၊ အဲဒါတွေကို စတီရီယိုတီးဝိုင်းတွေ သဘောပေါက်သင့်တယ်၊ သားသမီးအရင်းက ချောတယ်၊ လှတယ်၊ လိမ္မာတယ် ဆိုရင် မွေးစားဖို့မှ မလိုတော့တာ"

"မြန်မာလူမျိုးဆိုတာ အနုံညာတ မဟုတ်ပါဘူးဗျာ၊ ခေတ်အဆက်ဆက်ကို ပြန်ကြည့်ပါ၊ အနုပညာဘက်မှာ ကြည့်မလား၊ ရဲစွမ်းသတ္တိမှာ ကြည့်မလား၊ ဘယ်နိုင်ငံခြားမှ

မကြောက်ပါဘူးဗျာ၊ ကျွန်ဘဝမှာ ခြောက်ဆယ့်သုံးနှစ် နေခဲ့ရလို့ နည်းနည်းနောက်ကျန်နေတာပါ၊ ဒီနေ့ခေတ် လူငယ်တွေ ကြိုးစားလိုက်ရင် မကြာခင် ကမ္ဘာမှာ ရင်ပေါင် တန်းမဲ့ လူမျိုးပါ"

"အင်း ... လင်းလင်း အသံကို သဘောကျရုံတင် မကတော့ ဘူး၊ ခံယူချက်တွေကိုပါ လေးစားသွားရပါပြီ လင်းလင်း ရယ်"

တစ်နေကုန် စားကြ သောက်ကြ သီချင်းဆိုကြနှင့် သည်နေ့ကိုတော့ သဲနုငယ် မမေ့နိုင်တော့ပါ။ တချူချူ တချာချာ နှင့် နေရသည့် သူ့မဘဝ ပျင်းခြောက်ကပ်ကလေး စိုပြည်ခဲ့ရသည့် နေ့ ဖြစ်ပါသတည်း။

လင်းလက်ထွန်း၏ ဘဝမှတ်တမ်းဝယ် သဲနုငယ် ဆိုသည့် နာမည်ကလေးတစ်ခုကလည်း တင်မိပြီဖြစ်ပါ၏။

ဩော် ... သဲနုငယ်၊ မင်းကိုရည်ရွယ်ချက်နဲ့ တကူး တက လာပေါင်းတယ် ဆိုတာများ သိရရင် အသည်းဆတ်ဆတ် ခါရှာလေမလားကွယ်၊ သဲနုငယ်ရယ် မင်းရဲ့ ပင်ကိုယ်စိတ်ကလေး ကို သနားတယ်။

ပြီးတော့ ... ပြီးတော့ ... ချစ်တယ်။



## ဆာလောင်မှုသည်ယိုးခင်ရွှယ်၊ မြတ်နိုးကြင်မယ်

"ဝင်ဒါမီယာ"မှာ နေသည်ဆိုကတည်းက တော်ရုံ တန်ရုံတော့ မဟုတ်နိုင်ပါ။ လူချမ်းသာစာရင်းဝင်တစ်ဦး ဖြစ်ပါ၏။ သိန်းသန်းချီ၍ ချမ်းသာပါသည် ဆိုသော သူဌေးကြီး ဦးလှဖေ၏ အမွေစား အမွေခံ အနုအရွ အလှအပ သမီးကလေးက သဲနုငယ်။ သူ့ခမျာ ကလေးက ကျန်းမာရေး ချို့တဲ့နေရှာသည်။ ဘဝများ နှယ် အဆင်မပြေရန်ကော။

ဝတ်ဖို့ မပူရ၊ စားဖို့မပူရတော့ ကျန်းမာရေးအတွက် ပူပန်နေရသည်။ လောကလူ့ဘုံမှာ လူဟူ၍ ဖြစ်သည်နှင့် ဒုက္ခ ဆိုသည်က တစ်ခုမဟုတ် တစ်ခုတော့ ကြုံရမြဲ။

သဲနုငယ်၏ ခြေဖျားလက်ဖျားကလေးများ အေးနေ သည်။ နေမကောင်း ထိုင်မသာ ဖြစ်တော့မည့် အရိပ်နိမိတ်ပါပဲ၊ ခြေဖျားလက်ဖျားအေးပြီးလျှင် ရင်တွေကတုန်၊ မော၊ အသက်ရှူရ ကျပ်၊ တစ်ခါတစ်ရံ ဘာမဟုတ်တာကလေးနှင့် လန့်ကာ မျက်ဖြူ လန်ရသေးသည်။ သတိပြန်ရလာတော့ တောင်ပြော မြောက်ပြော

စိတ်ကလေးက မမှန်ချင်၊ ရူးသည်တော့လည်း မဟုတ်။ ကျောင်းတက်လာသည်ပင် ကိုးတန်းအောင်ပါပကော။

"နေကောင်းလား သမီး"

ဦးလှဖေက သမီး၏ လက်ဖျားကလေးကို ဆုပ်နယ်ရင်း ကြင်နာစွာ ဆိုရှာသည်။

"မောချင်တယ် ဖေဖေ"

"သမီး တစ်ခုခု လုပ်လိုက်ပါလား၊ စိတ်အပြောင်းအလဲကလေးရသွားအောင်။ ပျော်သွားအောင် လုပ်လိုက်ရင် သက်သာသွားမယ်လို့ ဆရာဝန်က ပြောထားတယ် မှတ်လား၊ ဆရာဝန် ခေါ်လိုက်ရမလား သမီး"

"နေပါစေဦး၊ ဆရာဝန် ခေါ်ရလွန်းတော့ ရှက်တောင်ရှက်တယ်"

"မဟုတ်တာ သမီးရယ်၊ ရှက်စရာမှ မဟုတ်တာ"

"ဖေဖေ အလုပ်သွားစရာရှိတာ သွားချင်သွားပါ၊ ဒီနေ့ သံရုံးလေလံကားတွေ သွားဆွဲမယ်ဆို"

"ဖေဖေ့ဘဝမှာ သမီးပဲ အရေးကြီးတယ်၊ တခြားဘာမှ အရေးမကြီးဘူး သမီးရဲ့၊ ကက်ဆက်နားထောင်ကြည့်ပါလား"

သဲနုငယ် စိတ်အပြောင်းအလဲကလေးရအောင် ဖခင်ကြီးက အာရုံပြောင်းပေးခြင်း ဖြစ်ပါ၏။ ကက်ဆက်ဆိုတော့ လင်းလင်းကို သတိရသည်။ လင်းလင်းတို့ လပြည့်ဝန်း စီးရီးစ်မှ သီချင်းတစ်ခွေ ထပ်ထုတ်သည်။ အသစ်ပေါ်တိုင်း လက်မလွတ်စေရသော ဖခင်ကြီးက သမီး သဲနုငယ် အတွက် ဝယ်ပေးထားပြီးပြီ။



ဦးလှဖေ ကတော့ ဘာရယ်မဟုတ်၊ နောက်ဆုံးသီချင်းခွေက အသစ်ဆုံးမို့ သည်သီချင်းခွေကိုပင် ဖွင့်ပေးခြင်းပါ။ သဲနုငယ်ကတော့ လင်းလက်ထွန်း အသံကို နားထောင်ရတော့မည်ဖြစ်၍ ပျော်သွားသည်။

သဲနုငယ်က ဂီတရေယာဉ်ကြောမှာ မျောသွားရသောကြောင့် ခြေဖျားလက်ဖျားကလေးများပင် ပြန်နွေးလာသည်။ လင်းလက်ထွန်း၏ အသံကပင်လျှင် အနွေးဓာတ်ကို ပေးနိုင်စွမ်းပါ၏။ သမီး သဲနုငယ် ခြေဖျားကလေးများ ပြန်နွေးလာပြီမို့ ဖခင်ကြီးက အခန်းပြင်သို့ ထွက်လာခဲ့တော့သည်။ သမီးကလေး စိတ်လွတ်ကိုယ်လွတ် နေပါစေ။

နောက်တစ်ပုဒ်ကျတော့ လင်းလက်ထွန်းနှင့် ကဥ္စနာဝင်းတို့ စုံတွဲဆိုသည့် သီချင်း။ လင်းလက်ထွန်းက အခြား မိန်းကလေးတစ်ဦးနှင့် တွဲဖက်သီဆိုသည် ဆိုရုံမျှနှင့် သဲနုငယ်ရင်မှာ လှိုက်ဖိုလာရပါ၏။ မနာလို ဝန်တိုမှုသည် နှလုံးသားကို ရိုက်ပုတ်ပါလေ၏။

သို့ပေမင့် ... သီချင်းကိုတော့ ပိတ်မပစ်ရက်ပါ၊ နားထောင်မြဲ။

လပြည့်ဝန်း တီးဝိုင်းအဖွဲ့နှင့် လပြည့်ဝန်းက စင်တင်ပေးခဲ့သည့် တက်သစ်စ အဆိုတော်များ နာမည်ရကြပါ၏။ ခေတ်ပေါ်တီးလုံး၊ ခေတ်ပေါ်အလိုက်နှင့် မြူးမြူးကြွကြွကလေးတော့ ဆိုကြပါ၏။ သို့ပေမင့် မြန်မာမှုမပျောက်စေရန် လူငယ်များကို လမ်းညွှန်ပေးသည့် သီချင်းများကို ကြိုးကြား ကြိုးကြား

တွဲစပ်သီဆိုစေသည်။ လပြည့်ဝန်းမှ ထွက်သမျှ သီချင်းတို့ကား နားထဲ ရင်ထဲ အေးခနဲ စိမ့်ခနဲ ဝင်လာသည်ချည်း။

သဲနုငယ် ရင်ထဲမှာတော့ အပူနှင့် အအေးတို့ လွန် ဆွဲကြရပါပြီ။ သီချင်းသံက အေးငြိမ့်သလောက် တစ်ပါးသော မိန်းကလေးနှင့် တွဲဖက်သီဆိုသည်ဟူသည့် အသိစိတ်က ပူပြင်း လွန်းလှပါဘိတောင်း။

"မမငယ်တဲ့၊ တယ်လီဖုန်း လာနေတယ်၊ ညှိခန်းသွားပြော မလား၊ အိပ်ခန်းထဲ ရွှေ့လာရမလား မမငယ်"

အိမ်ဖော်မကလေး မလုံးက သဲနုငယ် အခန်းဝမှာ ရပ်လျှာ၍ ပြောသည်။

"ဒီအခန်းထဲ ရွှေ့ခဲ့ပါ မလုံးရယ်၊ ကျေးဇူးနော်"

တစ်ဖက်မှ စကားပြောသူကို သဲနုငယ် အခန်းထဲ မှ မထွက်နိုင်သောကြောင့် တယ်လီဖုန်းကို ရွှေ့ပေးရမည်ဖြစ် ကြောင်း၊ နှစ်မိနစ်ခန့်စောင့်ပြီး ပြန်ဆက်ပါရန် အကြောင်း ပြော ပြပြီးမှ တယ်လီဖုန်းကို သဲနုငယ် အခန်းတွင်းသို့ ရွှေ့ပေး သည်။

"ဟဲလို ... သဲနုငယ်ပါ"

"သဲနုငယ်ရယ် ... ဂုဏ်တံတိုင်း၊ ငွေတံတိုင်း၊ တံတိုင်းတွေ အထပ်ထပ် ကွာခြားလိုက်တာပါလားနော်၊ တယ်လီဖုန်း တောင် နှစ်ခါပြန်ဆက်ယူရတယ်"

"လင်းလင်းရယ် ... သဲနုငယ် နေမကောင်းလို့ အခန်းထဲက သိပ်မထွက်ချင်လို့ပါ၊ နောက်ပြီး လင်းလင်းနဲ့ စကားတွေ



အများကြီး ပြောချင်တယ်၊ အိပ်ရာထဲမှာ လှဲရင်း ပြောရ တော့ မပင်ပန်းဘူး မှတ်လား"

"ဟုတ်ပါပြီတဲ့ဗျာ၊ ခွင့်လွှတ်ပါသတဲ့၊ မနေ့က လင်းလင်း တို့ စီးရီးစ်အသစ် ဖြန့်တယ်လေ၊ သဲနုငယ်ဆီ ပို့ချင်တယ်၊ အိမ်ကိုလည်း မလာရဲဘူး"

"ဝယ်ပြီးပြီ လင်းလင်းရဲ့၊ အခုပဲ နားထောင်ပြီးသွားပြီ၊ အိမ်ကို လာလည်ချင်ရင်လည်း ရပါတယ်၊ နေကောင်းတဲ့ အခါဆို ထွက်ညှိခံပါတယ်"

"နေမကောင်းရင်ကော"

"ဒါတော့လည်း ဘယ်ဖြစ်တော့မလဲ၊ သဲနုငယ်က တစ်ခါ တစ်ခါဆို သတိသိပ်ကောင်းတာ မှတ်ဘူး"

"သဲနုငယ် အမြဲနေကောင်းနေမဲ့ဆေး ရချင်လိုက်တာကွာ"

"ဘာဖြစ်လို့လဲ"

"သတိမရတဲ့ အထဲမှာ တို့ပါ ပါသွားမှာစိုးလို့"

"လင်းလင်းက အသံလည်းကောင်း၊ အဆိုလည်းကောင်း၊ အပြောလည်းကောင်း"

"အချွဲလည်းကောင်းတယ်လို့ ဆိုဦးမှာလား သဲနုငယ်"

"မဆိုတော့ပါဘူး"

"တို့သီချင်း ကြိုက်ရဲ့လား"

"သိပ်ကြိုက်တာပဲ၊ ကဋ္ဌနာဝင်း ဆိုတာ ဘယ်သူလဲဟင်"

"တို့ပိုင်ရှင်ရဲ့ သမီးပဲ၊ ဘာဖြစ်လို့လဲ"

"ဪ ... သူက တစ်ခါမှ မဆိုဖူးသေးတဲ့သူမို့"

"သူ့အသံရော ဘယ့်နှယ်နေလဲ"

"ကောင်းပါတယ်"

"နောက်ဆို သူ့သီချင်းတွေလည်း ထုတ်တော့မယ်"

"ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

"အကုန် ကောင်းပါတယ်"

"သဲနုငယ်ရော နေကောင်းရဲ့လား"

"မကောင်းတကောင်း ဆိုပါတော့"

"လင်းလင်းကို သတိရနေသလား"

"မရတရ ဆိုပါတော့"

"ဟာကွာ ... တို့က အမြဲသတိရနေတာ၊ တို့ စဉ်းစားနေတယ်"

"ဘာကိုလဲ"

"သဲနုငယ်က လင်းလင်းလို့ ခေါ်တယ်မှတ်လား"

"အင်းလေ"

"တို့ကလည်း သဲနုငယ်ကို ဘယ်လိုပြန်ခေါ်ရမလဲ စဉ်းစားနေတယ်"

"ဖေဖေကတော့ ငယ်ငယ်လို့ ခေါ်တယ်"

"တို့ တွေးကြည့်ပြီးပြီ၊ သဲသဲ ... နုနု ... ငယ်ငယ် ... သဲနု ... နုငယ် ..."

"သူငယ်ချင်းတွေကတော့ ကြွေရုပ်တဲ့"

"သိပ်လှတဲ့သူနဲ့ လိုက်ပါတယ်"



"လှလို့ခေါ်တာ မှတ်ဘူး၊ ကြွေရုပ်ကလေးလို ရှရှကလေးနေရတယ်တဲ့၊ နည်းနည်းပါးပါး ပြင်းပြင်းထန်ထန် လှုပ်ရှားမိရင်တောင် ကျကွဲမလား၊ စိတ်ပူနေရလို့ ကြွေရုပ်လို့ခေါ်တာ"

"တို့တော့ သဲနုငယ်လို့ အပြည့်အစုံ ခေါ်ရတာကို အကြိုက်ဆုံးပဲ၊ ဟုတ်တယ်၊ အသည်းနုနုငယ်ငယ်ကလေး မှတ်လား"

"သဲနုငယ် ကလည်း အပြည့်အစုံခေါ်တာ ပိုကြိုက်တယ်"

"တို့ကိုလေ ... တို့ကိုလေ"

"ဘာလဲ ... ပြောလေ"

"လင်းလင်းလို့ မခေါ်ပါနဲ့တော့လား"

"ဖြစ်ပြန်ပြီကွာ"

"တို့ဆီကို ဖုန်းဆက်ချင်ရင် တယ်လီဖုန်းနံပါတ်(---) ကို ဆက်ရင် ရတယ်၊ တို့ အဲဒီမှာပဲ နေတယ်"

"ဆက်မယ်လေ"

"လင်းလင်းက တို့က သဲနုငယ်ရဲ့ မောင်၊ အသဲရဲ့မောင်ဖြစ်ချင်တယ်၊ သဲမောင်လို့ ခေါ်ပါလားကွယ်၊ သဲနုငယ် ... သဲမောင်က သဲနုငယ်ကို သိပ်ချစ်တယ်"

"အို"

တစ်ဖက်က တယ်လီဖုန်း ချသွားပါလေပြီ။

ရင်ခုန်သံ မြန်လွန်းလှပါဘိ။ သို့ပေမင့် သည်တစ်ခါ င်ခုန်နှုန်း မြန်ခြင်းက ခြေဖျားလက်ဖျားများကို မအေးစေပါ။ ၍ ကျန်ရစ်ခဲ့ပါ၏။ နှလုံးသားတွင်းထိပင် နွေးထွေးလွှမ်းပါဘိ။

"သဲမောင်က သဲနုငယ်ကို သိပ်ချစ်နေတယ်"တဲ့၊ ဒါကြောင့် သူက တယ်လီဖုန်းနံပါတ် အရင်ပြောတာကိုး၊ သဲနုငယ် အဖြေပေးနိုင်အောင်ပေါ့၊ သဲမောင်ရယ် ... ဝေခွဲလို့မရပါလားကွယ်၊ တွေ့ဖူးကြတာကမှ တစ်ခါတည်းကလေး၊ အို ... သူ့ဘက်ကကျတော့ ဆယ်နှစ်သမီးကလေးကတည်းက သိနေရတာပါတဲ့၊ သဲနုငယ် ကျတော့ကော သဲနုငယ် ကြောက်ပါတယ် သဲမောင်ရယ်၊ မစွန့်စားရဲပါဘူး၊ မစွန့်စားချင်ပါဘူး။

သြော် ... အတွေးထဲမှာတောင် သူ့အမည်ကို သဲမောင် အဖြစ်နဲ့ စဉ်းစားမိပါလားကွယ်၊ သဲနုငယ်ရဲ့အချစ်သည်းက နုနု ငယ်ငယ်လေးပါပဲ သဲမောင်ရယ်။



ရင်မငြိမ်းနိုင်သည့် ဒေါ်ရင်ငြိမ်း

"သား ... အဲဒါပေါ့ ဦးလှဖေ ဆိုတာ၊ ဟိုဟာ သူ့သမီးတဲ့၊ သဲနုငယ်တဲ့၊ မေမေ စုံစမ်းကြည့်ရသလောက်တော့ ဒီသမီး လေးတစ်ယောက်တည်း ရှိတယ်တဲ့၊ မိန်းမ သေသွားပြီတဲ့"

လင်းလင်းက ၁၂ နှစ်သားကလေး။ သည်တုန်းက သဲနုငယ်က ၁၀ နှစ်သမီးကလေး။

"လှလှလေးနော် မေမေ"

"အဲဒီ လှလှကလေးကို သား တစ်နေ့ ကောင်းကောင်း အသုံးချရမယ်ဆိုတာ မြဲမြဲမှတ်ထား"

ဖေဖေ မရှိကတည်းက လင်းလင်းနှင့် မိခင်ကြီး ဒေါ်ရင်ငြိမ်းတို့ ခြံကြီးနှင့် တိုက်ကြီးကို ရောင်းပစ်ရသည်။ ကားကြီးကတော့ ချောက်ထဲ ထိုးကျစဉ် မီးလောင်ပျက်စီးသွားခဲ့ပြီမို့ အစအနတောင် ပြန်မရပါလေတော့။

"လင်းလင်းတို့ ဖေဖေ ရှိစုမဲ့စု အရင်းအနှီးတွေ ပုံအောပြီး ပတ္တမြားကြီးတွေ သွားဝယ်တာ၊ သူ ဆုံးတော့ ငွေသားရယ်လို့ ဘာမှများများစားစား မကျန်ခဲ့ပါဘူး သားရယ်"

"အဲဒီ ပတ္တမြားကြီးတွေကော မမေ"

"ဟို ... လှဖေ ဆိုတဲ့ လူယုတ်မာ ယူသွားမှာပေါ့ သားရယ်၊ မမေတို့ အခု ဒီလိုရပ်ကွက်မှာ ပျဉ်ထောင်အိမ်ကလေးနဲ့နေ၊ စားဝတ်နေရေးအတွက် ကုန်စုံဆိုင်ကလေးဖွင့်ရောင်းချပြီး ချို့ချို့တဲ့တဲ့ နေရတာ အဲဒီ လှဖေ လူယုတ်မာကြောင့်ပေါ့ လင်းလင်းရဲ့"

"အဲဒီ ဦးလှဖေ ဆိုတဲ့ လူကြီးက ဘာလုပ်တာလဲ မမေ"

"မမေတို့အိမ်မှာ ကားမောင်းတယ်၊ သားဖေဖေ ခရီးထွက်တိုင်း သူက လူယုံတော်အဖြစ်နဲ့ ပါရတာလေ"

"ဖေဖေ့ကို သူ သတ်တာလား"

ဆယ့်နှစ်နှစ်ရွယ် ဆိုပေမင့် နှစ်ဆယ်ရာစု ကလေးငယ်များက အသိဉာဏ် ကြွယ်ကြပါ၏။ လင်းလင်း ကလေးမှာသည်မေးခွန်းကို အံကလေးကြိတ်၍ မေးဖြစ်ပါလေသည်။

"သူပဲ သတ်မှာပေါ့၊ လင်းလင်း ဖေဖေရဲ့ကား ချောက်ထဲ ထိုးကျပြီး မီးလောင်တယ်၊ လင်းလင်း ဖေဖေ သေတယ်၊ ပတ္တမြားတွေပါတဲ့အိတ်တော့ လုံးဝရှာလို့ မတွေ့တော့ဘူး"

"သူများတွေများ ကောက်သွားလား မမေ၊ ကားက ချောက်ထဲ ထိုးကျတော့ အဲဒီလူကြီးရော ပါမသွားဘူးလား"

"မကောက်နိုင်ဘူးသား၊ လွယ်အိတ် ခပ်စုတ်စုတ်ထဲမှာ ဆေးတံတို၊ ဆေးမှုန့်တို့နဲ့ တိုလီမိုလီတွေကြားထဲ ရောထည့်ထားတာ၊ အကြောင်းမသိရင် ဆေးတံနဲ့ဆေးဘူး ယူချင်ရင်



တောင် လွတ်အိတ်စုတ်နဲ့ တိုလီမိုလီတွေတော့ လွှင့်ပစ်ခဲ့မှာ၊ ခုတော့ လွယ်အိတ်ပါ ပျောက်နေတော့ အကြောင်းသိမို့သာပေါ့"

"အဲဒီလူကြီးက ဘာလို့ မသေတာလဲ"

"ဘယ်သေမလဲ၊ အဲဒီအခေါက်မှာ သူက ကားမမောင်းဘူး၊ သူ့ညီမက သေတယ်လေ၊ သူက သူ့ညီမ အသုဘမှာနေခဲ့ပြီး သူ့ယောက်ဖရဲ့ညီကို ကားမောင်းဖို့ ထည့်ပေးလိုက်တယ်တဲ့၊ အဲဒီလူလည်း တောင်စောင်းမှာ လွင့်ကျပြီး သေနေတာ တွေ့ရတာပဲ"

"ရဲကြီးတွေ မဖမ်းဘူးလား မမေ"

"သားက ငယ်သေးတော့ ဥပဒေတွေ ဘာတွေ နားမလည်သေးဘူးပေါ့ကွယ်၊ ကားမှောက်တယ်၊ ပိုင်ရှင်ရော ဒရိုင်ဘာရော သေကြတယ်၊ လွယ်အိတ်ထဲက ပတ္တမြားကြီးတွေကျတော့လည်း မမေတို့က ရဲမတိုင်ဝံ့ဘူး၊ သူက သူ့ညီမ အသုဘမှာ လုံ့သိနုတ်ကြား ရှိနေတော့ မတော်တဆ လူသေမှုနဲ့ပဲ အမှုပိတ်လိုက်ရတာပေါ့ သား"

အသက် ဆယ့်နှစ်နှစ်သားမှသည် ဆယ့်ခုနစ်နှစ်သားထိ မမေက "သဲနုငယ် ချေမှုန်းရေး" စိတ်ဓာတ်စစ်ဆင်မှုကို တစေ ပြုလုပ်ခဲ့ပါလေ၏။ ဦးလှဖေနှင့် သဲနုငယ်ကို လင်းလင်း မှတ်မိနေရအောင် မကြာခဏ လိုက်လိုက်ပြသည်။

"သြော် ... သဲနုငယ်၊ အဲဒီကတည်းက မင်းကို စိတ်ဝင်စားခဲ့ရတာပါလား အသက်ရယ်"

သဲနုငယ် အပေါ်မှာ မသိစိတ်နှင့် စိတ်ဝင်စားခဲ့ရခြင်းပါ။ သဲနုငယ်က လင်းလင်းကလေး၏ နှလုံးသားကို မသိမသာ လွှမ်းမိုးစပြုခြင်းပါ။ သို့ပေမင့် သိစိတ်ကျတော့ သဲနုငယ်ကို ချေမှုန်းဖျက်ဆီးခြင်းဖြင့် ဖေဖေ့ အတွက် ဦးလှဖေ အပေါ် ကလဲ့စားချေရပါမည်။

မေမေ့ အမုန်းတရားတို့က မဟာသမုဒ္ဒရာထက် နက်ရှိုင်းပါ၏။ ကလဲ့စားချေလိုမှု၊ နာကြည်းမှု၊ ဆုတ်ယုတ်ပျက်စီးစေလိုသည့် မနာလိုဝန်တိုမှုများကို စင်စစ် အဆိုးလား၊ အကောင်းလား၊ မှားသည်လား၊ မှန်သည်လား၊ လင်းလင်းကလေး မဝေခွဲတတ်ရှာပါ။ သူ့ဦးနှောက်မှာ မိခင်ကြီး ရိုက်သွင်းထားသည့် သံမှိုကလေးက တစ်ပွင့်တည်း၊ သဲနုငယ်ကို ရအောင်ပိုး၊ ပြီးတော့ အသည်းခွဲ၊ ပညာရှိသည့်နည်းနှင့် နှိပ်စက်။ ဒါပဲ … ဒါပဲ။

"အကြံနှယ် ပက်စက် ဆန်ကောလောက်မှ စောက်မနက်ပါလား မေမေရယ်"ဟူ၍ ပြောရကောင်းမှန်း၊ မေမေ့ အမုန်းတရားတွေကို ဖျောင်းဖျနားချရမှန်း လင်းလင်း ကိုယ်တိုင်နားမလည်ခဲ့ပါတကား။

လင်းလင်း ဆယ်တန်းဖြေပြီးသည့်နှစ်မှာ ဦးတင်မောင်ဝင်း မေမေ့ထံ ရောက်လာသည်။ မေမေက မှာယူကာ အကူအညီတောင်းသောကြောင့်ပါပေ။

"အဲဒါပဲ ကျွန်မသား လင်းလင်း ဆိုတာပေါ့"

"မရင်ငြိမ်းတို့ ရန်ကုန် ရောက်နေကြတာ ကြာပြီလား သိတောင် မသိရဘူးဗျာ၊ သိရင် အကူအညီပေးပါတယ်"



ဦးတင်မောင်ဝင်းက ဖေဖေ့ မိတ်ဆွေ စီးပွားဖော်စီးပွားဖက်၊ ဖေဖေ ကောင်းစားစဉ်က ကူညီစောင့်ရှောက်ခဲ့ဖူးသည့် ကျေးဇူးခံ ကျေးဇူးစား။

"သူ မရှိကတည်းက မန္တလေးမှာ မနေချင်တော့တာနဲ့ ရန်ကုန်ကခြံကို ပြန်ပြောင်းလာတာ"

"မန္တလေးက အိမ်ကကော ရောင်းခဲ့သလား"

"အဲဒါက ငှားနေတာပါ ကိုတင်မောင်ဝင်း၊ သူ့အလုပ်က မန္တလေးတစ်ဝိုက်မှာ အဆင်ပြေလို့ ခဏနေတာ၊ အိမ်ပြန်အပ်ခဲ့ပါတယ်၊ ကိုထွန်း သဘောက သား ကြီးလာရင် ပညာရေးအတွက် ရန်ကုန်မှာပဲ အခြေချချင်တယ်ဆိုလို့ ရန်ကုန်က ခြံနဲ့တိုက်ကိုပဲ ပြန်ပြောင်းလာခဲ့တယ်"

"အခု ဒီရပ်ကွက်ကို ပြောင်းတော့ကော ဟိုခြံနဲ့တိုက်ကို"

"ရောင်းလိုက်ရတာပေါ့ ကိုတင်မောင်ဝင်းရဲ့၊ လင်းလင်းခများ ခြံကြီးနဲ့ တိုက်ကြီးမှာ ကျောပူအောင်တောင် မနေခဲ့ရရှာပါဘူး၊ အဲဒီတုန်းက လင်းလင်းက ရှိလှမှ ငါးနှစ်သားပေါ့၊ ကျောင်းတောင် မထားရသေးဘူး"

"ဒါဆိုရင် ရန်ကုန် ရောက်ကြတာ"

"ကိုထွန်း ဆုံးပြီးကတည်းကပါပဲ၊ ဆယ့်နှစ်နှစ်ရှိပြီ"

"ကိုဘထွန်း ဆုံးတော့ ကျွန်တော် အချုပ်ခံနေရလို့ မလာနိုင်ခဲ့ဘူး၊ အချုပ်ကလွတ်လို့ မန္တလေး လိုက်လာတော့ မရင်ငြိမ်းတို့ မရှိကြတော့ဘူး"

"ဟင် … ဦးလေးက ဘာဖြစ်လို့ ထောင်ကျတာလဲ"

"ထောင်ကျတာရယ်တော့မဟုတ်ဘူး လင်းလင်းရဲ့၊ အကျယ်ချုပ်သဘောပါ၊ မြို့ကနေ ဘယ်ကိုမှ ထွက်မသွားရဆိုပြီး ရဲစခန်းမှာ နေ့တိုင်း လက်မှတ်သွားထိုးနေရတာ"

"ဘာမှုလဲ ကိုတင်မောင်ဝင်း"

"ဆန်စက်ကိစ္စပါ၊ ကျွန်တော့် ဆန်စက်က အစိုးရဆန်ပဲ ခွဲကြိတ်ရတယ်လေ၊ အလုပ်သမားတချို့က ကျွန်တော်မသိအောင် စပါးတွေ အပြင်ကဝယ်ကြိတ်ကြ၊ ပြန်ရောင်းကြ လုပ်တော့ ကျွန်တော်က တာဝန်အရှိဆုံးလူ ဖြစ်နေတယ် မှုတ်လား၊ ကျွန်တော် အရင်ဆုံး ရဲစခန်း ရောက်ရတာပေါ့"

"နောက်တော့ ရှင်းသွားသလား ဦးလေး"

"အေးပေါ့၊ ဦးလေး လုပ်တာမှ မှုတ်ပဲ၊ အမှုမှန်ပေါ်တော့ လုပ်တဲ့လူတွေ ခံရတာပေါ့၊ ရဲစခန်းမှာပဲ တစ်ပတ်တိတိ အချုပ်နဲ့ နေရတယ်၊ နောက် အာမခံနဲ့ ပြန်လွှတ်တော့လည်း အကျယ်ချုပ်သဘော တစ်လလောက် စုံစမ်းစစ်ဆေးခံရတယ်၊ ဦးလေးက တစ်လကျော်မှ မန္တလေး လိုက်လာနိုင်ခဲ့တယ်၊ လင်းလင်းတို့ သတင်းကို စုံစမ်းလို့ မရဘူးကွယ်"

"ဦးလေးက ရန်ကုန် လိုက်မလာဘူးလား"

ဆယ့်ခုနစ်နှစ် သားကလေး ဆိုတော့ လင်းလင်းက တွေးတောတတ်ပါလေပြီ။

"ဦးလေး စိတ်ထင်က မန္တလေး အိမ်က အခြေတကျ ရန်ကုန်အိမ်က ခဏတဖြုတ်လာပြီး ငှားရမ်းနေထိုင်တယ် ထင်တာ၊ ဦးလေးနဲ့ ကိုဘထွန်းနဲ့ သိကြတာလည်း မန္တလေး မှာပဲ ဆုံဖြစ်ကြပြီး သိကြရတာ"



"ဒီလို သားရယ်၊ သားဦးလေးက မန္တလေးနဲ့ ရန်ကုန် အညာကုန် အောက်ကုန်တွေ ကင်းလွှတ်ကုန်တွေလည်း အရောင်းအဝယ် လုပ်တယ်ကွယ့်၊ ကြားတည်းက မိတ်ဆွေ တစ်ယောက် မိတ်ဖွဲ့ပေးလို့ သိကြရာက သားဖေဖေက ကိုတင်မောင်ဝင်းကို ငယ်ပေါင်းကြီးဖော်လို ခင်သွားတာ"

"ငွေရေးကြေးရေးကအစ ကူညီခဲ့ရှာတဲ့သူပါ လင်းလင်း၊ အခုထိ ဦးလေး အပေါ်မှာ မင်းဖေဖေပိုက်ဆံ နှစ်သောင်းရှိသေးတယ်၊ အဲဒါကို ပြန်ပေးဖို့ အခု ယူလာခဲ့တယ်"

ဦးတင်မောင်ဝင်းက သူ့လက်ဆွဲအိတ်ကို ဖွင့်သည်။

"နေပါစေ ကိုတင်မောင်ဝင်း၊ ကျွန်မ ပြန်မယူပါဘူး"

"ဗျာ ... မဟုတ်တာ မရင်ငြိမ်းရယ်၊ ဒါက ပေးကိုပေးရမဲ့ ပိုက်ဆံ၊ နောက်ပြီး ခင်ဗျားတို့မှာလည်း နွမ်းပါးနေတုန်းမှာ ဒီထက်မက ပိုပြီး ကူညီရမဲ့ တာဝန်လည်း ကျွန်တော်မှာ ရှိပါတယ်"

လင်းလင်းက သူ့ဖေဖေပိုက်ဆံ ဆိုပါသည့် ငွေနှစ်သောင်းကို ပြန်ရချင်နေသည်။ မေမေက ချမ်းလည်းမချမ်းသာပဲနဲ့ ဒီငွေနှစ်သောင်းကို ဘာဖြစ်လို့များ ပြန်မယူတာပါလိမ့်။

"ကျွန်မသား ဒီနှစ် ဆယ်တန်းဖြေထားတယ် ကိုတင်မောင်ဝင်း"

"အင်းလေ ... တက္ကသိုလ်စရိတ် လိုဦးမှာ မဟုတ်လား၊ ပြန်ယူပါ မရင်ငြိမ်း၊ နောက်ထပ်လည်း လင်းလင်း တာဝန်ကို ယူပါဦးမယ်"

"မဟုတ်ဘူး၊ သူ့ကို တက္ကသိုလ် မလွှတ်ဘူး"

"ဗျာ ... မရင်ငြိမ်း ဘာတွေ စိတ်ကူးနေတာလဲ"

"ဆရာဝန် ဖြစ်ပါပြီတဲ့၊ အင်ဂျင်နီယာ ဖြစ်ပါပြီတဲ့၊ နိုင်ငံ မကျော်ပါဘူး ကိုတင်မောင်ဝင်း၊ ကျွန်မ သားကို တိုင်းသိ ပြည်သိ လူသိနတ်ကြား နာမည်ကျော်စေချင်တယ်၊ ကျွန်မ က လမ်းပေါ်မှာ လျှောက်သွားနေတဲ့သူ ဆိုတော့ ကိုတင် မောင်ဝင်း သတင်းကို စုံစမ်းပြီးတော့မှ ခုလို အကူအညီ တောင်းရတာပါ"

"မရင်ငြိမ်း ဘာဖြစ်စေချင်သလဲ"

"ကိုတင်မောင်း တီးဝိုင်းမှာ အဆိုတော် ဖြစ်စေချင်တယ်၊ နာမည် လျှမ်းလျှမ်းတောက်စေချင်တယ်"

"သူ့ပညာရေးကော"

"စာပေးစာယူ ရှိတာပဲ"

"စဉ်းစားပါဦး မရင်ငြိမ်း"

"စဉ်းစားပြီးပြီ၊ ကျွန်မ အကြာကြီး စဉ်းစားလာခဲ့တာပါ၊ ကျွန်မမှာ ခိုင်လုံတဲ့အကြောင်းတွေ ရှိပါတယ်၊ ကျွန်မက နာမည်ကသာ ရင်ငြိမ်း၊ လက်တွေ့ဘဝကျတော့ ရင်မငြိမ်း လိုက်တာမှ"

ဟုတ်ရှာပေမည်။ မုဆိုးမဘဝ ဆိုတော့လည်း အဘယ်မှာ ရင်ငြိမ်းနိုင်ပါမည်နည်း။ သို့ပေမင့် ဆရာဝန်၊ အင်ဂျင်နီယာထက် နာမည်ကြီး အဆိုတော် ဖြစ်စေချင်ပါသည်ဆိုသည့် ဒေါ်ရင်ငြိမ်း သဘောကို ဦးတင်မောင်ဝင်း နားမလည်နိုင်တော့ပါ။

"ကိုတင်မောင်ဝင်းရဲ့ ဆန်စက်တွေရော"



"အဲဒါတွေရော အရောင်းအဝယ် လုပ်ငန်းတွေပါ အကုန်လုံး ရောင်းတန်ရောင်း၊ လွှဲတန်လွှဲလုပ်ပြီး အရင်းအနှီးတွေစု၊ ရန်ကုန်တက်လာပြီး လေးထပ်တိုက်တစ်လုံး ဝယ်လိုက်တာ ခြောက်နှစ်ကျော်သွားပြီ၊ တေးသံသွင်းဖွင့်တယ်၊ တီးဝိုင်းထောင်တယ်၊ သီချင်းခွေတွေ ထုတ်တယ်၊ ပေါပင်လိုက်တာပဲ ဆိုပါတော့"

"ဟန်ရဲ့လား"

"ဟန်ပါတယ်၊ လင်းလင်း ပညာရေးအတွက် ကျွန်တော့်တာဝန်ထားပါ၊ တက္ကသိုလ်တက်ရင်း မရင်ငြိမ်းသား သီချင်းဆိုလည်း ရတာပါပဲ"

"မဟုတ်ဘူး ကိုတင်မောင်ဝင်း၊ ကျွန်မရဲ့ ကျန်းမာရေးက သိပ်ကောင်းတော့တာ မှုတ်ဘူး၊ ကျွန်မ ဖြစ်စေချင်တာ သား သိတယ်၊ ကျွန်မ မသေခင် သားကို လျှမ်းလျှမ်းတောက် အဆိုကျော်ဘဝနဲ့ မြင်သွားချင်တယ်၊ တစ်နှစ်အတွင်း ... တစ်နှစ်အတွင်း ကိုတင်မောင်ဝင်းရဲ့၊ ကျွန်မ လူ့ပြည်မှာနေဖို့ အချိန်သိပ်မရှိတော့ဘူး"

"ဟာဗျာ ... မေမေကလည်း"

ဒေါ်ရင်ငြိမ်းက မျက်ရိပ်ပြလိုက်၍ လင်းလင်း ငြိမ်ကျသွားရသည်။

"ကျွန်မတို့ သားအမိရဲ့ စားဝတ်နေရေး စရိတ်အတွက် ကိုတင်မောင်ဝင်း ဆီမှာ အကူအညီ မတောင်းပါဘူး၊ ဟို ... ငွေနှစ်သောင်းကိုလည်း ပြန်မပေးပါနဲ့၊ တစ်ခုပဲ တောင်းပန်ပါရစေ၊ ကျွန်မသားကို တစ်နှစ်အတွင်း မြန်မာ

ပြည်မှာ ဖြိုင်ဘက်မရှိ၊ တစ်ခုတည်းသော ကြွယ်ဖွင့်၊ လျှမ်းလျှမ်းတောက် အဆိုတော် ဖြစ်လာအောင် လုပ်ပေးပါ"

အနုပညာ ပါရမီဆိုသည်ကို နားမလည်ပါသော၊ ပညာတတ်ဖို့ထက် နာမည်ကြီးချင်နေပါသော၊ ရင်မငြိမ်းနိုင်ပါသည့် ဒေါ်ရင်ငြိမ်း၏ အတွေးအခေါ် အယူအဆများကို ဦးတင်မောင်ဝင်း နားမလည်တော့ပေမင့် သွားလေသူ့မျက်နှာနှင့် ခေါင်းညိတ်ပြလိုက်ရပါတော့သတည်း။

❀❀❀

"ဟိုကောင်မလေး ဆယ့်ခြောက်နှစ် ရှိမှာနဲ့ သားက ဆယ့်ရှစ်နှစ် ဖြစ်မှာနဲ့၊ ငယ်ငယ်ရွယ်ရွယ်ကလေးမှာ လျှမ်းလျှမ်းတောက် အဆိုတော်ဖြစ်မှာနဲ့ အံကိုက်ပဲ"

လင်းလင်းက သူ့မေမေကို တအံ့တဩ ကြည့်သည်။ မေမေ ဘာတွေများ စိတ်ကူးနေပါလိမ့်၊ တက္ကသိုလ်တက်ချင်ပေမင့် အဆိုတော် ဖြစ်ဖို့ကျတော့လည်း ဝမ်းသာသည်။ ဦးလေးပြောသကဲ့သို့ ကျောင်းတက်ရင်း သီချင်းဆိုရပါမူ ဒေါက်တာလင်းလင်း စတီရီယိုအဆိုကျော်၊ သူ့စိတ်ကူးယဉ်ကလေးနှင့်သူ ပီတိကျကာ ဖြိုးမိသွားရသည်။ သို့ပေမင့် ဖမေမေက "တက္ကသိုလ် မလွှတ်ပါ" တဲ့။

ဖေဖေ ဆုံးတော့ ငါးနှစ်သား။ မသိနားမလည် အရွယ်ငယ်ငယ်ကလေးမှာ၊ မေမေသာ အမိ၊ မေမေသာ အဘ၊



မေမေ့ အဆုံးအမနှင့်သာ ကြီးပြင်းခဲ့ရသူ။ အထင်ကြီးစရာ၊ လေးစားစရာ၊ အတုယူစရာ ဟူ၍ကလည်း သည်မိခင်ကြီး တစ်ဦးတည်း။ မိခင်ကြီး သွင်းခဲ့သည့် ပုံစံမှာသာ တစ်သဝေမတိမ်း။

မေမေ့စကားဆိုလည်း မပယ်ရှားစဖူး၊ မေမေက ထိုင်ဆိုထိုင်၊ ထ,ဆိုထ။ ငယ်ငယ်တုန်းကတော့ မေမေငို့မှာ သနားလို့။ မေမေ ရိုက်မှာ ကြောက်လို့။ ကြီးလာတော့ မေမေ စိတ်ချမ်းသာစေချင်လို့။ မေမေ့ဆန္ဒဟူသမျှ သူ့ဆန္ဒချည်း။ မပယ်ရှားဖူးတော့လည်း ပယ်ရှားဖို့ သတိပင်မရ။ စိတ်ပင် မကူးမိ။ မေမေ့စကား မှန်သမျှ ဘုရားဟော ဗျာဒိတ်နှယ်။

"လှမေတို့က သားဖေဖေ့ ပစ္စည်းတွေနဲ့ ချမ်းသာနေတာ၊ တော်ရုံတန်ရုံ ကောလိပ်ကျောင်းသားကလေး၊ ဆရာဝန်ပေါက်စကလေးလောက်များတော့ စိတ်ကူးပါလိမ့်မယ် အားကြီးကြီး"

"သူ သဘောတူအောင် လုပ်မှာမှ မဟုတ်တာ၊ သူ့သမီးကြိုက်ရင် ပြီးရောမှတ်လား မေမေရဲ့"

"သူ့သမီးကကော 'ဘမျိုးဘိုးတူ'ကလေး နေမှာပေါ့၊ တိုင်းသိပြည်သိ နာမည်ကျော်တစ်ယောက် အနေနဲ့ ချဉ်းကပ်ဖို့က အနီးစပ်ဆုံး လင်းလင်းရဲ့"

"ဩော်"

ခုမှ အဆိုတော် လုပ်စေချင်သည့် မေမေ့ သဘောကို နားလည်ရပါတော့သည်။ အသည်းနုနုငယ်ငယ်နှင့် သဲနုငယ်တို့လို ဆယ်ကျော်သက်ကလေးများနှင့် အနီးစပ်ဆုံး လမ်းကြောင်းကို မေမေ ထွင်လိုက်သည်ပဲ။

"အဲဒီလူကြီးကို မေမေက သား ဆယ့်နှစ်နှစ်သားကျမှ ရှာလို့ တွေ့တယ်လား၊ မေမေ ပြောပြတော့ သားက ဆယ့်နှစ်နှစ် ရှိနေပြီ"

"ဟုတ်တယ်၊ လင်းလင်း ဖေဖေ ဆုံးတော့ သူလည်းအလုပ်မရှိတော့ဘဲ ဘယ်ရောက်သွားမှန်း မသိဘူးပေါ့၊ ဒါပေမဲ့ မေမေ မပူပါဘူး၊ ပတ္တမြားကြီး ငါးလုံးတောင် ရသွားတာပဲ သားရယ်၊ သိန်းကြွယ် သူဌေးကြီး အဖြစ်နဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မြို့ကြီးတစ်မြို့မှာ ပေါ်ပေါက်လာရမှာပေါ့၊ ဒီလောက် ချမ်းသာနေရင် ဘယ်သူက ဇနပုဒ်မှာနေမလဲ"

"မေမေ လိုက်ရှာသေးလား"

လင်းလင်းက သူ့မေမေ၏ အယူအဆကို အထင်ကြီးသွားရသည်။

"ရှာတာပေါ့၊ ရန်ကုန်မှာ မေမေ ရှိနေတော့ ရန်ကုန်ကျတော့ သွားရင်းလာရင်း မျက်စိဖွင့်၊ သူဌေးကြီးတွေ နာမည်တွေ စုံစမ်းတာပေါ့၊ မော်လမြိုင်နဲ့ ပုသိမ်၊ မန္တလေးလည်း မေမေ မကြာမကြာ သွားရှာတာပဲ"

"ဪ ... ဒါကြောင့် မေမေ ခဏခဏ ခရီးသွားတာကိုး"

"သူက ခုနှစ်နှစ်လုံးလုံး ဘယ်သွားပြီး ပုန်းလျှိုးနေတယ် မသိဘူး၊ သား ဆယ့်နှစ်နှစ်သား ရှိတော့မှ ဝင်ဒါမီယာထဲမှာ သူဌေးကြီးဦးလှဖေနဲ့ သူ့သမီး သဲနုငယ် ဆိုတာပေါ် လာတော့တာပဲ"

"သူ့မိန်းမကော"



"သေပြီတဲ့၊ မေမေတော့ မတွေ့ဖူးလိုက်ဘူး၊ ဟိုတုန်းက သူက မိန်းမနဲ့ ကွဲလာတာ၊ သူ့မိန်းမ သေသွားမှ သူ့ ကလေး သွားပြန်ခေါ်လာသတဲ့၊ သူ့သမီးက မမာသည်လေး၊ ကြည့်နေ သူ့သမီးလည်း သေဦးမှာပဲ၊ သူလည်း သေဦးမှာ ပဲ"

"ဪ မေမေရယ်၊ မသေတဲ့လူရော ရှိလို့လား၊ မေမေတို့ ကျွန်တော်တို့ရော မသေတော့ဘူးတဲ့လား"

ဟူ၍ မေးရကောင်းမှန်း မသိပါ။ မေ့နေသည်ပဲလား၊ မေမေ့အပေါ် အားကိုးအထင်ကြီးလွန်းသော တစ်ယူသန်စိတ်ကြောင့် ပေပဲလား၊ လင်းလင်း ကိုယ်တိုင်ကပင် နာကြည်းလွန်းနေ၍ပေပဲ လား။

"ဒေါသဟူသည်မှာ သူတစ်ပါးအတွက်ပါ"။ သူမျှား အတွက် ဒေါသထွက်ရပေမင့် လောလောဆယ်မှာ ခံရတာက မိမိကိုယ်တိုင်။ တစ်ဖက်သားကို ဘာမှ မလုပ်နိုင်မီက မိမိရင်မှာ တမြည့်မြည့် တောက်လောင်တတ်ပါသည့် အပူမီးတစ်မျိုး။

ရင် မငြိမ်းနိုင်ပါသည့် ဒေါရင်ငြိမ်းဝယ် ဒေါသမီးတွေ တောက်လောင်ခဲ့ရသည်မှာ ဆယ့်နှစ်နှစ်ကြီးများတိုင်တိုင်။ ဦးလှဖေ အကြောင်း စဉ်းစားမိတိုင်း မီးရဲရဲနှင့် ကနစိုထင်းချောင်းကြီး မှိုထားရသကဲ့သို့။ သဲနုငယ် ချေမှုန်းရေးကျတော့ စိတ်ကူးရံနှင့်ပင် ရင်ထဲက ဖုတ်လှိုက် ဖုတ်လှိုက်။ ပီတိတစ်မျိုး ထင်နေပေမင့် စင်စစ် လောင်မီးကျခြင်းရယ်ပါ။

ပြုသူ အသစ်၊ ဖြစ်သူ အဟောင်း။

ဘဝဝင့်ကြွေးကြောင့် ခံရသည်ဟု တရားနှင့်မဖြေနိုင်။ တန်ပြန် ကလဲ့စားချေရေးသည်သာ အဓိက။ ရင်ထဲက လောင်မီးမှာ တစ်ဖက်သားကို မလောင်ကျွမ်းရမီ ဒေါ်ရင်ငြိမ်းသည်သာ ချုံးချုံးကျပါ၏။ ပိန်ကပ်ကြုံလှီသော ခန္ဓာကိုယ်က အရိုးပေါ် အရေတင်၊ တစ်ခါတစ်ခါ မောလျှင် အသက်ဘယ်လို ရှူရမှန်းမသိ။ ဆရာဝန်ပြဖို့ စိတ်မကူး၊ သားကို ဦးတင်မောင်ဝင်းထံ တွင်တွင်လွှတ်သည်။ သီချင်းဆို၊ ဂီတာတီး၊ ကြိုက်သလောက် လေ့ကျင့်စမ်း၊ အမေ့ကို ပြန်မကြည့်နှင့်။

အရိုးပြိုင်းပြိုင်းနှင့် ထမင်းချက်ရင်း၊ ဈေးရောင်းရင်းက ဒေါသ တဆူဆူ၊ ပီတိဟု ထင်နေပါသည့် လောင်မီးတွေက တဖြိုက်ဖြိုက်။ ပန်းတိုင်ရောက်ကာနီးလေ စိတ်ဓာတ်တက်ကြွလေ။ စိတ်ဓာတ်တက်ကြွလေ ဒေါသနာကြည်းမှုတွေက ရေဆူမှတ်သို့တိုင်။ ခုတလော ဒေါ်ရင်ငြိမ်း ပိုမောသည်။

ဒေါသထွက်တိုင်း ရှိုက်ရှိုက်သွင်းထားပါသည့် ဆေးလိပ်မီးခိုးနှင့် ဆေးချေးတို့က အဆုတ်တွင်းမှာချည်း။ ဗုန်းဗုန်းလဲကျ၍ မထနိုင်တော့မှ ဆရာဝန်ခေါ်သည်။ အဆုတ်မှာ အနာဖြစ်နေရပါပြီ။ အဆုတ်က သူ့တာဝန်ကို သူ့မနိုင်တော့ နှလုံးက ကူရသည်။ နှလုံးကပါ မနိုင်မနင်း ဖြစ်လာရသည်။ အဆုတ်ရောဂါနှင့် နှလုံးရောဂါ နှစ်ခုပေါင်းကာ နှိပ်စက်ခြင်း ခံရပါသည့် ဒေါ်ရင်ငြိမ်း။

ရင်တွင်း အပူမီးကြောင့် ရင်တွင်းရောဂါ ဖြစ်ရှာသူ။ ပါးစပ်မှ သွေးမထွက်တော့လည်း အဆုတ်ရောဂါမှန်း မသိ။



သွားထွက်သည့်တိုင် ပလုတ်ထကျင်းရင်းက "လှဖေ သေပါစေ" ဆုတောင်းနေဦးမည့်သူ။

သွေးတွေ တပွက်ပွက်အန်တော့ ရောဂါက ကျွမ်းနေပြီတည်း။

"သား ... လင်းလင်း"

"ရှိပါတယ် မေမေ၊ ကျွန်တော် ရှိတယ်၊ မောနေပါ့မယ် မေမေရယ်၊ စကားမပြောပါနဲ့လား"

ဒေါ်ရင်ငြိမ်း ခေါင်းယမ်းပြသည်။ သားစကားကို နားမထောင်နိုင်ပါ။ မောပါစေ၊ ပြောစရာရှိတာတွေ ကုန်အောင် ပြောသွားရဦးမည်။ မှာစရာရှိတာတွေ အချိန်မီ မှာသွားရပါဦးမည်။

"မေမေ့ကို ကတိပေးပါ"

"ဘာကိုလဲ မေမေ"

"သဲနုငယ်ကို ရအောင်ပိုး၊ ရအောင်ယူ၊ စိတ်ဆင်းရဲအောင် လုပ်ရမယ်၊ ဒါပေမဲ့ တကယ်မချစ်ရဘူး၊ လှုယုတ်မာတွေနဲ့ သွေးသား မတော်စပ်စေရဘူး"

"ကတိပေးပါတယ် မေမေရယ်"

"သူ့ပစ္စည်းတွေ တစ်ဝက်ဆိုင်အောင် တရားဝင် လက်ထပ်ပါ၊ ပစ္စည်းရတော့မှ စွန့်ပစ်ခဲ့ရမယ်၊ နာကြည်းစရာကို မမေ့ပါနဲ့သား"

"စိတ်ချပါ မေမေရယ်"

သည်တစ်ခါမှာတော့ လင်းလင်း လေသံက ခပ်ပျော့

"ကောင်မလေးက ချူချာတယ်၊ ဖျားတတ်တယ်၊ တက်တတ်တယ်၊ စိတ်ဆင်းရဲအောင်လုပ်၊ စိတ်ဆင်းရဲရင် ရှူးချ ရှူးမယ်၊ သေချင်သေမယ်"

မိမိကိုယ်တိုင် သေအံ့မှူးမှူး အချိန်မှာ သူတစ်ပါးကို သေစေချင်နေသည့် မိခင်ကြီးကို လင်းလင်း ရှူးမတတ် ခံစားရရင်းက ကြည့်နေရသည်။ သည်အဖြစ်ကို ဒေါ်ရင်ငြိမ်း မတွေးတော့ပါတကား။

"သူ့သမီး ရှူးရင်၊ သေရင် သူ့အဖေလည်း ရှူးမှာပဲ၊ သေမှာပဲ"

လောလောဆယ်မှာတော့ လင်းလင်းသည်သာ ရှူ လုလု။

ဒေါ်ရင်ငြိမ်းသည်သာလျှင် သေအံ့မှူးမှူး။

"သားအဖနှစ်ယောက်လုံး ရှူးရမယ်၊ သေရမယ်၊ သဲနုငယ် ရုံးမှာ လက်မှတ်ထိုး၊ သူတို့မှာ အမွေစား အမွေခံ မရှိဘူ သူတို့သားအဖ သေရင် သားရဲ့ ဖေဖေရဲ့ ပစ္စည်းများကြီး ပြန်ရအောင်ယူ၊ တရားဝင်တဲ့နည်းနဲ့ ပြန်ယူ"

လင်းလင်း ငြိမ်နေသည်။

"မယားပစ္စည်း၊ ယောက္ခမပစ္စည်း သား အမွေခံပြန်နိုင် စာချုပ်လက်မှတ်ထိုးပြီး လက်ထပ်ခိုင်းတာ၊ သားသမီး ပစေနဲ့၊ သံယောဇဉ် တွယ်သွားလိမ့်မယ်၊ နှိပ်စက်ရုံသ သက် အမွေခွဲနိုင်ရုံသက်သက် လက်ထပ်ခိုင်းတာ"



"ဪ … မေမေရယ်၊ ဒီလောက် ဒေါသတွေများနေရင် ကောင်းရာသုဂတိမှ လားပါတော့မလားဗျာ"

လင်းလင်းအဖို့ ပထမဆုံးအကြိမ်အဖြစ် သတိသံဝေဂ ရခြင်း ဖြစ်ပါသတည်း။

ဦးတင်မောင်ဝင်း ရောက်လာသည့်အခါမှာ …

"ကိုတင်မောင်ဝင်း သားကို စောင့်ရှောက်ပါ"

တစ်ခွန်းတည်းသာ မှာကြားနိုင်ခဲ့ပါတော့သည်။ ဒေါ်ရင်ငြိမ်း၏ ရုပ်ကလာပ်မှာ နှုတ်ခမ်းကို တင်းတင်းစေ့လျက် သေသည့်နောက်မှာပင် အံကိုကြိတ်ထားသယောင်ယောင် မျက်နှာထားက ထန်ဆဲ၊ မာန်ပြင်းဆဲ ရှိနေပါလေသည်တကား။

မုန်းမျက်ဒေါသ၊ အာဃာတတို့က ကောင်းကျိုးမပြုပါလေကြောင်း၊ အတွေးသဘောကလေး လှစ်ခနဲ ပြူလာပေမင့် ဒေါ်ရင်ငြိမ်း၏ မငြိမ်းသော ဝေဒနာမှာ လင်းလင်းထံ ကူးစက်ကျန်ရစ်ခဲ့ပါပြီကော။

"သူ့ကြောင့် ဖေဖေ သေတယ်၊ သူ့ကို နာကြည်းရလို့ မေမေ သေတယ်၊ သူ့ကြောင့် ငါ့မှာ မိဘမဲ့ ဖြစ်ရတယ်၊ သူ့ကြောင့် ငါ ဆင်းရဲနေရတယ်၊ သူ့ကြောင့် … သူ့ကြောင့်… သူ့ကြောင့် …"

အလိုမကျရခြင်း ဝေဒနာဟူသမျှ ဦးလှဖေ ဆီမှာသာ မြစ်ဖျားခံပါကြောင်း လင်းလင်း ရင်မှာ စွဲနစ်သွားရတော့သည်။

"ငါ့လက်က မလွတ်စေရဘူး လှဖေရေ့"

ဖခင်နှင့်မှ ရွယ်တူပေမင့် "လှဖေ"ဟူ၍သာ မေမေ ခေါ်သည့်အတိုင်း ရင့်ရင့်သီးသီး ခေါ်ချလိုက်ပါ၏။ ဆယ်ကျော် သက်၏ရင်မှာ လောင်ကျွမ်းပါလေဦးမည့် အမုန်းတရား နာကြည်းမှု ကလှဲစားပင် ဖြစ်ပါတော့သတည်း။

❦❦❦

မေမေ့အိမ်ကလေးကို ရောင်းရပြန်သည်။ အိမ်က လေး ရောင်းရငွေ၊ မေမေစုဆောင်းထားရှိသည့် ရွှေတိုရွှေစကလေး များ၊ ငွေအချို့၊ ဦးတင်မောင်ဝင်းက ဖွတ်ပြန်ပေးသည့် ငွေ နှစ် သောင်း၊ လောလောဆယ်တော့ လင်းလင်း ကိုယ်ပိုင်ငွေက သိန်း တစ်ဝက်ကျော်ကျော်။

"အဲဒီ ပိုက်ဆံနှစ်သောင်းက မေမေကလည်း ပြန် မယူခဲ့တော့ မယူပါရစေနဲ့ ဦးလေးရယ်"ဟု ပြောခဲ့ပေမင့် ...

"မင်းက ငယ်သေးတယ် လင်းလင်း၊ ရှေ့မှာပိုက်ဆံ သုံးရမဲ့ သက်တမ်းက အရှည်ကြီး ကျန်နေသေးတယ်၊ လောလော ဆယ် မသုံးချင်သေးရင် စုထား၊ တစ်နေ့နေ့ လိုလာလိမ့်မယ်"ဟု ဆိုကာ ဖွတ်ပြန်ပေးခဲ့ပါ၏။

ကလေးသာသာ ဆိုတော့လည်း ငွေရမှုအတွက် သိပ်မငြင်းတော့၊ ဦးတင်မောင်ဝင်း အိမ်သို့ ပြောင်းရသည်။ အပေါ်ဆုံးထပ်မှာ နာမည်ကြီးအဆိုတော် သုံးဦးနှင့် အတူနေရသည်။ သူတို့ထံမှ နည်းနာနိဿယများ ခံယူရသည်။ ခုတော့ လင်းလင်း ကိုယ်တိုင် "လင်းလက်ထွန်း" ဖြစ်လာရပြီကော၊ အသက်ဆယ့်ရှစ်



နှစ်မှာ အဆိုတော် ဖြစ်ရသည်က ဦးတင်မောင်ဝင်း ကျေးဇူး၊ သွန်သင်ညွှန်ပြသူ နောင်တော် အဆိုတော်တို့ ကျေးဇူး၊ သူကိုယ် တိုင်၏ ကြိုးစားမှု၊ မွေးရာပါဗီဇ အနုပညာ သန္ဓေကလေးအပြင် အရွယ်နှင့် မလိုက်အောင် ထွားကျိုင်း ခန့်ညား ချောမောလှပသည့် သူ၏ရုပ်ရည် စသည် စသည်များကြောင့် ဖြစ်ပါ၏။

"လင်းလက်ထွန်း" "လင်းလက်ထွန်း" သဲနုငယ်၏ နှလုံးသားကို မီးလောင်တိုက်သွင်းမည့် လင်းလက်ထွန်း။

သည်ဖြစ်ရပ်များ၊ နာကြည်းမှု ကလှဲစားတို့ကို သိ ခွင့်မရပါလေသည့် ဦးတင်မောင်ဝင်း အမြင်မှာကျတော့ လင်းလက် ထွန်းသည် အနုပညာပါရမီ ထူးချွန်သူ အပြစ်မဲ့ သိုးငယ်ကလေး၊ မိဘမဲ့ကလေး၊ သနားစရာ၊ ချစ်စရာ၊ တွယ်တာစောင့်ရှောက်ချင် စရာကလေးသာ ဖြစ်နေရပါတော့သည်။

သိုးဖြူရေကို ခြုံထားသည့် မြေခွေးပေါက်စကလေး မှန်း မသိခဲ့ပါလေသောကြောင့်လည်း မြေခွေးကလေးကို အစာပေး ကာ ထွားကျိုင်း ကြီးပြင်းအောင် မွေးကျွေး သုတ်သင်ပါတော့ သတည်း။

ဪ ... သည်တုန်းတော့ နာကြည်းမှုတွေ တနင့် တပိုးနဲ့ ကလှဲစားချေရေး၊ ဖျက်ဆီးရေးဆိုတဲ့ ဖောက်ပြန်တဲ့ အတွေးတွေ ဝင်နေတဲ့ မြေခွေးမိုက်ကလေးပါပဲ သဲနုငယ်။

❦❦❦

သဲနုငယ်ကို ချစ်ရေးဆိုပြီးနောက် ငါးရက်တိတိ အဆက်အသွယ် ဖြတ်ထားသည်။ ဖုန်းမဆက်၊ စာမရေး၊ လူချင်း တွေ့နိုင်ဖို့ မကြိုးစား။ သဲနုငယ် အခံရ ခက်ရှာပါလိမ့်မည်။ တအုံ့နွေးနွေးကလေး ဖြစ်ရှာပါလိမ့်မည်။ ဤသို့ဖြစ်အောင် တမင် ညှဉ်းထားခြင်းလည်း ဖြစ်ပါ၏။ သူ့ကို ညှဉ်းပါသော်ငြား ကိုယ့် ကိုယ်ကိုယ် ပြန်ညှဉ်းသကဲ့သို့ ဖြစ်နေရပါကြောင်း လင်းလက်ထွန်း သတိမထားမိချေ။

တယ်လီဖုန်းလာတိုင်း ပြေးကိုင်သည်။

"လင်းလင်းလား ... ဟင်"

ဆိုသည့် အသံကလေးကို ကြားရလို ကြားရငြား။ ဆယ့်နှစ်နှစ်သား အရွယ်မှသည် မေမေ ဆုံးချိန်ထိ မေမေက တစ်သဲတည်းသဲ တစ်နုတည်းနု တစ်ငယ်တည်း ငယ်ခဲ့သည်မှာ နေ့ ရှိသရွေ့ မကြားချင်မှအဆုံး၊ သည်တော့လည်း သဲနုငယ်က ရင်ထဲ အသည်းထဲ အဆုတ်ထဲ နှလုံးထဲ ကလီစာထဲသို့တိုင် ဝင် ရောက်ငြိတွယ်ခဲ့သည်ထင့်။ မေမေ ဆုံးပြီး၍ တစ်နှစ်ကြာမှ ချစ် ရေးဆိုဖြစ်ခဲ့သည်။ သည်ကြားထဲ သူ အဆိုတော်ဖြစ်အောင် ကြိုး စားနေရသည်။ သို့ပေမင့် သဲနုငယ် တက်သော ကျောင်းမှာ တစ် ပတ်တစ်ခါတော့ သွား၍ ချောင်းကြည့်ဖြစ်ခဲ့သည်ချည်း။



သဲနုငယ်ကို ချစ်ရေးဆိုမိခြင်းမှာ မေမေ ခိုင်းခဲ့သည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ချင်လို့ချည်းမှ ဟုတ်ပါရဲ့လား။ လင်းလက်ထွန်း တွေဝေစ ပြုလာသည်။

တွေ့ချင်တယ် သဲနုငယ်၊ မြင်ချင်ပါတယ် သဲနုငယ်၊ မင်းရဲ့အသံကို ကြားချင်လှပါတယ် သဲနုငယ်၊ ဖုန်းနံပါတ် ပေး ထားသားပဲကွယ်၊ မင်း ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ သဲနုငယ်။

"လင်းလင်းလား ... ဟင်"

ဟော ... ကြားရပါချေပြီ။ ကမ္ဘာဦးသူတို့ နေကို လကို မျှော်လင့်သလို မဟာ ငါးရက်ကြီးများတောင် စောင့်စား ခဲ့ရပါသည့် အသံကလေး။

"ညှဉ်းရက်တယ် သဲနုငယ်၊ ဘာလို့ ဖုန်းမဆက်တာလဲ ကွယ်"

"ဩော် ... လင်းလင်းရယ်၊ သဲနုငယ် များနေတယ်"

"ဟင် ... ဟုတ်လား၊ သဲမောင် လာကြည့်လို့ ရမလား သဲနုငယ်"

ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာပင် "သဲမောင်" ဟု သုံးလိုက်မိပါပကော။

"ဟင့်အင်း"

"ဘာဖြစ်လို့လဲကွယ်၊ သဲမောင် စိတ်ပူတယ်"

"သဲနုငယ်က အိပ်ရာထဲက မထနိုင်သေးဘူး၊ ငါးရက်အတွင်း ပထမတစ်ရက်က လုံးဝသတိမေ့နေတာ"

"ဖြစ်မှ ဖြစ်ရလေ၊ ပိန်များ သွားသေးလားကွယ်"

"ပိန်တာပေါ့"

"ပိန်သွားလည်း ချစ်မှာပါ၊ ဝလာလည်း ချစ်မှာပါ၊ သဲမောင် လာတွေ့ပါရစေ"

"သဲနုငယ်က အိပ်ရာထဲက မထွက်နိုင်သေးတော့ ဧည့်ခန်းကို ဆင်းပြီး ဘယ်လိုဧည့်ခံနိုင်မလဲ"

"အိပ်ခန်းထဲကို သတင်းဝင်မေးမှာပေါ့"

"ဖေဖေ ရှိတယ်၊ ခွင့်ပြုမယ် မထင်ဘူး"

"ဘယ်လိုလုပ်ရမလဲ သဲနုငယ်ရယ်၊ သဲမောင် မနေနိုင်တော့ဘူး၊ သိပ်တွေ့ချင်တယ်"

"အရင်နေ့တွေကတော့ဖြင့် သတင်းမေးဖော်တောင် မရဘူး"

"သဲမောင်က ချစ်ရေးဆိုထားတာ မှတ်လား၊ သဲနုငယ် စဉ်းစားဖို့ အချိန်ပေးထားတာ၊ စဉ်းစားပြီးရင် အဖြေပေးမို့ သဲနုငယ် ဖုန်းဆက်မှာပဲ ထင်တာပေါ့၊ အခု ချစ်တယ်လို့ ပြောတော့မလို့ မှတ်လား ... ဟင်"

"ဟင့်အင်း ... သတိရလို့ ဆက်တာ"

"သဲနုငယ်"

"ရှင်"

"သဲမောင်လို့ ခေါ်ပါလားနော်"

"ခေါ်ချင်ပါဘူး သဲမောင်ရယ်"

"ဟာကွာ ... ဝမ်းသာလိုက်တာ"

"သဲမောင်"

"ဗျာ"

"သဲနုငယ်ကို အထင်သေးသွားပြီလားဟင်"



"မသေးရပါဘူးဗျာ၊ အထင်ကလေ ဟိမဝန္တာတောင်တန်းကြီးလောက် ကြီးတယ်၊ ရှည်တယ်၊ မြင့်တယ်၊ ဘယ်လို အထင်သေးတော့မလဲ"

"ခစ် ... ခစ်၊ သဲမောင်က သိပ်ရယ်ရတာပဲ"

"သဲနုငယ်"

"သဲမောင်"

"သဲမောင် မိန်းကလေးလိုဝတ်ပြီး လာခဲ့လို့ရမလား"

"ဩ ... ရပါလိမ့်မယ် အားကြီးကြီး၊ သူ့လည်ပင်းက စလုတ်ကြီးရယ်၊ သူ့အရပ်က ၅ ပေ ၁၀ လက်မကြီးရယ်"

"အို ... ဖိနပ်ကွက်စိန်က ၇ ပေ၊ ၉ လက်မ၊ မခင်ဝင်းက ၇ ပေ၊ သဲနုငယ်ရဲ့ သူငယ်ချင်း ခင်သဲမာက ၅ ပေ ၁၀ လက်မ။ ရတာပေါ့"

သဲနုငယ်က တခိုးခိုး တခစ်ခစ် အသံထွက်အောင် ရယ်သည်။

"နောက်နေ့ကျမှ တွေ့ကြမယ်"

"ဘယ်မှာ တွေ့ရမှာလဲ၊ သဲမောင် လွမ်းလှပြီ"

"ကိုကိုသဲရေ ... သဲနုငယ် စီစဉ်ပါ့မယ်ရှင့်"

"သိပ်ချစ်တယ် သဲနုငယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ၊ သဲမောင်ရေ ... တာ့တာ"

တစ်ဖက်မှ တယ်လီဖုန်း ချသွားပေမင့် လင်းလက်ထွန်း ငိုင်ဆဲ၊ သဲနုငယ်နှင့် စကားပြောရစဉ်က သူ ပြောလိုက်သည့် စကားများ အဘယ်က လာပါသနည်း။ နှုတ်ခမ်းဖျားကလေးကလား၊ ရင်ထဲ အသည်းထဲကလား၊ အချစ်စကားများ၏

မြစ်ဖျားခံရာ ဒေသကိုတော့ သူ မသိပါ။ အချစ်ရပ်ဝန်းဒေသကိုတော့ သူ ရှာဖွေမတွေ့သေးပါ။ သို့ပေမင့် ပျော်သည်။ သဲနုငယ်နှင့် စကားပြောရတာ ပျော်သည်။ တွေ့ချင်သည်။

နှလုံးသားက စကားပြောပြီလား လင်းလင်းရယ်။

ကက်ဆက်ခွေ အသစ်တစ်ခုကို ယူသည်။ သူ့သီချင်းတွေ ငါးပုဒ်တိတိ ဆိုထည့်ပြီးတော့မှ သူ ပြောချင်တာတွေ၊ သူ့စကားတွေ တစ်ခွေလုံးပြည့်တော့မှ သေသေချာချာ ထုပ်ပိုးသည်။ အပြင်သွားရန် အဝတ်အစားလဲ ...။

"ဦးလေး ... ကျွန်တော် ကမာရွတ်ဘက် ခဏသွားချင်လို့"

"အေး အေး ... မြန်မြန်ပြန်လာနော်၊ တက်သစ်စ အဆိုတော်ဆိုတာ ကိုးကျင်းကိုးချောင်း လျှောက်သွားမနေရဘူး"

"ဟုတ်ကဲ့"

ပြောတော့ ကမာရွတ်၊ ရောက်လာတော့ မြေနီကုန်းမပိုလမ်း မြမြဖူးတို့နေအိမ်။ ကိုယ်က စိတ်ဝင်စားနေသူ မဟုတ်၊ ရိုးရိုးသားသား သူငယ်ချင်းမိတ်ဆွေ အနေနှင့် ဆိုတော့လည်း ရှိုးတိုးရှန့်တန့် မဖြစ်။

"ဟာ ... ကိုလင်းလက်ထွန်း လာ လာ"

မြမြဖူးက ဝမ်းသာလှိုက်လှဲ ဆီးကြိုရှာပါ၏။

"ဘယ်က လှည့်လာတာလဲ"

"ဒီကိုပဲ"

စက္ကူအိတ်နှင့် လုံလုံခြုံခြုံ ထုပ်လာသည့် ကက်ဆက်ခွေကလေးကို ထုတ်သည်။



"သဲနုငယ်ဆီ ဒါလေး သွားပို့ပေးဖို့ အကူအညီ လာတောင်းတာပါ"

"ဟာ ... သီချင်းအသစ်လား၊ ပို့ပေးမယ်၊ ပို့ပေးမယ်၊ မပို့ခင် ကျွန်မအရင် ဒီတစ်ညနားထောင်လိုက်ဦးမယ်လေ၊ မနက်ဖြန်မှ ပို့တော့မယ်"

"ဗုဒ္ဓေါ"

ရင်ထဲမှ ကျိတ်ကာ ဘုရားတလိုက်ရသည်။

"ကျွန်တော် ... ကျွန်တော် ..."

"အင်းပါ"

လင်းလက်ထွန်းက ဘာပြောရမှန်း မသိဘဲ စကားထစ်နေသည်ကိုပင် မြမြဖူးက ဘာအဓိပ္ပာယ်မှန်းမသိ "အင်းပါ"ဟု ပြောနေပြန်သည်။

"ဖြစ်နိုင်ရင် အခုပဲ"

"ရှင် ... ခုချက်ချင်းကြီး သွားပို့ရမှာလား"

"ဟုတ်ကဲ့၊ ကျွန်တော်ကတော့ အဲဒီလိုပဲ အကူအညီတောင်းချင်ပါတယ်"

"ရှင်ကလည်း သဲရန်ကော၊ နောက်နေ့မှ ပေးတော့ မဖြစ်ဘူးလား"

"မဖြစ်ဘူး ခင်ဗျ"

"ဒီလောက် အရေးကြီးနေရင် သီချင်းတော့ မဟုတ်နိုင်တော့ဘူး၊ တန်တော့"

"ဟုတ်ကဲ့ ... မြမြဖူး ထင်တဲ့အတိုင်းပဲ"

"သြော် … သြော် … ဒါဆိုလည်း အကျိုးဆောင်ပေးပါတယ်ရှင်၊ သွားပေးပါ့မယ်ရှင်၊ ရှင်တော့ လိုက်ခဲ့လို့မဖြစ်ဘူး"

"ကျွန်တော်ကလည်း မသွားရဲဘူး"

"အမယ်လေး … ဗန္ဓုလသွေး ပါတယ်ထင်ပါရဲ့"

"အဲ … ဗန္ဓုလရဲ့သွေးတော့ ပါ,မပါ မသိဘူး၊ ဝဆွဲဖြုတ်လိုက်တဲ့ဟာတော့ ပါတယ်"

"ဘာရယ် … ရှင့်"

"သွေးကို ဝဆွဲဖြုတ်လိုက်လေ"

"သြော် … ကြည့်၊ တော်တော်နောက်တဲ့လူ"

မြမြဖူးတို့အိမ်မှ တိုက်လိုက်ပါသော ဘာလီရည်ထဲမှ ရေခဲတုံးများသည် လင်းလက်ထွန်း ရင်ကို မအေးစေနိုင်ခဲ့ပါတကား။ ရင်မငြိမ်းတဲ့ ဝေဒနာ ကူးစက်ကျန်ရစ်ခဲ့ပါပြီ မေမေရယ်။

"သနားတယ် သဲနုငယ်။ မင်းက ဘာမှမသိရှာတဲ့ ကလေး။ သဲမောင်က တောလိုက်မုဆိုး။ မင်းက ယုန်သူငယ်လေး။ မပစ်ရက်ဘူး သဲနုငယ်။ အချစ်မြားကလေးကို ပြန်သိမ်းလိုက်တော့မယ်။ ဒါပေမဲ့ သဲနုငယ် … သဲကို ချစ်တယ်"



မြမြဖူးက "ငါလည်း မပြန်သေးဘူး၊ နားထောင်ဦးမယ်"ဟု အတင်းပူဆာသောကြောင့် သူမ ရှေ့မှာပင် ကက်ဆက်ဖွင့်ရသည်။ လင်းလက်ထွန်း သီချင်းချည်း ငါးပုဒ်တိတိ။

ဆယ်ကျော်သက် အပျိုမကလေးနှစ်ဦး၊ တစ်ဦးက ခုတင်ပေါ်မှာ လဲလျောင်းလျက်၊ ကျန်တစ်ဦးက ကုလားထိုင်မှာ ထိုင်ရင်း ကျောမှီပေါ်မှာ ခေါင်းတင်လျက် မျက်စိကလေးတွေ ကိုယ်စီမှိတ်ကာ ဖိမ်ကလေးနှင့် မှိန်းရင်း နားထောင်နေကြသည်။

"သဲနုငယ် … ချစ်တယ် သဲနုငယ်ရယ်"

သီချင်းသံတွေ ဆုံးသည်နှင့် လင်းလက်ထွန်း စကားသံ ပေါ်လာသည်။

"ဟင်"

သဲနုငယ် လန့်ဖျပ်သွားရသလို မြမြဖူးက ပြုံးပြုံးကြီး ဖြစ်သွားသည်။

"သဲနုငယ်ကို စတင်မြင်ဖူးတဲ့ အချိန်တုန်းက ဆယ်နှစ်သမီးလေး၊ သဲမောင်က ဆယ့်နှစ်နှစ်သား"

"အလို … သဲမောင် ဆိုပါလား"

"ဂျောက်"

မြမြဖူးက လှမ်းနောက်သည်။ သဲနုငယ်က ကက်ဆက်ကို ပိတ်ပစ်သည်။

"ဟော့ ... ဘာဖြစ်လို့ ပိတ်တာလဲကွာ၊ ပြန်ဖွင့်ပါကွာ၊ ဒီလိုတော့ ဆင်ဆာမဖြတ်နဲ့၊ ဘယ့်နှယ်ကွာ ကောင်းခန်းကလေး ရောက်ခါမှ"

"ဟင့်အင်းကွာ"

"တို့က သစ္စာရှိစွာနဲ့ လာပို့ပေးရတာ၊ မပို့ခင် တို့ဘာသာတို့ နားထောင်ခဲ့လဲ ရသားပဲ"

"ဟုတ်ပါတယ် မြမြရယ်၊ သဲနုငယ် ရှက်လို့ပါ"

သည်လိုဆိုတော့လည်း သဲနုငယ်ကို သနားသွားရသည်။

"မှန်မှန်ပြောစမ်း ကြွေရုပ်၊ မင်းတို့ချင်း ကြည်နေကြပြီလား"

"အင်း"

သဲနုငယ်က ရှက်စနိုးနှင့် ခေါင်းငုံ့ရင်း ပြောသည်။

"ဟော ... ဘယ်တုန်းကလဲ"

"ဒီနေ့ပဲ"

"ဟော ... ကောင်းကွာ၊ 'အချစ်ရေ ဘယ်နေ့လဲ ဒီနေ့ပဲ' ဆိုတဲ့ သီချင်းလိုပေါ့၊ ဒီနေ့ တွေ့ရရက်သားနဲ့ ဟို ကိုယ်တော်ကလည်း ကက်ဆက်ခွေများ ထပ်ပို့ရသေးတယ်"

"ဒီနေ့ မတွေ့ရဘူး"

"ဒါနဲ့"

"ဖုန်းနဲ့ပဲ ပြောရတာ"

"ဟယ် ... ဖုန်းထဲကပဲ ခွင့်တောင်း၊ ဖုန်းထဲကပဲ လက်ခံလိုက်တယ်လား"

"ဟင့်အင်း၊ သူ ခွင့်တောင်းတာက တို့ မဖျားခင်နေ့က"



"သြော် ... သြော်၊ ဒါနဲ့ လန့်ဖျား ဖျားရတယ် ဆိုပါတော့၊ သတိတွေ ဘာတွေ လစ်ကုန်ရတယ်လို့ဟယ်၊ သဲနုငယ်ရယ် ... နင့်အသည်းကလည်း နုလိုက်တာ"

"စိတ်မဆိုးပါနဲ့နော်၊ မြမြရယ် ဒီကက်ဆက်ခွေ ပြန်ပေးတော့လည်း နင်နဲ့ပဲ ပေးရမှာ၊ အဲဒီအခါကျမှ နင့်အိမ်မှာ ဖွင့်နားထောင်ပါ၊ ခုလို ရှေ့တွင်ကြီးတော့ ရှက်လို့ပါဟယ်"

"အေးပါ ... အေးပါ၊ ငါ ပြန်ပါတော့မယ်၊ နင့်ဟာနင် ဖီလင်တွေ တက်ပါ၊ ငါ သာသနာဖျက် ဖြစ်နေပါဦးမယ်"

မြမြဖူး ပြန်သွားတော့မှ သဲနုငယ်က အခန်းတံခါးကို အကျအနပိတ်သည်။ အိပ်ရာထက်မှာ လဲလျောင်းရင်းက ကက်ဆက်ခွေကို တိုးတိုးကလေး ဖွင့်သည်။ ကက်ဆက်ခွေထဲမှ လင်းလက်ထွန်း အသံက နူးညံ့ပျော့ပျောင်းနေသည်။ သဲနုငယ်၏ နှလုံးသားကို ဆွဲငင်ညို့ယူနေသည်။

"အဲဒီကတည်းက သဲနုငယ်လှလှကလေးကို သဲမောင် စွဲလမ်းမိခဲ့တာ ထင်ပါရဲ့"

ဆယ်နှစ်သမီးက စွဲမက်ရပါသည်ဆိုတော့ မည်သူမကြည်နူးဘဲ ရှိပါအံ့နည်း။

"သဲနုငယ်ရဲ့ အလှကို မေမေကတောင် ချီးကျူးအံ့သြအသိအမှတ်ပြုရပါတယ် သဲနုငယ်၊ မေရီမြင့် အသေးစားလေးတဲ့၊ မေရီမြင့် ဆိုတာ သိလား၊ ၁၉၅၆ ခုနှစ်လောက်က ကွယ်လွန်သွားရှာတဲ့ ရုပ်ရှင်မင်းသမီးပေါ့၊ ခေတ်အဆက်ဆက် ပေါ်ထွက်လာသမျှ ရုပ်ရှင်မင်းသမီးတွေထဲမှာ အလှ

ချည်းသက်သက် ယှဉ်ကြကြေးဆိုရင် မေရီမြင့်ကို မီတဲ့သူ တစ်ယောက်မှ မရှိဘူးတဲ့"

"ဩော် ... မမြင်ဖူးလိုက်ရတဲ့ ယောက္ခမကြီးကတောင် လှတယ်လို့ ပြောသတဲ့လား သဲမောင်ရယ်"

ကြည်နူးပီတိစိတ်ကလေးက ရင်မှာ လှိုင်းထန်လာရသည်။ ကျေနပ်လွန်းရပါဘီ။

ဘဝင်မှာ ငြိမ့်ညောင်းလွန်းလှပါဘီ၊ ဆွတ်ပျံ့ကြည်နူးရပါဘီ။ နုံးသူကို ရွှင်စေ၍၊ နွမ်းသူကို လန်းစေတဲ့ အချစ်နတ်မင်းရယ်။

"သဲနုငယ်တဲ့၊ ရုပ်ရှင်မင်းသမီး မေရီမြင့် အငယ်စားလေးတဲ့၊ မေမေ ပြောပြတာလေ၊ သဲနုငယ် အချစ်ရယ်၊ ကြားဖူးလားကွယ်၊ နဝဒေးကြီးဟာ သူ့ချစ်သူ ရှင်နှောင်းကလေးကို ဘယ်အချိန်မှာ စတွေ့ခဲ့၊ ချစ်ခဲ့တယ် ဆိုတာ ...

"မြစ်ဆိပ်ကမ်းတစ်ခုမှာတဲ့၊ အပျိုကြီးဖားဖားတွေကြားထဲက ကလေးသာသာ ဂေါ်ရီမလေး၊ မစို့တစို့ အဖူးကလေး၊ ရှင်နှောင်း ဆိုတဲ့ ကလေးမလေးကလည်း ရောနှောရေချိုးနေသတဲ့ ...

"အပျိုကြီးမမတွေရဲ့ စတိုင်မျိုးနဲ့ သူကလည်း အားကျမခံ ထဘီကလေး ရင်လျားလို့တဲ့ကွယ်၊ အဲဒီကတည်းက ချစ်သွားမိသတဲ့၊ နဝဒေးကြီးရဲ့ အချစ်နဲ့စာရင် သဲမောင်ရဲ့ အချစ်က နောက်ကျလို့တောင် နေပါပကောလား အသက်ရယ်၊ သိပ်ချစ်တယ် သဲနုငယ် ...



"သဲနုငယ် ဆယ်နှစ်သမီးကလေးကို အဲဒီကတည်းက ချစ်ခဲ့မိပါတယ်ဆိုရင် ပိုတယ်ဆိုမှာလား သဲနုငယ်၊ သဲမောင် စောင့်လာရတာ ခြောက်နှစ်ကျော်ကျော် ခုနစ်နှစ်နီးပါးပါလားကွယ် ...

"နဝဒေးကြီးဟာ ရှင်နှောင်းကလေးနဲ့ လက်ထပ်တော့ သူ့ချစ်သူ ရှင်နှောင်း ကလေးဟာ အိုးပုတ်ကလေးတွေနဲ့ ဆော့ကစားတုန်း၊ သဲနုငယ် ကြားဖူးလားဟင်၊ ကလေးသာသာ ရှိသေးတဲ့ သတို့သမီးကလေး ...

"လက်ထပ်ကြပါစို့ သဲနုငယ်"

"မြတ်စွာဘုရား"

သဲနုငယ် ယောင်ယမ်း၍ ရင်ကလေးဖိမိသည်။ ဆယ်ကျော်သက်ကလေးပေမို့ စိတ်ကူးကလေးတွေက တဝေဝေ။ အချစ်ဆိုတာ ဘယ်လိုများလဲရယ်လို့ ဖွေရှာကြည့်မိချင်သား။ အိုး ... ဒါပေမဲ့ လက်ထပ်ကြဖို့ အထိတော့ ...

"တကယ့် စွန့်စားခန်းကြီးပါလား သဲမောင်ရယ်"

"ဂုဏ်တံတိုင်း xxxငွေတံတိုင်း xxxတံတိုင်းထပ်ကာထားပိုင်းဖြတ်ကာ သွားနိုင်တဲ့ကိုယ်"

သည်နေရာမှာ သီချင်းသံ အလိုက်ကလေးနှင့် ဆိုပြထားသည်။

"ပစ္စည်းမဲ့ သီချင်းသည်မှာလည်း အသည်းနဲ့ပါ သဲနုငယ်၊ နှလုံးသားကလည်း ခံစားတတ်နေတော့ ချစ်တယ် သဲနုငယ်၊ မမီတဲ့ပန်းကိုမှ တုံးခုလို့ လှမ်းတယ်ထင်ရင်လည်း တုံးပေါ်က ခြေချော်အကျမှာ မြေပေါက်လို့ သေရပါစေတော့၊

အနုလက်နဲ့ ရွှေခွက်ကိုမှ တက်နိုက်ချင်တဲ့ကောင် ဆိုပြီး ရာဇဝတ်သင့်ရင်လည်း သင့်ပါစေတော့ ...

"စေ့ဆော်မှု အရှိန်အဟုန်က ပြင်းပြလွန်းလို့ ရင်ဖွင့်ရတဲ့ ငမိုက်သားကျောမွဲ၊ အချစ် သူဖုန်းစားကလေးပါ သဲနုငယ်"

"ဩော် ... သဲမောင်ရယ်၊ ပြောတတ်လိုက်တာ၊ ချွဲတတ်လိုက်တာရှင်ရယ် ... ဒီအညု၊ ဒီအချွဲ၊ ဒီအပလီ အစရာတွေကို ဘယ်လို သံမဏိနှလုံးသားမို့ ကြံ့ကြံ့ခံနိုင်တော့မှာလဲကွယ်၊ ချစ်တတ်တဲ့ နှလုံးသားနဲ့ သဲနုငယ်ပါ သဲမောင်ရယ်"

"တောင်းဆိုချက် မထားရဲတဲ့ ဘဝမှာပဲ သဲနုငယ် အချစ်ဖုရားမလေးရဲ့ ချစ်မေတ္တာ စန္ဒာမင်းကြီးကို သဲမောင်ရဲ့ ရင်ခွင်ထဲ ကြွေကျလေမလားရယ်လို့ မွှတ်သိပ် ငံ့လင့်နေမိပါတယ် သဲနုငယ်"

*သဲနုငယ် မှာ ရင်ကလေးများက ဖုတ်လှိုက်* ဖုတ်လှိုက်၊ သို့ပေမင့် မမောပါ။ ဆန်းကြယ်လိုက်တဲ့ အချစ်တရားရယ်။ အသံသွင်းစလုတ်ကို ဖွင့်သည်။ သဲမောင် နားထောင်ရှိစကားသံကလေးများ ကမ်းဆင့်လို့ ပါးရပါချေဦးမည်။

"သဲမောင်ရေ ... အချစ်ဆိုတဲ့ ကန္တာရစရီးသည်ဟာ တော အထပ်ထပ်၊ တောင်အထပ်ထပ် လျှိုမြှောင်စိမ့်စမ်းတွေ မကျန် ဖြတ်သန်းကျော်လွှားနိုင်ပါသတဲ့ သဲမောင်ရယ် ဂုဏ်တံတိုင်း ငွေတံတိုင်းတွေကို သဲနုငယ်ရဲ့ နှလုံးသား ပုဆိန်ကလေးနဲ့ ဖြိုချပေးပါ့မယ်၊ မကျော်မလွှားရဘဲ ဖြည်



ဖြည်းသာသာ လျှောက်လှမ်းခဲ့ပါတော့၊ သိပ်ချစ်တတ်တဲ့ နှလုံးသားရဲ့ အသည်းနုနုကလေး၊ ငယ်ငယ်ကလေးက ယုံစားတတ်လွန်းပါတယ်ရှင်၊ ချစ်တယ် ဆိုတာလေးကိုတော့ မညာလိုက်ပါနဲ့ သဲမောင်ရေ၊ ယုံလိုက်ပါပြီတဲ့ အချစ်ရယ် ...

"သဲမောင်ရေ ... တာ့တာ"

အချစ်ရည်ဆမ်းသည့် မျက်နှာလေးမို့ အလန်းဆုံး နှလုံးသားမှာ ချစ်အကွရာ တင်လိုက်မိပြီမို့ သဲနုငယ် ဆယ်ကျော်သက်ကလေးမှာ ဘဝင်လေးက တဖိုဖို၊ ရင်ကလေးက ဆတ်ဆတ်ခုန်၊ အို ... အချစ်ရယ် ... ငြိမ့်ညောင်း ကြည်နူးလွန်းလှပါဘိကွယ်။

"သဲနုငယ်"

"သဲမောင်"

"ချစ်တယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရယ်"

သူတို့ တွေ့ဆုံခဲ့သည့် အင်းလျားစောင်းမှာပင် ဆိုင်ဖြစ်ကြသည်။ သရက်ပင့်မြစ်ကြီးက ရေထဲသို့ ထိုးကျနေသည်။ အမြစ်ဆုံပေါ်သို့ တက်ထိုင်လိုက်သောအခါမှာ ခြေဖျားက ရေလှိုင်းကြက်ခွပ်ကလေးများကို တို့ကစားလို့ ရနေသည်။

လင်းလက်ထွန်းက ပိုနိမ့်သည့် သစ်မြစ်တစ်ခုပေါ်မှ ထိုင်ရင်း မော့ကြည့်နေသည်။ သူ့ခြေဖျား အစုံကလည်း

ရေထဲမှာ။ သဲနုငယ်၏ ဖယောင်းသွယ် လက်ကလေးများကို ဆွဲယူ၍ နှုတ်ခမ်းဖျားမှာ ကပ်ထားသည်။

"သဲမောင်ရေ"

"သဲနုငယ်"

"ဘာတွေ တွေးနေတာလဲကွယ်"

"ဩော် ... အချစ်စစ်မြေက မေတ္တာသုရဲကောင်းမလေးရဲ့ သစ္စာလှုံဖျားမှာ အသက်ပါသွားရတဲ့ အညတရ သီချင်းသည်လေးရဲ့ ဘဝအကြောင်း"

"အို ... ကွယ်"

"သဲမောင်ကို ချစ်ရတာဟာ သဲနုငယ် အတွက် မဟာစွန့်စားခန်းကြီး မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့"

"ရွှေပင်လယ် ဆီးသည်သို့ နီးမယ်မထင်"

"ဟင့်အင်း ... ကွယ်"

"သဲမောင် မှာက အချစ်ပဲ ရှိတယ်"

"အချစ်မှာ အချစ်ရှိနေရင် ပြည့်စုံပြီပဲ သဲမောင်ရယ်"

"သဲနုငယ် ဖေဖေ့ကို ဘယ်လိုပြောခဲ့ရလဲ"

"မြမြဖူး လာခေါ်တော့လည်း ထည့်တာပေါ့၊ နောက်ပြီး ခုတစ်လော သဲနုငယ် သိပ်နေကောင်းတာပဲ"

"ဟုတ်လား၊ တော်ပါသေးရဲ့"

"အချစ်ဆိုတဲ့ သမားတော်ကြီးဟာ တော်ရုံတန်ရုံ ဝေဒနာလောက်တော့ အေးအေးဆေးဆေး ကုသနိုင်ပါတယ်"

"သဲမောင်နဲ့ ချစ်ကြလို့ နေကောင်းတာလား"



"ဟုတ်တယ်၊ သဲနုငယ်ရဲ့ ရင်ထဲမှာ ရောဂါတွေ မရှိတော့ဘူး၊ အချစ်တွေနဲ့ ပြည့်နေလို့"

"အချစ်က နေရာယူသွားတယ်လား"

"အင်း ..."

"ကျောင်းတွေ ပြန်ဖွင့်ရင် ကျောင်းတက်နိုင်ပြီပေါ့"

"ဒီလို ကျန်းမာရေးကောင်းနေရင်တော့ တက်နိုင်မှာပဲ"

"သဲနုငယ်က ဘာရောဂါလဲဟင်"

"လွယ်လွယ် ပြောရရင်တော့ နှလုံးရောဂါ၊ သွေးအားနည်းတဲ့ ရောဂါပဲပေါ့ သဲမောင်ရယ်"

"ဘယ်လိုခံစားရလဲဟင်"

"ခြေဖျား လက်ဖျား အေးတယ်၊ ခဏ ခဏ ဖျားတယ်၊ တစ်ခါတစ်ခါ တက်တတ်တယ်၊ တစ်ခါတလေကျတော့ ဦးနှောက်မှာ ဟင်းလင်းကြီး ဖြစ်နေတယ်၊ ဘာခံစားမှုမှ မရှိဘူး၊ ငါဟာ ဘယ်သူပါလိမ့် ဆိုတာတောင် ငါးမိနစ်လောက် ပြန်စဉ်းစားရတယ်၊ အဲဒါကျတော့ စိတ်ရောဂါတစ်မျိုး ထင်တာပဲ"

"အဲဒါ ဘာလို့ ဖြစ်တာလဲဟင်"

"မသိဘူး၊ ဆရာဝန်တွေတော့ ပြောတတ်မလား မသိဘူး၊ ဖေဖေ့ကို ပြောချင်လည်း ပြောထားမှာပေါ့၊ သဲနုငယ်တော့ မသိဘူး"

"ငယ်ငယ်လေးတည်းကလား"

"မေမေ မရှိကတည်းက"

"ဘယ်အရွယ်လဲ"

"သုံးနှစ်ခွဲလောက်ပဲ ရှိဦးမယ် ထင်တယ်"

"အိုး ... ငယ်ငယ်လေးပါလား"

"အဲဒီတုန်းကတော့ ဖျားတာနဲ့ တက်တာပဲ၊ ဦးနှောက် အမှေးပါး ရောင်ဘာပယ်ဆိုလား မသိပါဘူး၊ စိတ်နဲ့ ဆိုင်တဲ့ ခံစားမှုတော့ မရှိသေးဘူးလေ"

"စိတ်နဲ့ဆိုင်တဲ့ ခံစားမှုကကော"

"လူမှန်း သူမှန်း သိတတ်ပြီး ခံစားတတ်တဲ့ အရွယ်က တည်းက စ,တာပဲ၊ ဘယ်နနှစ်သမီးကလည်းတော့ မမှတ်မိဘူး"

"စာမေးပွဲတွေတော့လည်း အောင်ခဲ့သားပဲ"

"အမြဲဖြစ်နေတာမှ မဟုတ်တာ"

"စာသင်လို့ရခဲ့တာ တော်သေးတယ်နော်"

"သဲနုငယ် စာမတတ်ရင် သဲမောင်က မချစ်ဖူးလားကွယ်"

"ပိုတောင်ချစ်သေး"

"ဒီထက် အများကြီး ပိုပိန်သွားရင်ကော"

"နှစ်ဆပိန်ရင် နှစ်ဆချစ်"

"ဝလာရင်ကော"

"ဆယ်ဆဝရင် ဆယ်ဆချစ်"

"သွား ... ကိုသဲ"

"သဲမောင် တဲ့၊ မှတ်ထား၊ ခပ်သည်းသည်းပဲ"

သဲနုငယ်၏ နှုတ်ခမ်းအောက် ယာဘက်ထောင့်မှ စိမ်းရောင် ညိုရောင်သွေးများ လွှမ်းနေပါသည့် မှဲ့နက်ကလေးကို မနာအောင် ဆွဲဆိတ်ပစ်လိုက်လေ၏။



"အိုး ... ဒီမှဲ့ပဲ ရန်ရှာနေတယ်"

"ချစ်တာ ခင်ဗျာ့၊ သဲနုငယ် တစ်ကိုယ်လုံးမှာ ဒီမှဲ့ကလေး ကို အချစ်ဆုံးပဲ"

"ကတ်သီးကတ်သတ် သဲမောင်ရယ်"

"ဟောဒီလက်ချောင်း ဖူးယောင်းသွယ်ကလေးတွေကိုလေ"

လင်းလက်ထွန်းက သဲနုငယ်၏ လက်ချောင်းကလေး တွေကို တစ်ချောင်းချင်း ဆွဲပြသည်။

"ဘယ်လို ရန်ရှာချင်သေးလို့လဲ ဘုရား"

"တစ်ချောင်းချင်းချိုး မိုးချချင်တယ်"

"မိုးချလေ ... ရော့ ... ချိုးလေ"

လိုရာသုံး သက်ဝေ ... အပြုံးမပျက်ပေါင် စိတ်လက် ရှည်ရှည် ... ဟူသည့် သဘောနှင့် သဲနုငယ်က သူ့လက်ချောင်း ကလေးများကို လင်းလက်ထွန်း နှုတ်ခမ်းနားထိ တိုးပေးသည်။

"ခြေချောင်းလေးတွေကိုရောပဲ"

ရေထဲမှာ နှစ်ထားသည့် သူ့ခြေဖျားညိုညိုကြီးများ ကို ဆယ်ယူကာ ရေစပ်နှင့် မထိတထိ ဖြစ်နေသည့် သဲနုငယ်၏ ခြေဖျားကလေးကို ပင့်တင်သည်။

"ဘာလုပ်ဦးမလို့လဲ"

"သိပ်လှတယ် သဲနုငယ်၊ ခြေချောင်းကလေးတွေနဲ့ ခြေခုံ ကလေးတွေက သဲနုငယ်ရဲ့ ကိုယ်ခန္ဓာမှာ အနိမ့်ဆုံးအပိုင်း မှာ ရှိကြပေမဲ့ ချောပါတယ် လှပါတယ် ပြောကြတဲ့ တခြား တခြား မိန်းကလေးတွေရဲ့ မျက်နှာထက်တောင် ပိုချစ်စရာ ကောင်းသေးတယ်"

"မနိုင်းကောင်း နှိုင်းကောင်း သဲမောင်ရယ်"

"သဲနုငယ်ရဲ့ မေမေက ဖယောင်းလုံးကို ရွှေချပြီး မနက်ပြန် ညပြန် စားထားလေရော့သလားလို့"

"ဘာဖြစ်လို့လဲ"

"သဲနုငယ်က ရွှေလိုဝင်းအိပြီး ဖယောင်းလို သွယ်ပျောင်းနေတယ် အချစ်ရယ်၊ သဲမောင် တစ်ခု ဆုတောင်းချင်တယ်"

"ဘယ်လို ဆုတောင်းချင်တာလဲ"

"လူစင်စစ်က သားပိုက်ကောင် ဖြစ်ရပါစေသားလို့"

"ဘာလုပ်မလို့လဲ"

"ဟောဒီ ရင်ခွင်ကျယ်ကြီးထဲမှာ သဲနုငယ်ကို ထည့်ပြီး သွားလေရာ ခေါ်သွားမယ်"

"ပြော ... ပြော ... အရည်ပျော်အောင် ပြောနိုင်တဲ့လူညာကြီး"

"သဲနုငယ်ရဲ့ အချစ်ကို ရယူပိုင်ဆိုင်ထားတဲ့ အချစ်ကောရာစ်ကြီးကွ ဆိုပြီး ခုန်ဆွ ခုန်ဆွ လမ်းလျှောက်မယ်"

"တကယ်ချစ်လို့ ပြောနေတာလား သဲမောင်ရယ်"

"ဟင်"

လင်းလက်ထွန်း ရင်ဘတ်ကို ဆောင့်ကန်ခံလိုက်ရသကဲ့သို့။ သြော် ... ပီသာလေးနှင့် ဘောပစ်တာလား သဲနုငယ်။

သူ့ခမျာကလေးက မေးရိုးမေးစဉ်ပါ။ ချစ်သူချင်းဆိုတော့လည်း "ချစ်ရဲ့လား" မေးရတာကိုက အရသာတစ်မျိုး။ လင်းလက်ထွန်းမှာသာ ကိုယ့်အပြစ်နှင့်ကိုယ်။ တကယ်ချစ်လို့ပြောနေတာလားတဲ့၊ တကယ်ချစ်လို့ ပြောနေတာလားတဲ့။



"သဲမောင်ရဲ့ စကားတွေက ရင်ထဲက လာတာလား၊ နှုတ်ခမ်းဖျားက လာတာလား ... ဟင်"

သြော် ... သဲနုငယ်၊ အဲဒါကိုပဲ စဉ်းစားနေမိပါတယ်၊ နှုတ်ခမ်းဖျားက ဖွင့်ဟမိတိုင်း နှလုံးသားကို ရိုက်ခတ်ပါတယ် သဲနုငယ် အချစ်ရယ် ... မင်း ယုံပါတော့။ သဲဖြူဖြူ သောင်စပ်က သဲနုငယ်ကလေးကို အချစ်နွံအိုင်ကြီးထဲ ဆွဲချဖို့ သဲမောင် ကိုယ်တိုင်က နွံစပ်မှာ နေရင်း ... နေရင်း ... ခုတော့လည်း စုံးစုံးနစ်လုပါပြီကွယ်။

"သဲနုငယ်"

"သဲမောင်"

"နှလုံးမှာလေ သွေးကြောကြီးနှစ်ခု ရှိတယ်တဲ့၊ သိလား"

"သိသားပဲ၊ သွေးလွှတ်ကြောနဲ့ သွေးပြန်ကြောလေ"

"သွေးလွှတ်ကြောက တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေဆီ သွေးတွေ လွှတ်ပေးတယ်၊ အဲဒီသွေးတွေက တစ်ကိုယ်လုံးမှာ လည်ပတ်ပြီး နှလုံးထဲကိုပဲ ပြန်စီးဝင်တော့ သွေးပြန်ကြောကနေ စီးဝင်တယ်"

"အဲဒါနဲ့ ချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"သဲမောင်ရဲ့ အချစ်လွှတ်ကြောကြီးက အချစ်တွေကို လွှတ်ပေးတယ်"

"သွား ... သူ ကြံကြံဖန်ဖန် ပြောဦးမယ်"

"အဲဒီ အချစ်တွေက သဲနုငယ်ရဲ့ တစ်ကိုယ်လုံးကို ရစ်ပတ်ခွေယှက်တယ်"

"ဟုတ်လည်း ဟုတ်ပဲနဲ့"

"သဲနုငယ်ဆီက အချစ်တွေ သဲမောင် ဆီကို ပြန်စီးဝင်လာတော့ အချစ်ပြန်ကြောကလေးက ဝင်လာတယ်"

"စကားတတ်တိုင်း ပြော"

"သဲနုငယ်က သဲမောင်ကို ချစ်တယ် မဟုတ်လား"

"အင်းလေ"

"အဲဒါ သဲမောင်က အချစ်တွေ လွှတ်လိုက်လို့ ပြန်ပြီးစီးဝင်လာတာ သိရဲ့လား"

"သဲမောင်ရယ် ပြောတတ်လိုက်တာ၊ သဲမောင် ပြောသမျှ သဲနုငယ် ယုံနေတာပဲမို့၊ သဲနုငယ်ကိုတော့ မညာလိုက်ပါနဲ့နော်"

ဘာကျရာဇာ နေဝန်းစကြောက သူ့တာဝန်နှင့်သူ့ခရီးကို တာဝန်ကျေစေရသည်မို့ ချစ်သူနှစ်ဦး ချစ်ရည်လူးကြသည်ကို စောင့်မနေနိုင်ပါ။

သဲနုငယ်က ပလက်တီနံမှာ စိန်ကလေးတွေ မြှုပ်ထားသည့် လက်ပတ်ကြိုးကလေးကို လှည့်ကာ နာရီကြည့်သည်။

"အချိန်တန်တော့လည်း အိမ်ပြန်ရတော့မယ် သဲမောင်ရယ်"

"မဘတ်သာတော့လည်း ခပ်ခွာခွာ နေကြဦးစို့ အချစ်ရယ်၊ သဲမောင် ရင်ခွင်ထဲမှာ အမြဲတွေးပွေ့ထားနိုင်မဲ့ရက်ကိုစောင့်နေမယ်"

ပလက်တီနံဖြူဖြူ စိန်ရောင်တောက်တောက်ကလေးများနှင့် အရောင်ဟပ်ကာ ရွှေလိုဝင်းအိနေပါသည့် လက်ဖျံသားကလေးကို ဆွဲကိုင်သည်။

"လှလိုက်တာ အချစ်ရယ်"



စိန်ရောင်နှင့် ရွှေရောင် အသားတို့မှာ လိုက်ဖက်တင့်မော်လှပါဘိခြင်း၊ သည်စိန်ကြိုးနှင့် သည်ရွှေရောင် အသားကလေးတို့ ပန်သင့်ကြသည်ကို ကြည်နူးစိတ်က တစ်ခြမ်း။

"သြော် ... ငါ့အဖေ ပတ္တမြားတွေ အပိုင်စီးပြီး ကောင်းစားနေလိုက်တဲ့ လှဖေ၊ သူ့သမီး လက်ပတ်ကြိုးမှာတောင် ပလက်တီနံမှာ စိန်တွေစီလို့"

ရင်ထဲက ဒေါမနဿက တစ်ဝက် ...

နှလုံးသားမှာ တစ်ခြမ်းစီကန့်ကာ ဝိရောဓိခံစားမှုတို့ တစ်ဖက်နှင့်တစ်ဖက် အားပြိုင်ပြား တရားခံစာရင်းမှာတော့ သဲနုငယ်ကို ထည့်မတွက်ရက်နိုင်ပါတကား။

လင်းလက်ထွန်းက မတ်တတ်ရပ်ကာ သဲနုငယ်ကို လက်ကမ်းပေးတော့ ဖယောင်းသွယ် လက်ချောင်းကလေးများက အလိုက်သင့်ပါလာသည်။ လူချင်းယှဉ်ရပ်မိသည့်အခါမှာ သဲနုငယ်၏ ကျောဘက်မှ ဖက်သိုင်းကာ ပခုံးသား နုနုကလေးကို တင်းတင်းရင်းရင်း ဆုပ်သည်၊ ရင်ခွင်ထဲမှာ ထွေးထွေးအိအိကလေးဖြစ်နေပါသည့် သဲနုငယ်။

သဲနုငယ် မျက်နှာက မော့မော့ကလေး၊ လင်းလက်ထွန်း မျက်နှာကျတော့ ငုံ့လျက်သား၊ မျက်နှာနှစ်ခုက ထိလုလု၊ "သူ ... သဲမောင် ... ငုံ့များ မွှေးလိုက်ရင် ရှောင်ထွက်လိုက်ရမှာလား၊ ရုန်းရမှာလား၊ အိုး ... လို့ဆိုပြီး မျက်နှာကို လွှဲပစ်ရမှာလား" သဲနုငယ် ရင်မှာ အတွေးများက ယောက်ယက်ခတ်။

လင်းလက်ထွန်း မျက်နှာက အုပ်မိုးလျက်မှ တဖြည်းဖြည်း နိမ့်ကျလာသည်။ ပါးမို့ဝင်းဝင်းကလေးကို ဖိနမ်းချပစ်လိုက်

ရန် မနမ်းရက်။ ကြွေများ ကျသွားလေမလား အသည်းရယ်၊ ပါးချင်းသာ ကပ်ထားလိုက်မိပါတော့သည်။

"သဲမောင် ချစ်သည်းအူကလေးကို ရင်ခွင်ထဲက ဘယ်လိုလုပ် ပြန်လွှတ်ပေးရမှာလဲ ... သဲနုငယ်ရယ် သိပ်ချစ်တယ်"

"သဲမောင်ရယ်"

သူ ပြန်ဖက်ပုံကလေးက နူးညံ့လွန်းသောကြောင့် ရွရွကလေးသာ ထိမိသည်။

"သဲနုငယ်"

"သဲမောင်ရယ် ... ပြန်ကြစို့ကွယ်"

"သိုင်းဖက်ထားတဲ့ ဒီလက်မောင်းကို ဖြေလျှော့မပစ်ချင်ဘူး သဲနုငယ်၊ အိမ်ကို မပြန်လို့ မဖြစ်ဘူးဆိုရင် သဲမောင့်လက်မောင်းရင်းက ဖြတ်ချပေးလိုက်မယ်၊ ဖက်ရက်ကလေးပဲ ယူသွားတော့ သဲနုငယ်"

"အို ... သဲမောင်ရယ်၊ သဲနုငယ်က ရင်ကိုခွဲပြီး အသည်းကို ထားခဲ့ချင်တာပါ"

"မပြန်ပါနဲ့တော့ အချစ်ရယ်၊ မခွဲနိုင်ဘူး၊ သဲမောင် တစ်ယောက်တည်း မကျန်ရစ်ခဲ့ပါရစေနဲ့"

"ဖေဖေ့ကို ပြောပါမယ် သဲမောင်ရယ်"

ပြောမည့်သာ ပြောရ မိခင်မရှိ၊ ညီမ အစ်မ မရှိသည့် ဘဝမှာ သမီးမှာ ချစ်သူရှိနေပါပြီ ဖေဖေရယ်လို့ ပြောထွက်ပါမည်တဲ့လား၊ သတ္တိတွေရယ် အချစ်ခွန်အားကို သယ်ဆောင်လာခဲ့ပါ။

"သဲနုငယ် ဖေဖေက မပေးစားရင်ကော"



"သဲမောင်ရယ် ... အချစ်မှာ သိဒ္ဓိတွေ အများကြီးပါ"

"တကယ်"

"နှစ်ကုယ်ပါ သဲမောင်ရယ်"

"သဲမောင်ကို ပစ်မသွားရဘူးနော်"

"မပစ်ပါဘူး သဲမောင်ရယ်"

"မခွဲကြကြေးနော်"

"မခွဲပါဘူး သဲမောင်ရယ်"

"သိပ်ချစ်တယ် သဲနုငယ်၊ ရင်ထဲ အသည်းထဲမှာကို နင့်နေတာ၊ ချစ်တယ် ဆိုတာထက် တကယ့်ခံစားချက်က အများကြီးပိုပါတယ် သဲနုငယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"

နှစ်ယောက်သား လက်ချင်းချိတ်ကာ လျှောက်လှမ်းလာပုံကလေးက စွဲစွဲမက်မက် ရှိလှလွန်းပါဘိ။ တစ်ယောက်လက်ကို တစ်ယောက် မလွှတ်တမ်း ဆုပ်ထားကြသည်။ တစ်ယောက်က ငုံ့လျက်၊ တစ်ယောက်က မော့လျက် မကြာခဏ ကြည့်မိသည်။ ခြေလှမ်းတွေက တာဝန်ကျေသည်။ ကားဟွန်းကို တပွမ်ပွမ်တီးကာ အိမ်ပြန်ဖို့ သတိပေးနေသည့် မြမြမှုးနှင့် သူ့ကား မာဇဒါ ဘီ ၆၀၀ သစ်ရွက်စိမ်းရောင် ကားကလေးဆီသို့ ...။

"မေမေရေ ... နာမည်ကသာ ရင်ငြိမ်း၊ တကယ့်ရင်ကတော့ မငြိမ်းနိုင်လိုက်တာမှ ... တဲ့၊ ခုတော့ ရင်မငြိမ်းနိုင်တဲ့

ဝေဒနာ သားကို ကူးစက်ပါပြီကောဗျာ၊ ချစ်တယ် မေမေရယ် သဲနုငယ်ကို သား တကယ်ချစ်မိပြီဗျ၊ မခွဲပါရစေနဲ့ မေမေ့ရယ်"

"သားရယ် ... သူ့အဖေက သားအဖေကို သတ်ခဲ့တယ်၊ သား ခံစားရမဲ့ စည်းစိမ်တွေ သူ့အဖေ မတရားယူထားတယ်"

"သဲနုငယ်မှာ အပြစ်မရှိပါဘူး မေမေရယ်"

"သူ့အညာကိုကိုင်ဖို့က သူ့သမီးပဲရှိတယ်၊ ချစ်ပါ၊ လက်မှတ်ထိုးပြီး လက်ထပ်ပါ၊ လက်ထပ်စာချုပ်ကို အပိုင်ကိုင်ထား၊ မေမေ့သားလို့ ဖွင့်ပြောပါ၊ ကွာရှင်းပြတ်စဲဖို့ အမွေတစ်ဝက်ခွဲပါ၊ ဒါက တရားသဖြင့် ညာညာတာတာနည်းနဲ့ ဥပဒေဘောင်အတွင်းက ကိုယ့်ပစ္စည်းကိုယ် ပြန်ယူတဲ့နည်းပါ သားရယ်"

"လက်ထပ်ပြီးမှ ကွာရှင်းရရင် သား ရူးမယ်ဗျာ၊ မေမေရဲ့၊ သား ရူးရချေရဲ့ဗျာ"

လန့်နိုးလာတော့ ပါးပြင်တစ်ခုလုံးပေါ်မှာ မျက်ရည်စီးကြောင်းများ၊ အိပ်မက်ထဲမှာတောင် ငိုမိရှာပါသည့် လင်းလက်ထွန်း။ အဘယ်မည်သောလမ်းကို လျှောက်လှမ်းရပါမည်နည်း။

အမုန်းတော၏ ဒေါသလမ်းပေါ်မှာ ချစ်ခင်ထားရှာပါသည့် သဲနုငယ်၏နှလုံးသားကလေး၊ သူ ... နင်းရက်ပါမည်တဲ့လား။



**အချစ်ဦး အတွက် အချစ်ရူး**

သဲနုငယ်ကို မေမေ ပြပေးတော့ လင်းလက်ထွန်းက ဆယ့်နှစ်နှစ်သား။ သည်အရွယ်ကတည်းက နှလုံးသားမှာ လွှမ်းမိုးပါလေသည့် သဲနုငယ်။ တကယ်တမ်း ကိုယ့်ချစ်သူ ဖြစ်လာရတော့လည်း လင်းလက်ထွန်း အဖို့က အချစ်ဦး၊ မချစ်စဖူး အချစ်ထူးအောင် ချစ်ရသည့် အချစ်ဦးပေမို့ အချစ်ရူးလို့ပဲ ခေါ်ချင်ခေါ်ကြပါတော့။

စားလည်း သဲနုငယ်၊ သွားလည်း သဲနုငယ်၊ အိပ်မက်ထဲမှာ သဲနုငယ်၊ သီချင်းဆိုတော့ သဲနုငယ် အတွက်၊ ကျောင်းစာကျက်တော့ သဲနုငယ်က စာလုံးမည်းမည်းကလေးတွေပေါ်မှာ။

သူတစ်ပါးကို ညာ၍ရသည်ထား၊ ကိုယ့်ကိုယ်ကိုယ်တော့ ညာလို့မရ။ သဲနုငယ်ကို ချစ်ရေးဆိုဖို့ကိစ္စက လင်းလက်ထွန်း အဖို့ တာဝန်တစ်ခုလို သတ်မှတ်ထားခဲ့သည်။ နီးစပ်အောင် ကြိုးစားရင်း တကယ်ရင်းနှီးခွင့် ရခဲ့ပါ၏။ ချစ်ပါသည်ဟု ဖွင့်ပြောကတည်းက သူ့ရင်ထဲမှာ မလုံ။ တာဝန်တစ်ရပ်ကို ထမ်း

ဆောင်ရသည်လား၊ နှလုံးသား၏ဆန္ဒကို လိုလိုချင်ချင် ဖွင့်ဟမိခြင်းပေလား။

ခုတော့ သူ တကယ်ချစ်မိပါပြီ။ ချစ်ရသည်မှာ ရင်မွှင့်လှလှ၊ လက်မထပ်ရသေးမီ စပ်ကြား သူ့အိမ်သူ ပြန်ပို့ရသည်ကိုပင် အူရော အသည်းပါ ကျွမ်းသဏ္ဍာလန်ရသည်အထိ မခွဲနိုင်မခွာရက်။ မေမေ ပြောသကဲ့သို့ မလုပ်ရက်ပါပြီ။ မေမေ့ဆန္ဒကိုအကောင်အထည် မဖော်ရက်သည့်နည်းတူ ကွယ်လွန်ခဲ့ရှာပြီဖြစ်သော မိခင်ကြီး၏ ဆန္ဒကိုလည်း မသွေဖည်ရက်ပါ။

သဲမောင် ရှုံးရပါပြီ သဲနုငယ်။

လင်းလက်ထွန်းက ဂီတာကို ကောက်ကိုင်သည်။ သံစဉ်ကလေးတွေ ညှိသည်။ စာရွက်လွတ်တစ်ခုနှင့် ဘောလ်ပင်ကို ယူကာ သီချင်းစာသားလေးများ ရေးချလိုက်၊ ဂီတာကြိုးကလေးများကို တီးခတ်လိုက်၊ အလိုက်ရှာရင်း ဖွဲ့နွဲ့ရင်းက သီချင်းတစ်ပုဒ် ရသွားတော့သည်။

**အချစ် အသဲကလေး နုနုငယ်**
**နှလုံးသား လက်ဆောင်ပေးချင်တယ်**
**လက်ခံမှာလား အသက်ရယ်**
**ဟန်အောင်၊ မဆိုနဲ့ တောင်းပန်မယ်**
**နှလုံးသားက ချစ်သဲနုနုငယ်ငယ်**
**ချစ်သဲနုငယ်ရေ**
**ကောင်းကင်ပြာနဲ့ သမုဒ္ဒရာတွေ**
**အပြောကျယ်တယ် ဆိုကြပစေ**
**တို့မေတ္တာက ပိုကဲနေ**



**ရင်ခွင်ထဲမှာ ထားပါရစေ**
**ပန်းကလေးတွေ မွှင်ကြပြီ**
**အရုဏ်ကျင်းရှို့ လင်းလက်သည်**
**ငှက်ကလေးတွေ နိုးချိန်အခါ**
**သူရိန်မင်းက ထိန်ထိန်ကြည်**
**မေတ္တာစမ်းရေ စီးသံမြည်**
**ချစ်ကြပါစို့နော် အတည်**
**မြတ်ဘုရားမှာ သစ္စာထား**
**သဲနုငယ် အတွက် ချစ်စကားစကား**
**အချစ်အသည်းကလေးက အနုအငယ်တား**
**အနန္တ ဆိုတဲ့ မေတ္တာများ**
**အချစ် ယုံရဲ့လား**
**အချစ် ယုံရဲ့လား**
**အချစ် ယုံရဲ့လား ...**"

"ဟော့ ... လင်းလင်း၊ သီချင်းအသစ်လားဟေ့"

"ဟုတ်ကဲ့ ... ဦးလေး"

လင်းလက်ထွန်း မျက်နှာက ထိန်ထိန်ကြည်နေသည်။ ဝမ်းသာအားရဟန်နှင့် တဝကြီး ပြောချသည်။

"ကျွန်တော် စမ်းရေးကြည့်တာ ဦးလေး"

"တယ်ဟုတ်ပါလား၊ ကောင်းတယ်၊ ကောင်းတယ်၊ စကားလုံးလေးတွေ နုတယ်၊ သံစဉ်ရပြီလား"

"ညှိတုန်းပဲ ဦးလေး၊ သိပ်တော့ စိတ်တိုင်းမကျသေးဘူး"

"အေးလေ ... နိုင်ငံခြားသီချင်း အလိုက်ထဲမှာ ဗမာစကားလုံး တိုက်ရိုက်သွင်းတာနဲ့စာရင် ကိုယ့်စကားလုံးကို ကိုယ့်ဘာသာ သံစဉ်ရှာတာ ဦးလေးက ပိုကြိုက်တယ်"

"ရတော့မယ် ဦးလေးရဲ့"

"ကြိုးစားစမ်းကွာ၊ မင်း တစ်နေ့မှာ မုချ လျှမ်းလျှမ်းတောက်မှာပဲ"

"ကျွန်တော့် ရင်ထဲက ခံစားချက်နဲ့ဆိုမဲ့ သီချင်းကို ကျွန်တော်ကိုယ်တိုင် ရေးချင်လို့ ဦးလေးရဲ့"

"ကောင်းကွာ၊ ဆက်လုပ်၊ ဆက်လုပ်"

ဦးတင်မောင်ဝင်းက သူ့သဘောကျလျှင် ဆက်လုပ် ဆက်လုပ်ဟု ပြောတတ်သလို သူ သဘောမကျလျှင် မလုပ်နဲ့၊ မလုပ်နဲ့ဟူ၍ ပြောတတ်သည်။ သူ့ဝသီပင်။ ယခု ဆက်လုပ်၊ ဆက်လုပ် ဆိုတော့ လင်းလက်ထွန်း တအားတက်ရသည်။

"သဲနုငယ်ရေ ... သဲနုငယ် အတွက် သီချင်း သဲမောင် ကိုယ်တိုင် ရေးမယ်၊ ဆိုမယ်၊ သီချင်းနာမည်ရော သိချင်သေးလား၊ 'ယုံရဲ့လား သဲနုငယ်' တဲ့"

ကိုယ့်ဘာသာ တစ်ဦးတည်း အရူးကြီးလို ပြောရင်းက ...

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"

ဆိုသည့် စကားသံကလေးကို ကြားလာမိပါ၏။

"ဩော် ... သဲနုငယ် သဲမောင် ပြောသမျှ ယုံနေရှာတဲ့ ချစ်သည်း နုနုငယ်ငယ်လေးရယ်၊ မင်းကို ဆက်မညာရက်ပြီကောကွယ်"



ဝင်းထိန်ကြည်ပါလေသည့် မျက်နှာရွှန်းလက်လက်မှာ ချက်ချင်းကြီး ညှိုးကျသွားရပါ၏။ ငွေစန္ဒာလမင်းကြီးကိုများ တိမ်ညိုမည်းက ဖုံးအုပ်လေသလား သဲနုငယ်ရေ၊ သဲမောင်ရဲ့အချစ်ဦး၊ မချစ်စဖူးလို့ အချစ်ထူး ချစ်မိတဲ့ မေတ္တာတွေကို အတိတ်ရဲ့စာကြည်းမှုတစ်ခုက အရောင်ဆိုးနေလေရဲ့၊ ယုန်သူငယ်လို အပြစ်ကင်းတဲ့ ချစ်သည်းနုငယ်လေးရယ် သဲမောင် ရူးရချေရဲ့ကွယ်။

မေမေရယ် ... အချစ်ဆာဟာရထဲမှာ အဆိပ်ရည်ပြွမ်းတဲ့ ရေစင်တစ်ခွက်မို့ သောက်တော့ မသောက်လိုက်နဲ့၊ အာသာပြေအောင်ကြည့် ... လို့များ ညွှန်းဆိုခဲ့ချင်တာလားဗျာ၊ သဲနုငယ်ရဲ့ နှလုံးသားကို ဖိချေနေတာက အမေ့သားရဲ့ နှလုံးသားနဲ့ပါဗျာ၊ သဲနုငယ် နှလုံးသား ကြေသွားတော့ကော အမေ့သားရဲ့နှလုံးသားက အကောင်းပကတိ ကျန်ခဲ့မတဲ့လား။

သူ့မျက်နှာကို အိုးမဲသုတ်ချင်လို့ ကိုယ့်လက်က အိုးမဲကို အရင်ကိုင်ရတဲ့ ဘဝမျိုးပါလား မေမေရယ်။

ဘယ်ဘဝက ဝဋ်ကြွေးများလဲ သဲနုငယ်။

လင်းလက်ထွန်းက သီချင်းစာရွက်တစ်ရွက်၊ ဘောလ်ပင်တစ်ချောင်း၊ ဂီတာတစ်လက်နှင့် ခံစားမှုမျက်နှာက ညှိုးလိုက်ရွှင်လိုက် ဖြစ်နေချိန်မှာ သဲနုငယ် ကျတော့ သူ့ဖေဖေ့ မျက်နှာရိပ်မျက်နှာကဲကို လေ့လာနေရသည်။

ဖေဖေ့ကို ဖွင့်ပြောပါတော့မည်။

ဖေဖေသာ အမိ၊ ဖေဖေသာ အဘ၊ သည်ဘဝမှာ သူ့သက်တမ်းတစ်လျှောက်လုံး နေခဲ့ရသည်။ အမိမဲ့၊ အစ်မမဲ့ သူ့ဘဝမှာ ဖေဖေသာလျှင် တစ်ဦးတည်းသော တိုင်ပင်ရာ။

ဆယ့်ခြောက်နှစ်ကျော်ကျော် ကျောင်း၊ အိမ်၊ ဆေးရုံ သံသရာလည်ခဲ့ရသည့် ချူချူချာချာ သမီးကလေးမို့လည်း ဖေဖေ ကိုယ်တိုင်လက်ပွန်းတတီး။

သည်သို့သော သမီးက ချစ်လိပ်ပြာကလေး ပျံကာဝဲမိပြီဆိုတော့ ဖေဖေ့ကိုများ အကြင်နာနည်းရာ ကျလေမလား။ ဖေဖေ မသိဘဲ ဘာတစ်ခုမျှ မလုပ်စဖူး၊ လုပ်ချင်စိတ်မရှိ။ ဖေဖေ့ကို ချစ်လည်းချစ်၊ ယုံလည်းယုံ၊ အားလည်းကိုးမို့ ဖခင်တစ်ဦးသာ ဆိုးတိုင်ပင် ကောင်းတိုင်ပင်။

ဖေဖေက ညှို့ခန်းနှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်မှာ ထိုင်နေသည်မို့ ဖေဖေ့ အနား တိုးကပ်ထိုင်ချသည်။

"ငယ်ငယ် ... သမီး"

ဖေဖေ့ အသံမှာကိုက အကြင်နာစီးကြောင်းများ မျောပါနေသည်။

ဖေဖေ့ ပခုံးကို မှီချ၊ ဖေဖေ့ ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်လိုက်တော့ ဖေဖေ့ လက်တစ်ဖက်က သဲနုငယ် ပခုံးထက်မှာ ကြင်ကြင်နာနာကလေး။

"ဖေဖေ"

"ဘာလိုချင်လဲ သမီး၊ ငယ်ငယ် တစ်ခုခု ပူဆာချင်ပြီ ထင်တယ်"

"ဟုတ်ကဲ့"

ရာစုနှစ်တွေ ဘယ်လိုဟောင်းလို့ ဘယ်လိုပင်ပြောင်းခဲ့ပေမင့် မြန်မာ့ယဉ်ကျေးမှုတွင် ဖခင်နှင့်သမီး ချစ်ရေးချစ်ရာ ဆွေးနွေးဖို့ကိစ္စကျတော့ ခက်ခဲလှပါဘိခြင်း။



ဖေဖေ မသိဘဲ ကိုယ့်သဘောနှင့်ကိုယ် လုပ်ထားပါသည့် ပြဿနာတစ်ရပ်ကို ဖေဖေ့ထံမှာ တင်ပြချင်သည်။ တင်ပြရန်လည်း ဝန်လေးသည်။ ဘဝစာမျက်နှာများပေါ်မှာ သဲမောင်နှင့် ချစ်မိရသည့် အကြောင်းများကို ခဲဖျက်နှင့်ဖျက်ပစ်လိုက်ရ၊ အို ... ဆွေးရုံနဲ့တောင် အသည်းထဲမှာ ကျဉ်ခနဲ ဖြစ်ရသည်။ ဖျက်မပစ်ရက်ပါဘူး သဲမောင်ရယ်။

သမီးအလိမ္မာ မိတဆိုးလေးဘဝမှာ အချစ်ရှာမိသည့် မိန်းမမိုက်ကလေး၊ သတ္တိမွေးပါလေဦးတော့။

"ပြောလေ ငယ်ငယ်၊ ဘာလုပ်ချင်လဲ၊ ဘာလိုချင်လဲ၊ ဖေဖေ့ကို အကုန်ပြော"

ဖေဖေ့ မျက်နှာ မော်ကြည့်တော့ နွေညရဲ့ လပြည့်ဝန်းကြီးကို ဖူးတွေ့ရသကဲ့သို့ အေးမြပါဘိခြင်း။ သြော် ... သဲမောင်ရယ်၊ သဲမောင်ရဲ့ ရင်ခွင်ထဲကျတော့လည်း ဆောင်ဦးရဲ့ နံနက်ခင်းမှာ နေဆာလှုံရသလို နွေးထွေးလိုက်ပါဘိခြင်း။

သဘာဝတရားကြီးက နွေကိုလည်း ဖြစ်စေတယ်၊ ဆောင်းကိုလည်း ဖြစ်စေတယ်၊ လမင်းကိုလည်း ဖန်ဆင်းတယ်၊ နေမင်းကိုလည်း ဖန်ဆင်းတယ်၊ ဘဝဆိုတာ နွေလည်းရှိသလို ဆောင်းလည်း ရှိတယ်၊ သက်ရှိလူသားတိုင်းဟာ လမင်းရဲ့အအေးဓာတ်မှာ ကြည်နူးခွင့်ရသလို နေမင်းရဲ့ အနွေးဓာတ်မှာလည်း ခိုလှုံခွင့်ရကြတာပဲ။

"ပြောလေ ငယ်ငယ်"

"ဟို ... ဖေဖေက သမီးကို၊ ငယ်ငယ့်ကို ပြောထားတာလေ"

"ဟော … ဖေဖေ ဘာပြောထားသလဲ သမီးငယ်၊ ဖေဖေ မေ့နေပြီ"

"ဖေဖေပဲ အမေ။ ဖေဖေပဲ အဖေတဲ့၊ ဟို … ဟို ဘာဖြစ်ဖြစ်ရဲ့ ပြန်ပြောရမယ်၊ ပြန်တိုင်ပင်ရမယ် ဆိုတာ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ သမီးငယ်ငယ်က ဘာတွေများ ထူးထူးထွေထွေ တိုင်ပင်ချင်နေလို့တုံး"

"ဟို … ဟို … ငယ်ငယ့်ကို စာတွေဘာတွေပေးရင်"

"ဩော် …"

ဖေဖေ့ "ဩော်"ကြီးက မချိမဆုံ ထွက်လာသည်။

"ပြော သမီးငယ်၊ ဘယ်သူက စာပေးသလဲ၊ ကျောင်းကလား"

"ဟင့်အင်း"

"ဒီလိုရှိတယ် သမီးငယ်၊ အရွယ်ရောက်လာတဲ့ မိန်းကလေးတိုင်း မလွဲမသွေ ကြုံရမဲ့ပြဿနာပါကွယ်၊ သမီးငယ်ငယ်လို လှလှချောချောကလေး ဆိုရင် ဒီလိုပြဿနာမျိုးက ပိုတွေ့ကြုံရမယ်ပေါ့"

သဲနုငယ်က ခေါင်းကို တွင်တွင်ငုံ့ရင်း နားထောင်ရသည်။

"ပင်လယ်ထဲမှာ ရှိနေမိတဲ့ ကျောက်ဆောင်ကြီးကို လှိုင်းကြက်ခွပ်ကလေးတွေကလည်း လာပြီး ရိုက်ခတ်မယ်၊ လှိုင်းလုံးကြီးတွေကလည်း လာပုတ်မယ် သမီးငယ်၊ မမှတ ပေကိုးကွယ့်၊ လေတိုက်ခတ်နှုန်း အနည်းအများပေါ်မှာ မူတည်ပြီး လှိုင်းလုံးအကြီးအသေး ကွာမယ်ပေါ့"



ဖေဖေ့ ဆိုလိုချက်ကို သဲနုငယ်က ဂရုစိုက် နားထောင်ရှာပါ၏။

"ကျောက်ဆောင် ဆိုတာကတော့ လေပြင်း ဘယ်လိုတိုက်တိုက်၊ လှိုင်းလုံး ကြီးကြီးသေးသေး ယိမ်းယိုင်လေ့မရှိဘူး သမီးငယ်၊ အဲလေ … ပန်းပွင့်ကလေး ဆိုရင်တော့ လေပြင်း လေနုပေါ် မူတည်ပြီး ယိမ်းမယ်၊ ယိုင်မယ်၊ အခိုင်ပါ ကျိုးကျနိုင်တယ်ပေါ့ သမီးငယ်၊ ဖေဖေ ပြောတာ နားလည်လား"

"ဟုတ်ကဲ့"

ဘာမှန်း ညာမှန်း မသိပါဘဲ ရမ်း၍ ဟုတ်ကဲ့လိုက်ရသည်။

"ဖေဖေ မေးမယ်၊ သမီးငယ်ငယ်ရဲ့ နှလုံးသားက ကျောက်ဆောင်ကြီးလား၊ ပန်းပွင့်ကလေးလား"

"ဟို … ဟို … ပန်း … ပန်း … ပွင့်"

ဖေဖေက စိုးရိမ်တကြီးနှင့် လက်ဖျားကလေး ဆွဲယူသည်။ သမီးငယ်၏ ခြေဖျားကလေးကို ငုံ့၍ဆုပ်သည်။

"ဟင် … ခြေဖျားလက်ဖျားကလေးတွေ အေးစက်လို့ပါလား ငယ်ငယ်ရယ်၊ သမီး ပြောချင်တာကို ဖေဖေ့ကို ရဲရဲတင်းတင်းသာ ပြော၊ မကြောက်နဲ့ ငယ်ငယ်၊ ဖေဖေ သမီး ကိုချစ်တယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"ဟု ပြောခဲ့သကဲ့သို့ "ယုံပါတယ် ဖေဖေရယ်"ဟု ပြောချင်မိပါ၏။ သည်အဖေနှင့်

သည်သမီး နှစ်ယောက်ပေါင်းမှ ဘဝတစ်ခု၊ ဖေဖေ့ခများ အဘယ်
မှာ မချစ်ဘဲ နေရှာပါလေမည်နည်း။

"စိတ်ကို ငြိမ်ငြိမ်ထား ငယ်ငယ်၊ သမီးစိတ်က ပန်းပွင့်ကလေးလို တောင်လေလာလည်း ယိမ်းတယ်၊ မြောက်လေလာလည်း ယိမ်းတယ် ဆိုရင်ဖြင့် အခိုင်ကျိုးကျနိုင်ပြီပေါ့ကွယ်၊ ဥယျာဉ်မှူး လုပ်ရတဲ့ ဖေဖေက ကိုင်းထောက်ကလေးတွေနဲ့ ဖေးမကူညီရတော့မယ်ပေါ့"

"ဒီလိုလည်း လေသိမ်းတိုင်း ယိမ်းနွဲ့နေတာတော့ မဟုတ်ပါဘူး ဖေဖေရယ်"

"ဖေဖေ နားလည်ပြီ သမီး၊ သမီးကို ပြောလာတဲ့လူတွေတော့ အများကြီးရှိတယ်၊ အခု သမီးပြောချင်တဲ့ ကိစ္စကျတော့ သမီးကိုယ်တိုင် စိတ်ဝင်စားလို့ ဖေဖေ့ဆီမှာ တင်ပြအကူအညီတောင်းတယ်၊ ဟုတ်လား သမီး"

"ဟုတ်ကဲ့"

"ဘယ်က သူငယ်လဲ"

ဖေဖေက တိတိကျကျ မေးချပါပြီကော။

"လင်းလက်ထွန်း တဲ့"

"ဘာလုပ်လဲ"

"သိချင်း ဆိုပါတယ်"

"ဩော် ... ပညာမရှိ၊ ပစ္စည်းမရှိ၊ အချစ်တစ်ခုတည်း ပြည့်ပြည့်စုံစုံ ရှိနေပါတယ်ဆိုတဲ့ သမီးတို့ ခေတ်လူငယ်တွေ သူရဲကောင်း ထင်တတ်တဲ့ အမျိုးအစားထဲကလား"



"သူက ဆယ်တန်းအောင်ပြီး စာပေးစာယူ ပထမနှစ်မှာပါ"

"အင်း ... ဆက်ပြောလေ"

"နောက်တော့ ဘွဲ့ရမှာပါ ဖေဖေ၊ အခု ဆယ့်ရှစ်နှစ်ပဲ ရှိပါသေးတယ်"

"ဖေဖေ့သမီး ငယ်ငယ်က ဆယ့်ခြောက်နှစ် ကျော်ရုံကလေး၊ ဩော် ... ငယ်လိုက်ကြတာ သမီးတို့ရယ်၊ မပျိုတတ်ခင်က အဝဲသင်ကြတာကိုး၊ သမီးက လက်ခံပြီးပလား"

"ဟုတ်ကဲ့"

ဖေဖေ့မျက်နှာ မည်သို့ဖြစ်သွားမည်ကို မော့မကြည့်ဘဲ သိနေရသောကြောင့် သဲနုငယ် မျက်နှာကို ပိုင့်ပစ်သည်။ ဘာကြောင့်မှန်းမသိ၊ မျက်ရည်စက်ကလေး တစ်ပွင့်က ဖေဖေ့ပေါင်ပေါ် ပေါက်ခနဲ ကျသည်။

သဲနုငယ့် မျက်ရည်စက်ကလေးကြောင့် ဦးလှဖေ ပေါင်မှာ နွေးခနဲ၊ ပေါင်ပေါ်မှ အနွေးဓာတ်က ရင်ထဲကျတော့ လှိုက်လှိုက်ဆူပါလေပြီကော။

"မိဘတွေကကော ဘယ်သူတွေလဲ၊ ဘာလုပ်လဲ"

"မရှိကြတော့ပါဘူး ဖေဖေ"

"ဖြစ်မှ ဖြစ်ရလေ သမီး ငယ်ငယ်"

ကလေကချေ ကောင်ကလေးကိုမှ ကြိုက်ပစ်ရလေခြင်းဟူ၍ တိုက်ရိုက်မဆိုပြား၊ ဖေဖေ့စကားက ဤအဓိပ္ပာယ်။

"ဟို ... သူ့အမေက ဖေဖေ့ မိတ်ဆွေတဲ့"

"ဘယ်သူတဲ့လဲ"

"နာမည် မသိပါဘူး ဖေဖေ"

"သမီး သိတာ ဘာရှိလဲ၊ အဖေ မသိဘူး၊ အမေ မသိဘူး၊ လင်းလက်ထွန်း ဆိုတဲ့ နာမည်ကလေးတစ်ခုပဲ သိတယ်"

ဖေဖေ ပြောမှ ဟုတ်ပါလားဟု တွေးမိသည်။ နောက်ဆုံး ဘယ်မှာနေမှန်းပင် မသိ၊ အိမ်လိပ်စာ မသိ၊ တယ်လီဖုန်းနံပါတ်ကလေး တစ်ခုတော့သိသည်။ လူတစ်ယောက်အကြောင်း စုံစေ့စွာ မသိဘဲလျက် ဘဝကြီးတစ်ခုလုံး ပုံအပ်ရန် စိတ်ကူးခဲ့မိသည့် မိမိသတ္တိကို မိမိကိုယ်တိုင် အထင်သေးချင်ချင်ပါ။ ဒါပေမဲ့ သဲမောင်ရယ် အချစ်မှာ အချစ်ပဲ ရှိပါတယ်၊ သဲမောင်က သိပ်ချစ်တယ်တဲ့၊ ယုံထားလိုက်တယ် သဲမောင်ရယ်။

"ငိုနေသလား သမီးငယ်"

ဦးလှဖေက သဲနုငယ့် မေးစေ့ကလေးကို အသာလေး ဆွဲမော့သည်။ ဖေဖေ့ မျက်ဝန်းနှင့် မဆိုင်ရဲပါ၍ မျက်တောင်ကော့ကလေး စင်းအချမှာ မျက်ဝန်းအိမ်ထဲဝယ် မည်သည့်အချိန်က ပြည့်လျှံနေမှန်း မသိရသည့် မျက်ရည်များက ပါးပြင်ပေါ်တွင် လမ်းကြောင်းတစ်ခု ဖောက်ချလိုက်သကဲ့သို့ စီးကျသွားရရှာသည်။

"ဖေဖေ့ အသည်းမှာ အခန်းကလေး သုံးခန်းရှိတာ သမီးငယ် သိပြီးသားနော်၊ အခန်းသုံးခန်း အနက်က **နှစ်ခန်းကို** ပိတ်ဆို့ထားခဲ့ရတာ သမီး တစ်သက်ပဲ၊ **တွယ်ကပ်မြွေးယှက်** နေတဲ့ ပင့်ကူမျှင်ကလေးတွေနဲ့ တင်ရှိနေမဲ့ **သဲမှုန့်ကလေးတွေ** ကိုတောင် ဖယ်ရှားခွင့် လှည်းကျင်းသုတ်**သင်ခွင့် မရခဲ့ပါ** ဘူး သမီးငယ်"

"ဖေဖေရယ်"



"သဲနုငယ် ဆိုတဲ့ အခန်းကလေး တစ်ခန်းတည်းကို သုံးခန်းစာ သုံးဆတိုးပြီး ယုယမွှမ်းမံခဲ့ရတယ်၊ သမီး မျက်ရည်ကျနေရတဲ့ကိစ္စမှာ ဖေဖေကရော ပျော်နေနိုင်မယ် ထင်သလားဟင်"

"မထင် ... မထင်ပါဘူး ဖေဖေ"

"ဒါကြောင့် သမီးငယ် စိတ်ချမ်းသာဖို့သာ ဖေဖေ့အတွက် အဓိကပါ၊ သမီးကောင်လေးကို ဖေဖေ တွေ့ချင်တယ်၊ ဖေဖေ ကြည့်မယ် သမီး"

"ဖေဖေရယ်၊ သမီး ငယ်ငယ် ကျေးဇူးတွေ တင်လိုက်တာ ဖေဖေရယ်"

"သမီး ဘယ်လို မှာမလဲ၊ စာရေးရမှာလား၊ လူကြုံရှိသလား"

သမီးရှင်တစ်ယောက် အနေနှင့် ကိုယ့်သမီး မည်သူတွေနှင့်ပေါင်းကာ မည်သို့ စခန်းသွားနေကြောင်း အချိုးသတ်စုံစမ်းခြင်း ဖြစ်ပါ၏။

"ဖုန်းဆက်မယ် ဖေဖေ"

"အင်းလေ"

သဲနုငယ်၏ ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ထွေးပွေ့ဆွဲထူပေးလိုက်သည်။

"မလုံးကို သမီးအခန်းထဲ ဖုန်းယူခိုင်းလိုက်လေ"

"ဖေဖေရယ် သမီးကို ညှာလိုက်တာ။ သမီးကို ဖေဖေ သိပ်ချစ်တယ်နော်၊ သမီး ... သမီးကို ခွင့်လွှတ်နိုင်ရဲ့လား ဖေဖေ"

"ဩော် ... သမီးရယ်၊ ဖေဖေတို့ လျှောက်ခဲ့ဖူးတဲ့လမ်းကြောင်းတစ်ခုပေါ်မှာ သမီး ခြေချတာပဲ၊ ခွင့်မလွှတ်နိုင်စရာ ဘာရှိလဲကွယ်၊ သမီး လမ်းလျှောက်တတ်တာက ဖေဖေ့ထက် စောနေတာလေး တစ်ခုပဲ"

ဦးလှဖေက ပြုံးလျက်ပြောသည်။ သဲနုငယ် မျက်နှာပေါ်မှာ ရှက်ပြုံးကလေးတစ်ချက် ပွင့်သွားရသည်။

"တယ်လီဖုန်းကို သမီးပဲ ရွှေ့သွားတော့မယ်"

"အေးလေ ... အိပ်ရေးဝအောင်အိပ်နော် သမီးငယ်"

သဲနုငယ်၏ ခြေလမ်းကလေးများက သွက်လှပါဘိတော်း။ တယ်လီဖုန်းကလေးကို မ,သယ်လာကာ သူမ ခုတင်ဘေးက ပလပ်ပေါက်မှာ တပ်သည်။ အိပ်ရာပေါ်မှာ အကျအနလဲလျောင်းပြီးမှ ဂဏန်းငါးလုံးကို လှည့်သည်။ အချစ်ရည်တို့ဖြင့် စိုစိုရွှမ်းပါသည့် မျက်ဝန်းကလေး အစုံမှာကား တလင်းလင်းတလက်လက်။

"ကိုလင်းလက်ထွန်းနဲ့ စကားပြောချင်လို့ပါရှင်"

"သဲနုငယ်လားဟင် ... သဲမောင်ပါ"

"ဟယ် ... သဲမောင်ရယ် ဝမ်းသာလိုက်တာ"

"သဲနုငယ် ထီပေါက်လို့လား"

"အိုး ... အဲဒါများတော့ အသေးအဖွဲ"

"သိပြီ ... သိပြီ၊ ယောက္ခမကြီးက ပေးစားမလို့တဲ့လား"

"ကြည့်စမ်း ... သဲမောင်နော်၊ တော်တော်အသားယူတယ်"

"ဒါဖြင့် ပြောလေ"



"မနက်ဖြန် အားလား"

"သဲနုငယ် အတွက်ဆိုရင် အားလွန်းလို့ တအားအားနဲ့ အော်နေတာ၊ ကျိုးကန်းတောင် ရှုံးမယ်"

"သိပ်ပိုနော်"

"ပိုလိုက်ပြီ"

"မနက်ဖြန်မနက် ရှစ်နာရီခွဲ သဲနုငယ်တို့ အိမ်ကို လာခဲ့ပါ၊ ဆက်ဆက်နော်"

"ချွေးဆိုးကြီးတွေ ကြိုးဖြေလွှတ်ထား"

"အကောင်းပြောနေတာ၊ ဖေဖေက တွေ့ချင်တယ်တဲ့"

"ဘာရယ်"

"ဖေဖေက ... ဖေဖေက သဲမောင်ကို ကြည့်မယ်တဲ့၊ အဲဒါ သမက်လောင်းအင်တာဗျူးနော်၊ ကောင်းကောင်းလာခဲ့"

"မြတ်စွာဘုရား"

မထင်ရေးချ မထင်ခဲ့ပါလေသည့် ဖြစ်ရပ်ပါတကား။

"သဲနုငယ်က ဖွင့်ပြောလိုက်ပြီလား"

"ဒါပေါ့"

"သတ္တိတွေ တစ်ထွေးကြီးနဲ့လား"

"အစစ်ပေါ့"

"ဘာတွေ ပြောသေးလဲ"

"ကြည့်မယ်တဲ့"

"ဘာကြည့်မှာလဲ"

"သိဘူးလေ"

"ကြည့်ပြီးမှ မကြိုက်ရင်ကော"

"သိဘူးလေ"

"ကြိုက်ရင်ကော"

"သိဘူးလေ"

"ဒါဖြင့် ဘာသိလဲ"

"သဲနုငယ်က သဲမောင်ကို သိပ်ချစ်နေတာ၊ သဲမောင်က သဲနုငယ်ကို သိပ်ချစ်နေတာ သိတယ်၊ အချစ်မှာ အချစ်ကို ဝိုဝိုပြင်ပြင် သိတယ်ဆိုရင် မပြည့်စုံသေးဘူးလား"

ခက်လည်း ခက်သည့် ဆယ်ကျော့်သက်များပါတကား။

"ဖေဖေက မေးတယ် ဘယ်မှာနေလဲ၊ ဘာလုပ်လဲ၊ ဘယ်သူ့သားလဲ၊ သဲနုငယ် ဘာတစ်ခုမှ မဖြေနိုင်ဘူး သဲမောင်ရယ်၊ ဖေဖေက သဲနုငယ် သိတာ ဘာရှိလဲတဲ့"

"စောစောက ပြောသလို မဖြေလိုက်ဘူးလား"

"ပြောရဲပါလိမ့်မယ် အားကြီးကြီး၊ ဒါပဲနော် ကိုယ်ရေးရာဇဝင်ကို အတိအကျ ပြုစုလာခဲ့"

"ဂုဏ်မရှိ၊ ငွေမရှိ၊ ပညာမရှိတဲ့ မောင်ဗလာကလေး"

ပြောရင်းက လင်းလက်ထွန်းက အံကြိတ်မိသည်။ သည်လို ဂုဏ်မရှိ၊ ငွေမရှိ၊ ပညာမရှိအောင် ဖန်တီးခဲ့သူကား ဦးလှဖေ။

"အချစ်ရှိတယ်လေ သဲမောင်ရယ်"

"ဒါတော့ ဘဂ်လားအော်နဲ့ အပြည့်"



"ယုံပစ်လိုက်ပြီ သဲမောင်ရယ်"

"သဲမောင်ရေ ... တာ့တာ"

ဟု ဆိုကာ တယ်လီဖုန်း ချသွားပါလေပြီ။ လင်းလက်ထွန်းမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား။ "ဘယ်ဝင့်ကယ်ဖန်၊ မဟန်သည့် အချက်ရယ်နဲ့၊ ဖြေရန်ကွယ် ခက်ချေရဲ့ ဒုက္ခကြွယ်"ဟူ၍ ငိုချင်းချရမည်လား။

မေမေ့ အမုန်းတော် လူဆိုးစားပြ၊ လူသတ်ကောင်ကြီးကဖြင့် သမက်လောင်း အင်တာဗျူး ခေါ်ပါလေပြီ။ အဘယ်သို့သော ပုံစံနှင့် အတွေ့ခံရပါမည်နည်း။ မေမေရေ မေမေ ပေးခဲ့ဖဲ့ ဝင့်ကြွေးဟုဆိုကာ အော်ငိုရမည်လား၊ ဖေဖေ့ အတွက် ကလဲ့စား ချေရမည်လား၊ သဲနုငယ့် မျက်နှာကလေးကို ထောက်ထားရမည်လား။

သဲနုငယ် အပေါ် ချစ်သည့်စိတ်ကို ခါခါဘိုရာဇီ တောင်ကြီး၏ ထုထည်နှင့် နှိုင်းဆရပါလျှင် သဲနုငယ်အဖေ့အပေါ် နာကြည်းစိတ်က မြူမှုန်များနှယ် ရစ်ဆိုင်းနေလိုက်သည်ကလည်း တောင်ကြီးတစ်ခုလုံး ဖုံးသည်အထိ။

အချစ်နှင့် အမုန်းက လွန်ဆွဲကြသည်။ မေမေ့ဆန္ဒကို အကောင်အထည် ဖော်လိုစိတ်နှင့် သဲနုငယ် အပေါ်ထားသည့် အချစ်တို့က အားပြိုင်ကြသည်။ ရင်တစ်ခြမ်းက ပွက်ပွက်ဆူနေချိန်မှာ ကျန်တစ်ခြမ်းက ရေခဲအမှတ်ဆီသို့၊ မီးခဲရဲရဲကို ရေခဲရေထဲ ပစ်ချခံရသည့်နှယ် ရှဲခနဲမြည်ဟြား၊ လင်းလက်ထွန်း၏ နှလုံးသား ပင်လယ်ပြင်ကြီးမှာ ဆိုင်ကလုံးမုန်တိုင်း။ ငြိမ်းချမ်းရေးနယ်မြေမှာ

ကြီချပါလေသည့် ဟိုင်ဒရိုဂျင်ဗုံး။ အဖြူရောင် ပိတ်သားပေါ်မှ သွေးစက်များ။

သဲမောင် ရူးရချေရဲ့ သဲနုငယ် ...။

"ဦးဘထွန်းနဲ့ ဒေါ်ရင်ငြိမ်းတို့ရဲ့ သားပါ"

"ဟော"

ဦးလှဖေ၏ မျက်ခုံးအပြင်အစွန်းနှစ်ဖက် မြင့်တက်သွားသလို အတွင်းအစွန်းနှစ်ခုက ပိုမိုနီးကပ်သွားကြသည်။ မွှင်အာသွားရသည့် ပါးစပ်ကိုပင် ပြန်ပိတ်ဖို့ သတိမရ။ "ဟော"ဆိုသည့် အသံကြီးက ဝမ်းခေါင်းတွင်းမှ လှိုက်တက်လာသည်။

လင်းလက်ထွန်းက စေ့စေ့ ပြန်ကြည့်သည်။ ပစ်မှတ်ကို ဒက်ထိမှန်သွားပြီဖြစ်ကြောင်း ပီတိအပြည့်နှင့် အသိအမှတ်ပြုသည်။ တုဘဝမှာ ထုခဲ့သမျှ ပေဘဝကျတော့ ခံလေဦးတော့ ဦးလှဖေ။

"အဲဒီ ဒေါ်ရင်ငြိမ်းက ဖေဖေ့ မိတ်ဆွေတဲ့၊ ဖေဖေ့ကိုသိပေမဲ့ နွမ်းပါးနေတဲ့အချိန်မို့ အကူအညီ မတောင်းချင်တာနဲ့ အဆက်အသွယ် မလုပ်ခဲ့ပါဘူးတဲ့"

ယုန်ဖြူမလေး သဲနုငယ်က တစ်တပ်တစ်အားကလေး အနေနှင့် ဝင်ပြောရှာသည်။



"မင်းအမေက ဘာတွေ မှာခဲ့သလဲ"

"ကျွန်တော့် အမေကလား။ ဟဲ ... ဟဲ ... ခင်ဗျားကြီးရဲ့ ယုတ်မာမှုတွေကို ဖွင့်ချခဲ့တာပေါ့" ဟူသည့် စကားကိုရင်ထဲမှာ အရင်ပြောသည်။ နှလုံးသားကို မဲ့ပစ်သည်။ ပြီးတော့မှ နှုတ်ခမ်းနှစ်လွှာက ပြုံးပြသည်။

"အရင်တုန်းကတော့ လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်းဆွေဟောင်းတွေပါတဲ့၊ ဖေဖေ့ မရှိတော့ ကျွန်တော်တို့မှာလည်း နွမ်းပါးတယ်၊ ဦးတို့မှာလည်း စီးပွားတက်ချိန်ဆိုတော့ အဆက်အဆံ မလုပ်ရဲပါဘူးတဲ့"

ပြောရသည်က တခြား၊ ပြောချင်တာက တခြား။ "ခင်ဗျားကြီးဟာ တစ်ချိန်က ကျုပ်အဖေရဲ့ ဒရိုင်ဘာ"ဆိုသည့် စကားကို မျိုချရပြန်သည်။

"ပြီးတော့ကော"

"မေမေ့မှာလည်း သမီး မရှိတော့ သဲနုငယ်ကို သမီးရင်းကလေးလို ခင်မင်မိပါတယ်၊ ဒါပေမဲ့ အခြေအနေတွေက အစစအရာရာ ကွာခြားနေပြီမို့ သိုက်တူးတယ် အပြောခံရမှာ စိုးတယ် သားရယ်၊ ဆင်ခြင်ပါတဲ့"

"သြော် ... သြော်"

"နားနဲ့မနာ ဖဝါးနဲ့ နာပါတော့ ဦးရယ်၊ သဲနုငယ်ကို ကျွန်တော် သံယောဇဉ် ဖြစ်မိတော့ အတန်တန် ထိန်းပါသေးတယ်၊ ခင်မင်စွဲလမ်းတာက စွဲလမ်းတာ တခြား၊ သဲနုငယ် အပေါ်မှာ ဘယ်လိုနည်းမျိုးနဲ့မှ ကျွန်တော် သွေးဆောင်ဖြားယောင်းခြင်း မပြုခဲ့ပါဘူး၊ သန့်သန့်ရှင်းရှင်း

မေတ္တာထားမိခြင်းသာ ဖြစ်ပါတယ်၊ ဘယ်လိုမျှော်လင့်ချက်မျိုးမှ မထားခဲ့ပါဘူး၊ ဦးကိုလည်း လေးစားပါတယ်၊ ကျွန်တော့် သဘောက ဦးအနေနဲ့ ကြည်ဖြူ လိုက်လျောတာနဲ့စာရင် စိတ်ဆိုးပြီး အမွေဖြတ်ပစ်ဖို့ကိုတောင် ပိုပြီးမျှော်လင့်ပါတယ်"

"ဘာဖြစ်လို့လဲ"

"စည်းစိမ်ဥစ္စာကို မမက်မောကြောင်း သက်သေထူချင်တာပါ၊ ကျွန်တော်ပဲ ရှာကျွေးချင်တာမျိုးပါ၊ ဦးတို့ အဆင့်အတန်းကို မမီတောင်မှ လူတန်းစေ့ နေနိုင်ဖို့၊ ဝဝစားပြီး လှလှဆင်နိုင်ဖို့ ကျွန်တော် ကြိုးစားပြချင်ပါတယ်"

ဦးလှဖေ သက်ပြင်းကြီး ချရှာသည်။ ဒီကောင်လေး စကားလှအောင် ပြောနေတာလား၊ ရင်ထဲကပါလို့ ပြောတာလား သူ့အမေရဲ့သဘောထားက ငါ့အပေါ်မှာ ဘယ်လိုရှိခဲ့သလဲ၊ မေးခွန်းပေါင်း မြောက်မြားစွာ ရင်ထဲမှာ ရှုပ်ယှက်ခတ်နေတော့သည်။

လင်းလက်ထွန်း အနေနှင့် ပြောချင်တာက တခြား ပြောရတာက တခြား ဆိုပေမင့် မုသားစကားများတော့လည်း မဆိုနိုင်ပါ။ သဲနုငယ် အပေါ် ချစ်သည့် အချစ်နှင့် စိတ်ထားကျတော့ သူ့ရင်ထဲမှာ ရှိသည့်အတိုင်း ပြောပြခြင်းရယ်ပါ၊ ဦးလှဖေ အပေါ်ကျတော့ ...။

"ဦးဘထွန်းနဲ့ ဒေါ်ရင်ငြိမ်းတို့ သားဆိုရင် ဦးကိုယ်တိုင် ချီပိုးထိန်းကျောင်းခဲ့ဖူးတာပဲ၊ နာမည်က လင်းလင်း မဟုတ်လား၊ ရုတ်တရက်တော့ မမှတ်မိဘူး၊ ပြောမှ ဆက်စပ်ယူရတာ"



လင်းလက်ထွန်းက ရှပ်အင်္ကျီအိတ်တွင်းမှ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ထုတ်ပြသည်။ သူ့ဓာတ်ပုံ၊ အမည် မောင်လင်းလင်း၊ မိဘအမည် ဦးဘထွန်း-ဒေါ်ရင်ငြိမ်း။

"လင်းလင်းပါပဲ ဦး၊ သီချင်းဆိုတော့ လင်းလက်ထွန်း ဆိုတဲ့ နာမည်နဲ့ ဆိုတာပါ"

ဦးလှဖေက မှတ်ပုံတင်ကတ်ပြားကို ယူကြည့်သည်။

"မင်းတို့ သားအမိဟာ ဦးနဲ့ ဒီထက်စောပြီး ဆက်သွယ်ခဲ့ဖို့ကောင်းတယ်"

"မေမေ့ အနေနဲ့က နွမ်းပါးတော့လည်း တောင်းနိုးချေးနိုး အထင်ခံရမှာ စိုးပါတယ်"

"ဦးက ဒီလို မရိုင်းပါဘူးကွယ်"

ဪ... မရိုင်းလို့သာပဲ၊ ပတ္တမြားကြီးငါးလုံးယူ၊ လူသတ်၊ ကျုပ်မှာသာ အဖမဲ့ပြီး စည်းစိမ်ပြုတ်ကျန်ရစ်ခဲ့ရတာ။

သည်စကားစုများကိုလည်း တံတွေးနှင့်အတူရောကာ အစာအိမ်တွင်းသို့တိုင် မျိုချရပြန်သည်။

"မင်း တက္ကသိုလ် ဆက်တက်မလား"

"မတက်တော့ပါဘူး ဦး"

"ဘွဲ့မရချင်ဘူးလား"

"စာပေးစာယူနဲ့ ဖြေရင်းပဲ ယူပါတော့မယ်၊ အခု ကျွန်တော့် လုပ်ငန်းကလည်း အောင်မြင်စ ပြုလာပါပြီ၊ စီးပွားရေးပဲ လုပ်တော့မယ် စိတ်ကူးပါတယ်"

"မင်း အလုပ်က အာမခံချက် ရှိလို့လား"

"စန်းထလာတဲ့ တစ်နေ့မှာတော့ အထွက်အထိပ်ကို ရောက်မှာပါပဲ၊ ကျွန်တော့်မှာ အခု ခြေစောင့်လက်စောင့် နည်းနည်းပါးပါးလည်း ရှိပါတယ်၊ စုမိဆောင်းမိတဲ့အခါ အထွတ်အထိပ်က ပြန်လျှောကျရင်လည်း အခု ကျွန်တော့်အလုပ်ရှင်လုပ်တဲ့ အလုပ်မျိုး ကိုယ်တိုင် ဝင်မဆိုတော့ဘဲ ရင်းရုံနှီးရုံနဲ့လည်း စီးပွားဖြစ်ပါတယ်"

"အေးလေ ... မင်းအဖေကလည်း တစ်ချိန်တုန်းက ထိပ်ထိပ်ကြဲဆိုတော့ ဆင်ပိန်တော့လည်း ကျွဲလောက်တော့ကျန်တယ်ပေါ့"

"မကျန်ပါဘူး ဦး၊ ဆင်ကြီးက ပိန်ကျလိုက်တာ ခွေး ... အဲ ... ဆိတ်ပေါက်စလောက်ထိ ပါပဲ"

"ငွေရေး ကြေးရေးက အကြောင်းမဟုတ်ဘူး လင်းလင်း၊ ဦးအနေနဲ့ သမီးရှင် ဆိုတော့ သမီးငယ်ငယ် စိတ်ချမ်းသာပြီး ကိုယ်ကျန်းမာဖို့က အဓိက ဖြစ်တယ်"

"ဦး ယုံကြည်စိတ်ချနိုင်လောက်တဲ့ အချိန်အထိ စောင့်ကြည့်ပါလို့ပဲ ပြောပါရစေတော့"

"ဒီလိုရှိတယ်ကွယ့်၊ သမီးငယ်ငယ်ရဲ့ ဘဝလုံခြုံရေးအတွက် သူ့အဖော်ကို ရွေးတဲ့နေရာမှာ အမှတ်တစ်ရာပေးတယ်ထား၊ သမီးကိုယ်တိုင် စိတ်ပါတာက ၂၅ မှတ်၊ အဲဒီ အမှတ်ကတော့ လင်းလင်း ရပြီးသား"

"ဟုတ်ကဲ့"

"ဦး စိတ်တိုင်းကျ၊မကျ ဆိုတာက ၂၅ မှတ်"

"အဲဒါ ... အဲဒါ"



"အဲဒီ ၂၅ မှတ်ကိုလည်း ဦးဘထွန်း ဒေါ်ရင်ငြိမ်းရဲ့သားဖြစ်တယ်ဆိုတဲ့ အကြောင်းတစ်ခုတည်းနဲ့ ရသွားပြီလို့ သဘောထား"

"ခင်ဗျာ"

, အထင်နှင့် အမြင်က ပါစင်အောင် လွဲပါလေပြီကော။ "ဦးဘထွန်း–ဒေါ်ရင်ငြိမ်း,သား ဆိုတာနဲ့တင် မပေးစားနိုင်တော့ဘူးဟေ့"ဟူသည့် စကားကိုသာ မျှော်လင့်ထားခဲ့သည် မဟုတ်ပါလား။ ခုတော့ သည်မိဘ၏ သားဖြစ်သည့်အတွက်နှင့်ပင် စိတ်တိုင်း ကျသွားရပြီတဲ့။

သည်အဘိုးကြီး ပညာပြချေပြီဟု လင်းလက်ထွန်းတွေးလိုက်မိပါသည်။ သဲနုငယ်နှင့် ပတ်သက်လေသမျှ ဆွတ်ပျံ့ကြည်နူးပါလေတိုင်း ဦးလှဖေ အပေါ်မှာတော့ တစ်စက်ကလေးမျှ လျှော့မတွက်နိုင်ပါ။

"ရိုးသားကြိုးစားစွာ အသက်မွေးဝမ်းကျောင်းခြင်းက ၂၅ မှတ်ထား၊ အဲဒါကိုတော့ စောင့်ကြည့်ရမယ်၊ မင်းရဲ့အသက်မွေးမှုမှာ ဘယ်လောက် ရိုးသားတယ်၊ ကြိုးစားတယ်ဆိုတာ တစ်ထိုင်တည်းနဲ့ ဆုံးဖြတ်လို့ မရနိုင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့တုန်းကတော့ လူသတ်ပြီးတော့တောင် ပစ္စည်းမြားတွေ မတရား အပိုင်စီးခဲ့တယ်၊ ဟင်း ... သမက်လောင်းကျတော့ ရိုးသား ကြိုးစားစွာ အသက်မွေးရုံမတဲ့၊ ကျလည်းကျတဲ့ အဘိုးကြီး" သည်စကားစုကျတော့ အစာအိမ်တွင်းသို့တိုင် ကျမသွား၊ လည်ချောင်းတွင်းမှာပင် တစ်ဆို့ဆို့၊ ဖွင့်ချင်အန်ချင်လိုက်ပါဘိ။

"နောက်ဆုံး ၂၅ မှတ်က သမီးငယ်ငယ် အပေါ်မှာ သစ္စာရှိရှိနဲ့ အရှည်သဖြင့် ကြင်နာနိုင်ပါ့မလား ဆိုတဲ့ အချက်ပဲ၊ အဲဒါလည်း စောင့်ကြည့်ရမှာပဲ လင်းလင်း"

"မှန်ပါတယ် ဦး၊ ဒါပေမဲ့ အဲဒီအတွက် ကတိကိုတော့ ကျွန်တော့်ဘက်က တစ်ထိုင်တည်းနဲ့ ရဲရဲကြီး ပေးဝံ့ပါတယ်"

"သိပ်ငယ်ကြသေးတယ်၊ ဆယ်ကျော်သက်က ဆုံးဖြတ်ချက်ဟာ အရွယ်ရောက်လာချိန်ထိ မြဲချင်မှ မြဲတတ်တယ်"

ပြောချင်တာနှင့် ပြောဖြစ်တာက တခြားစီ။ မပြောချင်တာ ပြောရပြီး ပြောချင်တာများကျတော့ မျိုချနေရသည်။ သူ့သမီးကို ချစ်သလောက် သူ့အဖေကို နလုံးနာသည်။

နောက်ပြီး ... ကိုယ့်အဖေကို သေကြောင်းကြံ၊ ကိုယ့်စည်းစိမ်ကို မတရား အပိုင်စီးခဲ့သူမို့ ...။

"ဦးသဘောကတော့ သမီး ငယ်ငယ် အသက်ကလေး နှစ်ဆယ်လောက်တော့ ပြည့်ပါစေ၊ မင်းလည်း ဘွဲ့ရ၊ အခြေတကျကလေး ဖြစ်တဲ့အထိ စောင့်ကြည့်ချင်တာပဲ"

ဒီအဘိုးကြီး ကြိုးရှည်ရှည်နှင့် လံတာလား၊ အတင်းခွဲလျှင်တော့ မရ,ရအောင် ခိုးပြေးမယ်ဆိုသည့် စိတ်ရိုင်းတို့က မှန်တိုင်းဆင်ပြန်သည်။

"ဒီကြားထဲမှာ လုံးဝအဆက်အသွယ် မရှိစေချင်တဲ့ သဘောပါလား ဦး"

ဦးလှဖေ ခေါင်းခါသည်။

"အိမ်ကို လာလည်ပါ၊ ဒီဧည့်ခန်းထဲမှာ မိသားဘသားပီပီတွေ့ခွင့်ရှိတယ်၊ အဲ ... ဦးပဲ အဖေ၊ ဦးပဲ အမေ ဆိုသလို



ဖြစ်နေရတော့ကွယ် ရှင်းရှင်းပြောရရင်တော့ ရုပ်ရှင်တို့ ဘုရားတို့ စတဲ့နေရာမျိုးတွေ အိမ်ကကားနဲ့ အိမ်ကယာဉ်မောင်းနဲ့ မလုံး အဖော်ခေါ်ပြီး သွားခွင့်ရှိတယ်၊ နှစ်ယောက်တည်း ကိုးကျင်းကိုးချောင်း အင်းလျားတို့ ကန်တော်ကြီးတို့ တိရစ္ဆာန်ရုံတို့ ဆိုတာမျိုးတော့ ဦး ခွင့်မပြုနိုင်ဘူး"

"ကျေးဇူးကြီးလှပါတယ် ဦးရယ်"

"ဟင် ... ဖေဖေရယ်၊ သမီး ... သမီး ငယ်ငယ့် ဝမ်းသာလိုက်တာ၊ ဖေဖေ ... ဖေဖေ ..."

"ဟဲ့ ... သမီး ငယ်ငယ်"

"သဲနုငယ် ... သဲနုငယ်"

တစ်ချိန်လုံး ကုပ်ကုပ်ကလေး ထိုင်ကာ နားထောင်နေရှာပါသည့် သဲနုငယ်၊ ဖခင်ကြီး၏ စကားအဆုံးမှာ ဝမ်းသာအားရနှင့် ဖေဖေ့ဆီ ပြေးအလာ လမ်းတစ်ဝက်မှာပင် လဲကျသွားရှာပါတော့သည်။

"ဟဲ့ ... မလုံး၊ ဆရာဝန်ခေါ်၊ ပန်ကာဖွင့်စမ်း လင်းလင်း၊ သမီး ... သမီး ... ငယ်ငယ်"

"သဲနုငယ် ... သဲနုငယ်"

လင်းလက်ထွန်းက ပန်ကာပြေးဖွင့်ပေးပြီး လာပြန်ပွေ့သည်။ ဖအေရှေ့ပေမင့် မဆင်ခြင်နိုင်။

"သဲနုငယ် ... သဲနုငယ်"

သဲနုငယ် ကိုယ်ကလေးကို ဖခင်နှင့်ချစ်သူ ယောကျ်ားကြီးနှစ်ဦး မည်သူမျှ လွှတ်မပေးရက်ဘဲ ပြိုင်တူပွေ့ချီကာ အိပ်ရာပေါ်တင်ပေးကြသည်။

"အဲဒါပဲ လင်းလင်း၊ စိတ်ဆင်းရဲ မခံနိုင်ဘူး၊ ဝမ်းသာလွန်းလို့လည်း မရဘူး"

ဖြစ်မှ ဖြစ်ရလေ သဲနှင်းယံ၊ သဲမောင် သဲနားလိုက်တာကွယ်၊ အချစ်ရယ် ...၊ မင်းကို သဲမောင် နိုပ်စက်မိပြီထင်ပါရဲ့ သဲနှင်းယံ၊ သဲမောင်ရဲ့ ချစ်သည်းနုနုငယ်ငယ်ကလေးရယ်။



မြတ်ဘုရားထံပါး စကားသက်သေတည်

"သိပ်ချစ်တယ် သဲနှင်းယံ",

"အိုကွယ် ... ဘုရားရင်ပြင်တော်ကြီးမှာ"

"ပြောဦးလေ၊ ယုံပစ်လိုက်ပြီ သဲမောင်ရေလို့"

"ဘုရားပေါ်မှာ မပြောကောင်းဘူး သဲမောင်ရဲ့"

"သဲမောင် အဖို့တော့ ပြောကောင်းတယ်"

"ဘာဖြစ်လို့လဲ"

"အနန္တောအနန္တ ငါးပါးကလွဲရင် အချစ်ကို ကိုးကွယ်တယ်"

"ကြံကြံဖန်ဖန် သဲမောင်ရယ်"

"သဲမောင်က ညအိပ်ခါနီးတိုင်း ဘုရား ကိုးကွယ်ပါ၏။ တရား ကိုးကွယ်ပါ၏၊ သံဃာ ကိုးကွယ်ပါ၏။ မိဘဆရာသမား ကိုးကွယ်ပါ၏။ အချစ်ကို ကိုးကွယ်ပါ၏လို့ဆိုတာ"

"သဲမောင် စကားအိုးရယ်၊ ပြော ... ပြော"

"ဟုတ်တယ်လေကွယ်၊ အချစ်ဆိုတာ ရှိနေလို့ သဲနှင်းယံလေး ကျန်းမာရေး တော်တော်ကောင်းလာတာ မှတ်လား၊

အာရောဂျံပရမံလာဘံ ဆိုတဲ့စကား ရှိပေမဲ့ အချစ်ရှိမှ အာရောဂျံတာ”

“သဲနုငယ်လေ၊ သဲမောင်ကို သိပ်ချစ်မိတာနဲ့ မဖျားတာတောင် ကြာပြီ၊ ဟိုတစ်ခါ သတိမေ့လဲကျသွားတာလေးတစ်ခုပဲ”

“အဲဒီတုန်းကများ ဦးရေ့မှာ ဖြစ်ပေမဲ့ မရှောင်နိုင်ဘူး၊ ပါးချင်းကပ်ထားမိတယ်”

‘ဖေဖေ ဒီလောက် လိုက်လျောလိမ့်မယ်လို့ ထင်တောင်မထင်မိခဲ့ဘူး၊ သမီးကို သိပ်ချစ်ရှာတော့လည်း အလိုလိုက်ရှာတယ် သဲမောင်ရယ်၊ ဖေဖေ့ကို သိပ်သနားတာပဲ”

“သဲမောင်ကိုရော”

“သိပ်ချစ်တာပေါ့”

“ဒီလို လိုက်လျောထားတာ သဘောရိုးရဲ့လား သဲနုငယ်”

“ဟင် ... ဘာဆိုလိုတာလဲ သဲမောင်ရယ်”

“အနုနည်းနဲ့များ ခွဲပစ်မှာလားလို့ သဲမောင် စိတ်ပူတယ်”

“ဖေဖေ့ကို မပြစ်မှားပါနဲ့ သဲမောင်ရယ်”

ဩ ... ခင်ဗျားလေးရဲ့ အဖေက ကျုပ်အဖေကို ပြစ်မှားခဲ့တာမှ ပါဏာတိပါတကံကြီး ... ဟူ၍ ပြောချချင်စိတ်ပင်ပေါက်ရသည်။ သို့ပေမင့် သဲနုငယ် အချစ်သည်းကို ပြောမထွက်ရက်ပါပေ။

ချစ်မိပြီ ဆိုတော့လည်း အချစ်သည်သာ ကိုးကွယ်ရာ။ သဲနုငယ် အပေါ်မှာ ချစ်မိသည့်စိတ်က အလိမ်အညာမပါ၊



ပကတိ ဖြူစင်သည်။ သဲနုငယ်ကိုတော့ တကယ်ပင် လှိုက်လှိုက်လှဲလှဲ ရင်နှင့် အသည်းနှင့် ချစ်မိပါ၏။ သွားလေသူ မိခင်ကြီး၏ဆန္ဒတွေမှ သည်တစ်ခုကိုတော့ သွေဖည်မိပါပြီ။ “တကယ်မချစ်ရဘူး လင်းလင်း” ဟူသည့် စကားက နားထဲမှမထွက်၊ “တကယ်ချစ်မိပါပြီ မေမေ”ဟူသည့် စကားကိုလည်း စက္ကန့်နှင့်အမျှ မြည်တမ်းမိပါ၏။

လင်းလက်ထွန်းနှင့် သဲနုငယ်တို့က ရွှေတိဂုံဘုရားရင်ပြင်တော် ဘုရင်မကြီး ရှင်စောပု တည်ထားကိုးကွယ်ခဲ့သည့်ဆင်းတုတော်အနားမှာ ထိုင်ဖြစ်ကြသည်။ အပါးတော်မြဲ မလုံးက မလှမ်းမကမ်းမှာ ကာတွန်းစာအုပ် သုံးလေးအုပ်နှင့် စကားသံတွေကို မကြားရဘဲ မျက်စိရှင်ရှင်ဖြင့် လှမ်းကြည့်နိုင်သည်။

လင်းလက်ထွန်း ကိုယ်တိုင်က သဲနုငယ် အပေါ်မှာ မညာမတာ ဖောက်လွှဲဖောက်ပြန်စိတ် မရှိသည်မို့ မလုံး မလှမ်းမကမ်းမှာ ရှိနေသည့်အတွက်တော့ အနှောင့်အယှက် မဖြစ်မိပါ။

“ကျောက်ချိုရအောင် သဲမောင်ရေ”

“ဘာအမိဋ္ဌာန်နဲ့ ချိုမှာလဲ”

“သဲမောင်က သဲနုငယ်ကို သိပ်ချစ်ရဲ့လားလို့”

“ယုံပစ်လိုက်ပြီဆို”

“ယုံပေမဲ့ ကျောက်တော့ ချိုမှာပဲ”

“ချိုစေဗျား၊ ချိုစေဗျား”

သဲနုငယ်က ခိုးခိုးခစ်ခစ်ကလေး ရယ်သည်။ သူ့ကိုယ်ကလေး တသိမ့်သိမ့်ခါနေပုံက ဖန်ကလပ်ပေါ်မှာ ဖုံသဲလုံးကလေး လိမ့်နေသည့်နှယ်၊ အကျအနထိုင်ကာ ဘုရားရှိခိုးနေပုံ

ကလေးက လင်းလက်ထွန်း၏ အမြင်အာရုံမှသည် နှလုံးသားတွင်းထိတိုင် နစ်မြုပ်ပါလေ၏။

နှုတ်ခမ်းကလေး တရွရွနှင့် ဘာတွေမှန်းမသိ၊ တိုးတိုးတိုးတိုးကလေး ရေရွတ်နေသေးသည်။ လှလွန်းဆွေကလေး၊ မိုးနတ်သူဇာကလေး၊ စိန်ပုံပေါ်က ပုလဲပွင့်ကလေး၊ ချစ်မဝ၊ ရှုမဝ၊ ကြင်မဝပါသည့် သက်ထက်ကြင်သူကလေးပါတကား။

ကျောက်တုံးကို သုံးကြိမ်တိတိ မ,ယူသည်။ တစ်ကြိမ်မျှ ကြွပါမလာ၊ သူ့ခွန်အား နုနုငယ်ငယ်ကလေးနှင့် ဖယောင်းသွယ် လက်ချောင်းကလေးများကြားမှာ မဟာ ကျောက်တုံးတော်ကြီးက ရွေ့မျှပင် မရွေ့ပေ။

"မှန်တယ် သဲမောင်ရေ၊ သိပ်မှန်တာပဲ"

"ဘယ်လို မှန်တာလဲ"

"သဲမောင်က သဲနုငယ်ကို ချစ်ရင် ကျောက်တုံးကြီး လေးပါစေဆိုတော့ လေးလိုက်တာမှ သဲမောင်ရယ်၊ ရွေ့တောင်မရွေ့ဘူး"

"သုံးကြိမ်လုံး မရွေ့ဘူး မှတ်လား"

"ဘယ်ရွေ့မလဲ၊ သုံးကြိမ်လုံး လေးပါစေ ဆုတောင်းထားတာ"

"အပြန်အလှန် အဓိဋ္ဌာန်ရတယ် မှတ်လား သဲနုငယ်"

"ဟင့်အင်း ... ကျောက်တုံးက အကြီးကြီးပဲဟာ၊ ပေါ့ပါစေလို့ ဆုမတောင်းရဲပါဘူး၊ ပေါ့ပါစေဆိုပြီး မပေါ့ရင် သဲနုငယ် ငိုမိမှာ"

"သြော် ... အချစ်သဲရယ်"



ဝါဝွမ်းနု လက်ဖျားကလေးကို ဆွဲညှစ်ပြီး နားသွားမှာ စိုးရပြန်ပါသည်။

"ဒါတောင်လေ မတော်တဆ ရွေ့ပါလာမှာစိုးလို့ ဖြည်းဖြည်းလေး မ,တယ်"

"သိပ်ချစ်ရပါလား သဲနုငယ်လေးရယ်"

ကုန်လွန်ခဲ့သည့် အတိတ်ဟောင်းကို မတူးဖော်ကြေး၊ အနာဂတ်ကို ပြုပြင်ရန် မကြိုးစားကြေး၊ ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုကြကြေး ဆိုပါက ဤကမ္ဘာဝယ် လင်းလက်ထွန်းလောက် ပျော်မည့်သူ ရှိအံ့မထင်ပါ။

ခုတော့ သဲနုငယ်ရယ် ...

"သဲမောင် ဘုရား ရှိမခိုးဘူးလား"

သူ့သမီးကို တစိမ့်စိမ့်ကြည့်၊ တရှိုက်မက်မက် ချစ်နေချိန်မှာ သူ့အဖေကို တနင့်တပိုး စိတ်တွေဆိုးနေရသည့် ဝိရောဓိ ခံစားမှုကြီးနှင့်တော့ လင်းလက်ထွန်း ဘုရား ရှိမခိုးချင်ပါ။ အာရုံက ဘုရားမှာမရှိ၊ သဲနုငယ် ပေါ်မှာချည်း၊ ဦးလှဖေ ပေါ်မှာချည်း။

သို့ပေမင့် အာရုံချင်းကျတော့ ဆန့်ကျင်ဘက်၊ တစ်ခုက သောမနဿ၊ အခြားတစ်ခုက ဒေါမနဿ၊ ပီတိနှင့် ဒေါသ ဟူ၍ ဆိုချင်ဆို၊ အချစ်နှင့် အမုန်းဟူ၍ ခေါ်ချင်ခေါ်၊ နာကြည်းမှုနှင့် ချစ်မြတ်နိုးခြင်းဟု ပြောချင်ပြော၊ ယင်းဆန့်ကျင်ဘက် ခံစားမှုနှစ်ခုအကြားမှာ အဘယ်မည်သော စိတ်သန့်သန့်ကလေးနှင့် ဘုရားကို အာရုံပြုနိုင်ပါမည်နည်း။

အမှန်ကို ဖွင့်မပြောရက်ပါလား သဲနုငယ်။

"သဲမောင်က ညတိုင်း ဘာဝနာ ပွားပြီးသား"

"အမယ် ... တယ်ဟုတ်ပါလား"

"အာနာပါန ဆိုတာ သိတယ် မဟုတ်လား"

"ထွက်သက် ဝင်သက်ကို မှတ်ပြီး တရားထိုင်တာ"

"အဲဒီ ထွက်သက် ဝင်သက်တိုင်းမှာ ကမ္မဋ္ဌာန်း စီးဖြန်းတယ်"

"ဘာကမ္မဋ္ဌာန်းလဲ"

"သဲနုငယ် ကမ္မဋ္ဌာန်း"

"သွား ... ကိုပေါက်"

"တကယ် ပြောတာ၊ ပေါက်တာ မဟုတ်ဘူး၊ ထွက်သက်ကလေးကို သဲနုငယ်လို့ ပြောပြီး မှုတ်ထုတ်တယ်၊ သဲနုငယ်လို့ ရေရွတ်ပြီး ဝင်သက်ကို ရှူသွင်းတယ်၊ ထွက်သက်ဝင်သက်နဲ့အမျှ သဲနုငယ် သဲနုငယ် ဆိုပြီး ကမ္မဋ္ဌာန်း စီးဖြန်းနေတော့ သမာဓိကို တည်လို့"

"ခစ် ... ခစ် ... သဲမောင်ရယ်၊ ငရဲတွေ ကြီးကုန်တော့မှာပဲ"

ပုလဲပွင့်ကလေး စိန်ကလာပ်ပေါ်မှာ လူးလွန့်ပြန်သည်။ ကိုယ်ကလေး တသိမ့်သိမ့် ခါနေလည်း ချစ်နေရတာပါလား သဲနုငယ်။

လင်းလက်ထွန်း၏ အိမ်လိပ်စာကို သိခွင့်ရပြီဖြစ်ပါငြား သူ့အိမ်သို့ တစ်ခါမျှ အလည်မခေါ်ပါ။ သဲနုငယ်၏ကားနှင့်လည်း တစ်ခါမျှ ပြန်ပို့ခွင့် မရပါ။ သူ့ဘာသာ ကုန်းကြောင်း တစ်တန်၊ ဘတ်စ်ကားတစ်တန်နှင့် လာသည်ချည်း၊ ပြန်သည်ချည်း။



သဲနုငယ် သဘောဖြူ အစုန်းကလေးခမျာမှာကား "သဘောရိုးရဲ့လား သဲမောင်ရယ်" ဟူ၍မျှ မတွေးတတ်ရှာ။ သူသိသည်က တစ်ခုတည်း၊ "ယုံလိုက်ဖို့" တစ်ခုဆိုမှ တစ်ခုတည်း။

နာမည်ကြီး အဆိုကျော်များ တစ်ယောက်တစ်လှည့် ဆိုကြသည်။ အလုပ်သမားနေ့အတွက် သီးသန့်ဖျော်ဖြေရေး အစီအစဉ်လည်း ဖြစ်၏။ လင်းလက်ထွန်းတို့ ရပ်ကွက်မှ စက်ရုံအလုပ်သမားကြီးတစ်ဦး "စံပြလုပ်သားဆု" ရသောကြောင့် လူကြီးများက ချီးကျူးဂုဏ်ပြုကြခြင်းလည်း ဖြစ်ပါ၏။ စံပြလုပ်သားကြီးတို့ကိုလည်း ဂုဏ်ပြုရင်း၊ မေဒေးအလုပ်သမားနေ့ကိုလည်း ကြိုဆိုရင်း ပြုလုပ်သည့် ပွဲပါပေ။

အဆိုကျော် အားလုံးမှာ အလုပ်သမား ဂုဏ်ပြုတေးတို့ချည်း ဆိုကြသည်။

မြမြဖူးမှာ အသက်မှ ရှူပါလေစ ထင်ရအောင် ငြိမ်၍ နားထောင်နေသည်။ မလုံး တစ်ယောက်မှာလည်း ထို့နည်းတူ။ သဲနုငယ်ပင်လျှင် လင်းလက်ထွန်း လာရောက်တွေ့ဆုံနှုတ်ဆက်ခြင်း မပြုသည့်အတွက် မကျေမနပ် မဖြစ်မိပါလေတော့။

စိတ်ဓာတ်တက်ကြွဖွယ်ရာ ဂီတသံများနှင့်အတူ မျောပါနေကြပါတော့သည်။

"ဟော ... ကိုလင်းလင်း"

လင်းလက်ထွန်းက အမရာဝင်းနှင့် ယှဉ်လျက် စင်မြင့်ပေါ် တက်လာသည်။ မြမြဖူးက သဲနုငယ်ဘက်သို့ လှည့်ကြည့်သောအခါ မျက်တောင်တစ်ချက်ကလေးမျှ မခတ်ဖြစ်သည့် သဲနုငယ်၏ အချစ်မျက်ဝန်းကလေးကို တွေ့လိုက်ရပါ၏။

လင်းလက်ထွန်းနှင့် အမရာဝင်းတို့ တွဲဖက်သီဆိုသည့် သီချင်းက "လမင်းတစ်ရာ ထိန်ထိန်သာ"။

လက်ခုပ်သံကြီးများက "ဝေါ"ခနဲ ထွက်လာသည်။ စင်မြင့်ပေါ်မှာ ပထမဆုံးမြင်ဖူးရသည့် "လင်းလက်ထွန်း" အပေါ် စိတ်ဝင်စားသည့် ဝေဖန်သံများကလည်း လျှံကျလာပါ၏။

"ရုပ်ကလည်း ချော၊ အသံကလည်း ကောင်းတယ် နော်"

"အဲဒီ အဆိုတော် နာမည်ကြီးဦးမယ်"

"သူက ဦးတင်မောင်ဝင်းတို့ Full Moon ရဲ့ ခြံပေါက်လေး ဦးတင်မောင်ဝင်း တင်ပေးတာ"

"လမင်းတစ်ရာ-စီးရီးစ်တွေထဲမှာ လင်းလက်ထွန်း ပါတာ နှစ်ခါရှိပြီ"

"အမရာဝင်းက ဦးတင်မောင်ဝင်း သမီးတဲ့"

"ဒီလိုဆိုရင်တော့ လင်းလက်ထွန်း အဖို့ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဖြစ်နေတာပါလား"

"အို"

သဲနုငယ် မျက်နှာလေး တစ်ချက် ပျက်သွားရှာပါ၏။

နောက်တစ်နေ့မနက် မိုးလင်းလင်းချင်း လင်းလက်ထွန်း ထံသို့ သဲနုငယ် ဖုန်းဆက်သည်။



"ဘယ်လို ဣတ္ထိလိင် အမျိုးအစား သတ္တဝါ တစ်ဦးတလေမှ မရှိတဲ့ ကျွန်းကလေး တစ်ကျွန်းပေါ်မှာ နှစ်ယောက်တည်း နေချင်တယ် သဲမောင်ရယ်"

"အနန္တောအနန္တ ငါးပါးပြီးရင် အချစ်ကို ကိုးကွယ်ပါတယ်၊ ဤမဟာ ဘဒ္ဒကမ္ဘာမှာ သဲနုငယ် အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး တစ်ပါးသော မိန်းကလေးတစ်ဦး အပေါ် ဖောက်လွဲဖောက်ပြန်စိတ် ထားမိပါက ဦးခေါင်း ထိပ်တည့်တည့်မှာ မိုးကြိုးရစ်စိတ်ခွဲလို့ သေပွဲဝင်ရပါစေသား လို့ ကျိန်ဆိုလိုက်ပါတယ် သဲနုငယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရယ်၊ သဲမောင်ရေ ... တာ့တာ"

မြမြဖူး၊ ခိုင်ရွှေဝါ၊ သဲနုငယ်တို့ နုနုစိုစို ဖူးဖူးရွရွ ဖျိုဖျိုရွယ်ရွယ် မိန်းကလေးသုံးဦး သဲနုငယ် အခန်းတွင်းမှာ၊ တစ်ယောက်က ခုတင်ပေါ်၊ တစ်ယောက်က ကုလားထိုင်ပေါ်၊ တစ်ယောက်က မှန်တင်ခုံရှေ့က ဆိုဖာပုကလေးပေါ်မှာ၊ ပတ်ဝန်းကျင်မှာက စာတွေ ဖွာလန်ကြဲနေသည်။ သဲနုငယ် လွှင့်ပစ်ထားခြင်း ဖြစ်ပါ၏။

ခိုင်ရွှေဝါက တစ်အိတ်စီ၊ တစ်စောင်စီ လိုက်ကောက် ဖတ်တန်သည်ဖတ်၊ သူ့စာနှင့်သူ့စာအိတ်ထဲ ပြန်ထည့်၊ အလုပ်ရှုပ်နေသည်။

"စိတ်ပုပ်တယ်ပဲ ပြောချင်ပြောတော့ မိခိုင်၊ သဲမောင်ကို
နာမည် မကျော်စေချင်ဘူး"

"နင်ကလည်းဟာ ... ဘင်္ဂလားအော်ထဲ ဆိုင်ကလုံး ဝင်မွှေ
မယ်ဆိုတာနဲ့ မန္တလေးက အိမ်မိုးသွပ်ကို သံတစ်ချောင်း
ထပ်ရိုက်ချင်နေတာ"

"လူသာ အဓိကပါဟာ ကြွေရုပ်ရာ"

"သစ်တုံးများတောင် နဲ့ပါများရင် နဲ့သတဲ့"

"အင်း ... ကြွေရုပ် စိတ်မချမယ်ဆိုလည်း စိတ်မချစရာပဲ
ဟ၊ ခေါ်ထားလိုက်တာတွေကလည်း ပျံလို့၊ သဒ္ဒါလန်
တာပဲ၊ အစ်ကိုလင်းလင်းတဲ့၊ အစ်ကိုထွန်းတဲ့၊ အစ်ကိုလင်း
လက်တဲ့၊ လင်းလို့ တစ်လုံးတည်း ခေါ်တဲ့သူတောင်ပါ
တယ်"

"ဟုတ်လား မိခိုင်၊ သတ်ပုံမှားပြီး ဝစ္စနစ်လုံးပေါက်
မထည့်မိရင် ဒုက္ခပဲ"

"မြမြကလည်းကွာ၊ နဂိုကမှ ကြွေရုပ်က စိတ်ရှုပ်နေရတဲ့
အထဲ ကုန်းဆင်းမှာ ဘီးတပ်ပြီး ဆီထည့်မပေးနဲ့ဟ"

"ဒီစာတွေကို ဘာသဘောနဲ့ နင့်လာပေးတာလဲ"

"ဩော် ... သူ့ဆီလာတဲ့ မိတ်ဆက်စာတွေမှာ အများစုက
မိန်းကလေးချည်းဆိုတော့ သစ္စာရှိကြောင်း သက်သေထူချင်
တာပါတဲ့၊ သူ့ဆီလာသမျှ စာတွေကို မဖောက်ရသေးခင်
ငါ့ဆီ စာအိတ်လိုက် ယူလာပြီး ငါနဲ့ကျမှ တူတူဖတ်
တယ်"



"ယူမလာဘဲ ချန်ထားတဲ့စာ တစ်အိတ်တလေ ကျန်ချင်
လည်း ကျန်မယ်ပေါ့၊ တမင် ချန်ချင်လည်း ချန်ခဲ့မယ်
ပေါ့"

"လုပ်ပြန်ပြီ မြမြနော်၊ ကြွေရုပ် ငိုရင်တော့ ဦးလေးလှမေ
က ဖနောင့်နဲ့ ပေါက်ချလိမ့်မယ်"

"ဒါ ငိုစရာမှ မဟုတ်တာ၊ ပြဿနာတစ်ခုကို ဆွေးနွေးတဲ့
အခါမှာ အရှိအတိုင်း ယထာဘူတကျကျကလေး မြင်တတ်
မှပေါ့"

"လုပ်ပြီဟော့ ... ဘယ်ဝတ္ထုထဲက အလွတ်ကျက်ထားတာ
လဲ၊ ဘုရားရှိခိုးစာထဲကများ ထုတ်ရွတ်နေသလားလဲ မသိဘူး၊
နင်ပြောတာတွေ တို့ကလည်း နားမလည်တော့ နင့်စကား
တွေက ဆီလျော်၊ မဆီလျော်တော့ မသိဘူး၊ အထင်တော့
ကြီးပစ်လိုက်ပြီဟော့"

"မိခိုင်စုတ်နော်"

သဲနုငယ်ပင် ရယ်ချင်ချင် ဖြစ်လာရသည်။

"သဲမောင်က အခု နာမည်ကျော်စ ပြုလာပြီ၊ ညည့်ခံပွဲတွေ
နဲ့ စတိတ်ရှိုးတွေမှာ လိုက်ဆိုလာရပြီ"

"စိတ်အေးအေး ထားစမ်းပါ ကြွေရုပ်ရဲ့၊ သူများကိုချည်း
မနာလိုတိုရှည်စိတ်တွေ မွေးမနေနဲ့၊ ဒီနှစ် တို့အားလုံး
ဆယ်တန်းပထမအစမ်း စာမေးပွဲတောင် စစ်တော့မယ်၊
ခုပဲ သြဂုတ်လဆိုတော့ နှစ်လပဲ လိုတော့တယ်"

"တိုရှည်ဆိုလည်း ပဲဟင်းနဲ့စားပစ်ကြတာပေါ့"

"မိမြစုတ်ကတော့ ငတ်ပေး ... ငတ်ပေး"

"ကြွေရုပ်ရယ် ... နင်တို့ဘဝက သိပ်အဆင့်မြေနေတာပါ ဟာ၊ ကိုလင်းလင်းဆို နာမည်ထိပ်တန်းရောက်မဲ့အချိန် လက်ဖျားငွေသီးမဲ့အချိန်နဲ့ ဘွဲ့ရမှာနဲ့ အံကိုက်ပဲ၊ လက်ထပ် လိုက်ရုံရှိတာ"

"ငါက အဲဒီအချိန်ထိ စောင့်နေဖို့ စိတ်မချချင်ဘူး"

"ဘာရယ် ... ကြွေရုပ်၊ လင်းကို ဝစ္စနှစ်လုံးပေါက် ဖြတ် ပစ်လိုက်ချင်ပြီပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး"

သဲနုငယ်က အောက်နှုတ်ခမ်းကို လျှာကလေးနှင့်ထိုး ရင်း ချင့်ချင့်ချိန်ချိန် ကလေး ပြောသည်။

"ရုံးမှာ လက်မှတ်ထိုးထားရင် ကောင်းမလားလို့"

"ကောင်းသားပဲ"

"မြှောက်မပေးနဲ့ မိခိုင်"

"ဘယ်သူမှ မသိအောင်လေ၊ တိတ်တိတ်ကလေး လက် ထပ်ထားတော့ စိတ်ချရတာပေါ့၊ ပြီးတော့ သူ့ဘာသာသူ နေ၊ ငါ့ဘာသာ ငါနေ"

"ရွှေဉာဏ်တော်ကလည်း စုံးရောက်"

"ငါ့အကြံ မကောင်းဘူးလား"

"ဦးလေးလှက ဒီလောက် လိုက်လျောထားတဲ့ ကြားက နင်က သည်းမပြန့်ဘူး၊ နင့်အဖေလည်း ထည့်တွက်ဦး"

"ဖေဖေလည်း မသိအောင်ပေါ့"



ခေတ်ကာလ မိန်းကလေးများ အချစ်စိတ် မှန်တော့ သည်း ထင်ရာစိုင်းချင်ကြရိုး မမှတာ။ သဲနုငယ်အနေနှင့် အချစ် ကြီး ချစ်ရသူအပေါ်မှာ စိတ်မချခြင်းကြီးသည့် အဖျားက သာမို မီတာအဆုံး တက်နေရပါပြီ။

"နင့်ဟာက တိုင်ပင်တာလား၊ ဖွင့်ပြောတာလား"

"မိခိုင် ထွင်ပြန်ပြီကွာ"

"မဟုတ်ဘူးလေ မြမြရဲ့၊ တိုင်ပင်တာဆိုရင် သင့်,မသင့် တို့အနေနဲ့ ဆွေးနွေးတင်ပြခွင့် ရှိတယ်၊ လုပ်တော့မဲ့အလုပ် တစ်ခုကို ဖွင့်ပြောတာဆိုရင်တော့ တို့ကတားလည်း နင် လုပ်မှာမှတ်လား ကြွေရုပ်"

"အေး ... ဖွင့်ပြောတာ"

"ကောင်း ... ကွာ"

"ငါ အကောင်အထည် ဖော်တော့မယ်ဆိုရင် နင်တို့ကပဲ သက်သေလုပ်ရမှာနော်၊ နှုတ်လုံဖို့လည်း လိုတယ်"

"အင်း ... သဲနုငယ် အချစ်မိုက်မလေးကို ဃရာဝါသ တွင်းကြီးထဲ တွန်းချတဲ့ တရားခံစာရင်းထဲတော့ ပါဦးမယ်"

"မိမြရယ် ... နင့်စကားတွေက ဆင်သေးကွက်လောက် အပြောကျယ်တော့ နားလျှံတယ်ဟ"

"ဆင်ချေးပုံလောက်သာ ကြီးရင် နင့်ပါးစပ်နဲ့ ဆံ့မှာမဟုတ် ဘူး"

"ဟာကွာ ... တော်ကြတော့၊ အန်ချင်လာပြီ"

သဲနုငယ်က ရင်ဘတ်ကလေးဖိရင်း ရှုံ့ရှုံ့မဲ့မဲ့ ပြော သောကြောင့် ဝိုင်းရယ်ကြသည်။ သူတို့အရွယ်က ဆယ်ကျော်သက်

သပြေတို့အရွယ်၊ သစ်ရွက်လှုပ်တာနှင့်ပင် ရယ်ချင်ချင်။ အိမ်ထောင်ရေးကြီး တစ်ခုလုံးကိုပင် ကန့်ကွက်သူ မရှိ၊ ရယ်ကာ မောကာ အတည်ပြုဖြစ်ကြပါပြီကော။

"သဲမောင်နဲ့လည်း တိုင်ပင်ရဦးမယ်"

"ဆက်ဟာ"

မြမြဖူးက ဂဏန်းငါးလုံး လှည့်ပေးသည်။

"ကိုလင်းလက်ထွန်းနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့"

"ဟော ... သွားခေါ်နေတယ်၊ ဪ ... ကိုလင်းလင်းလား၊ သဲနှငယ်မဖုရားက မိန့်ခွန်းတော် ခြွေမယ်တဲ့၊ ရော့ ... ဟော့ ကြွေရုပ်"

သဲနှငယ်က စကားပြောခွက်ကို လှမ်းယူသည်။

"သဲမောင်ရေ ... သဲမောင်ကို သိပ်ချစ်တယ်၊ စိတ်မချဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်ရအောင် ဖေဖေပြောတဲ့ထိ မစောင့်တော့ဘဲ ရုံးမှာ တိတ်တိတ်ကလေး လက်ထပ်ထားချင်တယ်"

---



## လောကတိမ်ညို ဆိုင်းပြီထင်

"သဲမောင် ရူးရချည်ရဲ့ သဲနှငယ်"

"မေမေရေ ... အမေ့သား ရူးတော့မယ်ဗျ"

အတွေးမျှင်ထဲမှာ မေမေတစ်လှည့်၊ သဲနှငယ်တစ်လှည့် ပင့်ကူမြွေးများ အလယ်မှာ ပိုးဖလံကလေး ငြိတွယ်သည့်နယ်။ မေမေ့ ဒေါသအမျှင်တန်းများကြားမှာ သဲနှငယ်၊ ဦးလှဖေ အပေါ် မုန်းတီးနာကြည်းမှု ပင်လယ်ကြားမှာ ကူးခပ်နေရရှာပါသည့် အတွယ်အတာမဲ့ မိန်းကလေး သဲနှငယ်။

သိပ်ချစ်ပါတယ် သဲနှငယ်။ သဲနှငယ် အပေါ်မှာ ချစ်သည့်စိတ်ကြောင့်လည်း ဦးလှဖေ အပေါ် နာကြည်းထားမှုကို မချေဖျက်နိုင်။ အဂ္ဂ တစ်ယောက်လုံး သေ၊ ရှိသမျှစည်းစိမ် ပြုတ်ခဲ့ရသည် မဟုတ်လား။ အဖေနှင့် အမေတို့အတွက် ခံစားချက် နာကြည်းမှုကလည်း သဲနှငယ် အပေါ် ချစ်မိသည့်စိတ်ကို မဖုံးလွှမ်းနိုင်။ ခံစားချက်နှစ်ခုလုံးက အထွတ်အထိပ်ချည်း ဖြစ်သောကြောင့် တစ်ခုက တစ်ခုကို မနိုင်။

ဩော် ... မေမေသာ ရှိလျှင် ဝမ်းသာလိုက်မည် ဖြစ်ခြင်း။ "သားလိုချင်တဲ့ အခွင့်အရေးကို မိန်းကလေးကစပြီး လက်ကမ်းလာပြီဟေ့"ဟူ၍များ ဂုဏ်ယူဝင့်ကြွားစွာ ဆိုရှာပါလေဦးမည်လား။

သေအံ့မူးမူးမှာပင် "လှဖေ သေပါစေ"ဟု ဆုတောင်းသွားပါသည့် မေမေ။ မိမိပြောသမျှ "ယုံပစ်လိုက်ပြီ သဲမောင်ရေ" ဟု ဆိုတတ်ရှာပါသည့် သဲနုငယ်။

ဖေဖေဦးဘထွန်း ဆုံးစဉ်က ငါးနှစ်သား၊ ဖေဖေ့ ရုပ်သွင်ကို သေသေချာချာ မှတ်မိနေသည်။ ဖေဖေ ကိုယ်တိုင် ကားမောင်းကာ မြို့လုံးအနှံ့ လျှောက်လည်ရသည် များကိုလည်း မှတ်မိသည်။

"သားနဲ့ ငြိမ်းအတွက် ကြိုးစားရတာ"ဟု ဖေဖေ ခဏ ခဏ ပြောစဉ်က နားမလည်ခြင်း၊ ယခုထက်တိုင် ကြားယောင်ဆဲ။ ဖေဖေ ရှိစဉ်က ရွှေထီးဆောင်းရမတတ် အခြေမြင့်ခဲ့ရသည့်ဘဝ။ အဘမဲ့သားဘဝနှင့် ခြားနားလှပါဘိခြင်း။ ချောင်းတဟွတ်ဟွတ် ဆိုးရင်းက ငရုတ်သီးတောင့်များကို စက္ကူကတော့တွင်းမှာထည့်ကာ ချိန်ခွင်မှာ ချိန်နေရသည့် မေမေ့ရုပ်သွင်။

တိုက်ပေါ်ကဆင်းလျှင် ကား၊ ကားပေါ်ကဆင်းလျှင် တိုက်။ မြေကြီးပေါ်သို့ ခြေတစ်ဖဝါးမှ မချစဖူး၊ ကားနှင့်တိုက် ပေါ် အကူးအပြောင်းကလေးမှာပင် ချိပိုးတက်ပါသေးသည့် ဖေဖေ။ ရုပ်ကွက်တွင်းက မူလတန်းကျောင်းသို့ ကုန်းကြောင်းလျှောက်ကာ ကျောင်းတက်ခဲ့ရသည့် အဖြစ်များ။

ရုပ်ရှင်ပိတ်ကားသဖွယ်။



ဖေဖေ့ကို သင်္ဂြိုဟ်ရန် အလောင်းကို ယူလာတော့ မျက်နှာကြီးတစ်ခုလုံး မည်းကာ မီးကျွမ်း၍ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရသည့် ပုံပန်း။ ဆီဦးထောပတ်စား စည်းစိမ်ယစ်ရင်း ဗိုက်ရွှဲကာ ကုဖ်ပိုးသားများ နှစ်ရစ်လောက် တက်နေပါသည့် ဦးလှဖေ။

ရဲရဲနီပါလေသည့် ပတ္တမြားကြီးငါးလုံး။

မြင်ကွင်းများက ဟိုတစ်ကွက်၊ သည်တစ်ကွက်၊ အဆက်အစပ်မရှိ မြင်ယောင်လာသည်။ ရွံမုန်းနာကြည်းဖွယ် ရှုခင်းများကြားမှ သဲနုငယ်၏ သနားစရာ မျက်နှာကလေး။

အစက သည်တိုက်ကြီး၏ စတုတ္ထထပ်မှာ နာမည်ကြီး အဆိုကျော်သုံးဦးနှင့်အတူ နေရသည်။ ယင်းပုဂ္ဂိုလ်များ အိုးပိုင်အိမ်ပိုင် ရသွားကြပြီမို့ လောလောဆယ်မှာ လင်းလက်ထွန်း တစ်ဦးတည်း၊ တစ်ပါးသူ မရိပ်မိစေရန် ဟန်လုပ်စရာ မလိုသောကြောင့်လည်း တစ်ဦးတည်း စိတ်ရောကိုယ်ပါ လွတ်လေသည်။ ခုနေများ အနားမှာ အရက်ပုလင်း လွယ်လွယ်ကူကူ တွေ့နိုင်လျှင် ဆွဲသောက်မိပါရဲ့။

ဆုံးဖြတ်ချက် မကျပါ။ ပထမဆုံး ရင်ထဲက ပူလာသည်။ သောက်ရေအိုးဆီ လျှောက်သွားကာ သုံးခွက်တိတိဆင့် သောက်ခဲ့သည်။ ရင်ပူမငြိမ်းပါတကား။ ခေါင်းတွေပူကာ ဦးနှောက်တွေပါ ဆူလာရသည်။ တစ်ကိုယ်လုံးမှာ စပ်ဖျဉ်းဖျဉ်း ပူလောင်လောင်။ အကျီတွေ ချွတ်ပစ်သည်။ လူတစ်ကိုယ်စာ ခြေဆန့်လက်ဆန့် ဝင်စိမ်နိုင်ပါသည့် ကြွေရေချိုးဇလုံကြီးထဲမှာ တစ်ကိုယ်လုံးသာမက ခေါင်းပါနှစ်၍ စိမ်သည်။

ရေချိုးခန်းမှ တစ်ကိုယ်လုံး ရေစက်လက်နှင့်ထွက်လာပြီးနောက် ရေတွေကို သုတ်မပစ်နိုင်။ ရေစက် ရေပေါက်ကလေးများ၏ အအေးဓာတ်က ရင်ထဲကအပူကို သက်သာစေသယောင်ယောင်။ အိပ်ရာပေါ်မှာ သည်အတိုင်း ပစ်လှဲတော့ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်တို့ ရေစိုကုန်သည်။

စိုပေ့စေ။ ပူရှိန်ပြင်းလှသည့် နှလုံးသား၏ ပတ်ဝန်းကျင်မှာ အစိုဓာတ် အအေးဓာတ်ဟူ၍ နှင်းငွေ့တစ်မှုန်ပင်ရရ။

အတိတ်ဓာတ်လမ်းကို ပြည်ဖုံးကား ချလိုက်ပါတော့မည်။ သဲနုငယ် အချစ်ကလေးနှင့် ရွှေလက်တွဲ၍ ပျော်ပျော်ကြီးနေပစ်ရန်အတွေးက ပထမစိတ်ကူး။

ဦးလှဖေ … ကမ္ဘာကြေသည့်တိုင်၊ နာကြည်းမှုတို့ကဖြင့် ကြေမသွားနိုင်ပါ။ စားဝတ်နေရေးနှင့် ဘဝရပ်တည်မှုအတွက် မုဆိုးမသားအမိက ရုန်းကန်နေရချိန်မှာ သူ့ကျတော့ ကုပ်ပိုးတွေ တစ်ရစ်ပြီးတစ်ရစ်၊ ကိုယ့်အဖေကို သေကြောင်းကြံ၊ ကိုယ့်စည်းစိမ်ကိုလု၊ တရားဥပဒေကို လက်တစ်လုံးကြားလှည့်။

သင်း … သေမှ အေးတော့မည်။

ကိုယ်ထိလက်ရောက် သတ်ချင်စိတ်တို့ပင် တဖွားဖွား။ သဲနုငယ်နှင့် ရွှေလက်တွဲကာ ချစ်ပွဲဝင်ရမည့် စိတ်ကူးကလေးပျက်ပါပြီ။ "ကျွန်တော်ကိုယ်တိုင် သတ်မယ် မေမေ"ဟု စိတ်လိုက်မာန်ပါ ပြောခဲ့စဉ်က …

"မလုပ်နဲ့သားရယ်၊ လူယုတ်မာ တစ်ဦးအတွက်နဲ့ သားရဲ့ဘဝကြီးတစ်ခုလုံးကို ထောင်ထဲမှာ နှစ်ရှည်လများ ကုန်ဆုံးမပစ်နိုင်ဘူး"



"သူ့ကျတော့ လွတ်နေတာပဲ၊ သူလည်း ဖေဖေ့ကို သတ်ခဲ့တာပဲ"

"သားဖေဖေ အသက်သေစေမှုမှာ သူ ကြံရာပါဖြစ်ပေမဲ့ သူ့လက်နဲ့တော့ မသတ်ခဲ့ဘူးသား၊ သားဖေဖေ သေရတာက ကားမောင်းရင်း ချောက်ထဲထိုးကျတယ်၊ ဒရိုင်ဘာက ခုန်ဆင်းတော့ တောင်စောင်းမှာ လွင့်ကျသေတယ်၊ သားဖေဖေက မီးလောင်တဲ့ကားနဲ့အတူ ချောက်ထဲမှာ၊ အဲဒီအချိန်မှာ သူက သူ့နှမအသုဘမှာ လူသိနတ်ကြား ရှိနေတော့ သူ့ကို ဘယ်ဥပဒေနဲ့ အရေးယူမလဲ သား"

"ဒါဆိုရင် ဖေဖေ ရိုးရိုးသားသား သေရတာကိုပဲ မေမေက အထင်လွဲနေတာများလား မေမေ"

သည်တုန်းက မေမေ့မျက်နှာက ဒေါသအခိုးများမှာ ယခုထက်တိုင် အပူရှိန် လာဟပ်သလို ပူခနဲ ခံစားလိုက် ရသည်။

"ပတ္တမြားအိတ် ပါသွားမှန်း သိတာ၊ လှဖေ တစ်ယောက်တည်း ရှိတယ်၊ ခုဘယ်မှာလဲ ပတ္တမြားတွေ၊ သူ့အကြံမဟုတ်လို့ ဘယ်သူ့အကြံ ဖြစ်ဦးမလဲ"

"သေတဲ့ဒရိုင်ဘာ ဆိုတာက"

"သူ့ယောက်ဖရဲ့ညီ၊ သူ ထည့်ပေးလိုက်တာ၊ အဲဒီကောင်လည်း သူ့ကြံမှာသူငင်ပြီး သေတာလား၊ လှဖေ သေကြောင်းကြံတာလား တစ်ခုခုပဲ"

"အဲဒီတုန်းက ရဲတွေက ဘယ်လိုယူဆသလဲ မေမေ"

"ကားမောင်းတဲ့ ကောင်မှာလည်း အရက်နံ့က ဘထောင်း ထောင်းဆိုတော့ မူးပြီးမောင်းလို့ ချောက်ထဲထိုးကျ၊ ဒရိုင် ဘာက မူးမူးနဲ့ခုန်ဆင်း၊ တောင်စောင်းနဲ့ရိုက်သေ၊ သား ဖေဖေက ကားထဲမှာ ရောပါသွား၊ ချောက်ထဲအရောက်မှာ လူရော ကားရော မီးလောင်"

"အမယ်လေး ဖေဖေရယ်၊ ဘယ်လောက်များ အခံရဆိုးရှာ လိမ့်မလဲနော်၊ ထွက်ပြေးရအောင်လည်း လွတ်လပ်မှုမရှိ၊ ကားထဲမှာပိတ်မိပြီး မီးလောင်ခံရတယ်ဆိုတော့ ဖြစ်မှဖြစ် ရလေ ဖေဖေရယ်"

သည်တုန်းက သားအမိနှစ်ယောက် ဖက်ငိုမိခဲ့ကြပါ သေးသည်။ ခုတော့ ဖက်ငိုစရာ မေမေ မရှိတော့။

"ဥပဒေရှုထောင့်က ကြည့်လို့ကတော့ လှဖေက 'အလွတ် ကြီး"

အစိမ်းလိုက် ဝါးစားပြီးမှ ကျန်ခဲ့တဲ့ အရိုးတွေကို မြေကြီးပေါ်ထွေးချ၊ ဖနောင့်နဲ့ ထပ်ပေါက်ချင်သေးတယ် လှဖေ ရေ။

"လှဖေ သမီးကို ရအောင်ယူ၊ ယောက်ျားတို့ဘာဝ နီးစပ် ခွင့်ရရင်တောင် သားသမီး သံယောဇဉ် မတွယ်မိအောင် နေ၊ သန့တယ်"

မေမေ့စကားများ။

ဩော် ... သဲနုငယ်။ မင်းရဲ့ပါးကလေးကိုတောင် မနမ်းရက်ခဲ့တာကတော့ ချစ်တယ်ဆိုတာထက် ပိုချစ်လွန်းလို့ မခူးရက်တဲ့ နှမတ္တာပါ အသက်ရယ်။



ဦးလှဖေ ဆိုတဲ့ လူယုတ်မာကြီးရယ်၊ ခင်ဗျားသာ ချက်ချင်း လဲသေသွားရင် ခင်ဗျားသမီးကို ကြင်ကြင်နာနာ လက်ထပ်နိုင်ပါရဲ့၊ သောက်ထားတဲ့ အရက်တွေ အပင်းဖြစ်ပြီး သွေးအန်သေပါစေဗျာ။

သဲနုငယ်နှင့် တကယ်လက်ထပ်၊ စိတ်ဆင်းရဲအောင် နှိပ်စက်၊ ဦးလှဖေရဲ့ အသည်းကို တစ်ပိုင်းစီခြွေ။ သူ့အဖေအသည်း ကို ခြွေချင်ပေမဲ့ သူ့သမီးကိုတော့ မညှဉ်းရက်။ အင်းလျားစောင်း မှာ ထိုင်ကြတုန်းကတောင် မှက်တွေ၊ ယင်တွေ ကိုက်မှာစိုးလို့ လက်ကိုင်ပဝါကလေးနှင့် ယပ်တဖျပ်ဖျပ် ခပ်ပေးခဲ့ဖူးပါ၏။ ချစ် မေတ္တာက သန့်စင်လွန်းသောကြောင့် သူ့အဖေကို လက်စားချေ ရန် သက်သက်တော့ဖြင့် ,ဥ,သမီးကို မယူရက်။ သနားတယ် သဲနုငယ်၊ ပြီးတော့ သိပ်ချစ်တယ်။ "ယုံပစ်လိုက်ပြီ သဲမောင်ရေ" လို့ ပြောပါဦး အချစ်ရယ်၊ မထိရက်ဘူးကွယ်၊ မတို့ရက်ဘူးကွယ်၊ အသည်းနှင့်အောင် ချစ်တယ် အသက်ရယ်။

"လင်းလင်း ရင်ကျိုးရပြီ၊ အသည်းကွဲရပါပြီ မေမေရဲ့၊ မေမေ့သားကို လာကြည့်ပါဦး"

ခေါင်းအုံးပေါ်မှာ မျက်နှာမှောက်ကာ ချုံးပွဲချ ငိုပစ်မိ ပါတော့သတည်း။ စောစောက ရေစက်များနှင့်အတူ မျက်ရည်များ ပူးပေါင်းမိသွားကြသည်။ ခေါင်းအုံးကြီးက ပိုပြီးစိုရွှဲလာသည်။ ဆောက်တည်ရာမရတိုင်း လူးလှိမ့်ထားသောကြောင့် အိပ်ရာခင်း တို့ တွန့်ကြေကုန်သည်။

ရင်ကွဲပက်လက်။

အားရပါးရ ငိုချမိလိုက်လို့ မျက်ရည်ခန်း၍သာ နောက်ထပ်မထွက်တော့သည့် အဖြစ်မျိုးပါ။ ရင်တွင်း ဝေဒနာက မသက်သာ။ လူက အိပ်ရာပေါ် ငြိမ်ကျသွားပေမင့် အတွေးပင့်ကူ မျှင်ကလေးများက လေရူးနှင့်အတူ လွင့်ပါဆဲ။

လောလောဆယ် ပေါက်ကွဲရသည့် အဖြစ်ကို အချိန်ဆွဲ၍ နောက်သို့ ခဏ ရွှေ့ထားလိုက်မည်လား။ လင်းလင်း မင်းယောကျ်ားမဟုတ်ဘူးလား။ အခုမဟုတ်လည်း နောင်ရင်ဆိုင်ရမဲ့ ပြဿနာ။ လာမဲ့ဘေးကို ပြေးတွေ့လိုက်ပါတော့လား။ ရှောင်လွှဲလို့မှ မရတာ။

မိုးစင်စင်လင်းသည့်တိုင် တစ်မှေးကလေးမျှ မအိပ်ဖြစ်လိုက်သောကြောင့် မျက်ကွင်းဟောက်ပက်မှာ မျက်သားတို့က နီနီရဲနေသည်။ စုတ်ဖွားကျကာ ဖွာသြန်ကြဲနေသည့် ကုပ်ဝဲဆံပင်ကို ဖြီးသင်ချင်စိတ် မရှိ။

လေးထပ်တိုက်မှ ဆင်းလာသည်။ ဦးတင်မောင်ဝင်းတွေ့လျှင် ဘာဘာညာညာ မေးနေမည် စိုးသောကြောင့် နိုးကြောင်နိုးဝှက်ပင် ဆင်းခဲ့သည်။ သုံးဘီးတစ်စီးငှား၍ ဗိုလ်ချုပ်ဈေးရှိ သစ်ခွပန်းဆိုင်များသို့ အရင်လာသည်။

ဗင်ဒါအမျိုးအစား နိုင်ငံခြားသစ်ခွ ပုစွန်ဆီသွေး။

"ဒါ ... ဘယ်လောက်လဲဗျ"

လင်းလက်ထွန်း၏ ပုံစံက တက်သစ်စ အဆိုတော်တစ်ဦးပါဟူ၍ ဘုရားစူး ကျိန်ပြောလျှင်ပင် ယုံနိုင်ဖွယ်မရှိ။ စုတ်တီးစုတ်ချာ ဖြစ်နေသည်။

"ဒီပန်းက နိုင်ငံခြားကနေ တိုက်ရိုက်သွင်းလာတာ"



ဟုတ်,မဟုတ်တော့ မသိ။ ပန်းသည်ကတော့ ဈေးမပြောဘဲ သူ့ပန်းသူ မွှန်းနေသည်။

"အပင်မှာဆိုရင် ခြောက်လ ခံတယ်၊ ခုလို ခူးထားရင် တစ်လခံတယ်၊ ဒီပန်းက မနေ့ကမှ ခူးပြီးလေယာဉ်ပျံနဲ့ ရောက်လာတာ"

"သြော် ... သြော် မနေ့က မနက်ပိုင်းတုန်းက အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်မကြီး ဒီပန်းကိုခူးနေတာ ခင်ဗျားကိုယ်တိုင်မြင်ရှာတာကိုး"

ဆိုင်ရှင် ဒေါသထွက်သွားသည်။ ထွက်ပါစေ။ တစ်ကမ္ဘာလုံးရှိ လူတွေအားလုံး စိတ်ဆင်းရဲနေတာပဲ မြင်ချင်သည်။

"ဘယ်လောက်လဲ မေးနေတယ်"

"ဆယ့်ငါးကျပ် တစ်ပွင့်တည်း ရမယ်"

"နှစ်ဆယ် မရဘူးလား"

"ခင်ဗျား မဝယ်နိုင်ရင်လည်း ရန်လာမစနဲ့၊ ကျပ် တာရှည်သည်းမခံနိုင်ဘူး"

ဆိုင်ရှင် ဒေါသစင်စစ် ကေန်ထွက်ပါပေပြီ။ လင်းလက်ထွန်း ပြုံးသည်။ ဝမ်းသာသည်။ ဒေါသတွေ ထွက်ကြစမ်း၊ စိတ်တွေ ဆင်းရဲကြစမ်း။

"ရော့ အစိတ်၊ ပြန်မအမ်းနဲ့၊ အဲဒါ လေးပိုင်းတစ်ပိုင်းဆိုတဲ့ အစိတ်ကို ဆိုချင်တာ မဟုတ်ဘူး၊ အစိပ်စိပ်အမွှာ မွှာ ကွဲကြေခြင်းကို ဆိုလိုတာ မှတ်ထား"

အစိတ်တန်ကလေးကို ကိုင်ထားသည့် ပန်းဆိုင်ရှင်ကလင်းလက်ထွန်းအား အရွးတစ်ယောက်ကို လှမ်းကြည့်ပုံမျိုးနှင့် ကြည့်ကျန်ရစ်ခဲ့ပါတော့သည်။

သုံးဘီးကားဆီ ပြန်အလာမှာ လေကလေးများပင် ချွန်လာသည်။ မပျော်ဘဲ လေချွန်သည်ဆိုတော့ ရူးလို့ပေါ့။ ရူးပစေ။ အကောင်းဆိုလို့ ဘာတစ်ခုမျှ မလုပ်ဖြစ်လျှင် ပြီးစတမ်း။ လမ်းမှာ တွေ့သမျှ ခဲလုံးတွေ အကုန်ကန်ပစ်ခဲ့သည်။

"ဟေ့လူ … ခင်ဗျား မောင်းနေတာ ကားလား နွားလှည်းလား"

"ဒီထက်မြန်မြန် မောင်းရရင် ခင်ဗျားသွားချင်တဲ့ဆီတော့ မရောက်ဘူး၊ ကြီတောပဲ ရောက်မယ်"

"ရေခဲတိုက်ထဲ ဒါရိုက်ရောက်သွားအောင် မောင်းနိုင်ရင် ခင်ဗျားတောင်းတာထက် သုံးဆပိုပေးမယ်"

သုံးဘီးသမား ပါးစပ်ပိတ်သွားသည်။ သူ့ကားပေါ်မှာ စီးနင်းလိုက်ပါလာသည့် စုတ်တီးစုတ်ချာ အကောင်အငယ်စားကလေးမှာ အမူးသမားသော်လည်း ဖြစ်အံ့။ အရူးငနွားသော်လည်း ဖြစ်အံ့။ အရူးနှင့်အမူးကို ဖက်ပြိုင်ပြောလိုစိတ်မရှိ။

မုန်တိုင်းထန်လာသမျှသော စိတ်တို့က သဲနုငယ်တို့ ခြံဝင်းကို မြင်လိုက်သည်နှင့် ငြိမ်ကျသွားတော့သည်။ သည်နေ့ တနင်္ဂနွေနေ့မို့ သဲနုငယ် အိမ်မှာပင် ရှိပါချေလိမ့်မည်။

"သဲနုငယ် … မင်းကိုချစ်တဲ့ နေရာမှာ မင်းနေတဲ့ ခြံဝင်းကြီးကိုတောင် သံယောဇဉ် ဖြစ်ရပါတယ် သဲနုငယ်"



သြော် … ခြံဝင်းမှာ ပတ်လည်စိုက်ထားသည့် ထိုးထိုးထောင်ထောင် ကြခပ်ဝါးခက်များကိုပင် ချိုးမပစ်ရက်ပါတကား။

"သဲမောင်ရေ"

သဲနုငယ် … ချစ်သည်းနုနုငယ်ငယ်ကလေး ပြေးထွက်လာသည်။

"ထင်သားပဲ၊ မိုးလင်းတာနဲ့ ကဆုန်စိုင်း ပေါက်ချလာမှာပဲလို့ ထင်သားပဲ"

"ခြံထဲမှာပဲ ထိုင်ကြရအောင်၊ ဦးရော"

"ဖေဖေက ရွှေတိဂုံဘုရားထိ ကုန်းကြောင်းလျှောက်မယ်တဲ့၊ စောစောကပဲ ထွက်သွားတယ်၊ အသက်ကြီးတော့ လမ်းလျှောက်ပေးရမယ်လေ သဲမောင်ရဲ့"

ဟင်း … လူယုတ်မာကြီးရယ်၊ ခင်ဗျားကတော့ ဘုရားသွားကျောင်းတက်၊ ကျုပ်မှာတော့ သင်း သေပါစေ၊ သေပါစေနဲ့ တစ်သလုံး ကြီးလိုက်ရတဲ့ ငရဲ။

ပိတောက်ပင်ကြီး ပတ်ပတ်လည်မှာ ခုံတန်းကလေး ရိုက်ထားသည်။ သည်ခုံကလေးပေါ်မှာပင် ထိုင်ဖြစ်ကြပါ၏။

"သဲနုငယ် ဒီမှာ"

"ဟယ် … ပန်းကလေးက လှလိုက်တာ၊ သဲနုငယ် ဖို့လား၊ သဲမောင် ပန်ပေးလေ"

ပခုံးသာသာခန့်ထိ ပြေလျှော့ကျနေပါသည့် ဆံပင်ဖားလျားကလေးမှာ တယုတယ ပန်ပေးလိုက်သည်။

"တစ်ခါမှ ပန်းမပေးစဖူး၊ ဒီနေ့မှ ထူးထူးခြားခြား ပန်းတွေ ဘာတွေ ယူလာတဲ့နေ့ကျမှ သဲမောင် ကျတော့ ခေါင်းစုတ်ဖွားနဲ့ ဘယ်လိုဖြစ်လာတာလဲ"

လင်းလက်ထွန်း စကားပြန်မပြောဖြစ်ပါ။ သဲနုငယ်ကိုသာ ငေးကြည့်နေမိသည်။ မိမိရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကလေးကို ဖြုတ်ချပစ်ခဲ့ရပါတော့မည်။

"ကြည့်လှချည်လား သဲမောင်ရဲ့၊ မနေတတ်တော့ဘူးကွယ်"

ဘာမျှ မသိနားမလည်ရှာသည့် သဲနုငယ်ကလေး ခမျာ မြူးမြူးကြွကြွကလေး။

"သဲနုငယ်"

"သဲမောင်"

"သဲမောင်ရဲ့အဖေ ဘယ်လိုသေဆုံးခဲ့ရသလဲ သိလား"

"ဟင် ... မသိဘူး သဲမောင်ရယ်၊ သဲမောင် ငါးနှစ်သားက ဆုံးတာဆို"

"ဖေဖေက ရှိစုမဲ့စု အရင်းအနှီးတွေ အကုန်ယူပြီး ပတ္တမြားကြီးတွေ သွားဝယ်တယ်၊ ရန်ကုန်ဆင်းရောင်းရင် နှစ်ဆလောက် မြတ်မယ်ပေါ့"

"ဘယ်လောက်တန်သတဲ့လဲဟင်"

"အဲဒီအချိန်က လေးသိန်းခွဲ ပေးခဲ့ရတယ်၊ ခုဆို တန်ဖိုးက သုံးဆလောက် တက်ရောပေါ့"

"အဲဒီ ပတ္တမြားကြီးတွေကော သဲမောင်"

"ပြောမယ်၊ သဲမောင်တို့ရဲ့ ဒရိုင်ဘာက ဖေဖေ့ကို သူ့လူတစ်ယောက် မောင်းခိုင်းပြီး လွှတ်လိုက်တယ်"



"သူကကော"

"မသာအိမ်မှာ ဖဲရိုက်နေမှာပေါ့"

"အို"

သဲနုငယ်က နားမလည်ဟန်ဖြင့် စိတ်ဝင်စားစွာ နား ထောင်ရှာသည်။

"ကားက ချောက်ထဲထိုးကျပြီး မီးလောင်တဲ့အထဲမှာ ဖေဖေ ပါသွားတယ်၊ ကားမောင်းတဲ့လူက တောင်စောင်းမှာ ကျသေနေတယ်၊ ပတ္တမြားကြီးတွေတော့ စုပ်စမြုပ်စ ပျောက်သွားတယ်"

"ရဲ မတိုင်ဘူးလား"

"ပတ္တမြားကိစ္စကို ဘယ်မှာ တိုင်ဝံ့ပါ့မလဲ"

"ဟုတ်သားပဲ"

"ဒါဟာ မတော်တဆ ဖြစ်မလား၊ တမင်တကာ လုပ်ကြံတာ ဖြစ်မလား၊ သဲနုငယ် စဉ်းစားကြည့်ပါ"

"ရှင်းနေတာပဲ၊ လုပ်ကြံတာ နေမှာပေါ့"

"ဒီလိုဆိုရင် လုပ်ကြံတဲ့သူ ဘယ်သူဖြစ်မလဲ"

"မသာအိမ်မှာ ဖဲရိုက်ကျန်ခဲ့တဲ့ ဒရိုင်ဘာ ဖြစ်မှာပေါ့"

"အဲဒီလူကို သဲမောင် စိတ်မနာသင့်ဘူးလား သဲနုငယ်"

"သိပ်နာသင့်တာပေါ့ သဲမောင်ရယ်၊ ဖခင်သေ၊ ပစ္စည်းဆုံး၊ သဲမောင်တို့ နွမ်းနွမ်းပါးပါးနဲ့ နေကြတာ အဲဒီလူ တရားခံပေါ့၊ သဲမောင်က အဲဒီလူကြီးကို လိုက်မရှာဘူးလား"

"တွေ့ပါပြီ"

"သြော် ... ဒါကြောင့် သဲမောင် ဒီနေ့ အမူအရာတွေဖြ
နေတာကိုး၊ သူ့ကို ရဲတိုင်လေ"

"အထောက်အထား မရှိဘူး"

"ဒါဆိုရင် ကလဲ့စားချေ၊ သူ့ပြန်သတ်၊ အို ... ဒီလိုလည်း ဘယ်ဖြစ်ပါ့မလဲနော်၊ သူ့ကို သွားသတ်ရင် သဲမောင် လူသတ်မှုဖြစ်ဦးမယ်၊ ဟိုတုန်းကကိစ္စ ဘယ်သူသိတာမှ လို့၊ သတ်ချင်တိုင်းလည်း သတ်လို့ မဖြစ်သေးဘူး"

"သဲမောင်ရဲ့ မေမေကလည်း အဲဒီလိုပဲ ပြောခဲ့တယ်"

"အဲဒီလူကြီးက ဘယ်သူလဲ သဲမောင်၊ ဟင် ... သဲမောင် ကိုယ်တိုင်ဆိုရင် မပြောနဲ့ သဲနုငယ်တောင် စိတ်နာလိုက် တာ"

"သိချင်သလား"

"အင်းလေ"

"ဦးလှဖေတဲ့ ... သဲနုငယ်ရဲ့ ဖေဖေ"

"ဟင်"

ပထမတော့ အံ့သြသွားသည်။ နောက်တော့ ဝမ်းနည်းလာသည်။ နှုတ်ခမ်းကလေးများက ဖြူရော်လာသည်။ တဆတ်ဆတ် တုန်လာပြီကော။

"သဲနုငယ် သိပါပြီ၊ သဲမောင် ... သဲမောင်ရယ်၊ ရက်စက်လိုက်တာ၊ ဖေဖေ့ကို ကလဲ့စားချေချင်လို့ သဲနုငယ်ကို ညာခဲ့တယ်"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ သဲနုငယ်ကို သဲမောင် တကယ် ချစ်တယ်၊ မညာရက်လို့ ဖွင့်ပြောတာ"



"မယုံတော့ဘူး သဲမောင်ရေ၊ မယုံနိုင်တော့ပါဘူး"

လင်းလက်ထွန်းက သဲနုငယ် ပခုံးနှစ်ဖက်ကို ဆွဲကိုင်ကာ သူ့ဘက်သို့ ဆွဲလှည့်သည်။ စောစောက လေအေးနှင့်ပြောသလောက် ကတိုက်ကရိုက်ကြီး ပြောချသည်။

"သဲနုငယ်ကို တကယ်ချစ်လို့၊ မညာရက်လို့၊ ညာပြီး လက်မထပ်နိုင်လို့"

"ဖေဖေ့ကို သိပ်စိတ်နာနေတယ် မဟုတ်လား"

"အသည်းခိုက်အောင် နာတယ်"

"နာပါ သဲမောင်၊ နာထိုက်ပါတယ်၊ သဲနုငယ်ကို ကလဲ့စားချေပါ၊ ပါးရိုက်မလား၊ ဖက်နမ်းမလား၊ တစ်ကိုယ်လုံး မွှန်းချေသွားပါ သဲမောင်"

"မပြောနဲ့"

လင်းလက်ထွန်း ကျုံးအော်သည်။

"မင်းကိုသာ ကလဲ့စားချေရက်ရင် မင်းအဖေ မြေးချီနေရပြီ နားလည်လား"

"သဘောရှိပါ၊ ကြိုက်သလို ကလဲ့စားချေပါ၊ ဖေဖေ မြေးချီပါစေ သဲမောင်၊ ပြီးတော့ မှ ပါးရိုက်ပြီး ချန်ထားခဲ့ပါ၊ သဲနုငယ် ... သဲနုငယ်"

"တော်တော့ ... မပြောနဲ့ဆို"

လင်းလက်ထွန်းက ဘောင်းဘီအိတ်အတွင်းမှ အော်ဒီမက်တစ် ခလုတ်ဓားကိုထုတ်ကာ ဖြောင်းခနဲ ဖွင့်သည်။

"ထိုးချလိုက်စမ်းပါ သဲနုငယ်ရဲ့ ရင်ဘတ်ထဲကို"

သဲနုငယ်က ရင်ကိုကော့၍ ကပ်လာသည်။

"မင်းကို မလုပ်ရက်လို့ ငါ့ကိုယ်ငါ လုပ်မလို့"

"အို ... သဲမောင်"

ဓားကို ယာလက်ဖြင့်ကိုင်ကာ ဝဲလက်ဖျံတစ်လျှောက် ဆတ်ခနဲ ခွဲချသည်။ သွေးတွေက ဖြာခနဲ ပန်းထွက်လာသည်။

သွေးစွန်းသည့် လက်မောင်းဒဏ်ရာကို သဲနုငယ်က ပါးကလေးနှင့် ပြေးကပ်သည်။ သဲနုငယ်၏ ပါးတစ်ဖက်တစ်ချက်မှာ သွေးတွေ စွန်းကုန်ပါပကော။

"သဲနုငယ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သွေးနဲ့ သက်သေပြခဲ့တယ် သဲနုငယ်"

"သဲမောင်ရယ်"

လင်းလက်ထွန်း၏ ရင်ခွင်ဆီသို့ သဲနုငယ် ကိုယ်ကလေးက ထွေးခနဲ အိကျလာသည်။ ကျောပြင်ကို သိုင်းဖက်လိုက်မှာ သွေးတွေက အအင်္ကျီဖြူဖြူဖွေးဖွေးကလေးပေါ်မှာ ပေကျံကုန်တော့သည်။ သဲနုငယ်၏ မျက်ရည်များက လင်းလက်ထွန်း၏ ရင်ဘတ် ရုပ်အင်္ကျီမှာ စိုစွတ်ရွှဲ၊ လင်းလက်တွန်း၏ မျက်ရည်များက ဖားလျားဝေပါသည့် သဲနုငယ့် ဆံပင်များဆီသို့ ...။

ချစ်သူနှစ်ဦး လွတ်ထွက်သွားမှာ စိုးကြောက်သည့်ဟန်၊ အပြန်ပြန် အလှန်လှန် ဖက်ရင်း ငြိမ်ကျသွားကြသည်။

လင်းလက်ထွန်းက စတင်ကာ လူချင်းခွာသည်။

"သဲနုငယ်ရဲ့ ဖေဖေကို ခွင့်လွှတ်လိုက်ပြီလို့သာ ပြောလိုက်ပါတော့ သဲနုငယ်၊ သဲမောင်တို့ ဒီဘဝမှာ ရေစက်ကုန်ကြပြီ"

"မသွားရဘူး သဲမောင်၊ သဲနုငယ်ကို မထားခဲ့ပါနဲ့"



လင်းလက်ထွန်း ကျောခိုင်းလိုက်ပါပြီ။ လက်ဖျံမှ သွေးများက လက်ချောင်းများတစ်လျှောက် စီးကျလာသည်။ သွေးစက်လက်ဖြင့် ထွက်ခွာသွားပါသော ချစ်ရလွန်းသူ ချစ်သည်းအူ။

"သဲမောင်ရေ ... သဲနုငယ်ကို မထားခဲ့ပါနဲ့၊ သဲမောင်ရေ ... မထား ... ခဲ့"

သဲနုငယ် အသံ ပျောက်သွားသည်။ လဲကျသွားပြီဟုသည့် အသိစိတ်ဖြင့် ပြန်လှည့်အကြည့် ...။

သဲနုငယ်က မြက်ခင်းပေါ်မှာ ခွေခွေကလေး။

လင်းလက်ထွန်း သံယောဇဉ်ကို တိခနဲ ဖြတ်၊ ယောကျ်ား ... ဟူသည့် သံမဏိစိတ်ဓာတ်ကိုသွင်း၊ မီးလောင်ကျွမ်းအားသည့် ဖေဖေ့မျက်နှာ ရုပ်ပျက်ဆင်းပျက်ကြီးကို တမ်းတရင်း ခြံထဲမှ ထွက်ခဲ့ပါတော့သတည်း။

"လင်းလင်းရေ ... ဧည့်သည်"

"ဗျော်"

ဦးလှဖေက သံတံခါးဝမှာ မားမားကြီး။

"ဦးလေးဝင်းရေ၊ ဟောဒီ ဦးက ကျွန်တော့်ကို နေ့လယ်စာ ကျွေးဖို့ ဖိတ်နေတာ ကြာလှပြီ၊ ခုမှပဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ၊ လိုက်သွားလိုက်ဦးမယ်နော်"

"သွားလေ၊ ပြီးရင် တန်းတန်းမတ်မတ် ပြန်လာခဲ့လင်းလင်း၊ မင်း ခုတလော တယ်လမ်းများတယ်၊ နာမည်လေးရစ ဆင်ခြင်ဦးကွ"

"ဟုတ်ကဲ့ပါ ဦးလေးဝင်းရဲ့၊ လာရော ... ဦး"

ကြက်သွေးရောင် ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင် ကားကြီးမှာ ယာဉ်မောင်းမပါ၊ ဦးလှဖေ ကိုယ်တိုင် မောင်းလာသည်။

"ဘယ်သွားမလဲ လင်းလင်း"

"နီးနီးနားနား စထရင်းဆို တော်ပြီ"

ဦးလှဖေ မျက်နှာက ညှိုးကျနေသလောက်၊ လင်းလက်ထွန်း မျက်နှာထားက မခိုးမခန့်။ စားသောက်ခန်းတွင်းမှာ ထိုင်မိကြသည်အထိ စကားမပြောဖြစ်ကြ။ ဦးလှဖေက နေ့လယ်စာကို အကျအန မှာသည်။

"စားပါ လင်းလင်း"

"ဟင်း ... ဟင်း၊ စားရသေးတာပေါ့"

မခိုးမခန့် ရယ်သံကြောင့် ဦးလှဖေ ကိုယ်ကြီး မတ်သွားရသည်။

"သမီး ငယ်ငယ် စိတ်နောက်သွားရှာပြီ"

"ဟုတ်လား"

ထိမထင် မျက်နှာပေးနှင့် ပြောရပေမင့် ရင်ခေါင်းကြီးတစ်ခုလုံး ပွင့်ထွက်သွားမတတ် ကျဉ်တက်သွားရပါ၏။

ဩော် ... သဲနုငယ်၊ ဖြစ်ရလေခြင်း အသက်ရယ်။

"အဲဒီနေ့က ခြံထဲမှာ မင်းနဲ့ စကားများကြတယ်တဲ့၊ မင်း စိတ်ဆိုးပြီး မင်း လက်မောင်းကို မင်းဓားနဲ့ထိုး၊ သမီးရဲ့



ပါးမှာလည်း သွေးတွေနဲ့၊ မင်း ထွက်သွားတော့ သမီး ငယ်ငယ် သတိမေ့ပြီး လဲကျကျန်ခဲ့တယ်လို့ မလုံးက ပြောတယ်"

စားပွဲဝိုင်းပြည့်အောင် မှာကြားထားပါသည့် အစားအသောက်များကို လက်ဖျားနှင့်ပင် တို့ချင်စိတ် မရှိကြပါ။ ခံစားချက်များ ကိုယ်စီ၊ ကိုယ်စီ။

"မင်းတို့ ချစ်ခြင်းကို ဘယ်လောက်ထိ လိုက်လျောပြီး အခွင့်အရေး ပေးထားတယ် ဆိုတာလည်း ကာယကံရှင် မင်း အသိဆုံး၊ ငယ်ငယ်ကို မင်း ချစ်တယ်ဆိုရင် ညှာသင့်တာပေါ့ လင်းလင်း၊ ဘာကိစ္စမို့ မင်းက ဒီလောက် စိတ်ဆိုးသွားရတာလဲ"

"ကိစ္စလား၊ ဟဲ ... ဟဲ၊ ကိစ္စကတော့ ချောက်ထဲကားထိုးကျ၊ ကားမီးလောင်၊ လူသေ၊ ပတ္တမြားကြီးငါးလုံး အပျောက်ရိုက်သွားတဲ့ ကိစ္စပါတဲ့"

"ဘာ"

"ထပ်ကြားချင်ပါသေးသလား"

"မင်း ဘာဆိုလိုတာလဲ"

"ဦးဘထွန်း၊ ဒေါ်ရင်ငြိမ်းသားက ဒီလောက်ပြောရင် သိတန်ကောင်းပါပြီ"

"သမီးကို ပြောလိုက်သလား"

"ပြောပြပြီး လမ်းခွဲခဲ့တာပဲ၊ သွေးထွက်သံယိုမှု ကတော့ နလုံးမခိုင်သေးတဲ့ အချစ်ငမိုက်သား တစ်ယောက်ရဲ့ စတန့်တစ်မျိုးလို့ပဲ မှတ်ပါတော့"

"မင်း ဘာလုပ်ချင်သလဲ"

"ဘာမှ မလုပ်ချင်တော့ပါဘူး"

"ဩော် ... တကူးတက အစီအစဉ်ဆွဲပြီး ကလဲ့စားချေပေတာကိုး"

"ယူသော် ရ၏ပေါ့ ခင်ဗျာ"

"မင်း သိပ်သွေးပူနေတုန်း ဖြစ်ရပ်မှန်တွေ ရှင်းပြလည်း မင်း လက်ခံမှာ မဟုတ်ဘူး၊ ငါ့ကိုယ်ငါ အပြစ်မရှိဘူးလို့လည်း မပြောချင်ပါဘူး၊ ဒါပေမဲ့ ထင်တာတွေ အကုန်လုံးတော့ မမှန်ဘူး၊ ဒါတွေ ထားပါတော့၊ လောလောဆယ် အခြေအနေမှာ မင်းသာ ငယ်ငယ်ကို ကြင်ကြင်နာနာ ပေါင်းမယ်ဆိုရင် အခု လက်ထပ်ပေးမယ်၊ ရှိပစ္စည်းအားလုံးကို အမွေလွှဲပေးမယ်"

"ဦးလှဖေ ... ခင်ဗျား စေတနာတွေ သိပ်နောက်ကျသွားပြီ၊ ခင်ဗျားဆီက တစ်ပြားတစ်ချပ်မှလည်း ပြန်မလိုချင်တော့ဘူး၊ သဲနုငယ်ကို တကယ်ချစ်မိလို့ ချစ်တဲ့သူကို နှိပ်စက်ရာကျသွားလို့ အဲဒီအမွေတွေကို အဆုံးခံလိုက်တယ်လို့ပဲ သဘောထားပါ"

"စဉ်းစားပါဦး လင်းလင်း၊ မင်း စိတ်ပြေတဲ့ တစ်နေ့မှာ ဦးရဲ့ခြံတံခါးကို အမြဲဖွင့်ထားပါတယ်"

မှာကြားထားသည့် အစားအသောက် ဟူသမျှ လက်ဖျားနှင့်ပင် တို့မသွားဘဲ ဦးလှဖေ ထွက်သွားပါလေပြီ။ သမီးရှင်တစ်ယောက်အနေနှင့် သနားရမည့်အစား လင်းလက်ထွန်းက ထ,တောင် က,ချင်မိသည်။ ဩော် ... သို့ပေမင့် သဲနုငယ် မင်း



လေးက စတေးခံ နှလုံးသားလေးပါလား အသက်ရယ်၊ သဲမောင် မဖြေနိုင်ပါဘူး သဲနုငယ်၊ ရင်ထဲမှာ မချိပါဘူး အချစ်ရယ်၊ ချစ်သည်းအူကလေး သဲနုငယ်၊ သဲမောင် ရှုးရချေရဲ့ကွယ်။

... မောင်တို့ ယောက်ျားတွေရယ် ... မိန်းမတွေကို နေရာတကာမှာ နိုင်ထက်စီးနင်း ပြုချင်လွန်းလှတယ် ... ပလို့ဂျိ... ပလို့ဂျိ ...။

သဲနုငယ် ကွေးနေအောင် က,သည်။

... စကားနဲ့တစ်မျိုး အားမာန်ကိုးပါလို့တစ်သွယ်၊ မိန်းမမာယာ သဲကိုးဖျာလို့ ဆိုကြပြန်သေးတယ်၊ ဗပေပေ့ထိ၊ ဗပေပေ့ဂျိ။

မောင်တို့ ယောက်ျားတွေများ ကျတော့ သဲကိုးဖျာတောင် မလောက်ပါတယ်၊ မန်ကျည်းကိုးပင်ကို နောက်ပါလို့ရယ်၊ လိမ်လည်လှည့်ဖြား ဉာဏ်များကြပါတယ် ...

"အဟင့် ... အီး ... ဟီး ... ဟီး"

သဲနုငယ် ငိုပါလေပြီ။

... ကြောက်လှပါပြီကွယ် မောင်တို့ဆိုစကားရယ်၊ အချစ်ကြီး ချစ်လာခဲ့တယ်၊ အသည်းတွေ ကွဲအောင်ပဲကွယ်၊ ဆိုခဲ့တာတွေများ ယုံတမ်းစကားသဖွယ် ...

"ဗြူနောင်နောင် ဗပေပေ၊ ဗပေပေ၊ ပလို့ဂျိ၊ ပလို့ဂျိ၊ အို ... ဘာတဲ့တုံး"

သဲနုငယ် ဝတ်ထားသည်မှာ ဇာအင်္ကျီဖြူဖြူကလေး။ သည်အင်္ကျီကလေးကို မချွတ်ပါ။ သူ သတိမေ့နေစဉ် ချွတ်လဲ၍ မလုံးက လျှော်ထားမိခဲ့သည်။ သတိရသည်နှင့် သီချင်းထဆိုကာ အင်္ကျီကလေးကို ငိုယို၍ တောင်းရှာသည်။ ယူပေးလိုက်သည့်အခါမှာ "သွေးတွေ ပြန်သုတ်ပေး"ဟု၍ အော်ငိုပြန်သောကြောင့် မင်နီ ဆွတ်ပေးလိုက်ရသည်။

မှန်တင်ခုံပေါ်မှာ မင်နီအိုးတင်ကာ ပါးနှစ်ဖက်မှာ ခြောက်ရင်း သုတ်ရင်း၊ ခြောက်ရင်း သုတ်ရင်း၊ သီချင်းဆိုလိုက်၊ ကလိုက်၊ ငိုလိုက်၊ တခြားစကား မပြော၊ အစာကျွေးလျှင် စားသည်။ ဆာသည်ဟု မတောင်း။

သွက်သွက်လည်ရှာပါပြီကော သဲနုငယ်။

"မောင်တို့ယောက်ျားတွေရယ်"

သမီးငယ်ငယ်၏ ချိုချိုအေးအေး အသံသာသာကလေးက ဦးလှဖေ၏ နှလုံးသားကို ဓားထက်ထက်ဖြင့် မွှမ်းနေတော့သည်။

ဖအေတစ်ခု သမီးတစ်ခု ဘဝမှာ သည်သမီး ငယ်ငယ်သာလျှင် သူ့အသက်၊ သူ့အသည်း၊ သူ့ဘဝ၊ ခုတော့ အသည်းကြွေ၍ ဘဝပျက်ရမည့်ကိန်းပါတကား။

"သမီး ငယ်ငယ်"

"မောင်တို့ယောက်ျားတွေရယ်၊ အို ... ဘာတဲ့"

ဖခင်ကြီးကို လက်ညှိုးတငေါက်ငေါက်နှင့် သီချင်းဆိုပြနေရှာပါသည့် သဲနုငယ်။



ဦးလှဖေက သဲနုငယ် အခန်းတွင်းသို့ ပုလင်းဆွဲ၍ ဝင်လာသည်။ အခန်းတံခါးကို လုံအောင်ပိတ်။ သဲနုငယ်ကတော့ ကွေးနေအောင် ကပြန်သည်။ ဘရန်ဒီပုလင်းကို ဖန်ခွက်မရှာ၊ ရေမရောဘဲ ပုလင်းလိုက်မော့သည့် ဦးလှဖေ။ သားအဖနှစ်ယောက် အခန်းတံခါးပိတ်ကာ ဒေါင်ချာစိုင်းကြရပုံများ။

"မသဲရေ ... မင့်သမီး ငယ်ငယ်ရဲ့ အဖြစ်တွေကို လာကြည့်ပါဦးကွယ်"

မူးသံကြီး ထွက်လာသောကြောင့် မလုံး စိတ်ပူကာ ဒရိုင်ဘာကိုခေါ်ပြီး အခန်းဘောင်ပေါ်မှ ကျော်ဝင်ကာ တံခါးကို အတွင်းမှ ပြန်ဖွင့်ပေးရသည်။ မျက်ရည်စီးကြောင်းများနှင့် အိပ်ပျော်နေရှာသည့် သဲနုငယ် နံဘေးမှာ ဦးလှဖေက ဇက်ကြိုးကျိုးကျကာ အမူးလွန်နေလေတော့သတည်း။

လင်းလက်ထွန်း ကျတော့ကော ...။

ဦးလှဖေနှင့်တွေ့ပြီး အပြန်မှာ သူ့အခန်း လေးထပ်ဆီသို့ တဒုန်းဒုန်း ပြေးတက်ခဲ့သည်။

"ဟဲ့ ... လင်းလင်း"

ဦးတင်မောင်ဝင်း ခေါ်သံကိုပင် ပြန်မထူးမိ၊ သူ့အခန်းထဲကိုဝင်၊ အုတ်နံရံနှင့် ခေါင်းနှင့် ပြေးပြေးဆောင့်သောကြောင့် သုံးခါသာ ဆောင့်လိုက်ရသည် ခေါင်းကွဲကာ လဲကျသွားရတော့သည်။

"ခက်လိုက်တဲ့ သူငယ်လေး၊ ဘာဖြစ်မှန်း မသိဘူး၊ ဟိုနေ့ကလည်း ချော်လဲပြီး ဘာနဲ့ရှလာမှန်း မသိဘူး၊ သုံးချက်တောင် ချုပ်ထားရတာ၊ ချုပ်ရိုးတောင် မခြေရသေးဘူး"

"ဆေးရုံပို့မှပဲ ကိုဝင်း၊ သွေးတွေလည်း သိပ်ထွက်နေတယ်၊ သတိလည်း မရသေးဘူး"

ဝိုင်းမွေ့ကာ ဆေးရုံပို့ကြရသည်။ သည်တစ်ခါတော့ လေးချက်ချုပ်ရသည်။ ဆေးရုံပေါ်မှာ တစ်ပတ်ကြာခဲ့ရပါ၏။

"လင်းလင်း"

ဦးတင်မောင်ဝင်းက လင်းလက်ထွန်း ခုတင်ပေါ်မှာ တင်ပါးလွှဲ လာထိုင်သည်။

"လင်းလင်း ဘဝမှာ အုပ်ထိန်းသူဆိုလို့ ဦးလေးတစ်ယောက်တည်း ရှိတယ်၊ မင်း ဘယ်အတွက် ဒီလောက် စိတ်ရောလူပါ ဒုက္ခရောက်ရတယ် ဆိုတာ ငါ မမေးတော့ဘူး"

"မေးလည်း မဖြေပါဘူး"ဟု လင်းလက်ထွန်း စိတ်ထဲက ကျိတ်ပြောသည်။

"ဒီအရွယ်မှာ ဒီလိုသောကဖြစ်တာ ရည်းစားပူမိတာကလွဲပြီး ဘာမှ မဖြစ်နိုင်ဘူး"

လင်းလက်ထွန်း ဘာမျှပြန်မပြောပါ။

"ဦးလေးဝင်း တစ်ခုမေးမယ်၊ မင်းအသက် အခုဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်ထဲ ရောက်လာပြီ"

"မင်းကိုယ်မင်း လူဖြစ်ပြီလို့ ထင်သလား"

"မသိပါဘူး ဦးလေးဝင်း"

"မဖြစ်သေးဘူး လင်းလင်း၊ ပညာမစုံသေးဘူး၊ အသက်မွေးဝမ်းကျောင်း မနိုင်မာသေးဘူး၊ ခုမှ ခြေလှမ်းစခါစအချိန်၊ ဒါပေမဲ့ မင်းရဲ့ဘနုပညာဗီဇနဲ့ တစ်နေ့မှာ လျှမ်း



လျှမ်းတောက်လာမဲ့သူ၊ ဘာဖြစ်လို့များ မိန်းကလေးတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝ နစ်မွန်းခံချင်ရတာလဲ"

"ဘဝကြီးတစ်ခုလုံး နစ်မွန်းရုံမက လူပါသေချင်နေတာဗျ"ဟု ပြောချင်ပေမဲ့ မပြောဖြစ်တော့။

"မင်း ယောကျ်ားမဟုတ်ဘူးလား"

"ယောကျ်ားမှာလည်း ခံစားတတ်တဲ့ အသည်းနဲ့ပါ ဦးလေးဝင်းရယ်"

သည်တစ်ခါတော့ ပြန်ပြောမိသည်။

"မင်း ပြဿနာက အဖြေမရှိတာလား၊ အဖြေရှိပြီး မဖြေနိုင်တာလား၊ ဦးလေးဝင်း ဆိုလိုတာက လင်းလင်း စိတ်ဆင်းရဲရတာဟာ ငွေရေးကြေးရေး မပြည့်စုံတာမျိုးတို့ကြောင့်ဆိုရင် ဦးလေးဝင်း တာဝန်ယူမယ်"

"မဟုတ်ပါဘူး ဦးလေးဝင်းရယ်၊ အဖြေကို မရှိတာပါ"

"အဖြေမရှိတဲ့ ပုစ္ဆာတစ်ပုဒ်ကို တွက်နေလို့ မင်းလောက်မိုက်တဲ့သူ ရှိပါဦးမလား၊ အဖြေမရှိ မဖြေရုံပေါ့"

"အဖြေမရှိ မဖြေရုံပေါ့"ဟူသည့် စကားကို လင်းလက်ထွန်း ထပ်တလဲလဲ ရွတ်ကြည့်မိလေသည်။

ဦးတင်မောင်ဝင်းက လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်သည်။ လင်းလက်ထွန်း အတွက် စိတ်၏ဖြေရာထွက်ပေါက်ကို ဖန်တီးပေးနိုင်သည်။ အလွမ်းသီချင်း များများစပ်ပေးသည်။ သီချင်းကို မနားမနေ ဆိုခိုင်းသည်။ သူ့ သီချင်းများမှာ အသက်ဝင်လှုပ်ရှားသည်နှင့်အမျှ လင်းလက်ထွန်း နာမည် ပိုတက်လာရပါ၏။

ဦးလှဖေ ကျတော့ လိမ္မာပါးနပ်စွာ ကိုင်တွယ်ပေးမည့်သူ မရှိ။ သမီးငယ်ငယ်ကို ထိန်းရင်း ,သူ့ကိုယ်သူပါ ပြန်ထိန်းရသည်။ မည်သူမပြု မိမိမှုပေပဲဟု စိတ်ကို ဖြေယူရသည်။ ဝဋ်ကြွေးကို သံသရာမဆိုင်းဘဲ ခံရသည်မို့ နောက်ဘဝထိတိုင် ဝဋ်ကြွေးမပါသည်ကိုပဲ တွေး၍ ဝမ်းသာရပါတော့မည်။

သဲနုငယ်ကို စိတ်ကျန်းမာရေးဆေးရုံ တင်ရသည်။ နေမကောင်းသောကြောင့် နိုင်ငံခြား ဆေးသွားကုသလိုလို သတင်းလွှင့်ကာ သူ့ကိုယ်တိုင်ပါ အိမ်တွင်းပုန်း လုပ်ရသည်။ ဧည့်သည်များနှင့် အတွေ့မခံ။ သမီးငယ်ငယ်၏ ဖြစ်ရပ်မှန်များကို မည်သူမျှမပြောပြ။ မြမြဖူး တို့၊ ခိုင်ရွှေဝါတို့နှင့်လည်း မတွေ့ဖြစ်အောင် ရှောင်သည်။

ဆယ်တန်းစာမေးပွဲ အတန်းတင် စစ်မေးသည့်နေ့မှာပင် သဲနုငယ် စိတ်ကျန်းမာရေးဆေးရုံက ပြန်ဆင်းလာနိုင်တော့သည်။ ဆေးရုံမှာ နေခဲ့ရသည့် ရက်များကတော့ စုစုပေါင်းခြောက်လကျော်ကျော် ခုနစ်လနီးပါး။

ခုတော့ လူကောင်းပကတိဖြစ်၍ စိတ်ကျန်းမာရေးဆေးရုံက ပြန်ဆင်းလာနိုင်ခဲ့ပါပြီ။



တစ်အိမ်လုံးမှာ ခန်းဆီးအသစ်တွေ လဲ၊ ပန်းအိုးလှလှလေးတွေ ထိုး။ သဲနုငယ် စိတ်ကြည်နူးစေရန် သူ့သမီးကို ဦးလှဖေ ကိုယ်တိုင် သွားကြိုလာခဲ့သည်။

ရောက်ပါပြီ။

"ဟယ် ... မမငယ်က ဝလာတယ်တော့၊ ပိုပြီးလို့တောင် လှလာသေးတယ်"

မလုံးက ဝမ်းသာအားရ ပြောရှာသည်။

"ဖေဖေ ပိန်သွားတယ်နော်"

"နောက် ဝလာမှာပေါ့ သမီးရယ်၊ သမီး ပြန်ရောက်လာပြီပဲ"

"ဘာစားမလဲ မမငယ်၊ မလုံး ဘာလုပ်ပေးရမလဲ"

"ဘာလီရည် အေးအေးကလေးနှစ်ခွက်ပဲ စာကြည့်ခန်းထဲကို ပို့ပေးပါ မလုံးရယ်"

"ဖေဖေ ... ခဏ"ဟုဆိုကာ စာကြည့်ခန်းတွင်း ဝင်သွားသောကြောင့် ဦးလှဖေမှာ ရင်တမမနှင့် လိုက်ဝင်သွားရသည်။ မလုံးက ဘာလီရည် လာပို့ပြီးသောအခါ သဲနုငယ်က အခန်းတံခါး ထပိတ်သည်။

"နားပါဦးလား သမီးငယ်"

"ရပါတယ် ဖေဖေ၊ သမီး နေကောင်းပါပြီ၊ အားလုံးကို လည်း ပြန်ပြီး အမှတ်ရပါတယ်၊ ဖေဖေ့ကို မေးချင်တာ ရှိလို့ပါ"

လင်းလက်ထွန်း စွပ်စွဲခဲ့သည့် စကားများကို သူ့အဖေအား တစ်ခွန်းချင်း မေးသည်။ ဦးလှဖေကလည်း မှန်မှန်ကန်ကန် တိတိကျကျ ပြန်ဖြေသည်။

"လင်းလင်းဘက်က မလွန်ပါဘူး ဖေဖေ"

ဖခင်ရှေ့မှာမို့ သဲမောင်ဟု မခေါ်၊ လင်းလင်းဟုသာ ပြောရသည်။

"ဒါကြောင့်လည်း ဖေဖေက ဂြိုဟ်တံခါးကို အမြဲဖွင့်ပေးထားပါတယ်လို့ ဆိုခဲ့တာပေါ့သမီး"

"သမီး သူ့ကို ရှင်းပြချင်တယ်"

"လက်ခံပါ့မလား သမီးရယ်"

"တကယ်လို့များ လင်းလင်း လက်ခံခဲ့ရင်ကော ဖေဖေ"

"အတိုင်းထက် အလွန်ပေါ့ သမီးရယ်၊ ဖေဖေ ကြည်ဖြူပါတယ်၊ အေး ... ဒါပေမဲ့ သမီးကို နှိပ်စက်ဖို့တော့ မဟုတ်ဘူး၊ သမီးကို ကြင်နာမယ် ဆိုရင်ပေါ့"

"သမီး သိပါတယ် ဖေဖေ၊ သူဟာ သမီး အရက်တကျွဲ အကျိုးနည်းဖြစ်အောင် ကလဲ့စားချေနိုင်ခွင့် ရရဲ့သားနဲ့ မချေခဲ့တာဟာ သမီးကို မြတ်နိုးလို့ပါ၊ သူ့ပေါက်ကွဲမှုနဲ့ သူ ဆုံးဖြတ်ချက်ချပြီး လမ်းခွဲကြရာမှာ သမီး စိတ်နောက်သွားရတာက သမီးရောဂါနဲ့ သမီးပါ၊ သမီး ဒီလိုဖြစ်စေဖို့ သူ ဆန္ဒမရှိပါဘူး"



"ဖေဖေလည်း သူ့သတင်း နားထောင်ပါတယ်၊ အုတ်နံရံနဲ့ ခေါင်းနဲ့ဆောင့်လို့ ခေါင်းကွဲပြီး လေးချက်ချုပ်ရတယ်တဲ့"

"သမီး သွားတောင်းပန်ပါရစေနော် ဖေဖေ၊ သမီးကို ခွင့်ပြုပါ"

"သမီးရဲ့ ကျန်းမာရေး ကောင်းလာပြီဆိုရင် သွားပါသမီး၊ သွားပါ၊ ဖေဖေ မတားပါဘူး၊ ဒါပေမဲ့ နှစ်ရက်သုံးရက်တော့ နားပါဦး သမီးရယ်၊ သမီး စိတ်သိပ်လှုပ်ရှားသွားမှာ စိုးလို့ပါ"

ဘာလီရည် အေးအေးကလေးနှင့်အတူ သဲနုငယ်ငင်ထဲမှာ လန်းဆန်းသွားရသည်။ ပေါ့ပါးသွက်လက်သည့် ခြေလှမ်းကလေးများနှင့် သူမ အခန်းထဲသို့ ဝင်ခဲ့သည်။ သူ့စာရေးစားပွဲပေါ်မှ စာမျက်နှာရှစ်ဆယ်ပါ ဗလာစာအုပ်ကလေးတစ်အုပ်ကိုယူသည်။ ထိုနေ့ တစ်နေ့လုံး စာရေးသည်။ ညဘက်အချိန်မှ အိပ်သည်။ နောက်တစ်နေ့ မနက်မိုးလင်းတော့ ဆက်ရေးသည်။ ထိုညအိပ်ချိန်ကျတော့ အိပ်လိုက်သည်။ နောက်တစ်နေ့ ဆက်ရေးရပြန်သည်။

သဲနုငယ် တစ်နေကုန် စာတွေထိုင်ရေးနေသည်ကို ကျောင်းမိမှာ စိုးသောကြောင့် မကြိုက်လှပေမင့် ဦးလှဖေအားဝုံ၊ လင်းလက်ထွန်းထံ စာရှည်ကြီး ရေးနေသည်ဟုသာ သိသည်။ သမီးငယ် စိတ်ချမ်းသာသလို လုပ်ပါစေဟု ကြည့်နေသည်။

ရေးလိုက်သည့် စာတွေက စာမျက်နှာရှစ်ဆယ်တစ်အုပ်လုံး ပြည့်လုနီးပါး။

"မလုံးရေ"

"လာပြီ မမငယ်"

သဲနုငယ် ရေးထားသည့် စာအုပ်ကလေးကို အထုပ် ကလေးဖြစ်အောင် အကျအန ထုပ်ကာ လိပ်စာတပ်ထားသည်

"ဒီအထုပ်လေးကို အဲဒီလိပ်စာအတိုင်း ပါဆယ်နဲ့ ပို့ တယ် မလုံးရယ်"

"ဟုတ်ကဲ့ မမငယ်"

"ဈေးသွားရင်း စာတိုက်ဝင်ခဲ့နော်၊ ပိုပိုမိုမို ငွေငါးဆ ယူသွား ... ရော့"

"ဟာ ... မမငယ်ကလည်း ပေါ့ပေါ့လေး၊ မသကာကျ တစ်ဆယ် နှစ်ဆယ်ပေါ့"

"ပိုတာတွေ မလုံး ယူလိုက်နော်"

"အများကြီးပဲ မမငယ်ရဲ့"

"ရတယ် မလုံး၊ ယူသာယူ"

ဆေးရုံကဆင်းလာပြီး စာရေးတာက သုံးရ နားနားနေနေ မှန်မှန်အိပ် မှန်မှန်စား လုပ်တာက သုံးရ ခြောက်ရက်တိတိမှာ သဲနုငယ် အတော်ကလေး ရွှင်ရွှင်လန်းလ ဖြစ်လာသည်။ နှုတ်ခမ်းကလေးများမှာ သွေးနီရောင်များ ရဲနေသည်။

သဲနုငယ် ဂဏန်းငါးလုံး လှည့်ပါပြီ။

"လမင်းတစ်ရာတေးသံသွင်းကပါ ခင်ဗျာ"

"ကိုလင်းလက်ထွန်းနဲ့ စကားပြောချင်လို့ပါ"

"ကိုင်ထားနော်"



နှစ်မိနစ်တိတိ စောင့်ရပေမင့် သဲနုငယ် စိတ်ရှည်ပါ သည်။

"လင်းလက်ထွန်းပါ"

"သဲမောင်ရေ ... သဲနုငယ်ပါ"

"ဟင်"

"သဲနုငယ် စိတ်ကျန်းမာရေးဆေးရုံမှာ ခြောက်လကျော် ကျော် တက်ခဲ့ရတယ်"

"အခု ... အခု နေကောင်းသွားပြီလား သဲနုငယ်"

"လူရော စိတ်ပါ တော်တော်ကလေး နေကောင်းသွားပါပြီ"

"ဟာ ... ဝမ်းသာလိုက်တာ သဲနုငယ်၊ တကယ်ပါ"

"အိမ်ကို လာမလားဟင်"

အဖြေက တော်တော်နှင့် ထွက်မလာ။

"မလာချင်ဘူးလား သဲမောင်ရယ်၊ သဲနုငယ် လာခဲ့ရမလား၊ သဲမောင်နဲ့ သိပ်တွေ့ချင်ပါတယ်၊ ပြောစရာတွေ ဖြေရှင်းစရာတွေကလည်း အများကြီး၊ တောင်းပန်ချင်တာတွေ ရော"

"ဟင်း"ခနဲ သက်ပြင်းချသံကို တယ်လီဖုန်းတွင်း အတိုင်းသား ကြားနေသည်။

"သဲမောင်ကိုလေ သဲနုငယ် သိပ်ချစ်ပါတယ်၊ ဘယ်ဘဝ၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ သဲနုငယ်တို့ ချစ်ကြလွန်းသူ နှစ်ဦးဟာ အနေမဝေးသင့်ပါဘူး သဲမောင်ရယ်"

လင်းလက်ထွန်း အရည်ပျော်ပါလေပြီ။

"ဖြစ်နိုင်သေးရဲ့လား သဲနုငယ်"

"သိပ်ဖြစ်နိုင်တာပေါ့ သဲမောင်ရယ်၊ သဲနုငယ်ကလည်း သိပ်ချစ်နေသေးတယ်၊ ဖေဖေကဆိုရင်လည်း ခြံတံခါး အမြဲဖွင့်ထားပါတယ်လို့ ပြောခဲ့တဲ့စကားကို ခုထိမရုပ်သိမ်း သေးပါဘူးတဲ့"

လင်းလက်ထွန်း စဉ်းစားရပါပြီ၊ သဲနုငယ်ရော သူ ကိုယ်တိုင်ပါ ခံသင့်သလောက် ခံကြရပြီးသည့်ပြင် ဦးလုဖေ ကိုယ်တိုင်လည်း သည်လောက်ဆိုလျှင်တော့ နောင်ကြဉ်လောက် ပြီ ထင်သည်။ သည်ရက်များအတွင်းမှာ စိတ်တို့ကလည်း အနည်ထိုင်ခဲ့ပြီမို့ ကျေသင့်သလောက်လည်း ကျေသွားရပါပြီ။

ဒေါသနှင့် နာကြည်းမှုတို့က ရေဆုအမှတ်မှာ ရှိမ နေကြတော့ပါ။ တဖြည်းဖြည်း တရွေ့ရွေ့ လျော့ကျလာချိန်ဖြစ် ပါ၏။ သဲနုငယ် အပေါ်မှာ ထားမိသည့် မေတ္တာအစိုင်အခဲ ရှိ စွမ်းအားကြောင့် ဤမျှမြန်မြန်ဆန်ဆန် ကျေအေးမိခြင်းလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သူ့အဖေကို ညှဉ်းဆဲလိုသမျှ ခံရ မည့်သူက သူ့သမီးသာမို့ စိတ်မဆိုးရက်တော့ခြင်းလည်း ပါကောင်း ပါမည်။

ခုတော့ ချစ်ရလွန်းသူ မသည်းအူက ဝပ်လျှိုးညွှတ် သာစွာဖြင့် ကမ်းလှမ်းလာခဲ့ပါပြီ။ လင်းလက်ထွန်း ခံစားတတ် သည့် နှလုံးသားပိုင်ရှင်တစ်ဦးပေမို့ ငြင်းဆန်နိုင်စွမ်းအား မရှိတော့ သလောက်ပါ။

"သဲနုငယ် ... သဲနုငယ်ရဲ့ အသံမှာ ဆွဲငင်စိတ်ဓာတ်မျိုး ပါဝင်နေတယ်ဆိုတာ သတိထားမိရဲ့လား"



"ဆွဲငင်တာ၊ ညို့ယူတာမျိုး မဟုတ်ရပါဘူး သဲမောင် ရယ်၊ သဲမောင်ကို သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး၊ သဲမောင်ရဲ့ အချစ်ကို ပြန်ရဖို့ဆိုရင် ဘယ်အရာနဲ့ပဲ လဲရလဲရ၊ အဲဒီ ဘယ်အရာဆိုတဲ့ အထဲမှာ အသက်ပါ ပါတယ် သဲမောင် ရယ်"

"ပြေးလာချင်တယ် သဲနုငယ်"

ချစ်သည်းနုနုငယ်ငယ်ကလေးကို ပြေးပွေ့ချင်စိတ် အမှန်ပင် ဖြစ်ရငြား သူ့အဖေကို အဘယ်မည်သော ခံစားချက် မျက်နှာမျိုးနှင့် ရင်ဆိုင်ရပါမည်နည်း။

ပြေးတွေ့မိလိုက်လျှင် အကောင်းသား။ ခုတော့ ကျရောက်လာမည့် ကြမ္မာဆိုးကို လင်းလက်ထွန်းရော သဲနုငယ်ပါ မမြင်စွမ်းနိုင်အောင် ဖြစ်ခဲ့ကြရပါ၏။

"လာခဲ့လေ သဲမောင်ရယ်"

"အခု သဲမောင် သီချင်းသွင်းနေရတယ်"

စီးရီးစ်တစ်ခုမှာ သီချင်းတစ်ပုဒ် ဝင်ဆိုရသော် အချိန်ဆယ့်ငါးမိနစ်လောက် ရလျှင် လုံလောက်ပြီ မထင်ပါနှင့်၊ နားထောင်သူ အဖို့သာ ငါးမိနစ်၊ ဆိုရသူ အသံသွင်းရသူ အဖို့ ကျတော့ အဆင်ပြေလျှင် ပြေသလို၊ မပြေလျှင် မပြေသလို နာရီနှင့်ချီ၍ ကြာတတ်ပါ၏။

ယနေ့သွင်းသည့် စီးရီးစ်ကလည်း လင်းလက်ထွန်း တစ်ကိုယ်တော် သူ့သီချင်းချည်း ဆယ့်ခြောက်ပုဒ်တိတိ၊ ယခုမှ နှစ်ပုဒ်သာ သွင်းရသေးသည်။ သူ စကားပြောနေချိန်မှာ တီးဝိုင်း တစ်ဖွဲ့လုံး နား၍စောင့်နေရသည်ကိုပင် အားနာစရာ ကောင်းလှပြီ။

"နောက်ပြီး သဲနုငယ်ဆီ လာခဲ့ရမှာလည်း မျက်နှာပူတယ်ကွယ်"

"အင်းလျားစောင်း သဲနုငယ်တို့ရဲ့ ဘူမိနက်သမ်မှန်တဲ့ အချစ်သစ်ပင်ကြီးအောက်မှာ တွေ့ကြတာပေါ့ သဲမောင်"

နားလည်တတ်လွန်းသည့် မိန်းကလေး၊ လိုက်လျောရှာပါလွန်းသည့် အသည်းကလေး၊ ချစ်စရာ သဲနုငယ်ပါတကား။

"သဲမောင် ဘယ်အချိန်အားမလဲ"

"နားလည်ပေးပါ သဲနုငယ်၊ ဒီနေ့တော့ ညဦးပိုင်းလောက်ထိ ဖြစ်သွားလိမ့်မယ်၊ သဲနုငယ် လာခဲ့မလား"

သူ့အိမ်သူ့ရာကို သည်တစ်ခါ ပထမဆုံး ခေါ်ခြင်းပါ။ သူ့စိတ်ကို ခိုင်ခိုင်ချလိုက်ပါပြီ။ သဲနုငယ်ကို လက်ထပ်တော့မည်။ လူမသိ သူမသိ နာကြည်းစိတ်များကို ဖြေလျှော့လိုက်ပြီမို့ သဲနုငယ်ကို ဦးလေးဝင်းတို့နှင့် တွေ့ပေးပါတော့မည်။

သဲနုငယ်ကလည်း ကဗျာဆန်သွားမိသည်။

"အချစ်သစ်ပင်ကြီး အောက်မှာပဲ တွေ့ကြတာပေါ့ သဲမောင်ရယ်၊ မနက်ဖြန်မနက် ဆယ်နာရီလောက် ဖြစ်မလား၊ အစောကြီး လာချင်တာပါ၊ မနက်ပိုင်းမှာ ဆရာဝန်နဲ့တွေ့ရဦးမယ်"

"သိပ်ဖြစ်တာပေါ့ သဲနုငယ်၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ သဲမောင် ၊လာခဲ့မယ်"

"မမေ့သေးဘူး မှတ်လား သဲမောင်ရယ်"

"ဘယ်တော့မှ မမေ့နိုင်ပါဘူး"

"မမုန်းသေးဘူး မှတ်လား သဲမောင်ရယ်"



"ဘယ်တော့မှ မမုန်းရက်ပါဘူး"

"ချစ်နေသေးတယ် မှတ်လား သဲမောင်ရယ်"

"သိပ်ချစ်တယ် သဲနုငယ်၊ ချစ်တယ်ဆိုတာထက် အများကြီး အများကြီး ပိုချစ်တယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ၊ သဲမောင်ရေ ... တာ့တာ"

သဲနုငယ်နှင့် ချိန်းထားတာက (၁၀)နာရီ။

လင်းလက်ထွန်း (၈)နာရီကတည်းက အိမ်မှထွက်သည်။ ဦးလေးဝင်း မြင်လျှင် "ဘယ်လဲ"လုပ်နေမည် စိုးနေသောကြောင့် ကြိုးစားပမ်းစား ရှောင်ခဲ့ရသေးသည်။ ဗိုလ်ချုပ်ဈေးသို့ ရောက်သည့်အခါမှာ သစ်ခွပန်းဆိုင်က မဖွင့်သေး။ တော်တော်ကြာအောင် စောင့်ရသေးသည်။ လင်းလက်ထွန်း နာရီတကြည့်ကြည့်။

ဆိုင်ဖွင့်တော့ "ဒီပန်း ဘယ်လောက်လဲ"ဟု မမေးတော့။ ဗင်ဒါ အမျိုးအစား နိုင်ငံခြားသစ်ခွ ပုစွန်ဆီသွေးကလေးကို လက်ညှိုးထိုးပြသည်။ ဆိုင်ရှင်က ပန်းစိုက်ထားသည့် အိုးထဲမှ ထုတ်ယူပေးသည်။

"ရော့ ... နှစ်ဆယ်လုံး ယူလိုက်တော့၊ ပြန်မအမ်းနဲ့၊ နှစ်ဆယ်ဆိုတာ သိလား၊ ကိန်းဂဏန်းကို ပြောချင်တာ မဟုတ်ဘူး၊ ရင်ထဲက အနှစ်တွေကို ဆယ်ယူတဲ့သဘောကို ပြောချင်တာ"

ဆိုင်ရှင်ခမျာ အုကြောင်ကြောင်။

လွန်ခဲ့သည့် ခြောက်လကျော်ကျော်ခန့်က ဆယ့်ငါးကျပ်တန်ပန်းကို အစိတ်စိတ်အမြွှာမြွှာ ကွဲတဲ့သဘောဟု ပြောကာ အစိတ်ပေး ဝယ်သွားသည့် ထူးထူးခြားခြား ဖြစ်ရပ်ကလေးကို ပြန်သတိရမိသည်။ သဲသည်တုန်းက ကောင်လေးက စုတ်တီးစုတ်ချာ၊ နွမ်းဖပ်ဖပ်၊ မျက်နှာထားက ညှိုးလျှလျှ။

ယခုကောင်လေးကျတော့ သားသားနားနား၊ ဝတ်လို့စားလို့ ဘိုကေကလေး သ,ထားလိုက်သည်မှာလည်း တိတိကျကျ။ မျက်နှာထားကျတော့ ပုရွက်ဆိတ်တက်တော့မလောက် ချိုမြနေသည်။ အကြည်ဓာတ်တစ်မျိုး တလင်းလင်း တလက်လက် ဖြာထွက်နေသလား ထင်ရသည်။

ယခင်ကောင်လေးနှင့် ယခုကောင်လေးတို့ တစ်ဦးတည်းဖြစ်ကြောင်းကိုတော့ ဆိုင်ရှင်က မမှတ်မိပါ၊ "တစ်ယောက်တစ်မျိုးစီ ရူးကြတဲ့ ပေါတောတောကလေးတွေပဲ" ဟူ၍ မှတ်ချက်ချသည်။ သည်လိုကောင်ကလေးမျိုးတွေ တစ်နေ့ ဆယ်ယောက်လောက် ဝယ်ပါစေဟူ၍ ဆုတောင်းမိကောင်း တောင်းမိပေမည်။

လင်းလက်ထွန်း ပျော်နေသည်။ ပြီးခဲ့သည့်အဟိတ်ကို ပြည်ဖုံးကား ချလိုက်ပါတော့သည်။ သဲနုငယ်ကို ရှောင်တိမ်းခြင်းဖြင့် စိတ်ဆင်းရဲခြင်း မဖြစ်စေလိုပါတော့။ သူ့ခမျာကလေး အခုမှ စိတ္တဇဝေဒနာ ပျောက်ရှာသည်။ သဲနုငယ်ကို လက်ထပ်ယူတော့မည်။ ပတ္တမြားကြီးတွေကိစ္စကို သဲနုငယ် ချစ်သည့်ဇာနှင့် ဖွတ်မဲ့ပစ်ပါမည်။



ဆုံးဖြတ်ချက်တစ်ခု ကျသွားတော့လည်း ကြည်နူးခြင်းတစ်မျိုးကို ခံစားရပါ၏။ ဘဝအသစ်တစ်ဖန် ပြန်လည်မွေးဖွားလာရသလို ပီတိအဟုန်ကြောင့် မျက်နှာက အလိုလိုပြုံးနေသည်။ တီရှပ်ခံ၍ ဝတ်ထားသည့် ဂျင်းဂျာကင် ရင်ဘတ်ထဲမှာ ပုစွန်ဆီသွေးသစ်ခွကလေး။ လမ်းလယ်ကောင်မှာပင် ထုတ်နမ်း မိသေးသည်။ ခုတော့ ပန်းကလေးကို ခဏနမ်းထား၊ တော်ကြာကျတော့မှ ...

သာယာဖြောင့်ဖြူးတော့မည့် ချစ်ခရီးအတွက် လင်းလက်ထွန်း ပျော်နေသည်။ အချစ်ရူးကလေး လာပြီ သဲနုငယ်။

ဘတ်စ်ကားစီးသွားရန် ရည်ရွယ်ချက်ဖြင့် ဗိုလ်ချုပ်လမ်းအတိုင်း စိန့်မေရီဘုရားရှိခိုးကျောင်းနားထိ လျှောက်လာခဲ့သေးသည်။ သုံးဘီးကားပဲ တားစီးတော့မည်။ မြန်မြန်ရောက်ချင်လှပြီ။ သဲနုငယ် အချစ်ဦးကို ဖူးတွေ့ချင်လှပါပြီ။ လဟာပြင်ဈေးဘက်သို့ ဖြတ်ကူးခဲ့သည်။ ဈေးဘေးနားမှာ သုံးဘီးကားစောင့်ဆဲ။

"ဟေး ... လင်းလင်း"

"ဟာ ... သက်ဦး"

"လာ ... လာ"

ကားတစ်စီး ထိုးဆိုက်သည်။

"တက်"

"ဟော့ကောင်တွေ ငါသွားစရာရှိတယ်"

"လိုက်ပို့မလို့ဟ ခွေးသူတောင်းစားရ"

လင်းလက်ထွန်း ကဆုန်ပေါက်လုနီးနီး ခုန်တက်သည်။ ဟန်ကျလိုက်တာ၊ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်။

ကားထဲမှာ သက်ဦး၊ ထွန်းမြင့်၊ ဝင်းမောင်သိန်းနှင့် ဉာဏ်စိုး၊ ကျောင်းတုန်းက သူငယ်ချင်းများ။ သူတို့က ဒေသကောလိပ် တက်နေကြသည်။

"ဘယ်ပို့ရမလဲ"

"အင်းလျားဆောင်ရှေ့ဆို တော်ပြီ"

"ခွေးနွား ... ကောင်းစားနေလိုက်တာ၊ တို့ Regional က ကောင်တွေတောင် R.A.S.U နား မသီနိုင်ဘူး၊ မင်းက အဆိုကျော် ဆိုတော့ လက်လှမ်းမီတာပေါ့လေ"

"မဟုတ်ပါဘူးကွ၊ မင်းတို့ကကော ဘယ်လဲ"

"မင်းဆီလာတာ၊ တို့ စတိတ်ရှိုးတစ်ခု စီစဉ်ထားတယ်"

"ငါက နာမည်ကြီးမှ မဟုတ်သေးတာ"

"ကြီးဘနန်းလေကွာ"

"တန်ရာ တန်ရာ ပြောပါဟ"

"မင်း အပါအဝင် မင်းတို့ရဲ့ Full Moon အဖွဲ့ကို လိုချင်တာ၊ မင်းအိမ် ရောက်ခဲ့တယ်၊ မင်း ဘယ်ထွက်သွားမှန်း မသိဘူးတဲ့၊ မင်းနဲ့ မတွေ့တဲ့အတူတူ အာယုဒီဃ မှီဝဲမယ်လို့ ဗိုလ်ချုပ်ဈေးဘက် ထွက်လာတာ"

"ဘာလဲ အာယုဒီဃ"

"အသက်ရှည်ဆေးလေ၊ ကညာလှလှလေးတွေကို မြင်ရရင် အသက်ရှည်တယ်မောင်ရေ့၊ အဲဒါကြောင့် မိန်းမလှကျွန်းမှာ ကညာဗေဒလေ့လာရင်း အပျင်းလည်းပြေ၊ ပညာလည်းရ ဆိုပြီး ထွက်လာတာ မင်းနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တိုးတာပဲ"



"ကညာဗေဒ မလေ့လာရခင် မင်းပဲကြည့်ပြီး သွားရေယိုရတော့မယ် ထင်တယ်၊ မှန်မှန်ပြော၊ ဘယ်က ကောင်မလေးနဲ့ ချိန်းထားလဲ"

"ငါ့ကောင်မလေး"

"ဖွဲ့ရဲ့လား"

"ဗွန်တင် ဘယ်ကမလဲ သိမ်းငှက်"

"ရာဇူးကလား"

"ဆယ်တန်းတောင် မဖြေလိုက်ရရှာပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

"နေမကောင်းလို့"

"ဟာ ရှိုက်ကုန်းလေး နေမှာပဲ"

"မင်းတို့ ပါးစပ် ပိတ်ထား"

"ဟား ... ဟား၊ ရည်းစားထိ ဓားကြည့်ဆိုတဲ့အကောင်၊ ဟေး ... ဟေး"

အားလုံး ဝိုင်းရယ်ကြသောကြောင့် လင်းလက်ထွန်း ရှက်သလိုလို ဖြစ်သွားသည်။ ယောက်ျားလေး ငါးဦးနှင့် ကား တစ်စီး၊ ပြီးတော့ ဆယ်ကျော်သက် ထီးကလေးများ၊ ကားလေး က ဝူးခနဲ ဝေါခနဲ၊ ကားကြီးတွေကြား တိုးဝင်လိုဝင်၊ ကျော်တက် လိုတက်၊ ဟန့်တားမည့်သူ မရှိ၊ ရယ်သံများက တဝါးဝါး။

"ဟော့ကောင် မမြင်ရတဲ့ကွေ့ကို ကျော်မတက်နဲ့"

"သိပ်ဖြစ်"

"ဟာ ... ဟေ့ ... ဟိုမှာ"

"ဝုန်း"

ထိပ်တိုက်၊ တစ်ဖက်ကားက မာဇဒါဂျစ်၊ သူတို့ကားက မာဇဒါ ဘီ-၃၆၀● သူတို့ကားက အမှား၊ အထိလည်း ပိုနာပါ၏။ ခြေကျိုးသူကျိုး၊ လက်ကျိုးသူကျိုးနှင့် ပွဲချွဲကုန်ကြရာတွင် ဉာဏ်စိုး တစ်ဦးတည်း သတိမလစ်ဘဲ ကျန်သည်။ ကျန်လူလေးဦးမှာ လောကကြီးနှင့် အဆက်ပြတ်၊ ကားမောင်းသူ သက်ဦးကိုယ်တိုင်ကျတော့ တစ်ကိုယ်လုံး သွေးအလူးလူးနှင့် အသက်ရှူရပ်နေပါပြီ။

❀

"နောက်ကျလိုက်တာ သဲမောင်ရယ်"

တိုးတိုးကလေး ရေရွတ်သည်။ အိမ်ကကားနှင့်အိမ်ကယာဉ်မောင်းနှင့် မလုံး အဖော်ထည့်ကာ ဦးလှဖေက လိုလိုလားလား ခွင့်ပြုလိုက်ခြင်းပါ။

"မမငယ် ကားထဲဝင်နေပါလား၊ ကန်စပ်က လေသိပ်တိုက်တယ်၊ အအေးမိဦးမယ်"

သဲနုငယ် ခြေဖျားကလေး ထောက်ကာ ထောက်ကာ အင်းလျားလမ်းဘက် မျှော်ရှာသည်။ မလုံး သတိပေးသည်ကိုလည်း မကြားပါ၊ ပထမတော့ ကားထဲမှာပင် ငြိမ်ငြိမ်ကလေး ထိုင်စောင့်သည်။ ဆယ်နာရီထိုးပြီး၍ ဆယ်မိနစ်ခန့် ကျော်လာသောအခါ ငြိမ်ငြိမ်ကလေး ထိုင်မနေနိုင်ပါတော့။



ကားတံခါးဖွင့်၍ အောက်ဆင်းသည်။ ဟိုမှ သည်မှ အမိပ္ပာယ်မရှိ လမ်းသလားသည်။ စိတ်က လှုပ်ရှားပါလေတိုင်း လူက အငြိမ်မနေနိုင် ဖြစ်လာသည်။ ဆယ့်နာရီခွဲတော့ ခြေစုံကလေးရပ်သည်။ လမ်းမဘက်သို့ မျှော်သည်။ ထို့နောက် ဟိုလျှောက်သည်လျှောက်နှင့် ဆယ့်တစ်နာရီ ထိုးပါပြီ။

"သူ လာပါဦးတော့မလား"

သံသယစိတ်က နှိပ်စက်ပါပြီ၊ ရင်ကလေး ဖိုလှိုက်လာသလိုလို မောချင်လာသလိုလို ကတုန်ကယင်လေး။ သူ မလာတော့ဘူး ထင်ပါရဲ့ ဆိုသည့် အတွေးကို ကြိုးစား၍ ဖျောက်ထားရသည်။ "အချစ်သစ်ပင်"ဟု သူတို့ အမည်ပေးထားသည့် ထိုင်နေကျ သရက်ပင်ကြီးအောက်မှာ သွားထိုင်သည်။

"ပလတ်စတစ် ခင်းမလား မမငယ်"

"ဟင့်အင်း"

ပလတ်စတစ် အခင်းလည်း ပါသည်။ စားကောင်းသောက်ဖွယ်တို့ကလည်း အစုံအလင်၊ သည်နေရာမှာပင် တစ်နေကုန် အေးအေးဆေးဆေး စားသောက်ရင်း စကားပြောရင်း ထိုင်နေမည်ဟု စိတ်ကူးလာခဲ့သည်။

လင်းလက်ထွန်းနှင့် တွေ့လျှင် ကားနှင့် မလုံးက ပြန်မည်။ ညနေစောင်းမှ ပြန်လာခေါ်ပါရန် ဖေဖေ့ကို ခွင့်ပန်ခဲ့ပြီးသား။ လင်းလက်ထွန်း မလာသေးဘဲ သဲနုငယ်ကို တစ်ယောက်တည်း ထားခဲ့ရန် စိတ်မချသောကြောင့် စောင့်ပေးရင်း စောင့်ပေးရင်း အချိန်တွေက လွန်လာခဲ့ပါပြီ။

သဲနှငယ်က မြေပြင်ကလေးကို လက်ဖဝါးနုနုကလေးနှင့် သပ်၍ညှိသည်။ ညီညာသွားသည့်အခါ လက်ညှိုးကလေးဖြင့် အသည်းပုံကလေး ဆွဲသည်။ အလယ်ဗဟိုမှ ·စာလုံးကလေးက "သဲမောင်"။

"မျှော်ရတာ မောလှပါပြီ သဲမောင်ရယ်"

တကယ်လည်း မောလာပါပြီ။ သူ မလာတော့ဘူးလား၊ သူ စိမ်းကား ရက်စက်ပြီလားကွယ်။ သဲနှငယ်ရဲ့ ဖြေရှင်းချက်တွေကို နားမထောင်တော့ဘူးလား သဲမောင်ရယ်၊ သဲမောင်က အစကတည်းက စွန့်လွှတ်နိုင်ခဲ့သူပဲ၊ သဲနှငယ်က လက်ထပ်ချင်တယ်လို့ ပြောတဲ့နေ့မှာပဲ သစ်စိမ်းချိုး ချိုးသွားတာ မဟုတ်လား၊ သဲမောင်ရယ် သဲနှငယ်ကို မချစ်တော့ဘူးလားကွယ်၊ စိမ်းရက်နိုင်သူကြီးရယ်။

အို ... အကြောင်းတစ်ခုခုကြောင့် နောက်ကျနေတာများလား၊ သဲမောင်က သိပ်ချစ်တယ် ဆိုတာ သဲနှငယ် ယုံထားတာပါရှင်ရယ်၊ မလာတော့ပါဘူး၊ မလာတော့မါဘူး ထင်ပါရဲ့။

"မိုးတွေ အုံ့လာသလိုပဲ မမငယ်"

ဟုတ်ပါရဲ့။ မွေခေါင်ခေါင်ကြီး မိုးသားတွေ တက်လာလိုက်တာ၊ အခါတိုင်းနှစ်တွေ တပေါင်းပွဲတော်တွေ လုပ်တဲ့အခါ အချိန်မဟုတ်ဘဲ မိုးရွာချင် ရွာတတ်တာ၊ အဲဒီလိုမျိုး မိုးရွာဦးမလို့ ထင်ပါရဲ့။

"မမငယ် ... မမငယ်"

သဲနှငယ် ထံမှ စကားပြန်မရသဖြင့် မလုံးက ပခုံးကိုလှုပ်၍ ခေါ်သည်။



"ဘာလဲဟဲ့"

"မမငယ် စကားပြန်မပြောလို့ ခေါ်ကြည့်တာ"

"ပြောနေတာပဲ ရင်ထဲက"

"ရှင်"

သဲမောင်ရယ် ... သဲနှငယ် အချစ်ရယ်၊ စိမ်းကားရက်စက်တော့မှာလားကွယ်။

နာရီကလေးကို မော့ကြည့်တော့ ၁၂ နာရီ။

"ကားထဲ ဝင်ထိုင်နေမလား ပြန်မလား မမငယ်၊ မိုးဖွားလေးတွေတောင် ကျလာပြီ"

သဲနှငယ် ရင်ထဲမှာ ဗလောင်ဆန်လိုက်ပါသည့်ဖြစ်ခြင်းကွယ်၊ မလာတော့ပါဘူး၊ သဲမောင် မလာတော့ပါဘူး၊ ဟုတ်ပါပြီ၊ သူ သဲနှငယ်ကို ဘယ်လိုမှ လက်ထပ်တော့မဲ့လူ မဟုတ်ပါဘူး။

"ပြန်မယ် မလုံး"

မိုးစက်ပေါက်ကလေးများ အရှိန်ဖြင့် မြေမှုန့်ကလေးတို့ ခုန်ထကြသည်။ မိုးစက်နှင့် မြေမှုန့်တို့ရောကာ ရွှံ့သီးကလေးများ မွေးဖွားလာသည်။ "သဲမောင်"ဟူသည့် စာတန်းကလေး ပျက်စီးသွားရပါပြီ။

စိုးရိမ်ခြင်းကြီးစွာဖြင့် အိမ်ပေါက်ဝမှာရပ်ကာ စောင့်မျှော်ကြည့်နေရှာပါသည့် ဖေဖေ့ကို မြင်လိုက်သောအခါ ရင်ထဲမှ လှိုက်ခနဲ ဆို့တက်လာသည်။ ဖေဖေ့ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည့်အခါ ဖေဖေက ညင်ညင်သာသာကလေး ဖက်လာသည်။

"သမီး နားပါရစေ ဖေဖေ"

ဦးလှဖေက အလိုက်သိပါ၏။ အကျိုးအကြောင်း မမေး၊ အိပ်ရာထဲအထိ လိုက်ပို့လိုက်သည်။ ဆရာဝန်ပြေးခေါ်နိုင်ရန် ကားအဆင်သင့် လုပ်ထားသည်။ "သမီးကို အရိပ်တကြည့်ကြည့်"နေရသည်။ သဲနုငယ် အိပ်ရာပေါ်မှာ ပက်လက်ကလေး၊ ကကြိုးပြတ်သည့် ရုပ်သေးမင်းသမီးကလေးနယ်၊ စကားမပြော၊ အင့်ခနဲ မရှိုက်၊ မျက်ဝန်းအိမ်တွင်းမှ မျက်ရည်စီးကြောင်းများကတော့ နားသယ်စပ်မှတစ်ဆင့် ဆံပင်ထဲသို့၊ ဆံပင်ထဲမှသည် ခေါင်းအုံးဆီ၊ မမှိတ်မသုန် ဖွင့်ထားသည့် မျက်လုံးက မျက်တောင်ခတ်ရန် သတိမရ၊ မည်သည့်အရာကိုမျှ မြင်နိုင်စွမ်း မရှိသည့်အငေးကြည့်။

ဦးလှဖေ ကိုယ်တိုင် သမီးအနားကပ်ကာ ပြေရာပြေကြောင်း မပြောရဲ၊ ဆွပေးသလို ဖြစ်မှာစိုးသည်။ အခန်းတံခါးဝမှသာ ကွက်ကြည့် ကွက်ကြည့်။ သည်ပုံစံအတိုင်း တစ်စက်ကလေးမျှ မလှုပ်မယှက်ဘဲ ညနေငါးနာရီ ထိုးပါပကော၊ ဦးလှဖေ မနေနိုင်ပါလေတော့၊ နှိပ်စက်လိုက်ကွ လင်းလင်းရေ။

"သမီးငယ်ငယ် ...၊ ဟင်"

နဖူးပြင်ပေါ် လက်က အမှတ်တမဲ့ တင်ကြည့်မိသည့်အခါ ကိုယ်တွေက ခြစ်ခြစ်တောက်။

"မလုံး ... အောင်သန်းကို ပြော၊ ကားထုတ် ဆရာဝန်ပြေးခေါ်၊ နင်က ဖုန်းကြိုဆက်လိုက်"

"သမီး ... သမီး ... ငယ်ငယ်"

"ဖေဖေ"



"စိတ်ကို လျှော့လိုက်၊ လျှော့ချလိုက်သမီး၊ သမီးနေကောင်းရင် ဖေဖေ ကိုယ်တိုင် သွားခေါ်ပေးမယ်"

သဲနုငယ် ခေါင်းယမ်းသည်။

"လေစိမ်းတွေ သိပ်မိသွားတယ် ထင်တယ် သမီးရယ်၊ မိုးကလည်း ရွာလိုက်တာ၊ တံခါးပိတ်လိုက်မယ်နော်"

"ဖွင့်ထားပါ ဖေဖေ၊ ငယ် အသက်ရှူကျပ်တယ်"

"ရေသောက်မလား သမီး"

ခေါင်းညိတ်ပြသောကြောင့် ဦးလှဖေ ကိုယ်တိုင် သောက်ရေပြေးခပ်၊ ဇွန်းကလေးနှင့် တစ်ဇွန်းချင်း တိုက်ပေးရသည်။ ဆရာဝန်လာတော့ သတိလစ်လုလု ဖြစ်နေသည်။ အဖျား ဒီဂရီတစ်ရာလေး။

"နျူမိုးနီးယားပဲ"

"နေ့လယ်က မိုးနည်းနည်း မိသွားတယ် ဆရာ"

"လူရော စိတ်ပါ ကောင်းကောင်း အနားပေးထားပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဆရာ"

ဦးလှဖေက ညသူနာပြုဆရာမ ပြေးခေါ်မည်ဟု ပြောပါလေသေးသည်။ "အဖြစ်သည်းရန်ကော"ဟု ထင်ချင်ဆင်ကြပါတော့၊ ဦးလှဖေ ခမျာ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ဘာဆိုဘာမျှ မကိုင်မိပါ၊ ကုလားထိုင်မှာ ဝင်ထိုင်လိုက်၊ လမ်းထလျှောက်လိုက်၊ မိဘတို့မည်သည် သားသမီးဖောက ငယ်ထိပ်သို့ ဆုန်တက်တတ်သည်လေ။

သဲနုငယ် ကိုယ်တိုင်က ဆရာမ မခေါ်ရန် တားသည်။ ဆေးထိုးဆေးသောက်ပြီးတော့လည်း ကိုယ်ပူက နည်းနည်းချိုသွား

သည်။ ဦးလှဖေက သူ့သမီး အခန်းထဲမှာ သူ တစ်ညလုံးငုတ်တုတ်ထိုင်စောင့်မည် ဆိုသည့် အချက်ကိုကျတော့ သဲနုငယ်ထား မလုံးကပါ တားသည်။

"ကျွန်မ စောင့်ပါ့မယ် ဘာဘ"

သံယောဇဉ်ကြီးရှာသည့် မလုံးက မအိပ်ဘဲ စောင့်ပါသည်။ နေ့လယ်ကတည်းက ရှာနေသည့်မိုးက ညဆယ့်နှစ်နာရီတိုင် မတိတ်သေးပါ၊ သည်းလိုက် ဖွဲလိုက်နှင့် ရွာတုန်း၊ မတ်ထမှာ ရွာသည့်မိုး၊ တနည်းအားဖြင့် ဆိုရသော် "နွေမှာ ရွာသည့်မိုး"။

"မိုးတွေ ရွာလိုက်တာ မလုံးရယ်"

"ဟင် ... မမငယ် အိပ်မပျော်ဘူးလား၊ ဆရာဝန်က အိပ်မပျော်ရင် သောက်ဖို့ ဆေးပေးခဲ့တယ်လေ၊ သောက်လိုက်ရအောင်နော် ... မမငယ်"

"ဆယ်နာရီက သောက်ပြီးပါပကော၊ နင့်ဖီနို တစ်လုံးက ငါ့အတွေးတွေရဲ့ အပုံတစ်ရာပုံလို့ တစ်ပုံကိုတောင် မချေဖျက်နိုင်ပါဘူးဟာ"

မလုံး ဘာပြန်ပြောရမှန်း မသိတိုင်း စောင်တစ်ထပ် ထပ်ခြုံပေးသည်။

"ပြတင်းပေါက် ဖွင့်ပေးပါဦး မလုံးရယ်၊ အသက်ရှူကျပ်တယ်"

"မိုးတွေ သိပ်ရွာနေပါတယ် မမငယ်"

"အဲဒီမိုးရေစက်တွေဟာ ငါ့မျက်ရည်လောက် များရဲ့လားလို့ ယှဉ်ကြည့်ချင်တယ်၊ ပြတင်းပေါက်ဖွင့်လေ"



မလုံး ခမျာ ဘာဘပဲ ပြေးနှိုးရမလား၊ ပြတင်းပေါက်ပဲ ဖွင့်ပေးရမလား မစဉ်းစားတတ်နိုင်အောင် ဖြစ်ရသည်။

"မမငယ်ကို သနားရင် ဖွင့်ပေးပါ မလုံးရယ်"

မလုံး တင်းမထားနိုင်ပါတော့၊ ပြတင်းပေါက်ဖွင့်ပေးလိုက်ရသည်။ အအေးဓာတ်က စိမ့်ခနဲ ဝင်လာသည်။

"နွေမှာ ပထမဆုံး မိုးရွာရင် မြေသင်းနံ့ကလေးတွေ သိပ်မွှေးတာ"

ပြောပြောဆိုဆို စောင်များကို မနိုင်မနင်း ဖယ်ရှားကာ ဒယိမ်းဒယိုင်နှင့် ထလာသည်။

"အို ... မမငယ်"

သဲနုငယ်က ပြတင်းပေါက်မှာ ရပ်ပါပြီ။ လေတစ်ချက်အဝှေ့မှာ သူ့မျက်နှာနှင့် ဆံစပ်ဆီသို့ မိုးစက်ကလေးများ လွင့်ကျလာသည်။

"ခက်တော့တာပဲ မမငယ်ရယ်"

ဘာဘကို ပြေးနှိုးရန်အတွက် အခန်းဝမှာပင် ဆုံမိသည်။

"ဟင် ... သမီး ငယ်ငယ်၊ စကားပြောသံကြားလို့ ဖေဖေ လာကြည့်မိပေလို့သာပဲ၊ လာစမ်း ... လာစမ်း အိပ်ရာထဲ ပြန်ဝင်ပါကွယ်"

သမီးငယ်ကို တွဲ၍ အိပ်ရာထဲ ပြန်သွင်းပေးရသည်။ မလုံးက နဖူးဆံစပ်ဆီမှ ရေများကို သုတ်ပေးရသည်။

"ကျွန်မလည်း ဘာဘကို လာနှိုးမလို့"

"ပြတင်းပေါက် သွားပိတ်ချေ"

ဦးလှဖေ ရင်မှာ ပူလောင်နေတော့သည်။ သဲကြ
မဲကြီး ရှာချနေသည့် မိုးမှာ သည်သားအဖနှစ်ဦး၏ ရင်တွင်းအ
ကို ငြိမ်းနိုင်ခြင်း မစွမ်းသည့်တူတူ အန်တုဖက်ပြိုင်ရန် ဝန်လေး
သွားရှာထင့်၊ လေရာ မိုးပါ ငြိမ်ကျသွားသည်။ ကြည်လင်ဝင်း
သည့် လမင်းကြီး ပြန်ထွက်လာတော့ မိုးလင်းခါနီး နှစ်နာရီ

အဖျားတွေ တရှိန်ရှိန် တက်လာကာ လုံးဝသတိ
လစ်သွားတော့ ဆရာဝန်ကို ဖုန်းဆက်၊ အကျိုးအကြောင်း ပြော
ပြတော့ ဆေးရုံတင်မှ ဖြစ်မည် ဆိုသောကြောင့် ဆေးရုံရောက်
တော့ လေးနာရီ။

တာဝန်ကျ ဆရာဝန် ဆရာမများ အောက်ဆီဂျင်
ပေး၊ ဒရစ်သွင်း၊ သွေးပေါင်ချိန်၊ စမ်းသပ်စစ်ဆေး စသည့်
ပြုဖွယ်ကိစ္စများကို အပြေးအလွှား ဆောင်ရွက်ပေးကြပါသည်။
ခြေချင်းလိမ်အောင်လည်း ရှုပ်ယှက်ခတ်သွားရပါ၏။ သို့ပေမင့်
သတိ ပြန်လည်မလာတော့ပါ။

ယောကျ်ားကြီးတန်မဲ့ ရင်ဘတ်ကို စုံထုရင်း မျက်
ရည်တပေါက်ပေါက် ကျနေရှာသည့် ဦးလှဖေ၏ အဖြစ်မှာ
ကာယကံရှင် သဲနုငယ်၏ အဖြစ်ထက်ပင် ပိုသနားစရာ ဖြစ်နေ
ပါတော့သတည်း။



"သဲနုငယ်၊ အား ... ကျွတ် ... ကျွတ်"

"ရှင် သတိရပလား"

ခုတင်ထက်မှ ရုန်းကန်ထလိုက်သည့်အခါ လင်း
လက်ထွန်း တစ်ကိုယ်လုံး နေရာအနှံ့အပြား နာကျင်လွန်းသော
ကြောင့် ပြန်လဲကျသွားရသည်။

"ဆယ်နာရီ ထိုးပြီလားဟင်"

ဆရာမက လက်ပတ်နာရီကလေးကို မြှောက်ကြည့်
သည်။

"ငါးနာရီ ထိုးပြီ၊ မိုးလင်းတော့မယ်"

"ဗျာ"

"ငါ ဘာဖြစ်လို့ ဘယ်ရောက်နေပါလိမ့်"ဟူသည့်
အချက်ကို ယခုမှ စဉ်းစားမိသည်။ "ဩော် ... ဘေးက အမျိုးသမီး
က သူနာပြုဆရာမပဲ၊ ခေါင်းပတ်အဖြူ လုံချည် အပြာရင့်နဲ့၊ ဒါ
ဆေးရုံပါလား" ပြန်စဉ်းစားတော့ သဲနုငယ်ဆီအသွား သက်ဦးတို့
ကားကြိုစီးရင်း ကားချင်းတိုက်မိသည့် ဖြစ်ရပ်ကို သတိရသည်။

"သဲနုငယ် အထင်လွဲသွားတော့မှာပဲ၊ သဲမောင် မလာတော့
ဘူးလို့ ထင်သွားတော့မှာပဲ၊ သဲနုငယ် ... သဲနုငယ်"

ဆောက်တည်ရာ မရလွန်းသောကြောင့် ရုန်းကန်
ထပြန်သည်။

"အိုး ... ငြိမ်ငြိမ်နေလေ၊ ရှင့်တစ်ကိုယ်လုံးမှာ ပတ်တီးတွေ ချည်းပဲ"

တစ်ချက် လူးလွန့်တိုင်း အသည်းခိုက်အောင် နာကျင်သွားရပေမင့် ဝေဒနာကို ဂရုမထားနိုင်။ သဲနုငယ် အချစ်မုန်တိုင်းက ရင်ဘတ်ထဲ ဝင်မွှေတိုင်း ကျုံးကျုံးထတော့သည်။

"သဲနုငယ်ဆီ သွားရမယ်၊ သဲနုငယ်ဆီ သွားရမယ်"

"မထနဲ့လေ၊ ရှင် ဘာလုပ်ချင်လို့လဲ"

"သဲနုငယ်ဆီ သွားမလို့"

"အို ... ဘယ်သွားလို့ ရမှာလဲ၊ ရှင့်ခြေထောက် တစ်ဖက်က လုံးဝကျိုးသွားတာ၊ ကျန်တဲ့နေရာတွေလည်း အပွန်းအပဲ့တွေ"

"ဗျာ"

ခြေထောက်တစ်ချောင်းလုံး ကျိုးသွားသတဲ့၊ လမ်းလျှောက်တဲ့အခါမှာ အဓိက အသုံးပြုရတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုက ချွတ်ယွင်းသွားပြီဆိုတော့ သဲမောင် ကင်းမြီးကောက်ထောင်ပြီး လက်နှင့်လာခဲ့မယ် သဲနုငယ်။

လက်နှစ်ဖက်ကို အားပြုထလိုက်တော့ လက်ကထောက်မရ။ ဝုန်းခနဲ ကျပြန်သည်။

"ခက်တော့တာပဲ"

ဆရာမ ခမျာလည်း လူနာ ရှန်းကန်တိုင်း လိုက်ထိန်းနေရတော့သည်။

"ဒီ လူနာကလည်း တစ်ကိုယ်လုံး ခွစီးထားမှ ငြိမ်တော့မယ် ထင်ပါရဲ့"



စိတ်ကလေး အပြောင်းအလဲမှ ဖြစ်ပါစေတော့ဟူသည့် သဘောနှင့် ဆရာမက ရယ်ရွှန်းဖတ်ရွှန်းကလေး ပြောသည်။

"သွားပါရစေဗျာ၊ သဲနုငယ်ဆီ သွားပါရစေ"

"ဒီလောက် ပတ်တီးတွေနဲ့ ဖြစ်မလား"

"ပတ်တီးတွေနဲ့ဆိုရင် မဖြစ်ဘူးတဲ့လား ... ကဲ"

ဆရာမ ဆိုလိုသည်က ပတ်တီးအများကြီး စည်းထားရသည်။ ဒဏ်ရာတွေ အများကြီး ရထားသည်။ ထို့ကြောင့် ငြိမ်ငြိမ်နေရန်၊ ပတ်တီးတွေနှင့် မဖြစ်ဟု ဆိုသောအခါ လင်းလက်ထွန်းက လက်လှမ်းမီသမျှ နေရာရှိသမျှ ပတ်တီးများကို ဖြင်းခနဲ ဖြင်းခနဲ ဆွဲခွာချတော့သည်။

သွေးစများက မြင်မကောင်း ရှုမကောင်း စီးကျလာတော့သည်။ နာလိုက်သည်မှ အသည်းဆတ်ဆတ်တုန်။ ရှိပစေ သဲနုငယ်။ သဲမောင် ရောက်အောင်လာခဲ့မယ်။

"အခု မိုးမှမလင်းသေးတာ၊ မိုးလင်းတာနဲ့ သွားရမယ်၊ ခဏ ပြန်အိပ်နော်"

ဆရာမက ချော့ရှာပါ၏။

"ဟုတ်သား၊ မိုးမှ မလင်းသေးတာ၊ သဲနုငယ် အိပ်ပျော် နေရှာမှာပေါ့၊ သူ့ကို သွားနှိုးရင် အိပ်ရေးပျက်ရှာရော့မယ်" သည်အတွေး တစ်ခုတည်းနှင့် လင်းလက်ထွန်း ငြိမ်ကျသွားတော့သည်။

"ရှင့်ဦးလေးက ရှင် သတိရရချင်း ဖုန်းဆက်ဖို့ မှာထား တယ်၊ ဖုန်းသွားဆက်ပေးမယ်၊ ရှင် ငြိမ်ငြိမ်လေး နေခဲ့မ လား"

လင်းလက်ထွန်း ခေါင်းညိတ်ပြသည်မို့ ဆရာမ ထွက်လာတော့သည်။ ဦးတင်မောင်ဝင်း ဆီသို့လည်း ဖုန်းဆက်ရန် အိပ်ဆေးထိုးဖို့ ဆေးလည်းယူရန်၊ သည်လူနာက အိပ်ဆေးထိုး ထားမှ ဖြစ်မည့်လူနာ။

သည်မျှ ဒဏ်ရာဒဏ်ချက်များနှင့်ဆိုလျှင် တော်ရုံ တန်ရုံလူနာ အမယ်လေး အဘလေး တ,လို့ကောင်းလိုက်မည် ဖြစ်ခြင်း၊ ညည်းလိုက်ပါမည့်ဖြစ်ခြင်း၊ ခုတော့ ပတ်တီးများအဲ့ ဖြတ်၍ သွေးစေးများနှင့် ကပ်နေသည့် ဂွမ်းပတ်တို့ ပြုတ်ကျကာ သွေးစိမ်းရှင်ရှင် ထွက်လာသည့်တိုင် နာကျင်ဖို့ သတိမရဘဲ၊ သဲနုငယ်ဆီသို့သာ သွားချင်နေပါသည်။ သူ့ သဲနုငယ် ဆိုတာ ဘယ်သူပါလိမ့်။

ဆရာမ ပြန်ရောက်လာသည်။

"ရှင့်ဦးလေးက မအိပ်ဘဲ တယ်လီဖုန်းနားက ထိုင်စောင့် နေသလား မသိဘူး၊ ချက်ချင်း ကောက်ကိုင်တာပဲ"

ဪ ... ဦးလေးဝင်း၊ ဂရုစိုက်ရှာလွန်းပါဘိ။

"ရှင် သတိရပြီဆိုလို့ တော်တော်ဝမ်းသာသွားတယ်၊ မနက် မိုးလင်းလင်းချင်း လာခဲ့မယ်တဲ့"

"ဪ ..."

"ဆေးထိုးမယ်နော်၊ အားပြည့်သွားအောင်လို့၊ ဒါမှ မနက် ကျ သဲနုငယ်ဆီ သွားနိုင်မှာ"



ဆရာမ အပြောကောင်းသောကြောင့် လင်းလက် ထွန်းက စိတ်ပါလက်ပါ ခံယူသည်။ အိပ်ဆေးမှန်းများ သိပါက အထိုးခံပါလိမ့်မည် မဟုတ်ပါဘိ။ မိုးလင်းလင်းချင်း သဲနုငယ်ဆီ မသွားနိုင်ဘဲ အိပ်ပျော်နေရမည်ကို သေမလောက် ကြောက်သည်။

"သက်ဦးတို့ရော"

"ဒဏ်ရာကိုယ်စီနဲ့ပါပဲ"

"သိပ်များကြလား"

"နည်းနည်းပါးပါးပါ"

"ဆရာမကို ဦးလေးဝင်း စီစဉ်ပေးခဲ့တာလား"

"ဟုတ်ကဲ့"

ဆရာမက အလိုက်အထိုက် လျှော့လျှော့ပေါ့ပေါ့ ပြောသည်။

"ရှင်က အဆိုတော်ဆို"

"ဟုတ်တယ် ထင်တာပဲ"

"သိပ်နာနေသလား"

"နည်းနည်းပါးပါးပါ"

"အနာသက်သာအောင် တစ်၊ နှစ်၊ သုံး၊ လေး၊ တစ်ရာ ထိ ရေကြည့်နော်"

"ဟုတ်ကဲ့၊ တစ်၊ နှစ်၊ သုံး ... လေး ... ငါး ... ခြောက် ... ခုနစ်၊ ရှစ် ... ရှစ်"

"ကိုး"အစား အိပ်မောကျသံကလေး ထွက်လာတော့ သည်။ ဆရာမ "ဟင်း"ခနဲ သက်ပြင်းချရသည်။

"တော်တော် မလွယ်တဲ့ လူနာပဲ"

လင်းလက်ထွန်း အိပ်ရာမှ နိုးလာတော့ နောက်ဘဝ် **နေ့မနက် ဆယ်နာရီ**။ ညဆရာမကိုယ်စား နေ့ဆရာမက လွှဲပြောင်း **တာဝန်ယူပြီး** ဖြစ်နေသည်။

"နိုးလာပလား၊ ရှင့်ဦးလေး စောစောက လာသွားတယ်၊ အိပ်ပျော်နေလို့ ပြန်သွားတယ်၊ ညနေတစ်ခေါက် လာလိမ့် ဦးမယ်"

လူနာတို့မည်သည် ကိုယ့်အိမ်ကလူကို အမျှော်ကြီး မျှော်တတ်ကြသည်။ အိမ်ကလူ မလာလျှင် အလာနောက်ကျလျှင် ဝမ်းနည်းတတ်သည်။ ထို့ကြောင့် အိမ်ကလူအကြောင်း ဆရာမက ဝမ်းသာအားရ ပြောပြသည်။

"ညက ဆရာမ ဘယ်မလဲ"

"ပြန်သွားပြီလေ၊ ဘာလုပ်ချင်လို့လဲ၊ ကျွန်မကို ပြောပေါ့"

"ညာပြီး အိပ်ဆေးထိုးပေးသွားလို့၊ ပြောပစ်မလို့၊ အခု ဘယ်နှနာရီ ထိုးပြီလဲ"

"ဆယ်နာရီ"

"နှစ်ဆယ်လေးနာရီတိတိ နောက်ကျသွားပြီ၊ သွားမယ်ဗျာ၊ သွားမယ်"

စိတ်သာရှိလျက် လူကမပါ။ ယခုမှ ပခုံးက ပိုနာလာ သလိုလို၊ ဘယ်ခြေတစ်ချောင်းလုံး လေးလံထုံကျဉ်သလိုလို၊ နာ လည်းနာ၊ ရွေ့လျားရှ်ကလည်း မရပါ။ ဩော် ... ကျောက်ပတ်တီး ကြီးနှင့် ပေပဲ။

"လှုပ်ရှားရုန်းကန်နေလို့ ပင်ပန်းရုံပဲ၊ ရှင့် အခြေအနေက ဘယ်မှ မသွားနိုင်ဘူး"



နေ့ဆရာမကို ညဆရာမက သဲနုငယ် အကြောင်း ပြောပစ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် "ဆိုက်ကို"သုံးကာ ဖျောင်းဖျ ရမည်ဟု တွေးမိသည်။

"ရှင် သွားနိုင်ရင် သွားပါ၊ ကျွန်မ မတားပါဘူး"

ရုန်းကန်လျှင် လိမ့်မကျစေရန် ခုတင်ဘောင်မှကပ်၍ ရပ်နေပေမင့် မတားဘဲ ကြည့်နေလိုက်သည်။

လင်းလက်ထွန်း ဖြောင်းဆန်ပါချေပြီ။ အလွန်သွား ချင်သည်။ မသွားနိုင်မှန်း သိသည်။ စိတ်တွေ လှုပ်ရှားလွန်းပြီး ပေါက်ကွဲထွက်တော့သည်။

"သဲနုငယ်၊ သဲမောင် မလာနိုင်ဘူး သဲနုငယ်၊ ကဲကွာ ... ကဲကွာ"

ညဆရာမ ထပ်စည်းပေးထားပါသော၊ ထပ်ကာပ်ပေး ထားပါသော ပတ်တီးများ၊ ပလတ်စတာများကို ဆွဲခွာ ဆွဲဖြုတ်၊ ကျောက်ပတ်တီးကြီးကို လက်သီးနှင့်ထု။

"သဲနုငယ် ... သဲ ... နု ... ငယ်"

တအား ကျုံးအော်သောကြောင့် ဘေးခုတင်မှ လူနာ တွေက လှမ်းကြည့်သည်။ လမ်းလျှောက်နိုင်သူများ ထ၍ပင်လာ၍ ကြည့်သည်။ ဘီးတပ်လှည်းကလေး တွန်းကာ လိမ့်လာသူလည်း ပါသည်။

"သဲ ... နု ... ငယ်"

နဖူးပေါ်က ဒဏ်ရာမှ စီးကျလာသည့် သွေးများနှင့် မျက်ရည်စီးကြောင်းကြီးက ပက်လက်အနေအထားနှင့်မို့ နားထင် စပ်ဆီမှာ ဆုံမိကြပါတော့သတည်း။

"ဝေးကြရပြီ ထင်ပါရဲ့ သဲနုငယ်၊ သဲမောင် မဖြေနိုင်ပါဘူး ကွယ် သဲနုငယ်ရယ်၊ ပြေးလာချင်တယ်"

လင်းလက်ထွန်း၏ ပေါက်ကွဲခန်း၊ ရင်နင့်ဖွယ် လှုပ်ရှားမှုများကို ဆရာမပင် မျက်ရည်အဝဲသားနှင့် ငေးကြည့်နေမိပါတော့သတည်း။

"ရှင် ဒီလောက် သွားချင်နေတဲ့ အဲဒီ သဲနုငယ်ဆီကို ဖုန်းဆက်အကြောင်းကြားလို့ မရဘူးလား"

"ဟာ ... အမယ်လေးဗျ"

ဝမ်းသာအားရ "ဟာ"ဟု အော်သည်။ ဒီစိတ်ကူးကို ဘာဖြစ်လို့ မစဉ်းစားမိပါလိမ့်၊ ဟုတ်သားပဲ ဆိုသည့် သဘောနှင့် နဖူးကို ဖြန်းခနဲ ရိုက်ရာ ပတ်တီးများ ခံနေသည်မို့ "ဖတ်"ခနဲ အသံထွက်ကာ နာကျင်သွားရသည်။

ဆရာမ ရယ်ချင်သွားရပြန်သည်။

"ရှင့်လိုလူနာကို ကြည့်ပေးရတာ ခုဝမ်းနည်း၊ ခုရယ်ချင် ဖြစ်နေရတယ်၊ လူနာ ဘာမှမဖြစ်ဘဲ စောင့်တဲ့ဆရာမတော့ စိတ်ကျန်းမာရေးဆေးရုံ ရောက်မှာပဲ၊ ခစ် ... ခစ်"

လင်းလက်ထွန်းက တက်ကြွရွှင်လန်းစွာ ပြုံးရင်း ဂဏန်းငါးလုံး ပြောပြသည်။

"ကျွန်တော် မနေ့က ချိန်းတဲ့နေရာကို သေသေချာချာ လာပါတယ်လို့၊ ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေတဲ့အကြောင်း ရေလည်အောင် ပြောပေးပါ ဆရာမ၊ ကျွန်တော့်ဆီ လာတွေ့ဖို့လည်း မှာပေးပါ ဆရာမ"

"စိတ်ချ ပြောပေးမယ်၊ နာမည်က သဲနုငယ်တဲ့လား"



"ဟုတ်ပါတယ်"

"ရှင်နဲ့ ဘာတော်လဲ၊ အို ... ကျွန်မ စပ်စုရာများ ကျသွားသလားရှင်"

"မကျပါဘူး၊ ကျွန်တော့် မိန်းကလေးပါ"

"အိုး ပျော်စရာကြီးပဲ၊ ကျွန်မ ဖုန်းသွားဆက်မယ်၊ ငြိမ်ငြိမ်နေဦးနော်"

"ကောင်းပါပြီ၊ အသက်မရှူဘဲ စောင့်နေပါ့မယ်"

"တော်တော် သည်းတဲ့လူ"

သည်လို အကျိုးဆောင်ရွက်ပေးရသည်မှာ ပျော်စရာ။ ဆရာမက အားတက်သရော ဆောင်ရွက်ပေးပါ၏။

"သဲနုငယ်နဲ့ စကားပြောချင်လို့ပါရှင်"

တစ်ဖက်က စကားပြောခွက်ကို ကောက်ကိုင်ကာ သူက ဦးလှဖေ။

"သူ မရှိရှာတော့ပါဘူး ကလေးရယ်"

ဦးလှဖေ စိတ်ထင်က မိန်းကလေးခပ်ငယ်ငယ် ၁၈ ၂မို့ သမီးငယ်ငယ့် သူငယ်ချင်းတစ်ယောက်ယောက်ဟု ထင်သည်။ သမီးအတွက် ဝမ်းနည်းစိတ်က လှိုက်တက်လာရသောကြောင့် တိုးတိမ် ညည်းညူသံနှင့် ပြောမိသည်။ အကြောင်းမသိရှာသူ ဆရာမက သဲနုငယ် မရှိပါဘူးဟု ကြားသည်။ သူမကို "ကလေး"ဟု ခေါ်ပါသော ရည်ရည်မွန်မွန် ယောကျာ်းကြီးသည် သဲနုငယ်၏ ဖခင်သော်လည်းကောင်း ဖြစ်နိုင်သည်ဟု တွေးသည်။ ဖခင်ကို သမီးအကြောင်း မှာကြား၍ သင့်တော်ပါမည်လား။

ဘာမျှ မမှာကြားခဲ့မိပါလျှင်လည်း ချစ်သူနှစ်ဦးကြားမှာ နားလည်မှု လွဲမှားမှာ စိုးသည်။ သူ့အတွေး သူ့စိတ်ကူးနှင့် သူ့စေတနာတွေ ပါ။

"ကိုလင်းလက်ထွန်းက ..."

"ဘာ"

ဝါကျလေးမှ ဆုံးအောင် မပြောလိုက်ရဘဲ "ဘာ" သံကြီး ဟိန်းထွက်လာတော့သည်။ ကျေနွ သမက်လောင်းကို အဘိုးကြီးက ကြည်ဟန်မတူ၊ ဆရာမ အတွေး ...။

"ဒီမှာ မိန်းကလေး"

"ဟုတ်ကဲ့"

"ပြေချိန်တန်လို့မှ မပြေ၊ အငြိုးကြီး ငြိုးပြီး ကလဲ့စားချေတတ် လွန်းတဲ့ မင်းရဲ့ လင်းလက်ထွန်း သူ့ရဲ့ကောင်းကြီးကို ပြောလိုက်ပါ"

"အို ... ကျွန်မရဲ့ လင်းလက်ထွန်း မဟုတ်ပါဘူး"

"သဲနုငယ်ဟာ အသက်ကို စတေးပြီး အတိတ်ကြွေးကို ဆပ်သွားရှာပါပြီ၊ သာဓုသာ ခေါ်ပါတော့လို့၊ ဝမ်းမြောက် ဝမ်းသာစွာနဲ့ သာဓုခေါ်ပါတော့လို့ ပြောလိုက်ပါ၊ နောက် ကိုလည်း အဲဒီ လူကြီးမင်းကလေးနဲ့ လုံးဝ မပတ်သက်ပါရ စေနဲ့၊ ဘာအကျိုးအကြောင်းမှလဲ မသိပါရစေနဲ့၊ လုံးဝ အဆက်အသွယ် မလုပ်ပါနဲ့လို့ ဦးက တောင်းပန်ကြောင်း ပြောပြပါ၊ ဒါပါပဲ ကလေးမ"

"ဟောတော့"



တစ်ဖက်က စကားပြော အဆက်အသွယ် ဖြတ်သွား ပါလေပြီကော။

မိမိလူနာကို အဘယ်သို့ ပြန်ပြောရပါမည်နည်း။ လှုပ်နိုင် မရှားနိုင်သည့် ကြားက သူ့ခုတင်ကလေးပေါ်ဝယ် ဆိုင်ကလုံးမွှေ့သည့်နှယ် သောင်းကျန်းပါလေဦးမည်။ စိတ်ဆင်းရဲ ရှာပါလိမ့်ဦးမည်။

"ဘာတဲ့လဲ ဆရာမ၊ ဟင် ... ဟင် ... သဲနုငယ်က ပြေး လာခဲ့မတဲ့လား"

ဆရာမ နှုတ်ခမ်းမပွင့်၊ အာစေးထည့် ခံထားသည့် နှယ်။

"ပြောပါ ဆရာမ၊ ကျွန်တော် မှာတာ သေသေချာချာ ပြောပြရဲ့လား၊ သဲနုငယ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရဲ့ လား၊ သူက နားလည် ခွင့်လွှတ်တယ်တဲ့လား၊ ပြောပါ ဆရာမ"

"ဒီလိုပါရှင်"

"အိုဗျာ ... ဒီလိုတွေ ဟိုလိုတွေ ဘေးချိတ်ထားပါ၊ သဲနုငယ် က ဘာတဲ့လဲ၊ သဲနုငယ်က ဘာတဲ့လဲ"

နောက်ဆုံးစကားကို နှစ်ခွန်းဆင့်ကာ အော်မေးသည်။ သြော် ... ဘယ်လိုဖြေရပါမလဲကွယ်။

"သဲနုငယ်က ကောင်းကောင်း နေမကောင်းဘူးရှင့်"

"ဗျာ ..."

"အိပ်ရာထဲမှာပဲ နားနေဖို့ ဆရာဝန်က ညွှန်ကြားထားပါ တယ်တဲ့"

နောင်ခါလာ နောင်ခါချေး၊ ဆေးရုံကဆင်းမှ သိချင် သိ၊ လောလောဆယ် မိမိလူနာ စိတ်သက်သာရာရစေရန် ပျောင်းဖျ ခြင်း ဖြစ်ပါ၏။ သူတို့အကြောင်းကိုလည်း သိမထားပါ။ တစ်ဖက် က ပြောလိုက်သည့် ပုဂ္ဂိုလ်ကြီး၏ စကားအဓိပ္ပာယ် ဆိုလိုရင်းကို လည်း မခြိုင့်မိပါ။ လောလောဆယ် ပြဿနာတက်နေမှန်းသာ သိသည်။ ထို့ကြောင့် ခဏတာ ထွက်ပေါက်အနေဖြင့် စိတ်ကူး တည့်ရာ ပြောချလိုက်ခြင်း ဖြစ်ပါ၏။ သို့ပေမင့် ဆရာမစကား များက သဲနုငယ်၏ အခြေအနေနှင့် အတော်ကြီး ဆီလျော်သွား တော့သည်။

"သတိတွေ ဘာတွေ လစ်နေသတဲ့လားဗျာ"

"ဒီလောက် မှုတ်ပါဘူး၊ အားနည်းတာပါ"

"သူ စကားပြောနိုင်ရဲ့လား"

"ဟင့်အင်း ... သူ့အဖေထင်တယ်၊ ယောက်ျားကြီးတစ် ယောက်ရဲ့ အသံပဲ"

"ဆက်ပြောပါဦး၊ ကျွန်တော် ပြောတာတွေ ကျွန်တော့် အဖြစ်အပျက်တွေ ဆရာမ ရှင်းပြလိုက်ရဲ့လားဟင်"

"ရှင်းပြပါတယ်"

"ဒီတော့ ဘာတဲ့လဲ"

"သဲနုငယ်က ပြောပါတယ်တဲ့၊ သူ နေကောင်းကောင်း ချင်း လာတွေ့ပါမယ်၊ ကိုလင်းလက်ထွန်းလည်း မြန်မြန်နေ ကောင်းအောင် ဆရာဝန်တွေ ဆရာမတွေရဲ့ စကားကို နားထောင်ပါတဲ့၊ မှန်မှန်အိပ်၊ မှန်မှန်စား၊ ဆေးမှန်မှန် သောက်ပါတဲ့"



"သူ့အခြေအနေကကော ဆရာမ"

"သူက အားနည်းနေတာပါလို့ ပြောပြီးပါရောလား ရှင့်၊ သူ အရင်နေကောင်းရင် သူ လာကြည့်မယ်၊ ကိုလင်းလက် ထွန်း အရင်နေကောင်းရင် ရှင်က သူ့ကို လာကြည့်ပါတဲ့၊ အဲဒါ မြန်မြန်နေကောင်းအောင် ရှင်က သူမှာတဲ့အတိုင်း နေဖို့ပဲ"

"ဟင်း ... ဟုတ်ပါတယ် ဆရာမရယ်၊ သူ့ခများလေးက ချူချာရှာတယ်၊ ကျွန်တော် အရင်နေကောင်းပြီး သူ့ကို သွားကြည့်ချင်တယ်ဗျာ"

"အဲဒါဆိုရင် ကောင်းကောင်းနေပေါ့ရှင့်၊ ပတ်တီးတွေဆွဲ ခွာ၊ ခုတင်ပေါ်က ကျုံးထ လုပ်နေရင် တစ်နာက နှစ်နာ ဖြစ်မယ်၊ ရက်ပိုကြာမယ်"

"ကောင်းပါပြီဗျာ၊ အမြန်ဆုံး ပျောက်အောင်သာ ကုပေးပါ၊ ကျွန်တော် ဆရာမတို့စကားကို တစ်သဝေမတိမ်း နာယူ ပါတော့မယ်"

လူကြုံပါးသည့် အမှာစကားနှင့်ပင် နားထောင်ရှာပါ လေသည့် ချစ်တတ်လွန်းသူ တစ်ဦးပါတကား။

"သဲနုငယ်ရယ် ... သိပ်များ နေမကောင်း ဖြစ်နေသလား၊ အချစ်ရယ် ... သဲမောင် ပြေးလာချင်လိုက်တာ၊ သဲနုငယ် ကျန်းမာပါစေ၊ ချမ်းသာပါစေ အသက်ရှည်ပါစေဗျာ"

"ဟော ... ရှင် ဘာတွေပြောနေတာလဲ၊ အသံလည်းမထွက် ဘူး"

"အသံမထွက်ဘဲ စကားပြောရင် ရောဂါမပျောက်ဘူးလား"

"ဘာဆိုင်လို့လဲရှင့်"

"မဆိုင်ရင် ပြောမယ်ဗျာ၊ မတားနဲ့"

"သဲနုငယ် ... သဲမောင်ကို ချစ်သေးရဲ့လား၊ သဲမောင်က တော့ သိပ်ကို သိပ်ကို ချစ်မိပါတယ် သဲနုငယ်၊ ပြောပါဦး အသဲရယ်၊ ယုံပစ်လိုက်ပြီ သဲမောင်ရေ ... လို့"

"ခက်တဲ့ လူနာပဲ"



## ကြွေး ကြွေကား မြေမှာသွားပေါ်

"မေမေရေ ... နာရေးကြော်ငြာထဲမှာ ပါလာတယ်၊ သဲနုငယ် အသက် ၁၇ နှစ်တဲ့၊ အစ်ကိုလင်းလင်းရဲ့ သဲနုငယ်လား မသိဘူး"

ကဋ္ဌနာဝင်းက သတင်းစာကိုင်လျက် ဦးတင်မောင်ဝင်းထံ ပြေးလာသည်။

"မှန်း ... ဟုတ်လိမ့်မယ် ထင်တာပဲ၊ မေမေတို့က မြင်လည်း မမြင်ဘူး၊ အိမ်လိပ်စာလည်း မသိတော့ အပ်ချမတ်ချတော့ မပြောနိုင်ဘူးပေါ့၊ ဒါပေမဲ့ ဖြစ်နိုင်တယ်၊ ဒီနာမည်မျိုးက ခပ်ရှားရှားရယ်"

"ဘယ်လို ဖြစ်တာပါလိမ့်နော်"

"လင်းလင်းရဲ့ နေ့ဆရာမက သူ့ ဖုန်းဆက်မေးတော့လည်း တစ်ဖက်က အသက်စတေးသွားပြီလို့ ပြန်ပြောတော့ သေတဲ့ အဓိပ္ပာယ်သမီးရဲ့"

"မေမေ ဆရာမက အဲဒီဖုန်းနံပါတ် မှတ်မိသလား"

"မေမေ ကူးထားတယ်"

"ဒါဆိုရင် အဲဒီဖုန်းနံပါတ်နဲ့ လမ်းညွှန်စာအုပ်ထဲမှာ လိပ်စာ ရှာပြီး တိုက်ကြည့်ရင် ရမှာပဲ"

"အေး ... ရှာကြည့်စမ်း"

ကဋ္ဌနာဝင်းနှင့်အတူ အမရာဝင်းပါ ကူရှာပေးသည်။

"ဟုတ်တယ် ဖေဖေရေ၊ လမ်းညွှန်စာအုပ်ထဲမှာ ဦးလှဖေ တဲ့၊ လိပ်စာကလည်း ဝင်ဒါမီယာ၊ နာရေးကြော်ငြာထဲမှာ လည်း ဦးလှဖေပဲ၊ ဝင်ဒါမီယာ လိပ်စာပဲ"

"ဖြစ်မှ ဖြစ်ရလေကွယ်၊ လင်းလင်း မသိစေမှ ဖြစ်မယ်"

"ဖေဖေ"

"ဟေ"

"နာရေးကြော်ငြာမှာ ညီအစ်ကို မောင်နှမနာမည် မပါဘူး"

"တစ်ဦးတည်းသမီးမို့ နေမှာပေါ့"

"အမေ့နာမည်လည်း မပါဘူး"

"မရှိတော့လို့ နေမှာပေါ့ သမီးရဲ့"

"မရှိလည်း ဖေဖေရယ်၊ ဒေါ်ဘယ်သူ(ကွယ်လွန်)ဆိုပြီး ထည့်ဖို့ကောင်းတာပေါ့"

"ဦးလှဖေ ဆိုတဲ့ လူကြီးက ငွစာကြီးလားမှ မသိတာ"

"ဆေးရုံကြီးကနေ ချမှာတဲ့၊ သမီးတို့ ညီအစ်မ သွားကြည့်မယ်နော်"

"ရှုပ်ရှုပ်ယှက်ယှက် သမီးတို့ရယ်"

"အို ... ဖေဖေကလည်း အစ်ကိုလင်းလင်း ဒီလောက်ဖြစ်နေတဲ့ မိန်းကလေး၊ ဘယ်လိုရုပ်မျိုးလဲ ဆိုတာတော့ သွားကို ကြည့်ရဦးမယ်"



"သဘော ... သဘော"

"အစ်ကိုလင်းလင်း နေကောင်းတော့ကော၊ ဒီကိစ္စက ပြောမပြလို့ ဖြစ်မဲ့ကိစ္စမှ မဟုတ်တာ၊ အသုဘ သွားပို့ထားတော့ ပြည့်ပြည့်စုံစုံ ပြောပြနိုင်တာပေါ့"

"ဟုတ်ပါပြီ၊ ညည်းတို့သဘော"

ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

ရေခဲတိုက် တစ်ဖက်ခြမ်း၊ စင်ကလေးများပေါ်မှာ သဲနုငယ်။ သဲနုငယ်ကို ခေါင်းသွင်းပြီး အဖုံးဟလျက် ပြင်ဆင်ထားသည်။ ဖဲသားအဖြူမှာ ငွေပြားများကို ကနုတ်ပန်း ဖောက်ကာ တပ်ထားပါသည့် ဆဋ္ဌဂံပုံသေတ္တာ ရှည်မျောမျောကလေး ထဲမှ သဲနုငယ် ...။

နုနယ်ချောမွေ့နေသည့် မိန်းကလေးကို မိတ်ကပ်ပါးပါးကလေး ခြယ်သထားသည်။ မည်သူများ တယုတယ ပြင်ဆင်ထားသည် မသိပါ။ သူ့အမေ ရွှေမှုန့်စား၍ မွေးထားလေသလား ထင်ရအောင် ဝါညက်ညက် အသားရောင်ပေါ်မှ သေးသေးမျှင်မျှင် စိမ်းညိုနက် မျက်ခုံးတန်းကလေး။ ကော့စွန်းသည့် မျက်တောင်ကြီးများမှာ စင်းကျနေသည်။

မျက်စိမှိတ်လျက် အနေအထားမို့ မျက်ဝန်းတောက်တောက်ကလေးကို မြင်ခွင့်မရပါ။ နီထွေးထွေး နှုတ်ခမ်းဖူးဖူးကလေး၏ ယာဘက် အောက်ထောင့်က မှဲ့နက်နက်ကလေးမှာ ငုံ့၍ပင် မွေးချင်စရာ။

ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်၍ မှတ်တမ်းတင်နေကြသည်။ ဦးလှဖေ၏ အစီအမံပင် ဖြစ်ပါလိမ့်မည်။ ဦးလှဖေက သူ့

သမီးရုပ်ကလာပ်ဘေးမှာ မားမားကြီး။ ပြီတော့မည့်မိုးလို ငိုတော့မည့် မျက်နှာ။

မြမြဖူး၊ ခိုင်ရွှေဝါ၊ သဉ္ဇာလီ၊ သူဇာလှဲ့နှင့် မာလာညွန့်တို့က တရှုံ့ရှုံ့ ငိုနေကြသည်။

"ကြည့်ပါဦးဟယ်၊ ပစ်ရက်စရာ မရှိဘူး"

မြမြဖူးက ရှိုက်သံတစ်ဝက်နှင့် ပြောပေမင့် သူငယ်ချင်းများ စကားပြန်မဆိုမိ။ မျက်ရည်ပေါက်ကလေးများ ကိုယ်စီနှင့်။

သဲနုငယ် ရုပ်အလောင်းကို မသက်ဆိုင်သူများပါ ဝင်ကြည့်ကြသည်။ "သဲနုငယ် ၁၇-နှစ်" ဆိုသည့် စာတန်းကလေးကြောင့် စိတ်ဝင်စားကြသည်။

သဲနုငယ်၊ လင်းလက်ထွန်းနှင့် ဦးလှဖေတို့၏ အတွင်းကျိတ်ပြဿနာကိုတော့ မည်သူမျှ မသိကြပါ။ သိကြပါလျှင် ထိုထက်ပို၍ လူစည်ကားပါလိမ့်ဦးမည် ထင်သည်။

လေးဆယ်ကျော် အမျိုးသမီးကြီး နှစ်ဦး မဆီမဆိုင် စပ်စပ်စုစု ဝင်ကြည့်ကြသည်။

"လှလိုက်တာဟယ် ... သနားစရာလေး၊ ဟော့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်က သေသွားတဲ့ မင်းသမီး မေရီမြင့်ရဲ့ မတူဘူးလား၊ ကြည့်စမ်း ... ကြည့်စမ်း၊ မှဲ့ကအစ လိုက်တူနေတယ်"

"ဟုတ်ပါရဲ့ တူလိုက်တာ၊ ဒါပေမဲ့ ဒီကလေးမက ပိုငယ်တော့ ပိုလှတယ်၊ မေရီမြင့် ဆုံးရှာတော့ သုံးဆယ်ထဲမှာ မဟုတ်လား"



"မေရီမြင့် အလောင်းစင် ပြင်တာ သရက်တောကျောင်းတိုက်ထဲမှပေါ့၊ မှန်ခေါင်းကလေးနဲ့ ဒီလိုပဲ မိတ်ကပ်လူး၊ နှုတ်ခမ်းနီ ဆိုးထားတယ်၊ ရေခဲဇာဖြူ ပါးပါးကလေးနဲ့ ကြိုးကြိုးချိတ်လုံချည် အပြာရောင်ကလေးနဲ့"

"ရွှေမှုန်ကြဲကြယ်သီးကလေး တပ်ထားသေးတယ်လေ၊ အဲဒီတုန်းက ရင်ဖုံးအင်္ကျီခေတ် ကြယ်သီးတပ်တဲ့ ခေတ်ကိုး၊ လက်နှစ်ဖက်ကို ဘေးမှာပဲ ချထားတယ်၊ လက်မနှစ်ချောင်းပူးပြီး ကြိုးမချည်ဘူး၊ ခြေမနှစ်ချောင်းပူးပြီး မချည်ဘူး၊ ပက်လက်ကလေး အိပ်နေသလိုပဲ"

သည်မိန်းမကြီးနှစ်ဦးက မေရီမြင့်ကို အတော်စိတ်ဝင်စားခဲ့ကြဟန် တူသည်။ အသေးစိတ် မှတ်မိနေကြသည်။ ပြောရင်း ကြည့်ရင်း လျှောက်ရင်းက အလောင်းကို တစ်ပတ်ပတ်မိကြသည်။

"မေရီမြင့်တုန်းက သူ့ယောက်ျား ဗိုလ်ကြီးမင်းဦးက အသည်းပုံလွမ်းသူ့ပန်းခွေ ချတယ်၊ ဒီလို ရေတမာရွက်တွေနဲ့ မဟုတ်ဘူး၊ မုန်တိုင်းရွက်ကလေးတွေနဲ့ လုပ်ထားတာ၊ ပန်းတော့မပါဘူး၊ အရွက်စိမ်းချည်း သက်သက်လည်း အရမ်းလှတာပဲ၊ ကျန်ရစ်သူ၏ လွမ်းသူ့ပန်းခွေဆိုတဲ့ စာတန်းလေးပါတယ်၊ စက္ကူဖြူဖြူပေါ်မှာ မင်ပြာနဲ့ ရေးထားတယ်"

သေတ္တာဖြူဖြူကလေးကိုမှ၍ နိဗ္ဗာန်ယာဉ်ပေါ်သို့ အတင်မှာ မိန်းကလေးတစ်ဦး လဲကျသွားသည်ကို လှစ်ခနဲ တွေ့လိုက်ရသည်။

အဖူးအရွ အနုအလှကလေးပေမင့် အသက်စိုဝင်ချုပ်ငြိမ်းသည့်နောက်မှာ သွားရောက်စွန့်ပစ်ကြရသည်သာတည်း။

"မလှုပ်လိုက်ကြပါနဲ့၊ ဝူကို မပိတ်လိုက်ကြပါနဲ့၊. သမီးငယ်ငယ် မွှန်းနေပါ့မယ်ဗျာ"

"သဲနုငယ်ရေ ... သဲနုငယ်ရေ"

ဆေးရုံပေါ်တွင် နေခဲ့ရသည့်ရက်များ တစ်လခွဲတိတိ။

ဆေးရုံပေါ်မှာ နေစဉ်ကတော့ သဲနုငယ်က ဘယ်လိုမှာပါတယ်၊ ဘာဖြစ်ပါတယ်နှင့် ဖုန်းဆက်ဟန်ပြုကာ အမျိုးမျိုးလှည့်ပတ်ပြောဆိုထားခဲ့ကြသည်။ ဦးတင်မောင်ဝင်း ကိုယ်တိုင်ဖုန်းဆက်ကြည့်ပါသေးသည်။ တစ်ဖက်က ကောက်ကိုင်မည့်သူမရှိပါ။ အိမ်ရှေ့ ခြံဝင်းထိ သွားကြည့်ပါသေးသည်။ သော့ခလောက်ကြီးကသာ ဆီးကြိုသည်။

ခြံရှေ့မှာ ယောင်လည်ယောင်လည်နှင့် ဦးတင်မောင်ဝင်း ခဏတဖြုတ် ရပ်ကြည့်နေပါသေးသည်။ မည်သူ့ကိုမျှ မတွေ့ရပါ။ လင်းလင်းကို မည်သို့ပြောပြရပါမည်နည်း။

လင်းလက်ထွန်း အနေနှင့် တစ်ခုခုတော့ တစ်ခုခုပဲဟု ကြိုတင်သံသယရှိနေသည်။ ဦးတင်မောင်ဝင်းတို့က လှည့်ပတ်ပြောဆိုထားသမျှကို လုံးဝဥဿုံ ယုံကြည်သည် မဟုတ်။ သဲနုငယ်သူ့ကို လာမတွေ့ကတည်းက စိတ်ထဲမှာ မသင်္ကာ။ သို့ပေမင့် ဘာမျှမတတ်နိုင်ခဲ့သည့်အဖြစ်။



ခုတော့ ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသွားပါပြီ။ ဆေးရုံမှ ဆင်းရပါတော့မည်။ လင်းလက်ထွန်းကို အဖြစ်မှန်ပြောပြရပါတော့မည်။

"ကျွန်တော် မနက်ဖြန် ဆေးရုံက ဆင်းရမယ်လို့ ဆရာဝန်က မနက်ပိုင်းက ပြောသွားပါတယ် ဦးလေး၊ သဲနုငယ်ဆီ ဖုန်းဆက်ပေးပါ၊ ဆေးရုံကဆင်းဆင်းချင်း ကျွန်တော်သူ့ဆီ လာခဲ့မယ်လို့"

"လင်းလင်း"

ဦးတင်မောင်ဝင်းက တူတော်မောင်ကို စိတ်မကောင်းခြင်း ကြီးစွာဖြင့် ငေးကြည့်မိသည်။ သွေးမတော် သားမစပ်သော်ငြားလည်း ဒီတူကလေးကို သံယောဇဉ် ကြီးနေရပါပြီ။

"ပြောပါ ဦးလေးဝင်း၊ သဲနုငယ်နဲ့ ပတ်သက်ပြီး ဦးလေးဝင်းတို့ တစ်စုံတစ်ခုကို ထိမ်ချန်လျှို့ဝှက်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်၊ အဲဒီကိစ္စ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပါ"

"တရားနဲ့ဖြေပါ လင်းလင်းရယ်"

"ဗျာ ... ဘာကို တရားနဲ့ ဖြေရမှာလဲ"

"သဲနုငယ် ဆုံးရှာပြီ"

"ဟင် ... ဘယ်လို ပြောလိုက်တာလဲ ဦးလေးဝင်း၊ ပြန်ပြောစမ်းပါဦး၊ ကျွန်တော့်ကို ညာတာပါလို့ ပြန်ပြင်ပြောလိုက်ပါ ဦးလေး"

"မညာပါဘူး လင်းလင်း၊ ဒီကိစ္စမျိုး ဦးလေး မညာရက်ပါဘူး"

"ဩော် ... ဗျာ"

တွေခနဲ ငေးကျသွားသည့် အဆွေးမျက်နှာ၊ အငိုမျက်ဝန်းက စမ်းရေအိုင်ကလေးတစ်ခုနှယ် ပြည့်လျှံသွားရသည်။ မျက်ရည်စီးကြောင်းများက ပါးပြင်မှတစ်ဆင့် ဇေဝိုက်ကာ မေးစေ့ချိုင့်ချိုင့်ကလေးဆီသို့၊ ထိုမှတစ်ဆင့် ပုဆိုးပေါ်သို့ ပေါက်ခနဲ ကျသည်။

မတ်မတ်ထိုင်နိုင်စွမ်း မရှိတော့ပြီမို့ အိပ်ရာထက်မှာ လှဲချသည်။ နားသယ်စပ်ဆီမှ စီးကျလာသည့် မျက်ရည်များကြောင့် တစ်လခွဲတိတိ မညှပ်ဘဲထားသည့် ဆံပင်ဖုတ်သိုက်ကြီး ရွှဲစိုသွားရတော့သည်။

"ဘယ်လိုဖြစ်တာလဲ ဦးလေးရယ်"

"သတင်းစာထဲမှာ နာရေးကြော်ငြာ ပါလာမှ သိရတာပဲ"

"ကျွန်တော် ဆရာမကို ဖုန်းဆက်ခိုင်းတုန်းက ကျွန်တော် ဆေးရုံရောက်ရောက်ချင်း နောက်တစ်နေ့ပဲ"

"ဦးလှဖေ ဖြစ်မယ်ထင်တယ်၊ ယောက်ျားသံနဲ့ ပြန်ဖြေသတဲ့၊ အသက်ကို စတေးသွားပါပြီတဲ့၊ လင်းလင်း သာစုခေါ်ပါတော့တဲ့"

"ဖြစ်မှ ဖြစ်ရလေဗျာ၊ ဖြစ်မှဖြစ်ရလေခြင်း"

"နောက်တစ်နေ့မှာ နာရေးကြော်ငြာ ပါလာတာပဲ၊ ကဋ္ဌနာတို့တောင် ရေခဲတိုက်မှာ သွားကြည့်ကြသေးတယ်"

"ဒါဆို တကယ်ပေါ့၊ သေပြီဆိုပြီး ဦးလှဖေ လှည့်ထုတ်သွားတာ မဟုတ်ဘူးပေါ့"

"တကယ် ဆုံးရှာတာပါ လင်းလင်း"



"ဩော် ... ကျွန်တော် တစ်ယောက်တည်းကျန်ရစ်ခဲ့ပြီပေါ့ဗျာ"

"ဦးလေးလည်း ဖုန်းထပ်ဆက်သေးတယ်၊ ဘယ်သူမှ ကောက်မကိုင်ဘူး၊ အိမ်သွားကြည့်တော့လည်း သော့ခလောက်ကြီးပဲ တွေ့ရတယ်၊ လင်းလင်း ဆေးရုံကဆင်းတဲ့နေ့ကျရင် စုံစုံလင်လင် ပြောပြချင်လို့ပါ"

ဖြစ်မှ ဖြစ်ရလေ သဲနုငယ် ... ရင်ထဲမှာ မချိတော့ပါလား သဲနုငယ်၊ လက်တွဲဖြုတ်ခဲ့ရက်လေခြင်း အချစ်ရယ်၊ ဒီကမ္ဘာမှာ သဲနုငယ် မရှိဘဲ သဲမောင် ဘယ်လိုနေခဲ့ရမလဲ အသက်ရယ်။

"ဦးလေးဝင်း"

"ပြော ... လင်းလင်း"

"ပန်းခွေ လုပ်ရောင်းတဲ့လူ ဗမာလူမျိုးထဲက တစ်ယောက်ယောက် ကျွန်တော့်ဆီ အခု ခေါ်လာပေးပါ ဦးလေးရယ်၊ ခိုင်းတယ်လို့လည်း မထင်ပါနဲ့၊ ဦးလေးဝင်းပဲ အားကိုးရှိလို့ပါ"

"ဘာလုပ်မလို့လဲ"

"မနက်ဖြန် ဆေးရုံကဆင်းဆင်းချင်း သဲနုငယ်ဆီ တန်းသွားချင်လို့ပါ၊ ဩော် ... မီးများသတ်ပစ်လိုက်ပြီလားဗျာ"

"အုတ်ဂူကလေး သွင်းထားပါတယ်၊ ဓာတ်ပုံတွေလည်း ရိုက်ထားတယ်တဲ့၊ ဦးလှဖေနဲ့ တွေ့ရင်တော့ လင်းလင်း တောင်းကြည့်လို့ရမယ်၊ ဒါထက် ပန်းခွေသမားတွေက ကုလားတွေများတယ်၊ လင်းလင်း ဘာကိစ္စ ဗမာဖြစ်စေချင်ရတာလဲ"

"ကျွန်တော် ပြောတာ သဘောမပေါက်မှာ စိုးလို့ပါ၊ ဖြစ်နိုင်ရင် အခု ခေါ်ပေးပါ ဦးလေးရယ်၊ မနက်ဖြန် ဆေးရုံက ဆင်းတော့ အချိန်မီ ပန်းခွေမရမှာ စိုးလို့ပါ"

"အေး ... အေး"

ဝေးကြပြီပေါ့ သဲနုငယ် ...၊ နေကမ္ဘာထဲမှာ သဲမောင် တစ်ယောက်တည်း ထားခဲ့ပြီလား သဲနုငယ်၊ အဖြစ်ဆိုးရလေခြင်း ကွယ်၊ ကံတရားရယ် ရိုင်းလိုက်ပါဘိ၊ သဲမောင် လိုက်ခဲ့ချင်တယ် သဲနုငယ်၊ ဘယ်ဘဝများ ရောက်နေပြီလဲ ချစ်သည်းအူကလေးရယ်၊ သိပ်ချစ်တယ် သဲနုငယ်၊ ယုံပစ်လိုက်ပြီ သဲမောင်ရေလို့ ပြောလှာ စမ်းပါဦးတော့ကွယ် ...။

လွမ်းလှပါတယ်၊ ဆွေးလှပါတယ်၊ ရင်ထဲမှာ မချိပါဘူး သဲနုငယ်၊ ချစ်ရလွန်းသူ ကလေးရယ် ဖြေမဆည်နိုင်ပါဘူး ကွယ် ...။

❖❖❖

"ပန်းခွေကို အဝိုင်းမှသိချင်ဘူး၊ ဘဲဥပုံမလိုချင်ဘူး၊ အသည်းပုံ တတိကျကျ ဖော်ချင်တယ်"

"ရပါတယ်၊ လုပ်ပေးပါ့မယ်"

"ရေတမာရွက်တွေ မခံပါနဲ့"

ဆေးရုံပေါ်မှာ တက်နေရင်းက ပန်းခွေ မှာနေသော လင်းလက်ထွန်း အဖြစ်မှာ အထူးအဆန်း ဖြစ်နေတော့သည်။ ပန်းခွေသမား ကိုယ်တိုင် တအံ့တသြ ဖြစ်နေရသည်။



"မိန်းကလေးတွေ သစ်ခွပန်းပန်ရင် တွဲပြီး ပန်လေ့ရှိတဲ့ 'ဖန်း' ဟို ... ကျောက်ခက်တစ်မျိုး၊ သိလား"

"သိပါတယ်၊ ဒါပေမဲ့ သိပ်ရှားတယ်"

"ပစ္စည်းမရှိတာလား"

"ဈေးကြီးတာ၊ ပစ္စည်းက ရတယ်"

"ကြီးပစေ၊ ကျသလောက်ယူပါ၊ အဲဒီ 'ဖန်း'ကို ထူထူထဲထဲ ခံပါ၊ အသည်းပုံ စိမ်းစိမ်းကြီး ထင်းခနဲပေါ်စေချင်တယ်"

"ဘယ်လောက်အရွယ် လိုချင်လဲ"

"ကျွန်တော့် တစ်ဖက်မက ကြီးချင်တယ်၊ ကြီးချင်သလောက် ကြီးပစေ၊ မ,လို့နိုင်ရုံဆို တော်ပြီ၊ မ,လို့ မရလောက်အောင် တော့ မကြီးပစေနဲ့ပေါ့"

"ဘာပန်းကပ်မလဲ"

"ဇင်ဒါ အမျိုးအစား နိုင်ငံခြားသစ်ခွ ပုစွန်ဆီသွေး"

"အဲဒါကျတော့ ဈေးကြီးရုံတင် မကဘူး၊ ပစ္စည်းကပါရှား တယ်"

"ဗိုလ်ချုပ်ဈေးမှာ ရှိတယ်"

"တစ်ဆိုင် တစ်ဆိုင်မှာမှ သုံးလေးပွင့်လောက်ရှိတာ၊ အပင် မှာ ပွင့်တုန်းတန်းလန်း၊ အပင်ပါရောင်းတဲ့ အိုးတွေကျတော့ လည်း အပွင့်ခူးရောင်းမှာ မဟုတ်ဘူး"

"တစ်အိုးလုံး ဝယ်ပါ၊ အပွင့်ခူးကပ်မယ်၊ အပင်နဲ့အိုးတွေ ကျွန်တော် ယူမယ်၊ အိမ်မှာစိုက်မယ်"

"ဟာဗျာ ... ခင်ဗျားရက်ရောလှချည်လား၊ တစ်ပင်တစ်ပင် ကို သုံးထောင်နဲ့ ငါးထောင်ကြားမှာ ရှိတယ်"

ပန်းခွေဆိုင်ရှင်ပင် မနေသာပါလေတော့။ ကြားထဲက ဝင်နှမြောရတော့သည်။

"ရှိပစေ"

ဒီလူတော့ ရူးပြီဟု ပန်းခွေဆိုင်ရှင် ထင်မိသွားရတော့သည်။ သူ့ပုံစံက လောကကြီးထဲမှာပင် မနေချင်တော့သည့်ပုံစံမျိုး ဖြစ်နေရှာပါလား၊ မျက်နှာက ညှိုးငယ်နွမ်းခွေပြား၊ စကားကို ဘောက်ဆတ်ဆတ် ပြောနေပုံကပင် လက်ရှိဘဝမှာ နေမပျော်နိုင်တော့သည့် သဘော။

"ခင်ဗျား ပန်းခွေကလည်း အတော်ကြီးမှာဆိုတော့ ပန်းတွေ သိပ်ကုန်မယ်"

"ကုန်ပစေ"

"မင်းရဲ့ နောက်ဆုံးခရီးမှာ ဘဏ်စာရင်းကလေး တုက်တက် ပြောင်သွားပါစေ သဲနုငယ်"

ဟု ရင်ထဲက ကျိတ်ပြောသည်။

"အလယ်မှာ စာရေးဦးမလား"

"ရေးမယ်၊ စက္ကူမှာရေးပြီး ကပ်တာမျိုး မလုပ်ပါနဲ့၊ ရွှေချည်ကြိုးတွေကို ကျစ်ပြီး စာလုံးဖော် ဆွဲပေးပါ"

"ဘယ်လို ရေးရမလဲ"

"ကျန်ရစ်သူ အသည်းတစ်ဖက်ခြင်း၏ လွမ်းသူ့ပန်းခွေ... စာ ဆုံ့ပါမလား"

"နှစ်တန်းရေးမှ ဆံ့မယ်၊ ရွှေချည်ကြိုးတွေ သိပ်ကုန်မယ်"

"ဒီမှာ ... ကုန်သလောက် ခင်ဗျား ရမှာပဲ မဟုတ်လား၊ ဘာလျှာရှည်နေတာလဲ"



ဆိုင်ရှင် ဇက်ပုဝင်သွားသည်။ လောကကြီးတစ်ခုလုံးကို စိတ်နာနေသည့်လူမျိုးနှင့် ဖက်ပြိုင်ပြော၍ အဘယ်မှာ ဖြစ်ပါမည်နည်း။

"စာလုံးကလည်း ကြီးနိုင်သလောက် ကြီးပါစေ၊ ရွှေချည်ကြိုးမခိုပါနဲ့၊ အသည်းပုံ စိမ်းစိမ်းကြီးရဲ့ အလယ်မှာ ရွှေရောင်စာတန်းကိုလည်း ထင်းခနဲ မြင်ချင်တယ်"

"ဖြစ်ရစေ့မယ် ... စိတ်ချ"

ဗိုလ်ချုပ်ဈေးမှ သုံးဆယ့်ခုနစ်ပွင့်ပဲရသည်။ ပန်းက တစ်ရာလောက် လိုသည်။ ဆိုင်ရှင်ခမျာ ကြားထဲက မနေနိုင်မထိုင်နိုင် အလုပ်ရှုပ်ခံပေးရှာသည်။ ရန်ကုန်တစ်မြို့လုံး ရှိသမျှ ခြံတွေမှာ လိုက်လျှောက်ဝယ်ပေးရသည်။ အပင်လိုက် အပင်လိုက် ဝယ်ရပါမှ ပန်းခွေတစ်ခွေ၏ တန်ဖိုးက ကက်ဆက်အကောင်းစားတစ်လုံးနီးပါး ကျတော့မည်မို့ ကြားထဲက ချွေတာပေးရသည်။

ခြံပေါင်းစုံမှ ငါးဆယ့်လေးပွင့် စုစုပေါင်း ကိုးဆယ့်တစ်ပွင့်၊ တစ်ပွင့်ကို ဆယ့်ငါးကျပ်နှုန်းနှင့် ကုန်ကျငွေ တစ်ထောင့်သုံးရာခြောက်ဆယ့်ငါးကျပ်၊ လိုသော ကိုးပွင့်စာအတွက် ပန်းပွင့်တန်းလန်းနှင့် ပန်းအိုးတစ်အိုး ဝယ်ရသည်။ ကုန်ကျငွေ လေးထောင့်နှစ်ရာ၊ ပန်းဖိုး၊ ဝါးဖိုး၊ သွပ်နန်းကြိုးဖိုး၊ ရွှေချည်ကြိုးကလည်း ဈေးကကြီးပါဘိ၊ စရိတ်ချည်းသက်သက် တစ်သောင်းနှစ်ထောင့်နှစ်ဆယ့်ရှစ်ကျပ်။

လုပ်ခနှင့်အမြတ် မယူရက်ပါလေတော့။

အသည်းပုံ စိမ်းခက်ခက်ကြီးပေါ်မှာ ပုစွန်ဆီရောင် သစ်ခွပန်းကားကားတွေနှင့် လိုက်ဖက်လှပါ၏။ ရွှေချည်စာလုံး ခံ့ခံ့ညားညား၊ အစိမ်းရောင် ပုစွန်ဆီရောင်နှင့် ရွှေရောင်တလက် လက်တို့မှာ တစ်ခုနှင့်တစ်ခု ပနံရကာ ထိရက်စရာ မရှိအောင် လှပါပေသည်။

"ရန်ကုန်တစ်မြို့လုံး ခြံတွေမှာ လိုက်ဝယ်ရတာ ကျွန်တော့် စရိတ်နဲ့ ကျွန်တော်၊ ပန်းဖိုးနဲ့ ရွှေချည်ဖိုး စရိတ်ချည်းသက် သက် တစ်သောင်းနှစ်ထောင့်နှစ်ဆယ့်ရှစ်ကျပ် ကျတယ် ကျွန်တော် ခင်ဗျားကိုကြည့်ပြီး ကိုယ်တိုင်ရောပြီး ခံစား တယ်၊ လက်ခနဲ့အမြတ် လုံးဝမယူလိုက်ဘူး၊ တစ်သောင်း နှစ်ထောင့်နှစ်ဆယ့်ရှစ်ကျပ်ပဲ ပေးခဲ့ပါ"

ဆိုင်ရှင်က စာရင်းစာရွက်နှင့်တကွ ပန်းခွေကိုပေး အပ်သည်။ လင်းလက်ထွန်း ကိုယ်စား ဦးတင်မောင်ဝင်းက ငွေ ချေသည်။

"ကျေးဇူးတင်ပါတယ်"

သွားဖြူတန်းကလေးပေါ်အောင် လှစ်ခနဲ ပြုံးပြလိုက် တော့ မေးစေ့ကလေးက ပိုချွန်သွားသည်။ ပြုံးသည်သာဆိုင် သွားဖြပြသည်နှင့် မခြား၊ ရွှင်ကြည်နူးခြင်း အသက်မပါ။

"ခင်ဗျား ... ခင်ဗျား ... အဆိုတော် လင်းလက်ထွန်း မဟုတ်လား"

ဆိုင်ရှင်က မှတ်မိသွားပုံနှင့် ပြောသည်။

"ဟုတ်တယ် ထင်ပါရဲ့"

ဆိုင်ရှင်က ပိုစိတ်ဝင်စားသွားရသည်။



"ပန်းခွေက လှလွန်းလို့ ဖက်တောင်အိပ်ချင်စရာ ဖြစ်နေပြီ"

"ဟုတ်လား ... ကျွန်တော် ဖက်အိပ်လိုက်ဦးမယ်"

"ကိုလင်းလက်ထွန်း ... ပန်းအိုး ဘယ်ပို့ပေးရမလဲ"

"ခင်ဗျား ယူလိုက်တော့၊ လက်ခနဲ့ အမြတ်ကို ပန်းအိုးနဲ့ ထေလိုက်တယ်လို့ မထင်ပါနဲ့၊ ခင်ဗျား စေတနာကို စေတနာနဲ့ တုံ့ပြန်တယ်လို့ပဲ သဘောထားပါ"

"ခင်ဗျား ကြိုက်ရဲ့လား"

"သိပ်ကြိုက်ပါတယ်"

ဆေးရုံအဝမှာပင် ပန်းခွေကို လက်ခံယူခြင်း ဖြစ်ပါ ၏။ ဦးတင်မောင်ဝင်း၏ ကားနောက်ပိုင်းကူရှင်ပေါ်မှာ ထိုင်ရင်း လင်းလက်ထွန်းက ပန်းခွေကို သားငယ်ပွေ့သလို ပွေ့ထားသည်။ သဲနုငယ်၏ ကိုယ်သင်းနံ့ကလေးများ သင်းလာသလို ခံစားမိသည်။

ဦးတင်မောင်ဝင်းက ကားမောင်းကာ ကန္တာရဝင်း က ဘေးမှထိုင်သည်။ သူက သဲနုငယ်၏ အုတ်ဂူနေရာလေးကို သိသူ။

ဖိုးယက်နီနီလေးက ကြိုတောသချိုင်းဆီသို့။ ကားနံ လေးကို ပန်းခွေဆိုင်ရှင် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။

"ငါကိုယ်တိုင် ပန်းခွေလုပ်ရောင်းနေတာတောင် ငါ့မိန်းမ သေရင် သုံးဆယ့်ငါးကျပ်တန် ငွေပန်းနဲ့ ပန်းခွေအဝိုင်းကြီးပဲ ချနိုင်မယ် ထင်ပါရဲ့၊ ဩော် ... ရက်ရောလိုက်တာ၊ ဘယ် လောက်များ ခံစားနေရသလဲ ကိုလင်းလက်ထွန်းရယ်၊ ကြည့်ပါဦး၊ သူရေးခိုင်းတဲ့စာကလည်း ကျန်ရစ်သူ အသည်း တစ်ဖက်ခြမ်း၏ လွမ်းသူ့ပန်းခွေ တဲ့"

ဝေဒနာဟူသည် တကယ်တမ်း ခံစားရတော့လည်း တစ်ပက်သားများကို ကူးစက်တတ်သည် ထင်ပါရဲ့။

"နောက်ဘဝ ဆိုတာများ ရှိခဲ့ရင် ချစ်သောသူနဲ့ ဆာပူကင်းဝေးရတဲ့ ဘဝမျိုးမှ ကင်းလွတ်ပါစေသား ရယ်လို့ ဆုတောင်းပေးလိုက်မိပါရဲ့ ကိုလင်းလက်ထွန်းရယ်"

ထိုညက တစ်ညလုံး လင်းလက်ထွန်း အခန်းမှ ဂီတာသံ တဒေါင်ဒေါင် ကြားနေရသည်။ နောက်တစ်နေ့မှာ ဦးတင်မောင်ဝင်းထံ သီချင်းစာသားတစ်ခု အပ်သည်။

"သဲနုငယ်၏အချစ်ရုပ်ကြွင်း"

"သဲနုငယ် ... ချစ်သဲနုငယ် ... သဲနုငယ်ရဲ့ အချစ်ရုပ်ကြွင်းက မီးပင်လယ်ထဲမှ နေဆယ်စင်းပါကွယ်"

သူ့မျက်လုံးများမှာ မျက်ရည်များနှင့် ပြည့်လျှံနေသည်။ သူ့မျက်နှာက ညှိုးကျနေသည်။ သူ့ခေါင်းက ဖွာဆန်ကြီးကာ မဖြီးမသင်။ သူ့အသံက ရှိုက်သံပါနေသည်။ တူရိယာပစ္စည်းအစုံအလင်ဖြင့် အသံမသွင်းမီ သံစဉ်မှန်အောင် အဆိုချည်းသက်သက် ကက်ဆက်ခွေမှာသွင်းတော့ ... သူ ငိုဆဲ၊ ရှိုက်ဆဲ။

မျက်ရည်ပေါက်ပေါက်ကျရင်း တစ်ကိုယ်လုံး တုန်အောင် ရှိုက်ခါရင်း သီဆိုပါလေသည်။ သူ့အသံက နှလုံးသားအတွင်းမှ ပေါက်ကွဲပွင့်အန်ထွက်ကျလာသကဲ့သို့ နှလုံးသား၏ ငိုညည်းသံ။



နှလုံးကွဲ၍ သွေးစီးကြောင်းများ စမ်းချောင်းသဖွယ် စီးကျသံမျိုး။

မျက်ရည်များက ပါးပြင်တစ်ခုလုံး ရွှဲရွှဲစို၊ ပါးပြင်မှသည် မေးစေ့ချိုင့်ချိုင့်ကလေးမှာ ခိုတွယ်သည်။ ခဏတာ ရပ်နားကြသည်။ ပြီးတော့ ... ပေါင်ပေါ်သို့ တစ်စက်ချင်း ကျသည်။ သီချင်းဆိုရင်း ငိုပါလေသည့် လင်းလက်ထွန်းကို ကြည့်ကာ ကဥ္စနာဝင်းနှင့် အမရာဝင်းတို့ပါ ရောငိုမိကြသည်။ ဒေါ်ခင်ခင်လေး မျက်ရည်ဝဲကာ ဦးတင်မောင်ဝင်း မျက်နှာလွှဲခဲ့ရသည်။

အကြောင်းကံ နည်းရှာသူပါတကား။

လင်းလက်ထွန်း၏ သီချင်းများ ဆက်တိုက်ထွက်လာသည်။ အလွမ်းများချည်း၊ အဆွေးများချည်း။

သဲနုငယ်၏ အချစ်ရုပ်ကြွင်း
နွေကန္တာမှာ တစ်ယောက်တည်း
ကျန်ရစ်သူ့ အသည်းတစ်ဖက်ခြမ်း
တို့ကာဝဋ်တင်
အချစ်တစ်ပတ်နွမ်း
အချစ်ကန္တာရခရီးသည်
ငိုရင်းငိုသည့် သီချင်းသည်
လွမ်း၍ နွမ်း၍ ကျွမ်းမြည့်မြည်
ကျမျက်ရည် ဘယ်မခန်း
မပြေနိုင်အသည်း ရေဆိုင်ဝဲ

အားလုံး ... အားလုံးသော သီချင်းများကို မျက်ရည်တပေါက်ပေါက်ကျရင်း မေးစေ့ချိုင့်ချိုင့်ကလေးမှာ ခိုတွဲနေပါသည့် မျက်ရည်စက်ကလေးများကို သုတ်ရင်း သုတ်ရင်း သူ အသံသွင်းခဲ့သည်။

လင်းလက်ထွန်း လျှမ်းလျှမ်းတောက်ပါပြီ။ စတီရီယိုဘုရင်အဖြစ် နာမည်ကျော်ကြားလာသည်။ စတိတ်ရှိုး မှန်သမျှ ညှိခံပွဲ မှန်သမျှ လင်းလက်ထွန်း မပါလျှင် မပြီး။ သူ့သီချင်းခွေများ ရောင်းမလောက်အောင် တွင်သည်။ ထုတ်သမျှ ကုန်သည်။

မိတ်ဆက်စာတွေက အစောင်စောင်၊ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်သို့ ရောက်လာကြသူတိုင်း လင်းလက်ထွန်းကို မြင်ဖူးချင်လို့ဟုဆိုကာ တကူးတက လာကြည့်ကြသူများက မရှား။

သီချင်းများအားလုံးမှာ "သဲနုငယ်၏အချစ်ရုပ်ကြွင်း" က နာမည်အကြီးဆုံး၊ လူကြိုက်အများဆုံး၊ ပရိသတ် အတောင့်တဆုံး။

"အသည်းနာတယ် သဲနုငယ်၊ အချစ်အတွက် ခံစားချက်တေးတွေကို မမျိုသိပ်နိုင်လို့ ရင်ဖွင့်မိပါတယ်၊ ဒီသီချင်းတွေက အောင်မြင်ခြင်းရဲ့ လှေကားထစ်တွေ ဖြစ်လာတယ်၊ သဲမောင် အတွက် အောင်မြင်ခြင်း သရဖူကို အချစ်အသည်းနုနုငယ်ငယ်ကလေးနဲ့ လဲခဲ့ရတယ် သဲနုငယ် ...

"သဲမောင် ရင်ထဲ မချိတော့ပါဘူးကွယ် ...

"ဆယ်ဘဝပြောင်းစေတော့ သဲမောင်ရဲ့ အချစ်က မဟောင်းနိုင်ဘူး သဲနုငယ်၊ သဲနုငယ်ကို တမ်းတယင်း နွေညတွေကို ကုန်စေခဲ့တယ်၊ မိုးညတွေမှာ သဲနုငယ်ရဲ့



အချစ်ဝိညာဉ်လေးကို လိုက်ရှာတယ်၊ ဆောင်းညတွေမှာ သဲနုငယ်များ ကိုယ်ထင်ပြလေမလားရယ်လို့ စောင့်စားရင်းက မိုးစင်စင် လင်းခဲ့ရတယ် ...

"ဥတုသုံးလီ ပြောင်းခဲ့ပေမဲ့ မမေ့နိုင်ဘူး အချစ်ရယ်၊ သဲမောင် ရင်ထဲမှာ သဲနုငယ်၊ နှလုံးသားထဲမှာ သဲနုငယ်၊ အတွေးကမ္ဘာထဲမှာ သဲနုငယ်၊ အိပ်မက်ထဲမှာ သဲနုငယ်၊ မျက်ဝန်းထဲမှာ သဲနုငယ်၊ ရွက်ထည်မိုးလို ဖြန့်ကြက်ထားတဲ့ မိုးကောင်းကင်ကြီးပေါ်မှာ သဲနုငယ်၊ မိခင်တစ်ဦးလို ထွေးပွေ့တတ်တဲ့ မြေသားရင်ခွင်မှာ သဲနုငယ်၊ နှာသီးဖျားကို ကလူကျီစယ်တတ်တဲ့ လေပြည်လေညင်းထဲမှာ သဲနုငယ်၊ နေမင်းထဲမှာ သဲနုငယ်၊ လမင်းထဲမှာ သဲနုငယ်၊ အမှောင်မှာလည်း သဲနုငယ်၊ အလင်းမှာလည်း သဲနုငယ် ...

"မမေ့နိုင်ဘူး သဲနုငယ်၊ မမုန်းရက်ဘူး သဲနုငယ်၊ ကမ္ဘာတည်သရွေ့ တမ်းတနေမယ် သဲနုငယ်"

## သဲနုငယ်၏ အချစ်ရုပ်ကြွင်း

"ကမ္ဘာဦးလူသားတွေ သေဆုံးကုန်ကြတော့ ကျောက်ဖြစ်ရုပ်ကြွင်းအချို့ ကျန်ခဲ့တယ်၊ အဲဒီ ကျောက်ဖြစ်ရုပ်ကြွင်းတွေက သမိုင်းသုတေသီတွေအတွက် အထောက်အကူဖြစ်စေတယ်၊ သမိုင်းဦးဘုံမြေစနစ်ကို လေ့လာခွင့်ရစေတယ်"

လင်းလက်ထွန်းက တစ်လုံးချင်း ရှင်းပြသည်။ သူ့အခန်းတွင်းရှိ အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း ပြောပြနေခြင်း ဖြစ်ပါ၏။ အခန်းတံခါးကို ပိတ်ထားသည်။ လင်းလက်ထွန်း ပြောသမျှ နားထောင်နေသူက စိတ်ရောဂါအထူးကု သမားတော်ကြီးတစ်ဦး။

ဦးတင်မောင်ဝင်း တကူးတက စီစဉ်ပေးခြင်း ဖြစ်ပါ၏။ သဲနုငယ် ကွယ်လွန်သည့်ကိစ္စမှာ လူတိုင်းသိပြီးသား။ သဲနုငယ်ကို ညှော်ခံပွဲမှာ တွေ့ရသည်။ ဖုန်းဆက်ပြန်ပြီ။ စသည် စသည် ပြောလာတော့ ဦးတင်မောင်ဝင်း စိတ်ပူလာရသည်။



ညတိုင်း ညတိုင်း ငုတ်တုတ်ထိုင်ကာ သဲနုငယ် ထံမှ ဖုန်းဆက်လေမည်လားဟု စောင့်စားနေတတ်သည့် လင်းလက်ထွန်း အတွက် စိတ်ပူသည်။

အောင်မြင်ခြင်း အထွတ်အထိပ်သို့ ရောက်နေသူ တစ်ဦးအတွက် ဆွေ့ဆွေ့ခုန်အောင် စိုးရိမ်ပူပန်ရပါတော့သည်။ လင်းလက်ထွန်း အပေါ်မှာ တူသားသဖွယ် ခင်မင်ရင်းနှီးခဲ့သည်က တစ်ဖုံ၊ တစ်ခေတ်မှာ တစ်ယောက် လျှမ်းလျှမ်းတောက်နေသည့် စီးပွားဖက် အကျိုးပြုသူတစ်ဦး ဖြစ်နေသည်က တစ်မျိုး၊ လင်းလက်ထွန်း ရူးသွပ်သွားမည်ကို အလွန်စိုးရိမ်မိပါလေသည်။

လေးထပ်တိုက်ကြီး အပေါ်ဆုံးထပ် တစ်ထပ်လုံးကို အပိုင်စား ပေးထားပြီး အိမ်ထောင်ပရိဘောဂ စုံစုံလင်လင်နှင့် ဖူးဖူးမှုတ်ထားခဲ့ပါသော၊ တယုတယ ပျိုးထောင်ခဲ့ရသော၊ တူသားနယ် ဖြစ်နေရပါသော လင်းလက်ထွန်း အတွက် စိတ်ရောဂါဆရာဝန်ကို အိမ်တိုင်ရာရောက် ပင့်ဖိတ်ခဲ့ရပါပြီ။

ဆရာဝန်၏ စီမံချက်ဖြင့် လင်းလက်ထွန်းနှင့် နှစ်ဦးတည်း ရင်ဖွင့်ခန်းလည်း ဖြစ်ပါ၏။

"ဆက်ပြောပါ ကိုလင်းလက်ထွန်း၊ ခင်ဗျားက သမိုင်းဘာသာရပ်လည်း ကျွမ်းကျင်သားပဲ"

"ကျွန်တော် ပြောချင်တာတွေ ဆက်မပြောခင် အရင်ပြောလိုက်ချင်သေးတာက ကျွန်တော် မရူးသေးဘူး ဆိုတာပါပဲ ဆရာ၊ မရူးဘူးလို့ ပြောတာမှတ်ပါဘူး၊ မရူးသေးဘူးလို့ ပြောတာပါ၊ နောက်တော့ ရူးချင်ရူးမယ်ပေါ့"

"ကျွန်တော် ယုံပါတယ် ကိုလင်းလက်ထွန်း၊ မျက်စိသူငယ် အိမ်က လူကောင်းတစ်ယောက်ရဲ့ ပုံသဏ္ဌာန်အတိုင်း ရွှေ့လျားပါတယ်"

"အဲ ... ကျွန်တော် ဘာပြောနေလဲ ဆရာ"

သမားတော်ကြီးက ပြုံးသည်။

"ကျောက်ဖြစ်ရုပ်ကြွင်းတွေ ကျန်ခဲ့တယ်တဲ့"

"ဟုတ်ပြီ ဟုတ်ပြီ၊ သမိုင်းဦး ဘုံမြေခေတ်က လူတွေသေသွားသလို၊ ကျွန်တော့် နှလုံးသားထဲမှာ သဲနုငယ်ဟာလည်း အရည်ပျော် အခိုးအငွေ့ဖြစ်ပြီး ပျောက်ကွယ်သွားတယ်"

"ကျွန်တော် မေးခွန်းနည်းနည်းပါးပါး ထုတ်ချင်ပြီ ကိုလင်းလက်ထွန်း"

"မေးပါ ဆရာ၊ ကျွန်တော်ကလည်း မျိုသိပ်ရတာတွေ များလွန်းလို့ ရင်ဖွင့်ချင်နေတဲ့သူပါ"

"သဲနုငယ် ဆိုတာက တကယ် ရှိခဲ့သလား"

"ရှိခဲ့ပါတယ် ဆရာ"

"နာမည်ရင်းကကော"

"သဲနုငယ် ဆိုတာ သူ့နာမည်ရင်းပါ"

"ဘယ်လို ကွဲသွားကြတာလဲ"

"သူ သေဆုံးသွားပါတယ် ဆရာရယ်"

အသံ၏ တုန်ခါမှုက ရေကြည်အိုင်တစ်ခုကို ပေါက်ဖွားစေနိုင်သည်ထင့်။ လင်းလက်ထွန်း၏ တုန်ယင်လှိုက်လှဲသော အသံ၏နောက်မှာ အငိုမျက်ဝန်းတွင်းဝယ် မျက်ရည်များ ပြည့်လျှံလာရပြန်သည်။



"ဆက်ပြောပါ ကိုလင်းလက်ထွန်း"

"သဲနုငယ် သေသွားတယ်ရယ်လို့ မပြောရက်ပါဘူး၊ မထင်ရက်ပါဘူး ဆရာ၊ ကွယ်ပျောက်သွားတာပဲ ထားပါ"

"အင်း ... သဲနုငယ် ကွယ်ပျောက်သွားတော့"

"အချစ်ရုပ်ကြွင်းကလေး ကျန်ခဲ့ပါတယ်၊ ကျောက်ဖြစ်ရုပ်ကြွင်းက သမိုင်းသုတေသီတွေအတွက် ရတနာတစ်ပါးပါ၊ သဲနုငယ်ရဲ့အချစ်ရုပ်ကြွင်းကတော့ မီးပင်လယ်ထဲက နေဆယ်စင်းပါပဲ၊ ကျွန်တော့်ဘဝကို လောင်မြိုက်လွန်းလှပါတယ်"

"အဲဒီအချစ်ရုပ်ကြွင်းက ဘယ်မှာလဲ"

"ဖြစ်မှဖြစ်ရလေ ဆရာ၊ ခံစားမှုဆိုတာ ဒြပ်မဲ့ပစ္စည်းတစ်မျိုးပါ၊ ဘယ်မှာ အကောင်အထည်နဲ့ပြလို့ ရပါ့မလဲ"

"ဪ ... ကျွန်တော် နားလည်ပါပြီ၊ ကိုယ့်ရင်ထဲက နှလုံးသားလေး ပျောက်ဆုံးသွားတိုင်း လူသားတိုင်းမှာ ပြင်းထန်တဲ့ ခံစားမှု ရကြမြဲ မမွှတာပါ၊ ဒါဟာ ဝေဒနာလို့ ခေါ်နိုင်ပါတယ်၊ ဝေဒနာဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကိုက ခံစားခြင်းလို့ အဓိပ္ပာယ် ပြန်ရတာကိုး"

"ဟုတ်ပါတယ် ဆရာ၊ အဲဒီ ဝေဒနာဟာ ဆေးကုလို့မရသလို ဆေးကုဖို့ မလိုဘူးလို့ ကျွန်တော် ထင်ပါတယ်၊ ကုဖို့လည်း မလိုဘူး၊ ကုလို့လည်း မရဘူး၊ မဟုတ်ဘူးလား ဆရာ"

"ဟုတ်တာပေါ့၊ ဒါဟာ ဝေဒနာ ဆိုပေမဲ့ ရောဂါမှမဟုတ်တာ၊ ရောဂါကျမှ ဆေးပေးကုသရတာ"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဦးလေးဝင်းတို့က သဘောမပေါက်ကြပါဘူး၊ ဒါပေမဲ့ စေတနာ လုပ်ရပ်တွေပါ၊ ကျွန်တော် နားလည်ပါတယ်၊ အဲ ... စေတနာလွန်ကဲပြီး ကျွန်တော် ရူးပြီအထင်နဲ့ ဆရာ့ကို ပင့်ကြတာပါပဲ"

"ည,ညမအိပ်ဘူးဆို"

"ကျွန်တော့် နေရာမှာ ဆရာ ဆိုရင်ကော၊ ဟောဒီလို ရေမြုပ်မွေ့ရာကြီးပေါ်မှာ ဖိမ်ကြီးတစ်ခွဲသားနဲ့ ပျော်ပျော်ကြီး အိပ်နေနိုင်မှာလားဆရာ"

သမားတော်ကြီး ရယ်ပါလေတော့သည်။

"ဆောရီး ကိုလင်းလက်ထွန်း၊ ခင်ဗျား အပြောကို သဘောကျလွန်းလို့ ရယ်တာပါ"

"ကျွန်တော် ရှော့ခ်ရိုက်ဖို့ လိုသေးသလား ဆရာ"

"ဟာ ... မလိုပါဘူး၊ ဘေးလူအနေနဲ့ ခပ်ကင်းကင်း ဝေဖန်ရရင် ခင်ဗျားဟာက စိတ်ညစ်နေတာပဲ၊ ရူးနေတာမှ မဟုတ်တာ"

သမားတော်ကြီးက နားလည်စွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်သည်။

"မှန်မှန်အိပ်နိုင်ဖို့ အိပ်ဆေးလေး ဘာလေး၊ ခွန်အားနည်းမသွားဖို့အတွက် အားဆေးလေး ဒီလောက်ပဲပေါ့၊ ဒါနဲ့များ ခင်ဗျားကို စကားပြောတွေ ဘာတွေ မမှန်ဘူးဆိုပြီး ဘာဖြစ်လို့ အစိုးရိမ်ကြီးကြတာလဲ၊ ခင်ဗျားက ဘာတွေသွားပြောလို့လဲ"

"သဲနုငယ် အကြောင်းတွေပါပဲ"



"နောက်ဆက်တွဲပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ကျွန်တော့်လည်း ပြောပါဦးလေ"

လင်းလက်ထွန်းက ဝန်လေးဟန်ဖြင့် တုံ့ဆိုင်းနေသည်။ သဲနုငယ်ကို တွေ့မြင်ခဲ့ရပါကြောင်း ပြောပြလျှင် ဆရာဝန်ကိုယ်တိုင်က အရူးစွပ်စွဲပါတော့မည်။ လင်းလက်ထွန်း ဟန်ကြောင့် ဆရာဝန်က တွေးတောစပြုသည်။

"ကိုလင်းလက်ထွန်း... ဒီကမ္ဘာပေါ်မှာ အရင်းနှီးဆုံး အပွင့်လင်းဆုံး တိုင်ပင်သင့်တဲ့သူဆိုလို့ ဘယ်သူ့မြင်သလဲ"

"ကျွန်တော့်မှာတော့ တစ်ယောက်မှ မရှိပါဘူး ဆရာ"

"ခင်ဗျားတစ်ယောက်တည်း မဟုတ်ဘဲ လူသားအားလုံးအတွက် ဆိုရင်ကော"

"ဟာ ... အများကြီးပေါ့၊ ဇနီး၊ ခင်ပွန်း၊ သူငယ်ချင်း၊ မိဘ၊ ညီ၊ အစ်ကို၊ မောင်နှမ"

"မဟုတ်သေးဘူး၊ ရှိသေးတယ်၊ စဉ်းစားပါဦး"

"မသိဘူးဆရာ"

"ဆရာဝန်ပဲ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ ကာလသားရောဂါ ဖြစ်ပြီဆိုပါတော့"

"ဟာ ... မရှိဘူး ဆရာ"

"ဥပမာ ပြောတာပါ၊ ဘယ်သူ့ဖွင့်ပြောမလဲ၊ မိဘ၊ ဇနီး၊ ခင်ပွန်း၊ ညီ၊ အစ်ကို၊ မောင်၊ နှမ၊ သူငယ်ချင်း"

"ဘယ်သူ့မှ ပြောလို့မဖြစ်ပါဘူး၊ ပြောချင်မှာလည်း မဟုတ်ပါဘူး"

"ကျိတ်ခံပြီး ရောဂါကို မွေးထားမလား"

"ကုရမှာပေါ့"

"ကုဖို့အတွက် ဘယ်သူနဲ့ တိုင်ပင်ရမလဲ"

"ရောဂါသည်အဖို့တော့ ဆရာဝန်နဲ့ တိုင်ပင်ရမှာပေါ့၊ ရှက်မနေနိုင်တော့တဲ့ အခြေအနေကိုး၊ ကျွန်တော့်မှာတော့ ရောဂါမရှိဘူးဆို"

"ရောဂါမရှိပေမဲ့ ဝေဒနာရှိတယ်"

"ခင်ဗျာ"

"ခင်ဗျားမှာ ဆေးကုလောက်တဲ့ ရောဂါမရှိဘူး၊ မချိမဆံ့ ခံစားနေရတဲ့ ဝေဒနာတော့ ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တခြား ဆရာဝန်တွေက ရောဂါကို ကုကြတယ်၊ ကျွန်တော်တို့လို စိတ်ပိုင်းဆိုင်ရာ ဆရာဝန်တွေက ဝေဒနာကိုသာ ကုကြသူတွေပါ၊ ခံစားချက်ကိုသာ ကုကြသူတွေပါ၊ ခံစားချက် ပြင်းလွန်းနေရင် လျော့ပေါ့သွားစေဖို့၊ ခံစားချက် လျော့နည်းလွန်းနေရင် မြှင့်ပေးဖို့၊ ကျွန်တော်က ဝေဒနာ ကုတဲ့ ဆရာဝန်ပါ"

လင်းလက်ထွန်းက တွေဝေငေးမောဆဲ ...

အတန်ကြာမှ သက်ပြင်းကို "ဟင်း"ခနဲ ချသည်။

"ကျွန်တော့်ဆီ သဲနုငယ် ဖုန်းဆက်တယ်"



"ဗျာ"

လင်းလက်ထွန်း၏ သူငယ်အိမ်ကတော့ တည်ငြိမ်နေပါသည်။ သမားတော်ကြီး၏ သူငယ်အိမ်သည်သာလျှင် ချာချာလည်သွားရတော့သည်။

"ကျွန်တော် သီချင်းဆိုတဲ့ပွဲ တချို့မှာ သူ လာနားထောင်ပါတယ်"

"တော်တော် တူလို့လား"

"ချွတ်စွပ်တူတယ်လို့ ပြောရရင်တောင် အဓိပ္ပာယ်က လျော့နည်းနေပါတယ် ဆရာရယ်၊ သဲနုငယ် ကိုယ်တိုင် လာတာပါ"

"သူ ... တကယ် သေခဲ့တယ်ဆိုတာ ခိုင်လုံရဲ့လား"

"ခိုင်လုံပါတယ် ဆရာ"

"ဪ"

"အဲဒါပါပဲ ဆရာရယ်၊ ဦးလေးဝင်းတို့က ကျွန်တော့်ကို ရူးပြီထင်ကြတဲ့ အကြောင်းရင်းဇာစ်မြစ်က အဲဒါကို ဖွင့်ပြောမိလို့ပါပဲ"

"ဆယ်နှစ်သားလောက်က တရှုပ်ရှုပ်ငိုရင်း ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ကို လေးဆယ်ကျော်မှ ပြန်ကြည့်ပါလား၊ သနားချင်မှတောင် သနားမိမယ်"

"ဘာကို ဆိုချင်တာပါလဲ ဆရာ"

"အသက်အရွယ် ကြီးရင့်သူတွေက လူ့ပြည်မှာ အနေကြာတော့ ခံစားချက် ဖြစ်ရပ်ကလေးတွေ ကြုံရတာ များလာ

တယ်၊ ကြုံလွန်းကြိုက်လွန်းတော့လည်း ထုံသွားတဲ့သဘောရင့်ကျက်လာတာလည်းတစ်ကြောင်း၊ သိပ် မခံစားတတ်ကြတော့ဘူး"

"ဟုတ်ကဲ့"

"ငယ်ငယ်ရွယ်ရွယ်တွေမှာတော့ သေနတ်စကားနဲ့ ပြောရရင် တစ်ချက်တစ်ကောင် ဆိုသလိုပေါ့၊ တစ်ခုတစ်ခိုက်ခိုက်ကြတာပဲ"

"သဲနုငယ်ဟာ ကျွန်တော့်အတွက် တစ်ဦးတည်းသော ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါပဲ"

"အဲဒါပဲပေါ့ဗျာ၊ သိပ်ခိုက်နေတယ်ပေါ့၊ ဒါကြောင့် စွဲလမ်းမှုကြီးလွန်းပြီး၊ အထင်က အမြင် ဖြစ်လာနိုင်တယ်လေ"

"ကျွန်တော် စတန့်ထွင်ပြီး ပြောနေတယ်လို့ ဆရာက ဆိုချင်တာလား"

"ကြံကြံဖန်ဖန် ... မဆိုချင်ပါဘူး၊ သဲနုငယ် အသံ ကြားချင်တယ်၊ သဲနုငယ် မျက်နှာ မြင်ချင်တယ်၊ စွဲလမ်းလွန်းတော့ တကယ်ကြားလာတယ်၊ တကယ် မြင်လာတယ်"

"ကြားလာတာ မြင်လာတာ မဟုတ်ဘူးဆရာ၊ ကြားတာ၊ မြင်တာ"

"ကျွန်တော် ကိုလင်းလက်ထွန်းနဲ့ ပြိုင်မငြင်းပါဘူး၊ ဒီတစ်ခါတွေ့ရင် မလွှတ်စေနဲ့ အတင်းဆွဲထား၊ ဟုတ်လား"

"စိတ်သာချ၊ ဆရာ မပြောလည်း ကျွန်တော်က စိတ်ကူးပြီးသားပဲ"



"ရော့ ... ဒီဆေးတွေ ယူထားပါ၊ အားဆေးနဲ့ အိပ်ဆေးတွေပါ၊ ဒီ စိမ်းစိမ်းကြီးကြီးနဲ့ လိမ္မော်ရောင်ကလေးက မနက်စာ ညစာစားပြီးမှသောက်၊ ဒီ စိမ်းစိမ်းသေးသေး ချောချောလေးက အိပ်ခါနီးသောက်၊ ယူထားပါ၊ မှန်မှန်သောက်ပါ ကိုလင်းလက်ထွန်း၊ စိတ်ရောဂါကုဆေးတွေ မဟုတ်ပါဘူး"

"ဆရာ ကျွန်တော့်ကို ရှော့ခ်တွေ ဘာတွေ ရိုက်ဦးမှာလား"

"လောလောဆယ်တော့ မလိုသေးပါဘူး"

ဆရာဝန်က ပညာပြပြီမှ လင်းလက်ထွန်း နားလည်သွားမိရသည်။ စကားလှအောင် ပြောပေမင့် သူ့ကို အရူးတစ်ယောက်အဖြစ် ထင်မြင်သွားပြီဖြစ်ကြောင်း လင်းလက်ထွန်းသဘောပေါက်သွားရသည်။

"ဆရာပါးစပ်က ဖွင့်မပြောပေမဲ့ ကျွန်တော့်ကို အရူးထင်သွားပြီ မှတ်လား"

"ဒါ အားဆေးနဲ့ အိပ်ဆေးတွေပါ"

"အားဆေးကတော့ ဟုတ်ပါပြီ၊ အိပ်ဆေးသောက်တော့ သဲနုငယ် ဆီက ဖုန်းလာရင် ဘယ်လိုလုပ်မလဲ"

"မအိပ်တဲ့ညတွေ များလာရင် ခင်ဗျား ကျန်းမာရေး ထိခိုက်လာမှာပေါ့ဗျာ၊ သဲနုငယ်က ခင်ဗျားဆီကို တယ်လီဖုန်းဆက်တဲ့အခါ ညဘက်ဆက်လို့မရရင် နေ့ခင်းဘက်ပြောင်းဆက်မှာပေါ့၊ သဲနုငယ်နဲ့ မတွေ့ရမှာတော့ မပူပါနဲ့၊ စကားသံကြားရဖို့က ညဘက်မအိပ်ဘဲ စောင့်ဖို့မှ မလိုတာ"

ဆရာဝန် ပြောတာ ဟုတ်တုတ်တုတ်ဟု လင်းလက်ထွန်း ထင်သွားရသည်။ အားဆေးနှင့် အိပ်ဆေးများကို သေသေချာချာ ထယူကာ သိမ်းဆည်းလိုက်ပါတော့သည်။

## နေကမ္ဘာမှာ တစ်ယောက်တည်း

"လင်းလက်ထွန်းကွ"

"ဟေး ..."

ပရိသတ်၏ ဩဘာသံကြီးများ။

လင်းလက်ထွန်း စင်မြင့်ပေါ်မှာ ရပ်နေသည်။

ခြေနှစ်ဖက်ကား၍ ခွေခွေနွဲ့နွဲ့ရပ်၊ လက်ဝဲလက်မှာ မိုက်ခွက်ကိုင်ထားသည်။ လက်ယာဘက်က အပေါ်မြှောက်ကာ ပရိသတ်ကို နှုတ်ဆက်သည်။

"ကျွန်တော် အခု ဆိုမှာက နေကမ္ဘာမှာ တစ်ယောက်တည်း တဲ့ ... နေကမ္ဘာမှာ တစ်ယောက်တည်း ... နေကမ္ဘာမှာ တစ်ယောက်တည်း ... တဲ့"

သီချင်းခေါင်းစဉ်ကို သုံးကြိမ်ဆက်တိုက် ပြောရာမှာ တဖြည်းဖြည်း အသံကို တိုးတိမ်သွားစေသောကြောင့် နောက်ဆုံး "တဲ့"ဟူသည့် စကားလုံးကျတော့ လေသံကလေးသာ ကြားရတော့သည်။ သီချင်းခေါင်းစဉ် ကြေညာပုံကပင် ကဗျာဆန်လွန်းနေတော့သည်။

စင်မြင့်တစ်ခုလုံးမှာ မီးနီနီရဲရဲ ထွန်းလိုက်သည်။ လင်းလက်ထွန်း ကိုယ်ပေါ်ကျတော့ အဝါရောင်။ အနီရောင်နှင့် အဖါရောင်ဟပ်ကာ သီချင်းသံ မကြားမီကပင် ပွဲပွဲလောင်လောင်ကြီး ခံစားကြရသည်။

"သူရိန်နေမင်းကြီးရဲ့ ပျော်စံရာ နေကမ္ဘာ
အရောက်လှမ်းဖို့တော့ မလွယ်ပါ နေကမ္ဘာ
ပူရှိန်ပြင်းတဲ့ သူရိန်မင်းက ဇိဇိန်ခွင်းမတဲ့ နေကမ္ဘာ
"လှမ်းလို့ခေါ်တယ် မြန်းခဲ့ပါကွယ် နေမင်းကြီးအာလယ်မှာ
နတ်မိမယ် သူ့အမည်လေးက သဲနုငယ် ...
ချစ်သည်း နုနုငယ် ...

ပင်လယ်ကို ကူးရတယ် ဓားတောင်ကို ဖြတ်ရတယ် မြားတောကြီးရဲ့အလယ် ကျောက်တစ်ထောင် စောင့်သေးတယ် ဒဏ်ရာဒဏ်ချက်များက အသွယ်သွယ် မောင့်တစ်ကိုယ်လုံးမှာ သွေးချောင်းစီးခဲ့တယ်"

"နေကမ္ဘာရောက်ခါမှ
သွေးစွာပျောက်ရှာပေါ့
မရေရာ အချစ်ကလေး ပုန်းရှောင်ပြေး
တစ်ယောက်တည်း ...နေကမ္ဘာမှာ တစ်ယောက်တည်း
တစ်ယောက်တည်း ...နေကမ္ဘာမှာ တစ်ယောက်တည်း
တစ်ယောက်တည်း ...နေကမ္ဘာမှာ တစ်ယောက်တည်း"

လင်းလက်ထွန်း အသံ တဖြည်းဖြည်းမှိန်၍ ပျောက်သွားသည်။ နားထောင်ရသူ ပရိသတ်များ မီးနီရောင်ဝါရောင်ကြား



မှာ ချွေးသီးစို့ကာ မောနေရသည်။ ပူလောင်ပြင်းပြသည့် ဝေဒနာကိုပင် ခံစားလာကြရသည်။

"နှလုံးသားလေး အရည်ပျော်
အမိုးအခွေ့ဘဝနဲ့သာနော် လေပူမှာ မေမကူပါ လွင့်ရှာပေါ့၊
နှလုံးသားဟင်းလင်းနဲ့ မောင်တစ်ယောက်တည်း
ခံစားချက် ကင်းတဲ့ မောင်တစ်ယောက်တည်း
မချစ်တတ်တော့တဲ့ အသည်း
နေကမ္ဘာမှာ တစ်ယောက်တည်း
နေကမ္ဘာမှာ တစ်ယောက်တည်း
နေကမ္ဘာမှာ တစ်ယောက်တည်း ..."

အသံက တိုးမှိန်သွားသလို၊ လူက တဖြည်းဖြည်းခွေ၍ ခွေ၍ ကျလာသည်။ ဒူးထောက်လျက် အလဲမှာ ဂီတသံပါ နိဂုံးချုပ်သွားပါတော့သည်။

လက်ခုပ်သံကြီး ဖြောင်းဖြောင်း ညံသွားရပါ၏။ ပန်းပွင့်ကလေးများ စင်မြင့်ပေါ်သို့ ရောက်လာသည်။ တေးချစ်သူ ပရိသတ်များ၏ ဂုဏ်ပြုနည်း တစ်မျိုးပါ။ ဆယ်ကျော်သက်မကလေးများက ခေါင်းမှာ ပန်လာသော၊ ရင်ဘတ်မှာ ထိုးလာပါသော ပန်းကလေးများကို လင်းလက်ထွန်း ထံသို့ ပစ်ပေါက်ပေးကြသည်။

"ဟင်"

ဗင်ဒါ အမျိုးအစား နိုင်ငံခြားသစ်ခွ ပုစွန်ဆီသွေးကလေး တစ်ပွင့်။

လင်းလက်ထွန်း ပြေးကောက်သည်။ ပရိသတ်တွင်းသို့ ပြူတူးပြဲတဲ လှမ်းကြည့်သည်။ မတွေ့ပါ၊ သဲနုငယ်ကိုတော့

မတွေ့ပါ။ သို့ပေမင့် ခြေအစုံကိုစုရပ်၊ ခေါင်းတစ်ချက်ညွှတ်ကာ ...

"သိပ်ချစ်ပါတယ် သဲနုငယ်"

ပြောဖြစ်အောင် ပြောချလိုက်သည်။ ဆယ်ကျော်သက်မကလေးများက "ဝေါ"ခနဲပြန်၍ ဩဘာပေးသည်။ သူတို့ကိုတင်စားပြောသည် အထင်နှင့် ဆွေ့ဆွေ့ခုန်အောင် ပျော်သွားကြသည်။

ဟော ...။

စာရွက်ခေါက်ကလေးတစ်ခေါက် လင်းလက်ထွန်းခြေဖျားနားမှာ လာကျသည်။ ကောက်ယူ ဖွင့်ဖတ်လိုက်သည့်အခါမှာ ...

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"

သည့်ခြံ သည့်အိမ်ကို မရောက်သည်မှာ တစ်နှစ်နီးပါးပင် ရှိတော့မည်။ သဲနုငယ် ကွယ်လွန်ပြီးကတည်းက ဦးလှဖေရှိရာ သည့်ခြံကြီးဘက်ကို မျက်စောင်းပင် လှည့်မထိုးခဲ့။ ဦးလှဖေထံမှ အဆက်အသွယ် ဟူ၍လည်း တစ်ခုမျှမလာ၊ ရန်ကုန်မြို့ကြီးမှာ တစ်မြို့တည်းနေ တစ်ရေတည်းသောက်ကြရပေမင့် သည့်ရက်များအတွင်း တစ်ယောက်နှင့်တစ်ယောက် ဂါစ်ခါမျှ မျက်နှာချင်းမဆိုင်မိကြပါ။

"ဟယ် ... အစ်ကိုလင်းလင်း"



မလုံးက ဝမ်းသာအံ့ဩဟန်နှင့် နှုတ်ဆက်ရှာသည်။

"မတွေ့ရတာ ကြာလှပြီ အစ်ကိုလင်းလင်းရယ်"

သူ့အပေါ် မလုံးက သံယောဇဉ် ရှိရှာပါသည်။ ခြံတံခါး ဖွင့်ပေးသောကြောင့် ခြံထဲသို့ ဝင်ခွင့်ရပေမင့် တိုက်ကြီး၏တံခါးမကြီးမှာ ရောမသော့ခလောက်ကြီး တန်းလန်းနှင့်ပါကလား။

"ဘယ်လိုလဲ မလုံး၊ အိမ်ထဲကိုတောင် ဝင်ခွင့်မပြုတော့ဘူးလား"

"ဒီလို မဟုတ်ပါဘူး အစ်ကိုလင်းလင့်ရယ်၊ ဒီတိုက်ကြီးထဲမှာ ဘယ်သူမှ မနေလို့ သော့ခတ်ထားတာပါ"

"သံပန်းတံခါးကြီး ပိတ်ပြီး သော့ခတ်ထားပေမဲ့ သစ်သားတံခါးတွေကျတော့ ပိတ်မထားပါလား၊ ညှိခန်းကလည်း ပြောင်ပြောင်စင်စင်နဲ့ လူနေတဲ့ပုံမျိုးပါ၊ ညှိသည်အဖြစ်လက်မခံချင်ရင်လည်း ရှင်းရှင်းပြောပါ၊ ဦးလှဖေကော ဘယ်သွားနေလဲ"

"သော့က ကျွန်မဆီမှာ ရှိပါတယ်၊ တစ်နေ့ တစ်ခါ သုတ်သင်ရှင်းလင်းရေး ဝင်လုပ်ရပါတယ်၊ အစ်ကိုလင်းလင်း ဝင်ချိုင်ချင်ရင် ဖွင့်ပေးပါမယ်၊ ဘဘကတော့ ခရီးထွက်သွားပါတယ်"

သဲနုငယ် နေထိုင်သွားသည့် အိမ်မှာ သဲနုငယ်၏ အငွေ့အသက်ကလေးများ တင်ကျန်ရစ်လေမလားဟူသည့် လွမ်းမောစိတ်ဖြင့် အိမ်ထဲသို့ ဝင်ထိုင်လိုပါ၏။ သို့ပေမင့် အိမ်ရှင်မရှိပါဘူး ဆိုတော့လည်း ဝင်၍မဖြစ်ပါ။ ဦးလှဖေက လူလိမ် လူကောက်။ သူ့အိမ်ထဲ ခြေတစ်လှမ်း ချမိသည်နှင့် မည်သည့်ပြဿနာ

မျိုး အလုံးလိုက် အရင်းလိုက် ဝင်လာအောင် စီမံဖန်တီးထားဦးမည်မသိ။

လက်မရွံ့သမားများမွေးကာ ရိုက်နှက်သတ်ပုတ်ခိုင်းမှာမျိုးတော့ နည်းနည်းမျှ မကြောက်ပါ။ "ပစ္စည်းပျောက်ပါတယ်" ဟု စွပ်စွဲကာ ဘိန်းပစ်ဖမ်းသည့်အမှုမျိုး ဆင်ပါချေက ဒုက္ခ။ သည်လူကြီးက ယုံရသူ မဟုတ်။

"မဝင်တော့ပါဘူး မလုံးရယ်၊ သဲနုငယ်ကို သိပ်သတိရတာနဲ့ လာခဲ့တာပါ"

"ဘဘက အစ်ကိုလင်းလင်း လာရင် ပေးဖို့ စာတစ်စောင် ပေးထားခဲ့တယ်"

"ဘာ"

"ခဏ ခဏ၊ ကျွန်မ သွားယူလိုက်ဦးမယ်၊ သြော် ... ကျွန်မတို့ တန်းလျားလေးဘက် လိုက်ခဲ့ပါလား"

လင်းလက်ထွန်း ခေါင်းညိတ်ပြကာ မလုံးနောက်မှ လိုက်လာခဲ့သည်။

"မလုံးက ဒီမှာ ဘယ်သူနဲ့နေလဲ"

"ကျွန်မတစ်ယောက်တည်း ဒီအိမ်ကြီးနဲ့ ဒီခြံကြီးကို မစောင့်ရဲတာနဲ့ ရွာက အမေတို့ မိသားစုကို ခေါ်ထားတယ်၊ ဘဘက အမေတို့အတွက် ခြံစောင့်ခ သပ်သပ်ထပ်ပေးပါတယ်"

မလုံးတို့ တန်းလျားနှင့် ကပ်လျက်မှာက ကားဂိုဒေါင်၊ ကားဂိုဒေါင်ကို သော့ခတ်မထား၊ ဟင်းလင်းပွင့်လျက်။ အထဲမှာ ရွှေအိုရောင် ကော်ရိုလာလေး တစ်စီးပါလား။



"မလုံး ဒါ ဘယ်သူ့ကားလဲ"

"ဘဘ ကားလေ"

"ဦးလှဖေ ကားက ဒတ်ဆန်းဝန်းတွမ်တီးဝိုင် အနီရဲရဲပါဟာ၊ ငါ စီးလာတာ မသိဘဲ နေပါ့မလား"

"လဲလိုက်တာ"

"သြော် ... ခရီးထွက်သွားတာ ကားယူမသွားဘူးလား"

"ဒီလိုအစ်ကိုရဲ့၊ ခရီးထွက်တယ် ဆိုတာ လွယ်လွယ်ပြောလိုက်တာ၊ တကယ်တော့ ပုပ္ပားသွားတာ"

"ပုပ္ပားကတော့ ခရီးမဟုတ်ဘူးလား"

"ပုပ္ပားသွားတာက အလည်မှ မဟုတ်တာ၊ ဘဘ သက်နုံးဆီးနေတယ်"

"ဘုန်းကြီး ဝတ်လိုက်ပြီ၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဒါကြောင့် ကားယူမသွားဘူး၊ ဒရိုက်ဘာတော့ ကူဖော်လောင်ဖက် ခေါ်သွားတယ်"

"တစ်သက်လုံး ဝတ်တော့မလို့တဲ့လား"

"သုံးလ ဝတ်ကြည့်မယ်တဲ့၊ ပျော်ရင် တစ်သက်လုံး၊ မပျော်လည်း အနည်းဆုံး သုံးလ"

"ထွက်ဖြစ်မှာ သေချာပါတယ်"

"အစ်ကိုလင်းလင်းကလည်း ဘဘဆို အကောင်းကို မပြောဘူး"

"ကောင်းကော ကောင်းလို့လား"

"ကျွန်မတို့အပေါ်တော့ ကောင်းရှာပါတယ်"

"ဒီကားက တစ်ယောက်ယောက် စီးနေတဲ့ ပုံမျိုးပါ၊ ဂိုဒေါင်ထဲမှာ သုံးလေးလ ချောင်ထိုးထားခံရတဲ့ပုံ မဟုတ်ဘူး၊ ဂိုဒေါင်တံခါးကလည်း အဆင်သင့်ဖွင့်လို့"

"ကျွန်မ မောင်လေးက ကားမောင်းတတ်တယ် အစ်ကိုလင်းလင်းရဲ့၊ တစ်နေ့တစ်ခါ စက်နှိုးပေးထားတယ်၊ နောက်ပြီး ဘဘ ခရီးထွက်သွားတာ သုံးလလည်း ပြည့်သွားပြီ၊ တော်ကြာ ကားယူပြီး ဘယ်ကိုလိုက်လာခဲ့၊ ဘာညာနဲ့လှမ်းမှာရင် အဆင်သင့် သွားနိုင်အောင် ဒီနေ့ပဲ ဖုန်ခါ ပြင်တန်တာပြင် လုပ်ထားတယ်"

"တိုက်ကြီးတစ်လုံး၊ ကားကြီးတစ်စီးလုံးတောင် စိတ်ချလက်ချ အပ်နှံသွားတယ်ဆိုတော့ နင်တို့အပေါ် တယ်ယုံကြည်လိုက်ပါလား"

"ဒီလို မပြောပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့အပေါ်မှာလည်း ဘဘက ကောင်းထားတာတွေ ရှိသလို ကျွန်မတို့ မိသားစုကလည်း ပြန်သစ္စာရှိပေးရတာပေါ့၊ ဒီတော့လည်း ယုံကြည်တယ်ပေါ့"

မလုံးက သူ့အိမ်ခန်းကလေးထဲသို့ ဝင်သွားသည်။ သူတို့အိမ်ရှေ့မှာ ဆယ့်နှစ်နှစ်အရွယ် ယောကျာ်းကလေးတစ်ဦး ဂေါ်လီပစ်နေသည်။ မလုံး ပြန်ထွက်လာသည့်အခါ အသက်ငါးဆယ်နီးပါး အမျိုးသမီးကြီးတစ်ဦး ပါလာသည်။

"ကျွန်မ အမေပါ အစ်ကို၊ ဂေါ်လီပစ်နေတာက မောင်အငယ်၊ ကားမောင်းတတ်တဲ့ မောင်အကြီးက အခုလေးတင်ပဲ



ကျောင်းတက်သွားပါတယ်၊ သူ့ကျောင်းက ဆယ့်နှစ်နာရီတက်တာပါ" .

လင်းလက်ထွန်း၏ မယုံသင်္ကာ မေးမြန်းခြင်းများကို ဖြေရှင်းပြနေရှာသည်။

"ရော့ အစ်ကိုလင်းလင်း၊ ဘဘ ပေးခဲ့တဲ့စာ"

အမျိုးသမီးကြီးက ဆေးပေါ့လိပ် ထိုင်ဖွာနေသည်။ လင်းလက်ထွန်းက စာအိတ်ကို ဖောက်ဖတ်သည်။

"လင်းလင်း"

မင်းရဲ့ ဘဏ်စာရင်းထဲမှာ ငွေလေးသိန်းခွဲ ထည့်ပေးခဲ့ပါတယ်။

ဦးလှဖေ

စာက တိုတိုကလေး။

လင်းလက်ထွန်း ပထမတော့ အံ့အားသင့်သည်။ နောက်တော့ ဒေါသထွက်ရသည်။

"တောက် ... ပတ္တမြားဖိုး ပြန်လျော်သွားပြီပေါ့၊ ကျုပ်အဖေအသက်ကိုတော့ ခင်ဗျား ဘယ်သူ့အသက်နဲ့ လျော်မှာလဲ"

အသံမထွက်ဘဲ ရင်ထဲက ပြောမိခြင်းပါ။ ဦးလှဖေကို ဒေါသဖြစ်တိုင်း အတွေးမျှင်ထဲမှာ သဲနုငယ်က ကပ်ငြိပါလာမြဲ။

ဦးလှဖေ မျက်နှာကို မြင်ယောင်ကာ တောက်တစ်ချက် ခေါက်မိပြီးသည်နှင့် သဲနုငယ်၏ သနားစရာ ချစ်စရာ မျက်နှာကလေးကို မြင်မိသွားရပြန်သည်။

"သဲနုငယ်ရဲ့ အသက်နဲ့ ပေးလျော်ခဲ့ပြီကော သဲမောင်ရယ်"

ဟု ပြောနေရှာသကဲ့သို့။

"ပြန်မယ်ဟာ"

သူ့ဘဏ်စာရင်းကို သွားစစ်ကြည့်ရန် စိတ်ကူးရသောကြောင့် ဖြစ်ပါ၏။

"ပြန်ပါဦးမယ် အဒေါ်"

"အေး ... အေး"

မလုံးက ခြံဝထိအောင် လိုက်ပြန်ပို့သည်။

"နောက်လည်း လာလည်ပါ အစ်ကို"

"အေးပါဟာ ... နှင့်အမေက အတော်ချောသားနော်၊ အသက်သာ ကြီးတယ်၊ လှတုန်း ရှိသေးတယ်၊ နှင့်ရုပ်နဲ့တော့ ကွာတယ်ဟ"

လင်းလက်ထွန်းက ခင်မင်ရင်းနှီးစွာ နောက်သည်။ မလုံးက ရယ်နေသည်။

"ကျွန်မက အဖေတူသမီးမို့ပေါ့ အစ်ကိုရဲ့၊ ကျွန်မ မောင်လေးတွေကျတော့ အမေနဲ့တူပြီး ချောကြပါတယ်"

"ဟုတ်သားပဲ၊ ဂေါ်လီရိုက်နေတဲ့ ချာတိတ်က ချောတယ်၊ နှင့်အဖေရော"

"အဖေက မရှိတာ ကြာလှပြီ အစ်ကိုရဲ့"

"သွားမယ်ဟေ့"



"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မလုံး ခြံတံခါးပိတ်သံက ဂျိုင်းခနဲ မြည်သွားသည်။ လင်းလက်ထွန်း ရင်မှ ဒိန်းခနဲ မြည်သွားသည်။ လျှပ်စီးကလေး တစ်ချက် လက်သွားသလို ဝင်းခနဲ။ အလင်းရောင်တန်းကလေးက ဝင်းခနဲ မြင်ရသလိုလို မမြင်ရသလိုလို သိသလိုလို မသိသလိုလို ဇဝေဇဝါ။ လင်းလက်ထွန်း အသေအချာ စဉ်းစားရပါတော့သည်။

"မလုံးအမေက ချောလှချည့်လား"

"မလုံးအမေက ချောလှချည့်လား"

"ဒီမျက်နှာမျိုး ဘယ်မှာမြင်ဖူးပါလိမ့်"

"မြင်ဖူးပါတယ်၊ တစ်ယောက်ယောက်နဲ့ တူတာတော့ အမှန်ပဲ၊ ငါနဲ့ သိပ်ရင်းနှီးခဲ့တဲ့ သူထဲက တစ်ယောက်ယောက်နဲ့တော့ တူတယ်"

"အဲဒီ တူတဲ့ တစ်ယောက်ယောက် ဆိုတာ ဘယ်သူဖြစ်မလဲ"

စိတ်ရောဂါ ဆရာဝန်က မှတ်ချက်တစ်ခု ပေးခဲ့သည်။

"ကိုလင်းလက်ထွန်း ဖြစ်တဲ့ကိစ္စမှာ အချက်နှစ်ခု ရှိပါတယ်၊ တစ်ခုက မရှိကို အရှိထင်ပြီး ပြောနေတာ၊ တစ်ခုက တကယ်ရှိ တကယ် ဖြစ်နေတာ"

"ဘယ်လိုပါလဲ ဆရာ"

ဦးတင်မောင်ဝင်းက သိချင်စိတ်နှင့် မေးသည်။

"တယ်လီဖုန်း တကယ်မဆက်ဘူး၊ လူကို တကယ်မတွေ့ဘူး၊ ဒါကို တကယ်ဆက်တယ်၊ တကယ်တွေ့တယ် ထင်နေတယ်၊ အဲဒါဆိုရင် စိတ်ရောဂါပဲ၊ ဒီကိစ္စမှာ တကယ်တွေ့ မတွေ့ ဆိုတာက ကျွန်တော်တို့ သိနိုင်တဲ့ကိစ္စမဟုတ်ဘူး၊ ကာယကံရှင် ကိုယ်တိုင်ကမှ သိမှာ၊ ကျွန်တော် လုပ်နိုင်တာက သူ့မှာ စိတ်ရောဂါ ရှိ၊မရှိကိုပဲ စစ်ဆေးကြည့်နိုင်မှာ"

"ဘယ်လိုမြင်ပါသလဲ ဆရာ"

"စိတ်ရောဂါလက္ခဏာ မတွေ့ရဘူး"

"ဒါဖြင့် ..."

"တကယ်တွေ့တာ၊ တကယ် ဖုန်းဆက်တာလို့ပဲ ယူဆရတော့မယ် ထင်တယ်"

"ဟာ ... ဆရာရယ်၊ သဲနုငယ်က သေသွားပြီ"

"ကျွန်တော့်ကို စိတ်ကူးယဉ်တယ်လို့ ပြောချင်ပြောတော့၊ ကျွန်တော့် စိတ်ထင်တော့ အကြံအစည်ကြီးကြီးနဲ့ ကိုလင်းလက်ထွန်း စိတ်ကယောင်ချောက်ချားဖြစ်အောင် တမင်လုပ်နေတဲ့သူ တစ်ဦးဦး၊ ဒါမှမဟုတ် တစ်ဖွဲ့ဖွဲ့တော့ ရှိနေပြီလို့ ယူဆရမှာပဲ"

"ဘာမှလဲ မဖြစ်ဘဲနဲ့ ထွင်နေတာရော မဖြစ်နိုင်ဘူးလား ဆရာ"

ကဥ္စနာဝင်းက လူငယ်ပီပီ ဒက်ခနဲ ဝင်မေးလိုက်သည်။



"ဟုတ်မယ် မထင်ဘူး၊ ကိုလင်းလက်ထွန်းဟာ ဒါမျိုးစတန့်ထွင်ပြီး ပြောလောက်အောင်တော့ ပေါချာချာ မနိုင်သေးဘူး ထင်ရတာပဲ"

"သဲနုငယ်နဲ့ ဒီလောက်တူပြီး အခေါ်အဝေါ်တွေကအစ ကြိုက်တတ်တဲ့ ပန်းအထိ၊ အတွင်းရေးတွေကို ဘယ်သူက သိနိုင်မလဲ"

"အဲဒါကျတော့ ကျွန်တော် မသိဘူး၊ စုံစမ်းထောက်လှမ်းယူရမှာပေါ့၊ ဒါမျိုးတော့ ကျွန်တော် မလုပ်တတ်ဘူး၊ ဦးတင်မောင်ဝင်းတို့ မရူးတာတော့ အမှန်ပဲ၊ ရူးချင်လောက်အောင်တော့ စိတ်ဆင်းရဲရှာမယ်ပေါ့၊ ကျွန်တော် ထင်သလို တစ်ယောက်ယောက်က လိုက်နှောင့်ယှက်နေတာ ဆိုရင်တော့ ကိုလင်းလက်ထွန်းမှာ အန္တရာယ်ရှိနေပြီ၊ အဲဒါ သတိထားကြဖို့ပဲ"

ဆရာဝန်က ငယ်ငယ်ရွယ်ရွယ်နှင့် ဘွဲ့တွေတသီကြီး ရထားသည့်သူ။ ခေတ်မီသည်။ လူငယ်ဆိုတော့လည်း ဆန်းဆန်းပြားပြားကလေးများ တွေးကြည့်တတ်ပေမည်။ အလိုအပိုကလေးများလည်း ထည့်သွင်းစဉ်းစားကြည့်ပေမည်။ လင်းလက်ထွန်း အတွေးနှင့် တစ်ထပ်တည်း ကျသည်။

ကိုယ့်ကိုယ်ကိုယ် မရူးကြောင်း ကိုယ်သာအသိဆုံး၊ သဲနုငယ်ကို တကယ်တွေ့ တကယ်စကားပြောရတာလည်း ကိုယ်တိုင်မှသာ သိသည်။ သဲနုငယ်မှ သဲနုငယ် အစစ်။ လူစားမဟုတ်ဟုလည်း တစ်ထစ်ချ တွက်ယူသည်။

"သဲနုငယ် သေမှ သေသေးရဲ့လား"

"အသက်ထင်ရှား ရှိနေသေးတယ် ဆိုရင်လည်း သဲမောင်ရဲ့ ရင်ခွင်ထဲကို ပြေးဝင်ခဲ့ပါ သဲနုငယ်"

စိတ်ထွေထွေလေးလေးနှင့် ဗိုလ်ချုပ်ဈေး တေးသံသွင်းများဘက်သို့ လမ်းလျှောက်လာခဲ့သည်။ ဦးတင်မောင်ဝင်းက ကားသုံးခွင့်ပြုပေမင့် အခွင့်အရေးဟူသည်မှာ အခါခပ်သိမ်း ပေးတိုင်းယူ၍ ကောင်းသည်မဟုတ်ပါတကား။

ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း "တေးကမ္ဘာ" တေးသံသွင်းနှင့် တိုက်နစ်လုံး တူရိယာဆိုင်မှာ တေးသံလည်းသွင်း၊ တူရိယာပစ္စည်းများလည်း ရောင်းချကာ ဆိုင်၏မျက်နှာစာမှာ အလှကုန်ပါ တွဲရောင်းသည့်ဆိုင် ဖြစ်သည်။ ဆိုင်ရှင်မောင်နှမများနှင့် လင်းလက်ထွန်း ခင်မင်ရင်းနှီးသည်မို့ အပျင်းပြေစကားစမြည် ပြောရန် လာခဲ့ခြင်းပါ။

ဆိုင်ရှေ့မှာ အမျိုးသမီးတစ်ဦး အလှကုန်ဝယ်နေသည်။ အသားညိုညိုပေါ်မှာ သနပ်ခါး ပါးကွက်ကျားတင်ကာ နှုတ်ခမ်းပေါ်ထိ သနပ်ခါးလိမ်းလေ့ရှိပါသည့် အမျိုးသမီး။

"ဟော့ ... မနု"

"ဟာ ... ဆရာ"

"ညည်း အခု ဘယ်မှာလဲ"

"သူငယ်ချင်းတစ်ယောက်အိမ်မှာ တည်းခိုနေတုန်းပါပဲ၊ ဘယ်အိမ်မှာမှ ဝင်မလုပ်ဖြစ်သေးပါဘူး"

မူလက အိမ်ဖော်လုပ်ကိုင်စားရသူ အမျိုးသမီး၊ ယခုအလုပ်လက်မဲ့။ ဝယ်သည့်ပစ္စည်းများကို ကြည့်ပါဦး။ ရယ်



ဇလွန်ရေမွှေးတစ်ပုလင်းနှင့် လိမ္မော်ရောင်ဖျော့ဖျော့ ရယ်ဇလွန် နှုတ်ခမ်းနီတစ်ဘူး။

"ဘယ်က လှည့်လာတာလဲ ကိုလင်းလင်း"

ဆိုင်ရှင်မမလေးက နှုတ်ဆက်သည်။

"ဒီကိုပဲ၊ ဟော့ ... ဒီမှာ မနု၊ ညည်း တခြားမှာ အလုပ်အဆင်မပြေသေးရင် တို့အိမ်မှာ လာပြန်လုပ်ပါလား၊ အိမ်မှာလည်း လူ မရသေးဘူး၊ ဒေါ်လေး တစ်ယောက်တည်း ပင်ပန်းရှာတယ်၊ ကဥ္စနာဝင်းနဲ့ အမရာဝင်းတို့ကလည်း သုံးလို့ရတာမှတ်ဘူး"

"အာ ... ဆရာရယ်၊ သရဲခြောက်တဲ့အိမ်မှာ မလုပ်ချင်ပါဘူး"

"သရဲက ညည်း မရှိကတည်းက တစ်ခါမှ မခြောက်ဘူး၊ ညည်းရှိလို့ ညည်းကို ခြောက်ချင်လို့လားမှ မသိတာ၊ အေးလေ ညည်းစဉ်းစားဦး၊ လုပ်ချင်ရင် ပြန်လာခဲ့ပေါ့၊ တို့ ဒေါ်လေးကို ပြောထားမယ်"

"စဉ်းစားဦးမယ် ဆရာ၊ လုပ်ဖြစ်ရင် လာခဲ့ပါမယ်၊ သွားပါဦးမယ် ဆရာ"

"အေး ... အေး"

ဆိုင်တွင်းစက်ခန်းသို့ ဝင်ခဲ့သည်။ မနု ထွက်သွားသည့်ဘက်ကို လိုက်မကြည့်။ တမင် မကြည့်ခြင်းပါ။ မနုကို သင်္ကာမကင်း ဖြစ်မိပြီ မဟုတ်ပါလား။ မသင်္ကာသည့်သူကို လိုက်ကြည့်နေလျှင်လည်း ခြေရာဖျောက်မည့်ကူတူ မထူး၊ ရှိစေတော့။

"မမလေး ... ကျွန်တော့်ကိုလည်း ရယ်ဇလွန်ရေမွှေးတစ်ပုလင်း ရောင်းပါ၊ စောစောက ကောင်မလေး ဝယ်သွားတဲ့ဟာမျိုး"

"ဟော ... ကိုလင်းလင်း"

စက်ခန်းမှ ကိုလှဌေးက နှုတ်ဆက်သည်။

"ခင်ဗျားရဲ့ တစ်ကိုယ်တော်အခွေ ရောင်းလို့ အသွက်ဆုံးပဲ၊ မနားတမ်းလည်း သွင်းနေရတယ်"

"ဟုတ်လား"

"ကိုလှဌေးရေ၊ နင့် ကိုလင်းလင်းက ရေမွှေးတွေ ဘာတွေဝယ်လို့ဟ"

မမလေးက နောက်ရင်း ရေမွှေးပုလင်း လှမ်းပေးသည်။

"လုပ်မနေပါနဲ့ ကိုလင်းလင်း၊ ထွန်းကားမှာလည်း မဟုတ်ဘဲနဲ့၊ ရေမွှေးဆွတ်တာနဲ့ အိပ်ထောင်ကျတာနဲ့ တခြားစီ"

"နင့် ကိုလင်းလင်းက စောစောက နုနုကို သူ့အိမ်မှာလာအလုပ်လုပ်ပါလား၊ ဘာလားနဲ့၊ မိတဲ့အကွက် ဖမ်းထွင်တဲ့လူပဲ"

"ဟာ ... မမလေးကလည်း၊ ရိုးရိုးသားသားပါဗျ၊ မမလေးသိလား၊ အဲဒီမိန်းကလေးကို"

"ကျွန်မတို့ ဖောက်သည်ပဲ၊ သိတာတော့ သိပ်မကြာသေးဘူး၊ အဖိုးတန်ပစ္စည်းတွေ ဈေးမဆစ်ဘဲ ဝယ်နိုင်တဲ့သူရှင့်"

"ဗျာ ... ဟုတ်ရဲ့လား၊ သူအရင် ကျွန်တော်တို့အိမ်မှာအိမ်ဖော်လုပ်သွားသေးတယ်"



"ကြဲကြဲဖန်ဖန်၊ ရွှေအိုရောင် ကော်ရိုလာ စီးနေတဲ့သူကလား အိမ်ဖော်လုပ်မှာ"

"ဟုတ်ရဲ့လား မမလေး၊ သေချာတယ်နော်၊ အခုတော့ ကားမပါပါလား"

"ဘယ်မောင်းထွက်သွားမှန်းမှ မသိတာ၊ စောစောက ဆိုင်ရှေ့ ရပ်ထားသားပဲ၊ သူကိုယ်တိုင်တော့ မမောင်းဘူး၊ မောင်းတဲ့သူက စနေမ"

"ဟာဗျာ ... မမလေးဆီက ကြားလိုက်ရရင် အထူးအဆန်းချည်းပဲ"

"နာမည်တော့ မသိဘူးရှင့်၊ ကားမောင်းတဲ့ အမျိုးသမီးက မျက်နှာတစ်ခြမ်းလုံး ဆံပင်နဲ့ ဖုံးထားတယ်၊ မျက်စိတစ်လုံးတည်းနဲ့ ကြည့်ပြီး ကားမောင်းတဲ့သူ၊ အဲဒါနဲ့ စနေမလို့ နာမည်ပေးလိုက်တာ"

"အဲဒီ စနေမက ချောသလား မမလေး"

"ဆံပင်အောက်က တစ်ခြမ်းတော့ မပြောတတ်ဘူး၊ ဒီဘက်တစ်ခြမ်းတော့ အသားက တော်တော်ညိုနေတာပဲ၊ ကားမောင်းတဲ့လက်လည်း ညိုနေတာပဲ၊ အသားဒီလောက်ညိုနေမှတော့ လှဖို့မလွယ်ဘူး"

"ဟာဗျာ"

"ဘာလဲ ကိုလင်းလင်း၊ ခင်ဗျားလည်း စိတ်ဝင်စားစရာရှားလို့ဗျာ၊ အသားညိုညိုပေါ်မှာ သနပ်ခါးဖြူစင်းတွေနဲ့ ချောကလက်ကို မှိုတက်နေတဲ့ ရုပ်မျိုး"

"ဒီမှာ ကိုလှဗွေး၊ နောက်တစ်ခါ အဲဒီရွှေအိုရောင်ကော်ရိုလာ လာရပ်ရင် ကားနံပါတ် မှတ်ထားပေးစမ်းပါ"

"မမလေးကို ခိုင်း၊ သူက ဆိုင်ရှေ့ထိုင်တာ၊ ကျွန်တော်က စက်ခန်းထဲကလူ"

"ကူညီပါနော် မမလေး"

"ဒါမျိုး ဝါသနာမပါလို့ အပျိုကြီး လုပ်နေတဲ့သူရှင့်၊ သိပ်တော့ မကြည့်ဘူး"

"လုပ်ပါဗျား၊ ဝါမဝင်ခင် စွံပါစေလို့ မမလေးကို ဆုတောင်းပေးပါ့မယ်"

"အံမယ် ... မစွံဘူးများ ထင်နေသလား၊ အလျှံပယ်ဖြစ်နေလို့ အိုးများလို တဒေါင်ဒေါင် ခေါက်နေတာ"

"ယုံပါတယ် မမလေးရ၊ ကျွန်တော် ပြောတာလေးသာ တဆိတ်နော်၊ ကျေးဇူးမမေ့ပါဘူး မမလေးရဲ့"

"သဲမောင်လားဟင်"

"ဖုန်းမဆက်တာ ကြာပြီကော သဲနှငယ်၊ သီချင်းဆိုတဲ့နေရာတွေမှာလည်း အမြဲရှာတယ်၊ မတွေ့ရဘူးကွယ်၊ သဲမောင် ရင်ခွင်ထဲကို ပြန်လာခဲ့ပါ သဲနှငယ်"

"ငရဲခံနေရတာ နှစ်မစေ့သေးဘူးလေ၊ သဲနှငယ်က တစ္ဆေမလေးပဲ သဲမောင်ရယ်"



"သဲနှငယ် ချိန်းတဲ့နေ့က သဲမောင် လာပါတယ် သဲနှငယ်၊ လမ်းမှာ သူငယ်ချင်းတွေနဲ့တွေ့ပြီး ကားကြုံတက်စီးမိကာမှ ကားအက်ဆီးဒင့်ဖြစ်ပြီး သတိလစ် ဆေးရုံရောက်သွားရတာပါ၊ နောက်တစ်နေ့ မိုးလင်းခါနီးမှ သတိရတော့ တစ်ကိုယ်လုံး ဒဏ်ရာတွေ ဗလပွနဲ့ ခြေတစ်ဖက်က ကျိုးသေးတယ်၊ ဆေးရုံမှာ တစ်လခွဲနေခဲ့ရပါတယ် သဲနှငယ်"

တစ္ဆေဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ သူပြောချင် ရှင်းပြချင်နေသည်များကို ဖွတ်ပြောချသည်။

"သဲမောင် ပြောတာတွေ ယုံရဲ့လား သဲနှငယ်၊ တကယ်ပြောတာတွေပါ၊ သဲနှငယ်ကို လက်ထပ်တော့မယ်၊ ဦးကိုလည်း ဘယ်လိုမှ အာဃာတ မထားတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ၊ သဲမောင်ရဲ့ စိမ်းကားမှုကြောင့် သဲနှငယ် စိတ်ကျန်းမာရေးဆေးရုံ တက်ရတဲ့အထိ ဖြစ်သွားတာလည်း နည်းနည်းမှ စိတ်မကောင်းဘူး၊ သဲမောင် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ခဲ့ဘူး"

"ယုံတင်းစကားတွေရယ် ဆီးဖြူဖန်ခါးသာဖြင့် ငုံထားတော့မလိုလို"

တစ္ဆေမလေးထံမှ သီချင်းဆိုသံကလေး ထွက်လာသည်။ ဘုရား... ဘုရား... သည်သီချင်းက သဲနှငယ် စိတ်နောက်သွားစဉ်က ဆိုခဲ့သည့် သီချင်းပါလား။ အသက်ထင်ရှား ရှိနေသေးတဲ့ သဲနှငယ်ပဲ စိတ်ပြန်နောက်သွားတာလား၊ တစ္ဆေဘဝမှာတောင် စိတ်နောက်ပြန်ပြီလား။

"သဲနုငယ် စိတ်နောက်သွားတယ် ဆိုတုန်းက သဲမောင် အုတ်နံရံနဲ့ ခေါင်းနဲ့ ပစ်ပစ်ဆောင့်တာ ခေါင်းကွဲလို့ ဆေးရုံသွားချုပ်ရပါသေးတယ် သဲနုငယ်"

"ချစ်ပါခင်ရယ်၊ ကြိုက်ပါခင်ရယ်၊ ယောကျ်ားတွေရယ်၊ စကားတွေကြွယ်ကာ တတ်နိုင်လွန်းလှတယ်"

"ယုံတမ်းစကား မဟုတ်ပါဘူး သဲနုငယ်၊ တစ္ဆေပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ်၊ ဖုတ် ပြိတ္တာ၊ မြေဘုတ်ဘီလူးကြီးပဲ ဖြစ်နေပါစေ၊ သဲနုငယ်ကို လက်ထပ်ပါရစေ"

"တစ္ဆေနဲ့ လူသား ဘယ်လို လက်ထပ်မလဲ သဲမောင်ရယ်"

"ဖြစ်သလို လက်ထပ်မယ်၊ သဲနုငယ်နဲ့ ဝေးနေရတဲ့ဘဝမှာ သဲမောင် မနေနိုင်ပါဘူး အချစ်ရယ်၊ သိပ်ချစ်ပါတယ် သဲနုငယ်၊ ယုံပစ်လိုက်ပြီ သဲမောင်ရေလို့ ပြောပါဦး"

"ယုန်ကောင် ငုံ၍ ယုန်ရုပ်ရေးပြသော်လည်း ယုံရခက်ခက် ခက်လှပါပေ့ နှောင်များတစ်ခါ"

"သဲမောင် ငိုခဲ့ရတဲ့ ညတွေလည်း များလှပါပြီ သဲနုငယ်၊ လက်ထပ်ကြပါစို့ကွယ်၊ သဲမောင်ကို ခွင့်လွှတ်ပါ၊ အရင် တစ်ခါတုန်းက မိုက်သား သဲမောင်က စိမ်းကားခဲ့တာပါ၊ အခုတစ်ခါ သဲနုငယ် ချိန်းတဲ့ဆီကို အချစ်ရင်ခွင်ဖွင့်ပြီး ပြေးလာခဲ့တာပါ သဲနုငယ်၊ ကံကြမ္မာရိုင်းကြောင့် ချစ်သူဆီ မရောက်ဖြစ်ခဲ့ရတာပါ၊ နားလည်ပြီး ခွင့်လွှတ်ပေးပါ သဲနုငယ်"

"မဖြစ်ပါဘူး သဲမောင်ရယ်"



"သဲနုငယ် အချစ်ကိုသာ ပြန်ရမယ် ဆိုရင်လေ သဲမောင် ဘာနဲ့ပဲ လဲရလဲရ၊ ဘာကိုပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ၊ ယုံပါ သဲနုငယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"

"ဝမ်းသာလိုက်တာ သဲနုငယ်၊ သဲမောင် ဘယ်ကိုပြေးလာခဲ့ရမလဲ သဲနုငယ်"

"တစ္ဆေတိုင်းပြည်ကို သဲမောင် လမ်းသိရင် လာခဲ့လေ"

"ရွှေအိုရောင် ကော်ရီလာလေးနဲ့ လာခေါ်ပါ သဲနုငယ်၊ သဲမောင်က လမ်းမသိလို့ပါ"

"အဲဒါ သဲနုငယ် ကားမှ မဟုတ်တာ၊ သဲနုငယ်ရဲ့ ကားက ဒတ်ဆန်းဝမ်းတွမ်တီးဝိုင်လေ သဲမောင်ရယ်၊ မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ် သဲနုငယ်၊ တမလွန်တိုင်းပြည်တို့ တစ္ဆေတိုင်းပြည်တို့မှာလည်း ကားအလဲအလှယ် ရှိတယ် ကြားဖူးလို့ပါ"

"ခစ် ... ခစ် ... သဲမောင်က တစ္ဆေတိုင်းပြည် အကြောင်းလည်း သိတယ်နော်"

"သဲနုငယ် လာမခေါ်ရင် သဲမောင် လာခဲ့မယ်"

"ယမမင်းကြီးဆီကိုလား"

"ယောက္ခမကြီး ဦးလှဖေ ဆီကို၊ အတိတ်ကို ပြည်ဖုံးကား ချပြီး ဖေဖေလို့ ခေါ်ပါ့မယ် သဲနုငယ်"

"ကျေးဇူးတင်ပါတယ် သဲမောင်ရယ်၊ သြော် ... ငွေလေး သိန်းခွဲကို ဘယ်လိုသုံးမယ် စိတ်ကူးထားလဲဟင်"

"မဟုတ်ဘူး သဲနုငယ်၊ လေးသိန်းခွဲဆိုတာ ကိုတုန်းက တန်ဖိုးပါ၊ အခုပေါက်ဈေးဆို နှစ်ဆ၊ သုံးဆပါ။ နောက်ပြီး ဖေဖေ တစ်ယောက်လုံး ကံမကုန် နေ့မစေ့ဘဲ ကွယ်လွန်ခဲ့ရတာ နှစ်ပေါင်းများစွာ၊ သဲမောင် ချို့ချို့တဲ့တဲ့ နေရတာတွေဟာ သဲမောင်သာ သဲနုငယ်ကို ချစ်မနေရင် လေးသိန်းခွဲ မပြောနဲ့ လေးဆယ့်ငါးသိန်းနဲ့လည်း မကျေနိုင်ပါဘူး သဲနုငယ်"

"ခုတော့ကော"

"အဲဒီ လေးသိန်းခွဲ ဦးကို ပြန်ပေးပါ့မယ်၊ ဘာမှ မလိုချင်ပါဘူး၊ သဲနုငယ်ရဲ့ အချစ်ကိုပဲ လိုချင်ပါတယ် အသက်ရယ်၊ ရှိတဲ့စည်းစိမ် အကုန်စွန့်ပြီး သဲမောင်ရဲ့ ရင်ခွင်ထဲကို ခုန်ဆင်းခဲ့ပါ၊ သဲမောင် ရင်ဖွင့်ပြီး ကြိုနေပါရစေဗျာ"

"ငရဲမှာ နှစ်စေ့တော့ စဉ်းစားကြတာပေါ့ သဲမောင်ရယ်၊ သဲမောင်ရေ တာ့တာ"

တစ်ဖက်က စကားပြော အဆက်အသွယ် ဖြတ်သွားပါလေပြီ။ လင်းလက်ထွန်း ချက်ချင်း ဂဏန်းငါးလုံး ကောက်လှည့်သည်။ အတော်ကြာကြာ ခေါ်ပြီးမှ ...

"ဦးလှဖေ အိမ်ကပါရှင်"

"မညာနဲ့တော့ သဲနုငယ်၊ သဲမောင် လာခဲ့တော့မယ်"

"အစ်ကိုလင်းလင်း၊ မလုံးပါ"

"မလုံး ဆိုရင် သဲနုငယ်ကို ခေါ်ပေး"

"အစ်ကိုလင်းလင်း ... နေကောင်းပါတယ်နော်"



"ငါ မရှူးဘူး မလုံး၊ စောစောကပဲ သဲနုငယ် အဲဒီအိမ်က ငါ့ဆီ ဖုန်းဆက်တာ၊ သွားခေါ် မလုံး"

"အစ်ကိုလင်းလင်းရယ် ... မမငယ်က တကယ်ဆုံးခဲ့တာပါရှင်"

"ငါ မယုံဘူး မလုံး"

"အစ်ကို မယုံရင် လာကြည့်ပါ၊ ဘဘလည်း ပြန်ရောက်နေပါပြီ"

"သိပ်လာတာပေါ့"

သည်တစ်ခါတော့ ရောက်ချင်ဇောဖြင့် ဦးတင်မောင်ဝင်းထံမှ ကားတောင်းလာခဲ့သည်။ ရောက်ပါပြီ။ ချစ်လှစွာသော သဲနုငယ်တို့ ခြံနှင့် အိမ်ကြီးဆီသို့။ ရက်ပေါင်းများစွာ ပျောက်ဆုံးခဲ့ရသော နှလုံးသည်းပွတ်ကလေးကို ပြန်တွေ့ရပါတော့မည်။

"ဩော် ... လင်းလင်း"

"ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော် အထဲကိုဝင်ပါရစေ၊ သဲနုငယ်နဲ့ တွေ့ခွင့်ပေးပါလို့ လေးလေးစားစား တောင်းပန်ပါတယ်"

"ဝင်ပါဦးလေ"

ဧည့်ခန်းမှာ ဦးလှဖေနှင့် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြသည်။

"မလုံးရေ ... နင့်မမငယ်ရဲ့ ဓာတ်ပုံစာအုပ် ယူခဲ့ပါ"

"သဲနုငယ်နဲ့ တွေ့ပါရစေ ဦးရယ်၊ ကျွန်တော် ဟိုနေ့က လာပါတယ်၊ ကားအက်ဆီးဒင့် ဖြစ်သွားရတဲ့ အကြောင်း သဲနုငယ်ကိုလည်း ရှင်းပြပြီးပါပြီ"

မလုံးက ဓာတ်ပုံစာအုပ် တစ်ခု၊ ပက်ဆီကိုလာ နှစ်ပုလင်းဖွင့်လျက် ဖန်ခွက်ထဲမှာ ရေခဲတုံးထည့်ပြီး ယူလာသည်။

"သမီးငယ်ငယ့် အကြောင်း ပြောရရင် မင်းရော ဦးပါ အအေးတစ်ခုခု သောက်ကြဖို့ လိုမယ် လင်းလင်း၊ နှစ်ယောက်လုံး ရင်ပူကြရမှာ မဟုတ်လား၊ သောက်ပါ လင်းလင်း"

လင်းလက်ထွန်းက ပုလင်းထဲမှ အရည်များကို ဖန်ခွက်နှစ်ခုလုံးအတွက် ထည့်ပေးသည်။ အရင်ထည့်သည့် ဖန်ခွက်ကို ဦးလှဖေထံ လက်နှစ်ဖက်နှင့် လှမ်းပေးသည်။ လင်းလက်ထွန်း၏ လေးစားဟန် အပြုအမူကို ဦးလှဖေက သူ့ခေါင်းတုံးပြောင်ကြီးကို ပွတ်ရင်း ငေးကြည့်နေသည်။

"သောကပရိဒေဝ တောက်လောင်လိုက်တာ၊ ဗုဒ္ဓရဲ့တရားတော်နဲ့မှ အေးငြိမ်းပေတော့တယ် လင်းလင်း၊ ပါရမီနုတော့လည်း တစ်သက်တာ မနေနိုင်ပြန်ဘူး"

"သဲနုငယ်နဲ့ တွေ့ခွင့်ပြုပါ ဦး"

"အဲဒီမှာလေ ... သဲနုငယ်၊ မင်းကို တွေ့ခွင့်ပြုထားပါပကော"

"ခင်ဗျာ"

ဦးလှဖေက ဓာတ်ပုံစာအုပ်ကို မေးငေါ့ပြသည်။ လင်းလက်ထွန်း ဆွဲလှန်ကြည့်လိုက်သောအခါမှာ ...

"ဖြစ်မှ ဖြစ်ရလေ သဲနုငယ်"



သဲနုငယ်မှ သဲနုငယ် အစစ်ပါ။ ရေခဲတိုက်၊ အလောင်းတင်စင်ကလေးများပေါ် သေတ္တာမသွင်းမီ ပြင်ဆင်ထားပုံ၊ ရေ့တည့်တည့်၊ ဘေးစောင်း၊ အပေါ်စီးမှ တစ်မျိုး၊ ခေါင်းသွင်းပြီးပုံအမျိုးမျိုး၊ ပန်းခွေများကြားမှာ သဲနုငယ့် အလောင်းကိုမ,၍ သေတ္တာထဲ ထည့်နေပုံ၊ ထမ်းချသွားပုံ၊ နိဗ္ဗာန်ယာဉ်နှင့် ကားတန်းကြီးများပုံ၊ အုတ်ဂူမသွင်းမီ ခေါင်းပြန်ဟ,၍ ရိုက်ထားပုံ၊ အုတ်ဂူမပိတ်မီ ခေါင်းကို အပေါ်စီးမှ ရိုက်ထားပုံ၊ ဩော် ... သဲနုငယ်ရယ်။

ဓာတ်ပုံအမျိုးမျိုး၊ သဲနုငယ် အသုဘမှတ်တမ်းတင်ပုံများအဆုံးမှာ အုတ်ဂူရှေ့တွင် ချထားသည့် ပန်းခွေကြီးနှင့်ပုံတစ်ပုံ၊ ကျန်ရစ်သူ အသည်းတစ်ဖက်ခြမ်း၏ လွမ်းသူ့ပန်းခွေ။

"မလုံးက သမီးငယ်ငယ်ရဲ့ ဂူကလေးကို မကြာခဏ သွားကြည့်၊ အမှိုက်သရိုက်ရှင်း၊ ပန်းစည်းကလေးတင်လုပ်လေ့ရှိတယ်ကွယ့်၊ တစ်နေ့မှာတော့ မင်း လာထားသွားတယ်လို့ ယူဆရတဲ့ အဲဒီပန်းခွေတွေ့တာနဲ့ ဓာတ်ပုံဆရာပြန်ခေါ်ပြီး ရိုက်ယူထားတာ"

ဩော် ... သဲနုငယ် ... သဲနုငယ်ရယ်၊ တကယ်သေခဲ့တာပါလား အချစ်ရယ် ...။

"မင်းရဲ့ပန်းခွေကြီးက သိပ်လှပြီး သိပ်တန်ဖိုး ရှိနေတော့ သုဘရာဇာတွေက ယူမလို့ စိုင်းပြင်းကြတယ်၊ မလုံးက ဘယ်လောက် သိတတ်သလဲဆိုတော့ မင်းလည်း မင့်ပန်းခွေကြီးကို ရက်ပေါင်းကြာကြာ ရှိနေစေချင်မှာပဲ၊ သမီးငယ်ငယ်သာ သိရင်လည်း နှမ်းခြောက်တဲ့အထိ ရှိစေချင်မှာပဲဆိုပြီး

ဒီပန်းခွေကြီး ဖျက်ဆီးမပစ်ဖို့၊ ယူမသွားဖို့ သုဘရာဇာ တစ်ယောက်ကို နေ့စားနဲ့ပေးပြီး အစောင့်ခိုင်းရတယ် ကွယ့်"

"ဪ ..."

ပက်ဆီကိုလာ တစ်ခွက်လုံး မော့ချပစ်ရသည်။ ရင်ပူလှပါပြီ သဲနုငယ်။ ဦးလှဖေကမူ ရေခဲတုံးကိုပင် ပါးစောင်မှာ ကပ်ထားရှာသည်။

"ပန်းခွေစောင့်တဲ့ သုဘရာဇာကို ဒီပန်းခွေ ရှိနေသမျှ ကာလပတ်လုံး တစ်နေ့ ဆယ့်ငါးကျပ် ပေးမယ်၊ ဘယ်သူမှ မယူစေနဲ့၊ စောင့်ကြည့်၊ နေ့တိုင်း သူလာကြည့်ပြီး ပိုက်ဆံ ပေးမယ်လို့ ပြောရှာတယ်"

ဦးလှဖေက ပက်ဆီကိုလာ သောက်လိုက်၊ ခေါင်းတုံး ကလေး ပွတ်လိုက်နှင့် ဆက်ပြောပါသည်။

"ကျောက်ခက်တွေက တစ်ပတ်ပဲ ခံတယ်၊ သစ်ခွပန်းက သုံးပတ်တိတိ ခံတယ်၊ ရွှေချည်တွေကတော့ မိုးစိုလို့ ပျက်စီးကုန်တယ်၊ သမီးငယ်ငယ် ဆုံးတော့ နွေခေါင်ခေါင် ကြီး မိုးရွာတဲ့နေ့လေ၊ မင်း ပန်းခွေလာချတော့ မိုးဦးကျနေပြီ"

"သဲနုငယ် တကယ်ဆုံးရှာပြီပေါ့ ဦးရယ်"

"မင်းက မသေသေးဘူးများ ထင်နေလို့လား"

"ထင်မိပါတယ် ဦး၊ ကျွန်တော့်ဆီကို သဲနုငယ် ဆိုတဲ့ နာမည်နဲ့ ဖုန်းဆက်ပါတယ်၊ တော်တော် အတွင်းကျကျ သိထားသူ 'တစ်ဦး'ကပါ၊ နောက်ပြီး ..."



"သီချင်းဆိုပွဲ အချို့မှာ တွေ့ပါသည်"ဟု ပြောရ ကောင်းနိုး၊ မပြောဘဲထားရ ကောင်းနိုး၊ သူ့သမီးကို တစ္ဆေဖြစ် နေပါပြီ ပြောလျှင် အဘယ်မည်သော မိဘမျိုးက ကြိုက်ချင်ပါမည် နည်း။

"အင်း ... ဆိုပါဦး"

"ဦးက ကျွန်တော့်အတွက် ငွေလေးသိန်းခွဲ ပေးခဲ့တယ် ဆိုတဲ့အထိ သူ သိပါတယ်"

"လင်းလင်း အရင်တုန်းကလောက် သွေးမပူတော့ဘူးဆိုရင် ဦး တောင်းပန်ချင်တာတွေ အများကြီး ရှိပါတယ်"

"ရင်ဖွင့်ပွဲပေါ့ ဦးရယ်၊ ပြောပါ၊ ကျွန်တော့် အနေနဲ့ ဦးကို ကလဲ့စားချေတယ်လို့သာ ပြောရတယ်၊ ကျွန်တော်ကိုယ် တိုင် အရင်ဆုံး ရင်ကွဲရတာပါ"

"ပြုသူအသစ် ဖြစ်သူအဟောင်းပေါ့ လင်းလင်း၊ လင်းလင်း ယုံပါ၊ လင်းလင်း ဖေဖေကို ဦး မသတ်ခဲ့ပါဘူး"

လင်းလက်ထွန်းက ဦးလှဖေကို မော့ကြည့်သည်။ ဦးလှဖေက ခေါင်းတုံးကို ပွတ်ရင်း အဝေးသို့ ငေးနေသည်။

"ဒါပေမဲ့ ဦးမှာ အပြစ်ရှိပါတယ်၊ အဖြစ်က ဒီလိုပါ လင်းလင်း။ အဲဒီနေ့ ဦးဘထွန်း ပတ္တမြားကြီးတွေ ဝယ်ပြီး အဲ ... ဘယ်မှာ ဘယ်သူ့ဆီက ဝယ်တယ်တော့ မသိဘူး၊ ဝယ်လာပြီး နောက်တစ်နေ့မှာပဲ တခြားစီးပွားရေးကိစ္စတစ်ခု နဲ့ ရှမ်းပြည်ဘက် တက်ဖို့ရှိတယ်လို့ ပြောတယ် လင်းလင်း၊ အဲဒီတုန်းက လင်းလင်းတို့ သားအမိ ရန်ကုန်ရောက်နေ တယ်"

"ဖေဖေ တစ်ယောက်တည်း မန္တလေးအိမ်မှာလို့ မေမေက ပြောပါတယ်"

"ပတ္တမြားတွေ ရန်ကုန်သယ်ချင်တယ်၊ ရှမ်းပြည်သွားဖို့ ကိစ္စကလည်း ရှိနေသေးတယ်၊ စိတ်ချလက်ချ အပ်ထားခဲ့ရအောင် လင်းလင်းတို့ သားအမိကလည်း မရှိတော့ ယူသွားတော့မယ်လို့ ပြောတယ်၊ အဲဒီလို ပြောတာကလည်း ဦးရှေ့မှာ ငွေလေးသိန်းခွဲ ချေလိုက်ရလို့ အဲဒီကိစ္စ ပြောပြတာပါ၊ အဲဒီ အချိန်ထိ ဦးဟာ ပတ္တမြားတွေကို လုံးဝမမြင်ဖူးသေးပါဘူး"

လင်းလက်ထွန်း စိတ်ဝင်စားစွာ နားထောင်သည်။

"အနီးစခန်းမှာ ဦးရဲ့နှမနဲ့ ယောက်ဖ ရှိတယ်၊ မင်းဖေဖေ သွားမဲ့ခရီးကို ဦး မောင်းပို့ဖို့ပါပဲ၊ ဦးသာ မောင်းပို့ဖြစ်ခဲ့ရင် လင်းလင်း ဖေဖေ မသေပါဘူး လင်းလင်း၊ ဦးလည်း ဒီလောက် ရက်စက်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ မြင်သာမမြင်ရရင်လည်း လောဘထွက်မယ် မဟုတ်ပါဘူး"

ဦးလှဖေက ခဏနားပြီးမှ ဆက်ပြောသည်။

"အနီးစခန်းက ဦးနှမက အဲဒီနေ့မှာ ဆုံးရှာတယ်၊ နှမ သေတော့လည်း ဦး နေခဲ့ချင်တယ်၊ လင်းလင်း ဖေဖေက ရှမ်းပြည်ကို သုံးလေးရက်လောက် သွားပြီး အပြန် မန္တလေးဝင်မှာ၊ ကားမောင်းဖို့ ဦးယောက်ဖရဲ့ညီကို ခိုင်းရတယ်၊ ဦးကလည်း စိတ်ပူသွားမိတာနဲ့ လျှာရှည်မိတယ် ဆိုပါတော့၊ ဦးဘတ္ထွန်းမှာ ပတ္တမြားကြီးတွေ ပါတယ်၊ အထူးဂရုစိုက်ဖို့ မှာမိတယ်"



"ဒါဆိုရင် ဦးယောက်ဖ အကောက်ကြံတာလား ဦး၊ သူကလည်း တောင်စောင်းမှာ လွင့်ကျပြီး သေတယ်ဆို"

"သူ အကောက်ကြံတယ်လို့ပဲ ယူဆရတာပဲ၊ ဦး လျှာရှည်မိတာနဲ့ လောဘထွက်သွားတယ် ထင်ပါရဲ့၊ အခင်းဖြစ်တဲ့နေရာကို ရဲတွေနဲ့ ဦးတို့ ရောက်သွားတော့ ကားဘီးရာက ရပ်ပြီးမှ ဆက်မောင်းတာမျိုး ဖြစ်နေတယ်၊ ကားကိုရပ်ပြီး လင်းလင်း ဖေဖေကို တစ်နည်းနည်းနဲ့ အန္တရာယ်ပေးမယ် ထင်တယ်၊ ပြီးတော့မှ လင်းလင်းဖေဖေ သတိတွေ ဘာတွေ လစ်ကုန်တော့မှ ကားကို ချောက်ထဲမောင်းချ၊ သူက ခုန်အဆင်းမှာ သူပါ အချိန်အဆ လွဲသွားပုံရတယ်"

"ရဲတွေကလည်း အဲဒီလိုပဲ ယူဆပြီး တရားခံပါ သေဆုံးမှုနဲ့ အမှုပိတ်တယ်လို့ မေမေ ပြောပါတယ်၊ ဒါဆိုရင် ပတ္တမြားတွေပါတဲ့ လွယ်အိတ်စုတ်ကလေးကကော ဦး"

"အဲဒီ လွယ်အိတ်စုတ်ကလေးကို ဦးယောက်ဖရဲ့ ညီက ကိုင်ပြီး ခုန်ဆင်းမှာပဲ၊ သူ အချိန်အဆလွဲပြီး တောင်စောင်းမှာ ပစ်အကျ၊ ခြေကားရား လက်ကားရာ ဖြစ်တော့ တစ်နေရာရာ လွင့်စဉ်ကျသွားတာလား၊ လင်းလင်းဖေဖေနဲ့ ကားနဲ့ မီးလောင်တဲ့ မီးပုံထဲပဲ တိုက်တိုက်ဆိုင်ဆိုင် ကျသွားသလား မဆိုနိုင်ဘူး၊ ဘယ်သူမှ ရှာမတွေ့တော့တာ အမှန်ပဲ လင်းလင်း"

"ပတ္တမြားဟာ မီးလောင်ရုံနဲ့ အရည်မပျော်နိုင်ဘူး ထင်ပါတယ် ဦး"

"ဟုတ်တာပေါ့၊ ဘယ်အရည်ပျော်ပါ့မလဲ၊ ဒါပေမဲ့ လွယ်အိတ်စုတ်ထဲမှာ အစကသာ ပတ္တမြားရှိတာ၊ အဲဒီအချိန်မှာ လွယ်အိတ်စုတ်ထဲ ပတ္တမြားမှ ပါမသွားတော့တာ"

"ခင်ဗျာ"

"ဒီလို ... ဒီလို လင်းလင်းရဲ့၊ လင်းလင်း ဖေဖေက အိမ်စောင့်မရှိဘဲ မန္တလေးအိမ်မှာ ထားခဲ့ဖို့လည်း စိတ်မချဘူး၊ ဦးကိုလည်း ဘယ်အပ်ခဲ့ရဲပါ့မလဲ၊ ဦးက အလုပ်ဝင်တာမှ မကြာသေးဘဲ၊ ဒီတော့ သူ့ဘာသာ ယူသွားမယ်လို့ ပြောတာပေါ့၊ တကယ်တမ်း ယူသွားဖို့ကျပြန်တော့လည်း လမ်းခရီးမှာ ရှာကြ ဖွေကြ လုပ်ရင် ပြဿနာတက်မယ်"

"အဲဒီတော့ ..."

"အဲဒီတော့ ... လင်းလင်းဖေဖေမှာ ခရီးသွားရင် အဝတ်အစားထည့်ဖို့ နိုင်ငံခြားသားရေပျော့ လက်ဆွဲအိတ်တစ်လုံးရှိတယ်၊ အဲဒီလက်ဆွဲအိတ်ရဲ့ အတွင်းလိုင်နင်ကိုခွဲ၊ ပတ္တမြားတွေ ဂွမ်းနဲ့ထုပ်၊ လိုင်နင်ကို ပြန်ချုပ်၊ ခွဲပြီးချုပ်ထားတဲ့ ချုပ်ရိုးမပေါ်အောင် အပေါ်က နောက်တစ်ထပ် ပိတ်စဖိုးပြီးချုပ်၊ အဝတ်တွေထည့်ပြီး ဦးကို အပ်ထားခဲ့တာ"

"ဟင်"

"လှဖေတဲ့၊ ရှမ်းပြည်ကအပြန် မန္တလေးအိမ်မှာ မနားတော့ဘူး၊ ရန်ကုန် ဆက်ဆင်းမယ်တဲ့၊ ငါ ပြန်ရောက်ရင် မင်းနမ အသုဘလည်း မြေကျပြီတဲ့၊ တစ်ခါတည်း ထွက်နိုင်အောင် ငါ့အဝတ်အစားတွေ အဆင်သင့် ထည့်လာခဲ့တယ် မင်း ယူထားတဲ့"



"ဒီတုန်းက ဦးက မသိဘူးလား"

"ဘုရားပေးပေး ကျမ်းပေးပေးပါကွယ်၊ လွယ်အိတ်စုတ်ထဲမှာပဲထင်လို့ ယောက်ဖရဲ့ညီကိုတောင် ဂရုစိုက်ဖို့ မှာလိုက်သေးတာ"

"နောက်တော့ ဘယ်လိုသိပါသလဲ ဦး" .

"ဦးကို အပ်ခဲ့တဲ့ လက်ဆွဲအိတ်ထဲမှာ ပတ္တမြားတွေရှိမှန်းသိရင် ဦး လောဘထွက်မှာစိုးလို့ မပြောခဲ့တာ ဖြစ်မယ် လင်းလင်း၊ လင်းလင်းတို့ သားအမိဆီ ဖုန်းလှမ်းဆက်၊ လင်းလင်းတို့ သားအမိ ရောက်လာတဲ့အထိ လင်းလင်းမေမေက ပတ္တမြားတွေ ဘယ်ထားမှန်း သိတာမဟုတ်ဘူး၊ ဦးက ပြောပြတာ ရဲတွေမရှိမှ တိုးတိုးတိတ်တိတ် ပြောတာပေါ့၊ လွယ်အိတ်စုတ်ကလေးနဲ့ ပတ္တမြားတွေ ထည့်ယူသွားကြောင်း၊ အခု အဲဒီလွယ်အိတ်စုတ်ကလေးကို ရှာမတွေ့တော့တဲ့အကြောင်း ဦးက စိတ်ပူပြီး စိုးရိမ်လို့ ပြောပြတော့ လင်းလင်းရဲ့အမေ အစ်မငြိမ်းက ဘာလုပ်သလဲသိလား"

"ဘာလုပ်ပါသလဲ ဦး"

"လှဖေ ... နင့်အကြံ ဒါအကုန်ပဲလားဆိုပြီး ဦးရဲ့ပါးကို ဖြန်းခနဲ ချတော့တာပဲ"

"ဟာ"

"ဦးလည်း ဒေါသဖြစ်လိုက်တာ၊ ကိုယ်က သွေးရိုးသားရိုးမှာ စွပ်စွဲလည်း ခံရသေး၊ ပါးရိုက်လည်း ခံရသေးဆိုတော့ လင်းလင်း စဉ်းစားကြည့်ပေါ့"

“မေမေ့မှာက ယောကျ်ားလည်းဆုံး၊ ပစ္စည်းလည်းဆုံး ပရိဒေဝက နှစ်ဆတောက်နေတော့လည်း လုပ်မိလုပ်ရာ လုပ်တော့တာ ဖြစ်မှာပါ ဦး”

“ဒါပေါ့ကွယ်၊ အဲဒါပဲပေါ့၊ တော်၏,မတော်၏၊ သင့်၏၊ မသင့်၏ ဆိုတာ စဉ်းစားဆင်ခြင်နိုင်စိတ်က ကင်းပြီကိုး အဲဒါလည်း မီးတစ်မျိုးမဟုတ်လား၊ လောင်မြိုက်တတ်တဲ့ သဘော ရှိတယ်”

“ဟုတ်ပါတယ်”

“ဦးမှာကလည်း ဒေါသမီး လောင်မြိုက်သွားပြီပေါ့၊ ဒီလောက် တောင် ဖြစ်လှတာ အဝတ်အစား ထည့်ထားတဲ့ လက်ဆွဲ အိတ်အကောင်းစားလေး ပြန်မပေးတော့ဘူးဆိုပြီး ယူထား လိုက်တော့တယ်”

“ဒီအချိန်ထိ ဦးက ပတ္တမြားတွေ ရှာမတွေ့သေးဘူး လား”

“မတွေ့သေးပါဘူး လင်းလင်း၊ ကျိန်ပြောမှ ယုံမယ်ဆိုရင် ဦး ကျိန်ပြောပါတယ်၊ အမှုပိတ်လိုက်တော့ ဦးလည်း အလုပ်လက်မဲ့ဖြစ်ပြီး စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဖြစ်တော့ လင်းလင်း ဖေဖေရဲ့ အဝတ်အစားတွေ ချရောင်း၊ အိတ်ပါ ရောင်းမယ်လို့ လုပ်တော့မှ ဘေးလိုင်နင်နဲ့ အောက်လိုင်နင် နှစ်ခု မတူတာ သတိထားမိတယ်”

“ဪ”

“ဒါနဲ့ ဟိုစမ်း ဒီစမ်းလုပ်ရင်း မာမာအလုံးကြီးတွေ စမ်း မိတယ် ဆိုပါစို့၊ အဲဒီမှာ ဓားနဲ့ခွဲကြည့်တော့ ပတ္တမြားတွေ



တွေ့တာပဲ၊ ဦး အမှန်ကို ပြောတာပါ၊ အစ်မငြိမ်းသာ ဦးကို စွပ်စွပ်စွဲစွဲ ရန်လုပ်မထားရင် ဦး ပြန်ပေးချင် ပေး ဖြစ်မှာပါ၊ ခုတော့ ...”

“ဒေါသဖြစ်ဖြစ်နဲ့ ယူထားလိုက်တယ် ဆိုပါတော့”

“ဟုတ်တယ်၊ သွားပြန်ပေးလည်း ဒါ နင့်ဉာဏ်ပဲ၊ ခုမှ ထုတ်မရောင်းရဲလို့၊ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ ပြဿနာတွေ က ဦးဆီပဲတက်မယ်၊ စိတ်ကလည်း ဆိုးနေတယ်၊ နီနီရဲရဲ ပတ္တမြားကြီးတွေ မြင်ရတော့ လောဘလည်း ထွက်လာတယ် လင်းလင်း၊ အမှန်ပြောတာ။ ဒါနဲ့ပဲ ယူထားလိုက်တယ်၊ ဒါကြောင့် လင်းလင်းက အဖေကိုသတ်ပြီး ပတ္တမြားယူတဲ့လူ အဖြစ် စွပ်စွဲတော့ ဦးဟာ အပြစ်ကင်းပါတယ်လို့တော့ မဆိုချင်ပါဘူး၊ ဒါပေမဲ့ အဖြစ်မှန်ဟာ လင်းလင်း ထင်သလို မဟုတ်ဘူးလို့ ပြောခဲ့တာပေါ့”

“ဦးနေရာမှာ ကျွန်တော် ဆိုရင်လည်း အခု ဦးလုပ်သလို လုပ်မိမှာပါပဲ ဦး”

“ဦးကြောင့် လင်းလင်း ဆင်းဆင်းရဲရဲ ဖြစ်ရတာ စိတ်မ ကောင်းလို့ လင်းလင်းကို ဦးဘထွန်း ဒေါ်ရင်ငြိမ်း သား ဆိုတာလေး တစ်ချက်တည်းနဲ့ သမီးငယ်ငယ်နဲ့ ပေးစားဖို့ သဘောတူခဲ့တာပါ”

“ဦးရယ် ... အဲဒီတုန်းကများ အဖြစ်မှန်တွေ ပြောပြပါ တော့”

“လင်းလင်းက ဘယ်မှာ အချိန်ပေးခဲ့လို့လဲ၊ လင်းလင်း မပေးဘဲနဲ့လည်း ဘယ်လိုထုတ်ပြောရမလဲ၊ လင်းလင်းသာ

ဒါတွေ မသိခဲ့ရင်လည်း သမီးငယ်ငယ်နဲ့ လက်ထပ်ပေးပြီး လင်းလင်း ဖေဖေရဲ့ စီးပွား လင်းလင်းလက်ကို ပြန်ပေးဖို့ ပါပဲ"

"အင်း ... အကြောင်းကြောင်းတွေကြောင့် တော့လွဲ လွဲရ တယ် ဆိုတာမျိုးပဲပါ ဦးရယ်"

"လင်းလင်းက သမီးငယ်ငယ်ကို ဖွင့်ပြောသွားတော့ သမီး ခမျာလည်း စိတ်နောက်ကျန်ခဲ့တာ၊ ဦး ဒါတွေကို ထိုင် ရှင်းပြနေနိုင်မလား၊ လင်းလင်းကလည်း အဲဒီတုန်းက သွေးသိပ်ဆူနေတယ်၊ ယုံမှာမဟုတ်ဘူး၊ လင်းလင်း ကလဲ့ စားချေတဲ့အခါမှာ သမီးငယ်ငယ်က ဓားစာခံဖြစ်ရတော့ လင်းလင်းကိုလည်း စိတ်ဆိုးမိတယ်၊ ဒါနဲ့ ရှင်းမပြဖြစ် သေးဘူး"

ပက်ဆီကိုလာတစ်ပုလင်းစီ ကုန်ကြပေမင့် ကိုယ်စီ ကိုယ်င ရင်ပူကြဆဲ။ သဲနုငယ် ခမျာသာ အပြစ်ဟူ၍ လုံးဝမရှိ ပါဘဲလျက် အနာခံရရှာသူ ဓားစာခံကလေးပါတကား။ ဦးလှဖေ နှင့် လင်းလက်ထွန်း သဲနုငယ်ကို ချစ်ကြလွန်းသူနှစ်ဦး။ တစ်ဦး က အဖေ၊ တစ်ဦးက ချစ်သူ၊ ခုတော့ နှစ်ဦးလုံး၏ရင်မှာ ဖြေ မဆည်နိုင်ကြအောင် ဖြစ်ရပါပြီ။

"ဦးက သူများပစ္စည်း ခိုးခဲ့လို့ သမီးတစ်ယောက်လုံး ဆုံးရပြီ၊ ဒီလောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရတာ ဖြေသာပေမဲ့ သမီးငယ်ငယ် ခမျာမှာတော့ အပြစ်မရှိတဲ့ ဓားစာခံကလေးပါပဲကွယ်"

ဦးလှဖေက ငိုသံပါကြီးဖြင့် ပြောသည်။



"လင်းလင်းကို မူလပစ္စည်းများဖိုး လေးသိန်းခွဲလည်း လွှဲပေး ပြီးပါပြီ၊ ဦးရဲ့စီးပွားဆိုတာကလည်း ဒီလေးသိန်းခွဲပေါ်က တိုးပွားလာရတာပဲမို့ ဦး ကွယ်လွန်ရင်လည်း ရှိပစ္စည်းထဲက လင်းလင်းကို တစ်ဝက်ခွဲပေးဖို့ ရှေ့နေတွေနဲ့ စီစဉ်ပြီးပါ ပြီ၊ အဒိန္နာဒါနကံကြီးကို နောင်ဘဝထိ မသယ်ချင်ဘူး လင်းလင်း၊ ဦးကို ခွင့်လွှတ်ပါ"

"ကျွန်တော်က တောင်းပန်ရမှာပါ ဦး၊ သဲနုငယ်မှာ ကျ ရောက်သမျှ ကြမ္မာဆိုးတွေဟာ ကျွန်တော် ဂြိုဟ်မွှေလို့ချည်း ပါပဲ၊ ကျွန်တော် တရားခံပါ၊ ဦးရဲ့အမွေလည်း မလွှဲခဲ့ပါနဲ့၊ လေးသိန်းခွဲလည်း ပြန်ပေးဖို့ စီစဉ်ထားပါတယ်၊ သဲနုငယ် အပေါ် ဂြိုဟ်မွှေမိတဲ့ ကျွန်တော်ဟာ ဒါတွေရယူခံစားဖို့ မတန်တော့ပါဘူး ဦးရယ်"

ဦးလှဖေရော လင်းလက်ထွန်းပါ မျက်ရည်များ ဝဲနေကြသည်။ မိမိတို့နှစ်ဦး ချစ်ရလွန်းသူကလေးမှာ မိမိတို့ပယောဂ ကြောင့် ကံဆိုးခဲ့ရရှာသည် မဟုတ်ပါလား။

ထိုနေ့က သဲနုငယ် အတွက် ရင်နင့်နေကြရသည်နှင့် သဲနုငယ် တစ္ဆေမကလေးအကြောင်းပင် မဆွေးနွေးဖြစ်ခဲ့ပါတကား။

## မင်းဘယ်မှာလဲ သဲနုငယ်

သဲနုငယ်နှင့် ပတ်သက်ပါသည့် သဲလွန်စမှာ ဦးလှဖေ အိမ်နှင့် အိမ်ဖော်မကလေး မနု ဆီမှာသာ အခြေခံရမည်ဟု လင်းလက်ထွန်း တွက်ယူသည်။ ဦးလှဖေဆီ သွားတော့ သဲနုငယ်၏ ဈာပနမှတ်တမ်းတင် ဓာတ်ပုံများ ထုတ်ပြသည်မို့ သဲနုငယ် တံကယ်ဆုံးပြီဖြစ်ကြောင်း ခိုင်လုံသွားပါပြီ။

ဤသို့ဆိုပါက မနု၊ မနုကို တွေ့အောင်ရှာရမည်။ မနု ဘယ်မှာလဲ၊ မနု ဘယ်သူလဲ။

"ယိုးဒယားဘက်ကဝင်တဲ့ 'ဒီဇင်ဘာ'တို့၊ 'ဟာန်းနီး'ဆိုတဲ့ မိတ်ကပ်မျိုးတွေက အရောင်ကွဲသိပ်မများဘူး၊ ပန်းရောင်လေးတွေမှာ အနုနဲ့အရင့်ပဲ နည်းနည်းကွာတယ်"

"ဟုတ်ပါပြီ၊ ကျွန်တော်က မိတ်ကပ်အကြောင်း သိချင်တာ မဟုတ်ပါဘူး မမလေးရဲ့၊ ရွှေအိုရောင် ကော်ရိုလာလေးနဲ့ စနေမ မောင်းတဲ့ကားကို စီးပြီး အလှကုန်တွေ လာဝယ်လေ့ရှိတဲ့ မနု ဆိုတဲ့ မိန်းကလေး အကြောင်းပါ"



ဗိုလ်ချုပ်ဈေး အလှကုန်ဆိုင်မှာပင် မနု အကြောင်း စုံစမ်းရသည်။ သိချင်တာက "မနု အကြောင်း"၊ ကြားနာရသည်က "မိတ်ကပ်အကြောင်း"ဆိုတော့ လင်းလက်ထွန်း ဦးနှောက်များပင် ခြောက်ရရှာသည်။

"မိန်းကလေးတစ်ယောက် အကြောင်းကို ယောကျ်ားကလေးတစ်ယောက်က စုံစမ်းနေတာ ဘေးက အကူအညီမပေးချင်ဘူး ကိုလင်းလင်း၊ ရှင်တို့ချင်း ပြေလည်ရင်တော့ တစ်ကဏ္ဍပေါ့"

"မဟုတ်ပါဘူး မမလေးရယ်"

သဲနုငယ်နှင့် ပတ်သက်သမျှ ခရေစေ့တွင်းကျ ရှင်းပြရသည်။ သဲနုငယ်နှင့် အနီးစပ်နိုင်ဆုံး လမ်းစအဖြစ် မနုကို စုံစမ်းရပါကြောင်း ရှင်းပြရသည်။

"ရှင်က မနုကိုမှ ဘာဖြစ်လို့ တမ်းတမ်းစွဲ စွပ်စွဲနေရတာလဲ"

"သူ အိမ်မှာနေသွားတဲ့ အခိုက်အတန့်ကလေးမှာ သဲနုငယ်က ကျွန်တော့်ဆီကို အိမ်တွင်းပြောတဲ့ တယ်လီဖုန်းကနေ ဖုန်းဆက်တယ်၊ ဒီနောက်တော့ အပြင်ကပဲ ဆက်တယ်ဆိုတော့ သူ့အကူအညီ လုံးဝပါရမယ်ဗျာ၊ တခြားကဆက်တဲ့ တယ်လီဖုန်းက တခြားလူပြောတယ် ထားဦး၊ အိမ်တွင်းပြောတဲ့ တယ်လီဖုန်းက ပြောတာတော့ မနုပဲ၊ သဲနုငယ်အဖြစ်နဲ့ ဆက်တာ ဖြစ်ရမယ်၊ မိန်းမသားချင်း ဆိုတော့လည်း အသံချင်းက မတိမ်းမယိမ်းရှိမှာ မဟုတ်လား၊ ကျွန်တော့်ကို နားလည်ပါ၊ ကျွန်တော့် ဒုက္ခကို ကိုယ်ချင်းစာပြီး ကူညီပေးပါ"

"သူ့အကြောင်း သိချင်ရင် မိတ်ကပ်အကြောင်းက စရှင်းပြရမှာပဲ"

"ဒါဖြင့်လည်း ပြောဗျာ၊ မိတ်ကပ် အကြောင်းတင် မကဘူး၊ နှုတ်ခမ်းနီ ပါးနီ အကြောင်းပါပြော၊ ဘရာစီယာ အကြောင်းလည်း ထည့်ချင်ထည့်ဦး"

"အို ... ကတ်သီးကတ်သတ် ပြောတဲ့လူ"

"လုပ်ပါ မမလေးရဲ့၊ မိတ်ကပ်ဘာဖြစ်သလဲ"

"မက်က်စ်ဖက်တာတို့ ယာဒ်လေဝို့လို မိတ်ကပ်မျိုးကျတော့ သဘော်သားတွေနဲ့မှ ပါတတ်တဲ့ပစ္စည်း ဖြစ်တယ်"

"သြော် ... တစ်ဘူး ဘယ်လောက်တဲ့လဲ"

"မနောက်နဲ့ရှင့် အကောင်းပြောမလို့၊ အဲဒီ မိတ်ကပ်ဘူးမျိုးက ဒါဇင်လိုက်ပါတဲ့ ကတ်ဘူးတစ်ဘူးမှာ အရောင်က ဆယ့်နှစ်ရောင်"

လင်းလက်ထွန်း ခေါင်းညိတ်ပြသည်။

"ဆယ့်နှစ်ရောင်မှာ အနုဆုံးက သနပ်ခါးရောင်ဘက် နွယ်တယ်၊ အရင့်ဆုံးက ဘာရောင်ဖြစ်မယ် ထင်သလဲ"

"အနက် နေမှာပေါ့"

"အညိုရင့်ရှင့်၊ ကော်ဖီကာလာ"

"သြော် ... ဖျော်သောက်လို့လည်း ရတယ်ပေါ့"

"ကြက်ကြဲဖန်ဖန် မပြောနဲ့၊ အညိုရင့်က ဗမာပြည်မှာတော့ ဘယ်သူမှ မသုံးဘူး၊ အနောက်နိုင်ငံသူ အသားဖြူစပ်စပ် မိန်းမတွေသာ သုံးတာ"



"ဒီလိုဆိုရင် သဘော်သားတွေက နိုင်ငံမှားပြီး သွင်းလာတာပဲ၊ ပညာပေးရဦးမယ်"

"ကောင်းကောင်း နားထောင်ပါ၊ ဖြတ် ဖြတ် မပြောနဲ့"

"ကောင်းပါပြီဗျာ"

"အဲဒီ မိတ်ကပ်မျိုးမှာ အညိုရင့်ရောင်ဆိုရင် ဝယ်သူမရှိလို့ အလကား ဖြစ်ရတာချည်းပဲ၊ ရှင့် မနုကတော့ အဲဒီကော်ဖီကာလာ ဘယ်သူမှမသုံးတဲ့ အရောင်ကိုမှ သုံးလေ့ဘူးဝယ်လေ့ရှိတယ်၊ သူနဲ့ ဆက်မိမှပဲ ဒါကွေ လွှင့်မပစ်ရတော့တာ"

"ခဏဗျာ ခဏ၊ မမလေး ကျွန်တော် မေးပါရစေဦး၊ မမလေးတို့ မိန်းမချင်းတော့ တွေးကြည့်နိုင်မှာပဲ၊ ဘယ်နေရာမှာ သုံးမယ်ထင်သလဲ"

"ကျွန်မကို အတွေးခေါင်တယ်ပဲ ဆိုချင်ဆိုတော့၊ ရှင့်ဇာတ်လမ်းကိုလည်း သိထားရတော့ စုံထောက်ဉာဏ်နဲ့ အဖြေပေးရရင် ပင်ကိုယ်က ဖြူဝင်းနေတဲ့ အသားကို လူသိမခံချင်လို့ အသားညိုတယ် ထင်ရအောင် လူးလိမ်းမယ်လို့ ယူဆရတာပဲ"

"ဟာဗျာ ... ဝမ်းသာလိုက်တာ မမလေးရယ်၊ ကျေးဇူးတင်လိုက်တာ၊ တကယ် တကယ်၊ ဟုတ်လိမ့်မယ်ဗျာ၊ ဟုတ်လိမ့်မယ်"

"တစ်ခါဝယ်ရင် သုံးလေးဘူး၊ ခဏခဏလည်း ဝယ်တယ်ဆိုတော့ မျက်နှာနဲ့ လည်ပင်းတို့ နားရွက်ထိပ်တို့တင်

မကာဘူး၊ ခြေထောက်တို့ လက်တို့၊ လူမြင်တဲ့နေရာတွေ အကုန်လိမ်းရလို့သာ ဒီလောက်ကုန်တာ နေမှာပေါ့"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

"မနု အသားက တကယ် ညိုတာလား၊ မိတ်ကပ်နဲ့ဖယောင်းဆီ တွဲလိမ်းထားလို့ အသားမှာစွဲပြီး အညိုရောင် ဖြစ်သွားတာလားဆိုတာ ရှင် စုံစမ်းပေါ့၊ မိန်းကလေးတစ်ယောက်ရဲ့ ပါးကို လက်နဲ့ပွတ်၊ ဆပ်ပြာနဲ့ တိုက်ကြည့်ဖို့က သိပ်တော့ မလွယ်ဘူး၊ ပါးချခံရကိန်း မြင်တယ်"

"အိုဗျာ ... ပါးရှစ်စိတ်ကွဲပြီး ထောင်ထဲ ဝင်ရပါစေဦး၊ ကျွန်တော်တော့ ကြိုးစားမှာပဲ"

"ရှင့်ကို အချစ်ဒုက္ခဝေဒနာသည် အဖြစ်နဲ့သာ ကူညီတာ၊ ရှင် မတော်တရော်တွေတော့ သွားမလုပ်နဲ့ဦးနော်"

"ဟုတ်ကဲ့ပါ၊ သူ ဘယ်တော့လာဦးမတဲ့လဲ"

"သူမှာထားတဲ့ မိတ်ကပ်ဘူးက ဒီသောကြာမှ ရမှာဆိုတော့ စနေနေ့လာဖို့ ချိန်းထားတာပဲ"

"ကျွန်တော် ဒီနေ့ကစပြီး နေ့တိုင်းလာစောင့်မယ်"

"ဒီဆိုင်ကတော့ ထိုင်မစောင့်နဲ့၊ ရှင့်မြင်ရင် ဝင်လာမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ်"

စနေနေ့မှ လာမည်ဆိုသော်လည်း လင်းလက်ထွန်းက နေ့တိုင်းလာစောင့်သည်။ ယမုံနာ့မှာ အစားအစာများကို တစ်ခုပြီး တစ်ခု မှာစားရင်း တစ်နေကုန်နီးပါး စောင့်သည်။ မတွေ့ရပါ။



မောလှပါပြီ သဲနုငယ်၊ တွေ့ခွင့်ပေးပါ အချစ်ရယ်။

စနေနေ့မှာ နေကုန်လုသည်အထိ မနု မလာပါ။ လင်းလက်ထွန်း ဖွဲ့နှင့် ဆက်စောင့်သည်။ ညနေလေးနာရီ ဗိုလ်ချုပ်ဈေးကြီး ပိတ်ကာနီးအချိန်ကျမှ ...

ဟော ... လာပါပြီ၊ ရွှေအိုရောင် ကော်ရိုလာကလေး၊ ငြိမ့်ခနဲ ထိုးရပ်သည်။ ပါးတစ်ခြမ်းကို ဆံပင်များ ဖုံးလွှမ်းထားသည့် "စနေမ"။ သည်အမည်ကို မမလေးတို့က ပေးထားခြင်းဖြစ်သည်။ စနေမက ကားမောင်း၍ မနုက ဘေးမှာ ထိုင်လာသည်။

လင်းလက်ထွန်းက မှတ်စုစာအုပ်ကလေးထုတ်ကာ ကားနံပါတ် ကူးရေးသည်။ ၈ျ/----။ ယမုံနာ အပြင်ဘက်သို့ ထွက်လိုက်ရုံနှင့်ပင် ကော်ရိုလာကားကလေး လျှောခနဲ လိမ့်ထွက်သွားသည်။ "စနေမ"က မျက်စိတစ်ဖက်ကို ဆံပင်ဖုံးထားသော်ငြား၊ တစ်နေရာရာမှာ တတိယမျက်လုံး ရှိနေသည့်သဖွယ်။ မိမိကို တွေ့သောကြောင့် ရှောင်ထွက်သည်ဟုပင် လင်းလက်ထွန်း ထင်သည်။

ကိစ္စမရှိပါ။ မနု တစ်ယောက်လုံး ကျန်ရှိနေခဲ့ပြီပဲ။

"မနု"

"အမေ့ ...၊ ဟာ ... လန့်လိုက်တာ ဆရာရယ်"

ကော်ဖီရောင် မိတ်ကပ်ဘူးကလေး သုံးဘူးကို လွယ်ထားသည့် စလင်းဘက်ထဲမှာ ကမန်းကတန်း သိမ်းသည်။ လင်းလက်ထွန်း မမြင်ချင်ယောင် ဆောင်နေလိုက်ပါ၏။

"မနု ဘာခုခု စားပါလားဗျာ"

"နေပါစေ ဆရာ၊ ကျွန်မမှာ ကိစ္စရှိနေသေးလို့ပါ"

"ခင်ဗျား ပြန်လိုက်ရမဲ့ ရွှေအိုရောင်ကော်ရိုလာလေးက ထွက်သွားပြီဗျ"

"ကျွန်မက ဘတ်စ်ကားနဲ့ ပြန်မှာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ အဲဒါ ခင်ဗျားလိုက်မှာလား။ မလိုက်ဘူးလား"

"ကျွန်မ တကယ် အချိန်မရလို့ပါ"

"ဒီမှာ မနု၊ သဲနုငယ်နဲ့ ပတ်သက်လာရင် ကျွန်တော် သေရဖို့လည်း ဝန်မလေးဘူး၊ ထောင်ထဲဝင်ရလည်း အဆင်သင့်ပဲ၊ ခင်ဗျား အော်ချင်လည်း အော်တော့၊ ခင်ဗျားမလိုက်ရင် ကျွန်တော် ထမ်းခေါ်သွားတော့မယ်"

တကယ်လုပ်တော့မည့်ပုံစံနှင့် လက်နှစ်ဖက်ကပါ မြှောက်တော့ချီတော့မလို ဖြစ်လာသည်။ သူ့မျက်နှာထားကျတော့ ဆုံးဖြတ်ချက်တစ်ခုခုကို ချထားဟန်နှင့် နှုတ်ခမ်းကို တင်းတင်း စေ့ထားသည်။

"ဘယ်ကို သွားချင်တာလဲ ဆရာ"

"မြန်မာ့လေ... အရက်မရှိဘူး၊ အပူသောက်မလား၊ အအေးသောက်မလား၊ အင်မတန် ဣန္ဒြေရတဲ့နေရာပါ၊ ကျွန်တော့်မှာ ကားပါတယ်"

မနု မငြင်းသာပါ။ အလှကုန်ဆိုင်ဘက်သို့ ပြန်လှည့်ကာ ...



"နောက်တစ်နာရီကြာလို့မှ ကျွန်မ ဒီဆိုင်ရှေ့ကို ပြန်ရောက်မလာရင် စတီရီယိုအဆိုကျော် လင်းလက်ထွန်းက အိမ်ဖော်မကလေး မနုကို ကားတင်ပြေးပြီဆိုပြီး ရဲစခန်းမှာ အမှုဖွင့်ပေတော့ ကိုလှဌေးရေ"

ရယ်ရွှန်းဖတ်ရွှန်းနှင့် လှမ်းအော်ပြောသွားခဲ့သည်။ စင်စစ်တော့ "စနေမ"မှုကို လာပြန်မေးလျှင် ဖြေနိုင်ရန် စီစဉ်ခဲ့ခြင်းသာ ဖြစ်ပါသတည်း။

ရောင်စုံထီးကျားကလေး မိုးထားသည့် စားပွဲဝိုင်းမှာ ထိုင်ဖြစ်ကြသည်။ မနုက စလင်းဘက်ကလေးကို စားပွဲပေါ် တင်သည်။ လက်ကလေးတစ်ဖက်ပါ တင်ထားသည်။ ကျန်လက်တစ်ဖက်က ပေါင်ပေါ်မှာ။

"ကျွန်မလို အိမ်ဖော်တစ်ယောက်နဲ့ တစ်စားပွဲတည်း ထိုင်စားရတာ ဆရာ့မှာ သိက္ခာကျပါတယ် ဆရာ"

"အဲဒီတွေ ဘာဖြစ်လို့ ပြောမလဲ မနု"

မနု၏ မျက်နှာကို စေ့စေ့ကြည့်ကာ လင်းလက်ထွန်းက "သဲနုငယ် ဓာတ်ကြောင်းပြန်"များကို ကရားရေလွှတ် တတွတ်တွတ် ပြောပြသည်။ ပြောရင်းက မနု မျက်နှာပေါ်တွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲ၊ မျက်နှာရိပ် မျက်နှာကဲများကိုလည်း လေ့လာသည်။ မနု စိတ်မကောင်းနိုင်ရှာသည့် ဟန်ကလေးနှင့် နားထောင်ရင်း ရေခဲမုန့်ကို တစ်ဇွန်းချင်း ခပ်စားသည်။

"ကျွန်မကိုမှ ဘာဖြစ်လို့ရွေးပြီး ဒါတွေ ပြောပြချင်ရတာလဲ ဆရာရယ်"

"ခင်ဗျားနဲ့ သဲနုငယ်နဲ့ဟာ တစ်နည်းနည်းနဲ့ ပတ်သက်နေရမယ် မနု၊ ကျွန်တော့်ကို အမှန်အတိုင်း ဖွင့်ပြောပါ၊ ကျွန်တော့်ရင်မှာ ပူလှပါပြီဗျာ၊ သဲနုငယ်နဲ့ ပတ်သက်လေတိုင်း လှိုင်းထန်သလို ခံစားရပါတယ်"

မနု မျက်နှာပေါ်မှ မျက်စိလွှဲကာ လင်းလက်ထွန်းက အဝေးသို့ငေးသည်။ ညနေစောင်းစပြုပြီမို့ စားသောက်သူများ စည်ကားလာသည်။ စားသောက်သူအချို့မှာ ပါလာသည့်ကလေးငယ်များ မြက်ခင်းပေါ်မှာ ပြေးဆော့နေကြသည်။ မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသည့် လေပြည်အေးက လင်းလက်ထွန်း၏ ဆံပင်အချို့ကို ကလူကျီစယ်ကြပါ၏။

စားပွဲပေါ်မှာ အစကတည်းက ရှိနေသော ရေနွေးကရားတွင်းမှ လက်ကျန် အေးနေပြီဖြစ်သည့် လက်ဖက်ခြောက်ရည်များကို ပန်းကန်တွင်းသို့ ငှဲ့ထည့်သည်။

"အေးနေပြီ ဆရာ၊ အသစ်လဲထည့်ခိုင်းရအောင်ကလည်း ရေခဲမုန့်စားပြီး ရေနွေးကြမ်း ဆက်သောက်တယ်ဆိုရင် သိပ်မကောင်းဘူး"

လင်းလက်ထွန်းက ပြုံးသည်။ မေးစေ့ချိုင့်ချိုင့်ကလေး ပိုချိုင့်သွားသည်။ ပန်းကန်တွင်းမှ ရေများကို သူ့လက်ကိုင်ပဝါပေါ် လောင်းချသည်။ သူ့လက်ကိုင်ပဝါမှာ ရေစက်လက်။

"အမေ့ ... ဘယ်လိုလုပ်လိုက်တာလဲ၊ လွှတ်ပါ ဆရာ"



မနု မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကျိတ်ရုန်းရှာပါ၏။ စားပွဲပေါ်မှာ တင်ထားမိသည့် သူမ လက်တစ်ဖက်ကို လင်းလက်ထွန်းက မလှုပ်သာအောင် ချုပ်ကိုင်ထားပါပြီ။

"အို ... ဘယ်လို လုပ်တာလဲ"

မနု၏ လက်ဖျံသားညိုညိုကို ရေစက်လက် ဖြစ်နေပါသည့် လက်ကိုင်ပဝါနှင့် ဖိကာ ဖိကာ ပွတ်သုတ်ပစ်တော့သည်။

"နာပါတယ် ဆရာ၊ ဘာတွေ လျှောက်လုပ်နေတာလဲ"

"ခင်ဗျား တကယ် အသားညိုတာကိုး"

လင်းလက်ထွန်းမှာ မျှော်လင့်ချက်ရောင်ခြည်တစ်ခု မှေးမှိန်သွားရသကဲ့သို့ နွမ်းလျသံနှင့် ပြောသည်။ လက်ကိုလွှတ်ပေးလိုက်ပါပြီ။

"ဆရာ့ကို ကျွန်မတော့ လုံးဝနားလည်နိုင်တော့ပါဘူး"

"ကောင်းပါတယ် မနု၊ နားမလည်တာပဲ ကောင်းပါတယ်၊ ကျွန်တော့်ကို နားလည်ကြသူတိုင်းဟာ ကျွန်တော့်ရဲ့စိတ်ဒုက္ခ ဝေဒနာကို မျှတခံစားကြရရှာတယ်၊ ကျွန်တော့်အပြုအမူကို ခွင့်လွှတ်ပါ၊ တမင်တကာ လက်ဆွဲချင်လို့မဟုတ်ဘူး ဆိုတာလည်း ခင်ဗျား သဘောပေါက်ကောင်းပါရဲ့"

"အမေ မွေးကတည်းက အသားညိုလို့၊ သနပ်ခါးကို ထူပိန်းနေအောင် အမြဲလူးတာပါ၊ အဖြူရောင်ကို အညိုဆိုးထားတဲ့အသား မဟုတ်ပါဘူး ဆရာရယ်"

"ခင်ဗျားအိတ်ထဲက မိတ်ကပ်ဘူးတွေကကော"

"ကျွန်မ ရန်ကုန်မရောက်ခင်က အငြိမ့်တစ်ခုမှာ ယိမ်းသမအခန်းက ပါရပါတယ် ဆရာ၊ ကျွန်မတို့ ဇာတ်ခေါင်းကြွ

ကြတော့ ခေါင်းဆောင်မင်းသမီးက သူ ကိုယ်တိုင် အငြိမ့် ထောင့်မယ်၊ သူ့အငြိမ့်ထဲမှာ လက်ထောက်မင်းသမီးအဖြစ် ပေးမယ်လို့ ပြောပါတယ် ဆရာ"

"အဲဒါနဲ့ မိတ်ကပ်ဘူးနဲ့ ဘာဆိုင်လဲ"

"ခု ဇာတ်အငြိမ့်တွေမှာ အော်ပရာတွေလည်း ထွက်ရတော့ အညိုရောင်မိတ်ကပ် သုံးဖို့လိုတဲ့အခါတွေ ရှိပါတယ် ဆရာ၊ အဲဒီအတွက် အငြိမ့်ထောင်မဲ့ ခေါင်းဆောင်မင်းသမီးအတွက် ကျွန်မက ဝယ်ပေးရတာပါ"

"ဪ ... ကားထဲမှာ ပါသွားတာ ခေါင်းဆောင်မင်းသမီး လား"

"ဟုတ်ပါတယ်၊ သူ ဝယ်စရာရှိသေးလို့ ထွက်သွားတာပါ၊ အလှကုန်ဆိုင်မှာ ကျွန်မကို ပြန်လှည့်ခေါ်မှာ ဆရာရဲ့"

"ဒါနဲ့များ ခင်ဗျားက ဒေါ်လေးတို့ဆီမှာ ဘာဖြစ်လို့ အလုပ်ဝင်လုပ်တာလဲ"

"အဲဒီတုန်းက ခေါင်းဆောင်မင်းသမီးနဲ့ အဆက်အသွယ် လည်း မရသေးတော့ စားဝတ်နေရေးအတွက် ခဏလုပ် ရတာပဲ၊ ဆရာ့ဆီက ကြားရတဲ့ သဲနုငယ် ဇာတ်လမ်း အတွက် ကျွန်မ တကယ်စိတ်မကောင်း ဖြစ်မိပါတယ် ဆရာ"

"ဟော ... သနပ်ခါးနံ့ကလေး သင်းလိုက်တာ၊ သဲနုငယ် ရေမိုးချိုးပြီးစကလေးဆိုရင် အဲဒီ ကိုယ်နံ့မျိုးလေး ရလေ့ ရှိတယ်"

"အမယ်လေး ... ကျွန်မ ပြန်တော့မယ်"



မနုက သရဲကြောက်သည့်ဟန်နှင့် ကမန်းကတန်း ထသည်။ ဆံပင်အုံကောင်းကောင်းနှင့် ထုံးထားပါသည့် တစ်ပတ် လျှို့ဆံထုံးမှ သနပ်ခါးပန်းလေးတစ်ပွင့် ပြုတ်ကျသည်။

"မသွားတော့ပါဘူး မနုရယ်၊ သဲနုငယ်ကို တကယ်ချစ် တာပါ၊ ချိန်းတဲ့နေရာကိုလည်း တကယ်ရောက်ခဲ့ပါတယ်၊ ရင်ကွဲတော့မလောက်လည်း ခံစားနေရပါတယ် ဆိုတာကို ကြုံတဲ့ဆုံတဲ့အခါ သဲနုငယ်နဲ့များ တွေ့ရင် ပြောပြပေးဖို့ တော့ မှာလိုက်ပါရစေဗျာ"

"သဲနုငယ်ရဲ့ ကိုယ်စား ကျွန်မ ယုံသွားလိုက်ပါတယ် ဆရာ"

မနု ထွက်သွားသည့်တိုင် လင်းလက်ထွန်း ငိုင်ဆဲ၊ သနပ်ခါးနံ့ကလေး ဝေ့ခနဲ သင်းလာပြန်သည်။

"ဪ ... ဒီပန်းကလေးက မွှေးနေတာကိုး"

လင်းလက်ထွန်းက မှိုဟိုသည့်သည့် အကြည့်၊ ခြေရင်းနားမှ သနပ်ခါးပန်း အခက်ကလေးကို တွေ့သွားသည်။ ကောက်ယူမွှေးကြည့်သည့်အခါကျတော့ အနံ့မရပါ။ စားပွဲပေါ် မှာ တင်ထားလိုက်သည်။ လေပြည်ဝှေ့ဖြန့်တော့ သနပ်ခါးနံ့က လေး သင်းလာပြန်သည်။

"တကယ်တမ်း မျှဉ်းရှူရှိုက်ကြည့်တော့လည်း မမွှေးပြန်ဘူး၊ လေတိုက်တိုင်းကျတော့ ရနံ့သင်းပြန်တယ်၊ သနပ်ခါးပန်း လေးရယ်၊ မင်းလည်း သဲနုငယ်လိုပါပဲ။ သမှောင်ဆီကိုတော့ မလာခဲ့ပဲနဲ့ အဝေးကနေ နှိပ်စက်လွှန်းလှပါကလား အချစ် ရယ် ...

"ကလေး အငိုတိတ်အောင်၊ အရိုပ်အရောင်ပြတယ်၊ ဖိုးလနတ်သားလို့ ဆိုရိုးရှိပေမဲ့ သဲနုငယ်ရဲ့ အသံကလေးနဲ့ အရိပ်အရောင်ကလေး ပြနေတာတွေဟာ သဲမောင်ကို ငိုညည်းစေပါတယ် သဲနုငယ်၊ အငိုမတိတ်တဲ့အပြင် ရှိုက်ငင်ငိုကြွေးမိပါတယ်"

"ပြေးလာခဲ့ပါတော့ သဲနုငယ်"

"ရင်ဖွင့်လို့ ကြိုဆိုပါရစေ သဲနုငယ်"

"မင်း ဘယ်မှာလဲ သဲနုငယ်"

"မလုံးလား၊ လင်းလက်ထွန်းပါ"

"ဟုတ်ကဲ့ အစ်ကိုလင်းလင်း၊ ဘာကိစ္စရှိလို့လဲဟင်"

"မလုံးတို့အိမ်မှာ ရွှေအိုရောင် ကော်ရိုလာကားကလေး တစ်စီး ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုလင်းလင်း"

"အဲဒီကား အခု အိမ်မှာရှိနေသလား"

"မရှိ ... ရှိ ... ရှိမယ် ထင်ပါတယ် အစ်ကို၊ မလုံး မသိပါဘူး"

"ဒီမှာ ကားတိုက်မှု ဖြစ်နေလို့ ရွှေအိုရောင် ကော်ရိုလာကလေးနဲ့ မိန်းကလေးနှစ်ယောက်၊ တစ်ဖက်က သုံးတန်လော်ရီကားကြီးလေ"



"ဘယ် ... ဘယ်မှာလဲ အစ်ကို၊ လူတွေ ဘာ ... ဘာဖြစ်သွားသေးသလဲ"

"မိန်းကလေးနှစ်ယောက်လုံး အသက်မရှိတော့ဘူး ထင်တာပဲ၊ တို့က မလုံးတို့အိမ်က ကားများလားလို့ စိတ်ပူလို့ လှမ်းမေးတာ၊ မဟုတ်ရင်လည်း ပြီးတာပဲ"

"ဟို ... ဟို ... ဘယ်နားမှာ ဖြစ်တာလဲ အစ်ကို"

"ဘယ်မှာဖြစ်ဖြစ်လေ၊ မလုံးတို့ကား အိမ်မှာရှိနေရင် ပူစရာမလိုတော့ဘူး၊ ဒါပဲနော်"

"နေ ... နေပါဦး အစ်ကို၊ ကားနံပါတ်က ဘယ်လောက်လဲ"

"မလုံး ပြောလိုက်လေ၊ တို့က တစ်ခေါက် ပြန်ပြေးကြည့်ပေးမယ်၊ အခု အနီးအနားက လက်ဖက်ရည်ဆိုင်ကနေ ဝင်ပြီး ဖုန်းဆက်တာ၊ မလုံးတို့ကား မဟုတ်ရင် ထပ်မဆက်တော့ဘူး၊ ဟုတ်ရင် ထပ်ဆက်မယ်၊ ပြော ကားနံပါတ် ဘယ်လောက်လဲ၊ တို့ ပြေးကြည့်ပေးမယ်"

"ဈ/---- ပါ အစ်ကို"

"အေး ... အေး ... ဒါပဲနော်၊ ပြေးကြည့်လိုက်မယ်၊ စိတ်ပူမနေနဲ့၊ မဟုတ်ရင် ထပ်မဆက်တော့ဘူးနော်"

စကားပြောခွက်ကို ချလိုက်ပါပြီ။ လင်းလက်ထွန်း ကြည်ကြည်နူးနူးကလေး ပြုံးလိုက်သည်။ သည်အပြုံးမျိုး မြှုံးမိသည်မှာပင် ကြာပါပြီ။

မလုံး ထံသို့ နှောက်ထပ် ဖုန်းဆက်ဖြစ်တော့မည် မဟုတ်။ ကားတိုက်မှုမှ မဖြစ်ပါလေပဲ။ မနု သူ့အဖော်နှင့် ရွှေအိုရောင်ကော်ရိုလာကလေး အိမ်ပြန်မရောက်ခင် အချိန်မှီမှာ ကားနံပါတ် သိချင်၍ သက်သက်မေးခြင်းပေပဲ။ ယခု သိရတော့ ကားနံပါတ်ချင်းက အတူတူ။

သဲနုငယ်တို့ အိမ်ကကား။ သည်ကားကို မနု စီးသည်။ မနု အိမ်မှာရှိနေစဉ် အိမ်တွင်းသုံး စကားပြောခွက်မှ ဖုန်းဆက်သည်ဆိုတော့ ...

"ရှောင်ပုန်းမနေပါနဲ့တော့ သဲနုငယ်"

ဘယ်သူတွေ ဘာပြောပြော သဲနုငယ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသူက "သူ"။ လင်းလက်ထွန်း။

"သိပ်ချစ်ပါတယ် သဲနုငယ်"

"တွေ့များတွေ့ရင်တော့လား ကွာ၊ ဟင်း ..."

"ရက်ပေါင်းများစွာ တွေကြွင်းခဲ့သမျှ အတိုးချပြီး ချစ်ပစ်လိုက်တော့မယ် သဲနုငယ်၊ ဖယောင်းသွယ် လက်ချောင်းကလေးတွေကို တစ်ချောင်းစီ ငုံမယ်၊ ပါးပါးချင်း ကပ်ထားမယ်၊ သိပ်ချစ်ပါတယ် သဲနုငယ်လို့ ပြောလိုက်ရင် ပွေ့ပစ်လိုက်ပြီ သဲမောင့်ရှေ့လို့ ဆိုဦးမှာလား အချစ်ရှယ်"

"ဒီတစ်နေ့တော့ ရှိစေတော့၊ မနက်ဖြန်မနက် အစောကြီး ဘယ်ကိုမှ မပုန်းရှောင်နိုင်မီ ရောက်အောင်လာခဲ့မယ် သဲနုငယ်ရေ"



သည်နေ့ည မင်္ဂလာဧည့်ခံပွဲတစ်ခုမှာ "လပြည့်ဝန်း" တီးဝိုင်းအဖွဲ့ ဖျော်ဖြေရန်ကလည်း ရှိနေသေးသည်။ စတီရီယိုဘုရင် လင်းလက်ထွန်း ကိုယ်တိုင် သီဆိုရပါဦးမည်။ မင်္ဂလာဧည့်ခံပွဲက သတို့သားမိဘများပိုင် ခြံကျယ်ကြီးအတွင်းမှာပင် ပြုလုပ်ပါလိမ့်မည်။

သဲနုငယ်များ လာဦးမှာလား။

မင်္ဂလာဧည့်ခံပွဲပေမို့ အလွမ်းတွေ အဆွေးတွေ မဆိုချင်ပါ။ ပျော်ပျော်ရွှင်ရွှင်၊ ကြင်ကြင်နာနာ သီချင်းများကို သီဆိုရန် ရွေးချယ်လာခဲ့သည်။

သည်မင်္ဂလာပွဲမှာ သတို့သမီးက မြစ်ဝကျွန်းပေါ်သူ၊ သတို့သားက ရန်ကုန်သား၊ ဆေးတက္ကသိုလ်မှာ ဆုံတွေ့ကြပြီးနောက် ဆရာဝန်ဘွဲ့ ပူပူနွေးနွေးနှင့် လက်ထပ်ကြသူများ ဖြစ်ပါ၏။ သတို့သမီး၏မြို့မှာ အကြီးအကျယ် မင်္ဂလာသွားဆောင်ခဲ့ပြီးပါပြီ။ မြစ်ကူးချောင်းချား မလိုက်နိုင်သည့် မိတ်ဆွေများအတွက် ရန်ကုန်မှာ တစ်ကြိမ် ထပ်မံဧည့်ခံခြင်း ဖြစ်လေသည်။

ထို့ကြောင့် သတို့သား သတို့သမီးတို့က တိုက်ကြီးပေါ်က ဆင်းလာပြီးနောက် မင်္ဂလာပွဲထိုင် အခမ်းအနား မပြုလုပ်တော့ဘဲ စားပွဲဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်း လျှောက်နှုတ်ဆက်သည်။ ရင်းနှီးသူ မိတ်ဆွေများသာ ရွေးဖိတ်ခြင်းလည်း ဖြစ်သည်။

ခြံကြီးကလည်း ကျယ်သည်။ ထို့ကြောင့် စားပွဲဝိုင်းများကို မြက်ခင်းတစ်ခြမ်းလောက်သာ ချထားသည်။ ကျန်တစ်ဖက်ပိုင်းမှာ လွတ်နေတော့သည်။

,လင်းလက်ထွန်း ကတော့ စားပွဲဝိုင်း တစ်ဝိုင်းပြီး တစ်ဝိုင်း သဲနုငယ် ရှာပုံတော် ဖွင့်ပါလေ၏။

"ဟေး ... သဲနု၊ လာမှလာပါ့မလား စိတ်ပူနေတာ။ ဝမ်းသာ
လိုက်တာ ညီမရယ်"

သတို့သမီး၏ ပျော်ရွှင်ကြည်နူးသံကလေးကလေးက အစွန်ဆုံးနှင့် မှောင်ရိပ်ဘက် အနီးဆုံးစားပွဲမှ ထွက်ပေါ်လာသည်။

"ဟာ"

လင်းလက်ထွန်း ခန္ဓာကိုယ်ကြီးတစ်ခုလုံး လေထဲမှာ မြောက်တက်သွားသည့်နှယ်။

"သဲနုငယ်"

သဲနုငယ်မှ သဲနုငယ်။

ရှေ့မှာရှိသမျှ စားပွဲဝိုင်းတွေပေါ်က ခုန်ပျံကျော်လွှားကာ တစ်လှမ်းတည်းနှင့် ရောက်အောင် ပြေးသွားလိုက်ချင်ပါ၏။ အတောင်တပ်ကာ ပျံပစ်လိုက်ချင်ပါ၏။

နှုတ်ခမ်းထောင့်စွန်းနားဆီကို လက်သုတ်ပဝါ ရွှေကလေးနှင့် ဖိရင်း သတို့သမီးကို ပြန်ပြုံးပြနေသည်။

"လာမှာပေါ့ မမအီသက်ရယ်၊ ရောက်အောင်လာခဲ့မယ်လို့
ပြောထားတာ"



"သဲနု တစ်ယောက်တည်းလား"

"ဟေး ... ကိုကျော်သူ၊ သတို့သမီး ခေါ်ခဲ့ပါဦးဗျ"

ယောကျ်ားဝိုင်းဆီမှ ထွက်ပေါ်လာသည့် အသံကြောင့် သတို့သားက သတို့သမီးကို တွဲခေါ်သွားတော့သည်။

"မပြန်နဲ့ဦးနော် သဲနု"

သတို့သမီးက ကမန်းကတန်း လှမ်းပြောပြီး ထွက်ခွာသွားရပါသည်။

"သဲနုငယ်"

"အို ..."

"ဟေး ... မပြေးပါနဲ့ သဲနုငယ်၊ သဲမောင်ကို တစ်ယောက်
တည်း မထားခဲ့ပါနဲ့"

လင်းလက်ထွန်း အနားသို့ ရောက်မလာမီပင် မှောင်ရိပ်ဘက်ဆီသို့ အပြေးကလေး ထွက်ခွာရှာပါ၏။

လင်းလက်ထွန်းက လက်လွှတ်မခံနိုင်။ ထက်ကြပ်လိုက်သည်။ ခွာဖြူနွယ်ပင်ကလေးများကို သစ်သားစင်ခုံးခုံးကလေးလုပ်ကာ စိုက်ထားပါသည့် ပန်းချုံကလေးနားမှာပင် လင်းလက်ထွန်းက အမိဖမ်းနိုင်ခဲ့ပါသည်။

"သဲနုငယ်ရယ် ... အချစ်ရယ် ... သဲမောင့်အသက်ရယ်"

လရောင်ကလေးက မလင်းတလင်း၊ ထွန်းညှိထားပါသည့် မီးလုံးရောင်စုံကလေးများနှင့်လည်း အလှမ်းကွာနေသည်။ ရှိစုမဲ့စု အလင်းရောင်ကလေးကို ပန်းနွယ်ချုံကလေးက အကာအကွယ် ပြုထားပြန်သည်။

အမရာဝင်း သီဆိုနေပါသည့် တေးသံလေးက ထွေပြည့်အေးနှင့်အတူ ဝေ့ဝဲပါလာသည်။

**"မောင်မိုက်နိုက် ချောင်ကြိုက်ကြွတဲ့အခါဝယ်**

**လော့ကွတ်ချော်တော်မူသွားတယ်၊ ဖိုးလမင်းတော်သား**

**တိမ်ကြားမြုပ်နေသေးလို့ ... ဆုတောင်းရမလား"**

ရင်ခွင်တွင်းမှ သဲနုငယ်။

ရင်ခွင်ကျယ်ကြီးအတွင်းမှာ စုံးစုံးမြုပ်နေအောင် ဖွေ့ထားပါသည်။ ညင်ညင်သာသာကလေး မဟုတ်ပါ။ သဲကြီးမဲကြီးပါပဲ။ ကွေကွင်းခဲ့ရသည့် ရက်များအစား ယခုမှ အတိုးချလို့ ချစ်ရသည် မဟုတ်ပါလား။

"သဲနုငယ် သိပ်ချစ်တယ်။ ညှင်းရုက်တွယ် အညက်ရယ်၊ သဲမောင်ကို ဒီလောက်အကြာကြီး ပစ်ထားတယ်၊ ရှုးမတတ် ခံစားခဲ့ရတာပါ သဲနုငယ်"

စကားပြန် မရ။ ပြန်လည်တွေ့ဆေးခြင်း မပြု။ ရင်ခွင်တွင်းမှာ စုံးစုံးမြုပ်နေပေမင့် အိအိထွေးထွေးမရှိ။ ကျောင့်ကောင့် ကျောင့်ကျောင့်ကလေးပါလား။ ချစ်ရသည်က အစစ်ဖက်သတ်ကြီး။

"သဲမောင်ကို စိတ်ဆိုးမပြေသေးဘူးလားကွယ်၊ ချိန်းတဲ့ဆီကို သဲမောင် လာပါတယ်၊ သဲနုငယ့် အသည်ဆိုလို့ အရှုးကြီးဖြစ်ခဲ့ရတဲ့ သဲမောင်ပါကွယ်၊ ချစ်သေးရဲ့လား သဲနုငယ်"

ကျောက်ရုပ်ကလေးက မလှုပ်မယှက်။

"စကားပြောပါဦး သဲမောင့် အချစ်ရယ်၊ သဲမောင့်ကို သိပ်ချစ်ပါတယ်လို့၊ သဲမောင်ကလည်း သိပ်ချစ်ပါတယ်



သဲနုငယ်၊ ပြန်ပြောပါဦး၊ သဲနုငယ် ယုံပစ်လိုက်ပြီ သဲမောင်ရေလို့"

**"နှစ်ယောက်တည်းဆိုရင် မောင်ရယ် ဝေရတ်တောင်ထိပ် နေချင်ရင် နေသွားရေရွှာတဲ့ သဲကန္တာရ ဆဟာရ မရှောင်တယ်၊ နေမမြင် ရေပြင်ခဲ မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ် ... ခေါ် ..."**

အမရာဝင်း၏ တေးသံကလေးက တစ်ရစ်ဝဲဝဲ။

"ကြားရဲ့လား သဲနုငယ် ... နှစ်ယောက်တည်း နေချင်တယ်တဲ့၊ မနက်ဖြန် လက်ထပ်မယ်၊ အခုကတည်းက သဲနုငယ်ကို ပြန်မလွှတ်တော့ဘူး အချစ်ရယ်၊ ရက်တွေ အများကြီး ပျောက်ကွယ်နေခဲ့တဲ့ သဲမောင်ရဲ့ ချစ်သဲအုကလေးရယ်"

မေ့ရ ဖက်ရ ပြောရသည့်သူက မချင့်မရဲ ဖြစ်လာရသည်။ အမွှေ့အဖက်တို့ကို တင်းသည်ထက် တင်းပစ်သည်။ ကျုပ်သည်ထက် ကျုပ်ပစ်သည်။ အမွှေ့အဖက်ခံရသူတော့ မည်သို့ရှိမည်မသိ၊ မွှေးရဖက်ရသူပင် အသက်ရှူမဝချင်။

မွှေ့သူကိုယ်တိုင် မွန်းကျပ်ပြီဆိုတော့ အမွှေ့ခံရသူခမျာ အရိုးကြေလုလု။

"ချစ်သေးရဲ့လား သဲနုငယ်"

"မိုက်မိုက်မဲမဲ ချစ်မိပါတယ် သဲမောင်ရယ်"

"သြော် ... သဲနုငယ် အချစ်ရယ်"

နှုတ်ခမ်းဆီစ ဝင်းဝင်းကလေးကို သည်တစ်ခါတော့ ညင်ညင်သာသာ မွှေးပါ၏။ မျက်ခွံမို့မို့ကလေးကို နှုတ်ခမ်းသားနှင့် ဖိကပ်ထားမိသည်။ လှိုက်လှဲပီတိ ဖြစ်ရလွန်းပါဘိ။ ပါးပါး

ချင်း အထိအတွေ့ကျတော့ ချောမွတ်နူးညံ့လွန်းလှသည်။ ဖယောင်းသားကိုများ ကော်ပတ်စား၍ ထားလေသလား၊ မွတ်ညက်သည့် ပါးပြင်ကလေးမှာ သွေးခြည်တွေများ ဥရှာပြီလားကွယ်။

"ဒီကမ္ဘာမှာ ဟောဒီမှဲ့ကလေးကို အချစ်ဆုံး"

အောက်နှုတ်ခမ်း ယာဘက်ထောင့်မှ စိုစိုလက်လက် မှဲ့သီးကလေးကို လက်ညှိုး၊လက်မ, နှစ်ချောင်းနှင့်ညှပ်ကာ မနာတနာ လေးဖိညှစ်ပါလေတိုင်း မချင့်မရဲစိတ်နှင့် လင်းလက်ထွန်း အံကိုခဲရမြဲ။

"ဟင်"

မှဲ့သီးစိုစိုလက်လက် နက်မှောင်မှောင်ကလေးက လက်ညှိုးနှင့် လက်မကြားမှာ ပါလာပါပကော။

ခပ်ကြမ်းကြမ်းကလေး ဆွဲဖက်ကာ ခွာဖြုချုံကလေးဘေးသို့ ထွက်လိုက်သည့်အခါ အလင်းရောင် မှုန်ပျပျအတွင်းက သဲနုငယ်မှာ မှဲ့ကလေး မရှိတော့ပါလေတကား။

"ဩော် ... သဲနုငယ် မဟုတ်ပါလားကွယ်၊ ကိုယ်မှားသွားပြီ မိန်းကလေးရယ်၊ မင်း ဘယ်သူလဲ"

ဝမ်းနည်းတသ ယူကျုံးမရခြင်းတို့ဖြင့် အားတုံ့အားနာ မသက်မသာ မေးမိပါလေသည်။

သူ့ခများကလေးမှာ ကပ်လာမိသည့် မှဲ့တုကလေးကို သတို့သမီး "အိသက်"မမြင်အောင် စက္ကူလက်သုတ်ပဝါကလေးနှင့် ကွယ်ကာစဉ်ကပင် ပြွတ်လုတဲကာ ဖြစ်သွားရသည်ထင့်၊ ခုတော့ အယောင်ဆောင်လို့ မရတော့ပါပြီကော။



ရက်ပေါင်းများစွာ ကြာအောင် ပျောက်ဆုံးခဲ့ရတဲ့ ကိုယ့်နှလုံးသားကလေးကို ပြန်ရပြီဆိုတဲ့ ဝမ်းသာစိတ်နဲ့ မဆင်မခြင် ပြုမိပါလေပြီကောကွယ် မိန်းကလေးရယ်။ မှဲ့ကလေးမပါတာကလွဲလို့ သဲနုငယ်မှ သဲနုငယ် တစ်ပုံစံတည်းပါပဲလား၊ မင်းဟာ သဲနုငယ်ရဲ့ ကိုယ်ပွားကလေးများလာဟင်။ ဒီကမ္ဘာမှာ ကွယ်ပျောက်သွားပြီဖြစ်တဲ့ သဲနုငယ်က တမင်ချန်ရစ်ခဲ့တဲ့ အချစ်ရုပ်ကြွင်းကလေးများလား ...။

ဩော် ... သဲနုငယ် ... သဲနုငယ်၊ ကိုယ် တကယ်ပဲ လက်လွှတ်ဆုံးရှုံးလိုက်ရပြီပေါ့၊ သဲမောင်ရဲ့ နှလုံးသည်းပွတ်ကလေးဟာ တကယ်ပဲ ပျောက်ကွယ်ခဲ့ပြီပေါ့။

မြက်ခင်းစပ်မှာပင် လင်းလက်ထွန်း စိတ်ပျက်လက်ပျက် ထိုင်ချမိသည်။ မိန်းကလေးက ခြေစုံကလေး ရပ်နေရာမှ ဒူးကလေးညွတ်ကျလာသည်။ လက်ကလေးတစ်ဖက်က လင်းလက်ထွန်း ပခုံးပေါ် တင်လာသည်။ ပုံ့ပုံ့ကလေး ထိုင်ချသည်။

"သဲနုသွယ် တဲ့ ... သဲနုငယ် ထက် ဆယ်မိနစ်စောပြီး မွေးတဲ့ သဲနုသွယ်ပါတဲ့ ကိုလင်းလင်းရယ်"

"ဟင်"

ဖြူဝင်း မွတ်ညက်ပါလေသည့် ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းကလေးနှစ်ခုက ခြေဆစ်မြုပ်ရုံ စီးဆင်းနေပါသည့် ရေတိမ်တိမ်စမ်းချောင်းကလေးသဖွယ် ...။

"မငိုပါနဲ့ မိန်းကလေးရယ်"

သူမ ပါးပြင်ပေါ်မှ စိမ့်စမ်းသွယ် မျက်ရည်ကလေးများကို သုတ်ပေးလိုက်စဉ်မှာပင် လင်းလက်ထွန်း၏ မေးစေ့ချိုင့်

ချိုင့်ကလေးမှာ မည်သည့်အချိန်က ခိုတွဲနေကြောင်း မသိရပါသည့် မုလဲမျက်ရည်ကလေး တစ်ပေါက် နှစ်ပေါက်က ကြွေ၍ ကြွေ၍ ကျသွားရပါတော့သည်။

"သြော် ... သဲနုသွယ် တဲ့လား"



## သဲနုငယ်ရဲ့ သဲနုသွယ်

သဲနုသွယ် ... တဲ့။

မှဲ့ကလေး တပ်မထားတော့ သဲနုသွယ် ...

မှဲ့ကလေး တပ်လိုက်တော့ သဲနုငယ် ...

သဲနုငယ်၏ အစ်မ သဲနုသွယ် ...

သဲနုငယ် ချန်ရစ်ခဲ့ပါလေသည့် ကိုယ်ပွားကလေး။

တစ်နည်းဆိုရပါမူ ... "သဲနုငယ်၏အချစ်ရုပ်ကြွင်း"။

တုန်တုန်ခိုက်ခိုက်ကလေး ပြောရှာပုံက "မိုက်မိုက်မဲမဲ ချစ်မိပါတယ် သဲမောင်ရယ်" တဲ့။ သဲနုငယ် အမှတ်နှင့် မှုန်းမှုန်းကျပ်ကျပ်ကလေး ဖက်မိစဉ်က နွေးနွေးထွေးထွေး အငွေ့အထိကလေးတွေကို တွေးမိရှိနိုင့် ရင်ခုန်သံ မြန်လွန်းလှပါဘိ။

အခုနိမြန်လွန်းသည့် နှလုံးသားမှာ လွှမ်းမိုးပါလေသည့် သဲနုသွယ်၊ ဆောင်းနံနက်၏ နှင်းမှုန်ကလေးများက ဖွင့်ထားမိသည့် ပြတင်းပေါက်မှတစ်ဆင့် လေနှင်အတူ ဝေ့ခနဲ ဝေ့ခနဲ။ မုလဲနှုတ်ခမ်းဖွင့်တို့ဖြင့် ဖျန်းပက်ခြင်း ခံရပါသည့် လင်းလက်ထွန်း၏ ပါးပြင်တို့မှာ အေးခနဲ အေးခနဲ။ ရင်ထဲကျတော့ နွေးခနဲ နွေးခနဲ။

သဲနုငယ်ကို အပြီးတိုင် လက်လွှတ်ဆုံးရှုံးလိုက်ရပြီဖြစ်သည့်အတွက် နာကျင်ရသည့် နှလုံးသားတို့မှာ နွေးထွေးမှုတစ်မျိုးဖြင့် အခုန်မြန်နေပါကလား။

စင်စစ် ... သဲနုငယ်ကိုပင် ဤမျှ ကြမ်းကြမ်းကျပ်ကျပ် မပွေ့ဖက်ခဲ့စဖူးပါ။ မြတ်နိုးယုယလွန်းသောကြောင့် ကြမ်းကြမ်းကလေး ထွေးမိလျှင်ပင် ကြေကျသွားမည်လားဟူ၍ စိုးရိမ်စိတ် ကဲခဲ့သည်။

ခုတော့ ... ခွဲခွာရသည့်ရက်များ၊ ကွေကွင်းခဲ့ရသည့်နေ့များနှင့် ပြန်လည်ရင်ဆိုင်ရမှာ စိုးရိမ်လွန်းသည့်စိတ်ဖြင့် မခွဲနိုင် မခွာရက်၊ မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့ရသည်။

"သြော် ... သဲနုသွယ် ... တဲ့၊ သဲနုငယ်လို့ ထင်မိစိတ်နဲ့ သဲနုငယ်ရဲ့ အစ်မကို ပွေ့ခဲ့ဖက်ခဲ့မိပါတယ် သဲနုငယ်၊ ရောက်ရာဘဝက ခွင့်လွှတ်ပါတော့ ၊ သဲမောင့် အချစ်ရယ်"

"သဲနုငယ်ကို လွမ်းဆွတ်ရင်းက ရင်ခွင်ထဲက အနွေးဓာတ်ကားကို တ,သ,မ်နေမိပါတယ် သဲနုငယ်"

"သဲမောင် ရူးရချေရဲ့ အချစ်ရယ်"

နေမင်းကြီးက သူ့တာဝန် ကျေပွန်ပါသည်။ အချိန်ဘန်တော့ နှင်းမှုန်ထုကို ခွဲ၍ထွက်လာသည်။ လင်းလက်ထွန်းမှာတော့ အိပ်ရာပေါ်က မထဖြစ်သေး။ သဲနုငယ် အတွက် ပူဆွေးသွေးချူးစိတ်၊ အနွေးဓာတ်ကလေးကို တမ်းတစိတ်တို့ဖြင့် ရင်ထဲမှာ ဗလောင်ဆန်နေသည်။



ဒုတိယကမ္ဘာစစ် ဖြစ်စဉ်က စစ်မြေတလင်းမှာ တဒိန်းဒိန်း တဒိုင်းဒိုင်း ပစ်ခဲ့သည့် အမြောက်သံများမှာ လင်းလက်ထွန်း၏ ရင်ခုန်သံကို မီနိုင်ပါမည်လား။

လူနှစ်ဆယ့်နှစ်ယောက်တို့၏ ဝိုင်းဝန်းကန်ကျောက်ခြင်း ခံရပါသည့် ကွင်းပြင်လယ်မှ ဘောလုံးထက် လင်းလက်ထွန်းရင်က ပိုမိုယောက်ယက်ခတ်သည်။ အတွေးမျှင်စ ကလေးများကဟိုဘက်ဂိုးတိုင်နှင့် သည်ဘက်ဂိုးတိုင်ကြား ပြေးလွှားနေရသည့် ဘောလုံးသဖွယ်၊ သဲနုငယ်မှသည် သဲနုသွယ်ဆီသို့ သဲနုသွယ်မှ တစ်ဖန် သဲနုငယ်ဆီသို့။

သြော် ... တည်ငြိမ်မှု ကင်းလိုက်ပါဘိခြင်း။

အိပ်ရာနံဘေးမှ တယ်လီဖုန်းကလေးက ထအော်သည်။

"တမလွန်က သဲနုငယ်ပါ သဲမောင်ရယ်"ဟူသည့် အသံကလေးကို ကြားရတော့မည် မဟုတ်မှန်း သိလျက်နှင့်ပင် မျှော်လင့်မိပါသေးသည်။

"လင်းလင်းနဲ့ စကားပြောချင်လို့ပါ"

"သြော် ... ဟုတ်ကဲ့၊ ကျွန်တော် လင်းလင်းပါ"

"ဦး ... ပါ လင်းလင်းရယ်၊ ဦးလှဖေပါ၊ လင်းလင်းအားရင် အိမ်ကိုလာခဲ့ပါလား"

"လာခဲ့ပါ့မယ် ဦး၊ ဒီတစ်ခါတော့ ရှိသမျှ သဲနု တွေကို ညှို့ခန်းမှာ တန်းစီပြထားပါ"

ဟု ရင်ထဲမှာ ရှိသည့်အတိုင်း ပြောချလိုက်ချင်ပါ၏။ နောက်ပြောင်ရာ ရောက်လေမလား၊ ထေ့ငေါ့ရာများ ရောက်သွား

မလား မသိပါ။ ထိုင်ငေါ်နောက်ပြောင်လိုစိတ် မရှိသည်ကတော့ အမှန်။

သို့ပေမင့် စော်ကားရာ ရောက်မည်စိုးသောကြောင့် လင်းလက်ထွန်း မပြောဖြစ်တော့ပါ။

"အခု လာခဲ့မလား လင်းလင်း၊ ဦး စောင့်နေမယ်"

"လာခဲ့ပါမယ်"

သည်ဝင်္ကက ဘယ်တော့ကျွတ်မည် မသိ။ အခေါ်တော် ထောက်တော့လည်း အရောက်လာရပြန်ပြီပေါ့။

"အဲဒါ ဦးရဲ့ဇနီး ဒေါ်သဲနုတဲ့"

"သဲနုစက်ကွင်း"က လွတ်ပါ့မလွတ်နိုင်၊ ဤကမ္ဘာမှာ "သဲနု"တွေ အဘယ်မျှ များပြားနေပါသနည်း။

"သြော် ... မလုံးအမေ အဖြစ် တွေ့ဖူးစဉ်က ဒီမျက်နှာမျိုး သိပ်မြင်ဖူးတာပဲလို့ ထင်ခဲ့မိပါတယ်"

"ဘယ်တုန်းက မြင်ဖူးခဲ့တာလဲ လင်းလင်း"

"သဲနုငယ်နဲ့ သိပ်တူနေတော့ သဲနုငယ် မျက်နှာ အရင့်စားမျိုး ဖြစ်နေတာပေါ့၊ ဒါကြောင့် မြင်ဖူးသလိုလို ထင်မိတာမှန်း ခုမှ သဘောပေါက်ရပါတယ်"

"သမီးသွယ် အပေါ်မှာ စိတ်ခုနေသလား လင်းလင်း"

"မခုပါဘူး"

လျှင်လျှင်မြန်မြန်ပဲ ဖြေချမိသည်။ ခုမှ မခုပဲ။

"လင်းလင်း ရှေလည်အောင် ပြောရမယ်ဆိုရင် ဦးဟာ အလုပ်မရှိ၊ ပညာမရှိတဲ့ဘဝနဲ့ ဟောဒီ မသိနဲ့ဆိုတဲ့သူဌေးသမီးကို ရအောင်ယူခဲ့တာက စ,ပြောရလိမ့်မယ်"



ဦးလှဖေကပင် ဦးဆောင်ရှင်းလင်း ပြောဆိုသည်။ ဒေါ်သဲနုက ဝင်မပြော။ သည်စကားဝိုင်းမှာ သဲနုသွယ် မပါ။ သူ့ခများကလေး ရှက်နေရှာသည်ထင့်။

"မသဲခများ ... အဲ ... ဦးက သူ့ကို မသဲလို့ ခေါ်တယ် လင်းလင်း၊ ဦးနောက်ကို လိုက်ခဲ့မိလို့ သူဌေးသမီးဘဝက လျှောကျရတယ်၊ ရွှေဘုံပေါ်ကနေ ရွံ့ဗွက်ထဲ ခုန်ဆင်းခဲ့ရရှာတယ်၊ သမီးအမြွှာကလေးနှစ်ယောက် မွေးအပြီးမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့် ချို့တဲ့လွန်းတာနဲ့ ဦးကိုယ်တိုင် မသဲ မိဘများဆီ ပြန်ပို့ခဲ့ရပါတယ်"

လင်းလက်ထွန်းက စိတ်ပါဝင်စားစွာ နားထောင်သည်။

"ဦးတို့ချည်းဆိုရင် အငတ်ခံနိုင်ပါတယ် လင်းလင်း၊ သားသမီးကျတော့ အငတ်မထားရက်တော့ဘူး၊ မသဲ မိဘများကလည်း ဦးသာပါမလာပစေနဲ့ သားတစ်ဖျာနဲ့ မြေးတစ်ရာပဲရရ၊ အချိန်မရွေး တံခါးဖွင့်ထားတာကို ...

"မသဲနဲ့သမီးတွေကို သူ့မိဘတွေဆီ ပြန်ပို့ပြီး ဦးက စိတ်လေလေနဲ့ လွင့်ထွက်အလာ မန္တလေးမှာပဲ လင်းလင်း ဖေဖေနဲ့ တွေ့ကြတယ်၊ ယာဉ်မောင်းဝင်လုပ်တယ်၊ ဒီကြားထဲက ဇာတ်လမ်းတော့ လင်းလင်းလည်း သိပြီးသားပဲ ...

"အဲ ... လင်းလင်း ဖေဖေရဲ့ ပစ္စည်းများတွေကိုရစဉ်က ပြန်မပေးချင်တဲ့ အကြောင်းတစ်ချက်ကလည်း မသဲနဲ့ သမီးတွေကို သွားခေါ်ပြီး သူဌေးဖြစ်ပြီဆိုတဲ့ အကြောင်း

ပြောချင်တာ၊ ဇနီးနဲ့ သမီးနဲ့ စည်းစိမ်ချမ်းသာပေါ်မှာ စံစေချင်တာလည်း အချက်တစ်ချက်ပါပဲ လင်းလင်း ...

"မသဲဟာ ဆင်းရဲငတ်ပြတ်ပါစေ၊ ဦးအပေါ်မှာတော့ သစ္စာရှိရှာပါတယ်၊ ကလေးနှစ်ယောက်နဲ့ မိဘအိမ်ပြန်တက်ရချိန်မှာ အပျိုတုန်းက လိုချင်ပါတယ်ဆိုတဲ့ သူ့မိဘတွေ သဘောတူတဲ့ သူဌေးသားကလည်း တစ်ခုလပ်ဘဝထိ အောင် ကြည်ဖြူတုန်း၊ ရမယ်ဆိုရင် ယူချင်တုန်းပဲ ...

"ဒါပေမဲ့ မသဲက သစ္စာရှိတယ် လက်မခံဘူး၊ ဦးလည်း ပတ္တမြားတွေနဲ့အတူ ဝမ်းသာအားရ ရောက်သွားရော ... ဦး အထင်နဲ့အမြင် ပါစင်အောင် လွဲတော့တာပဲ လင်းလင်း ...

"လင်းလင်း ဖေဖေရဲ့ ပတ္တမြားတွေကို ပြန်ပေးရမယ်တဲ့၊ အဲဒီလိုလုပ်တာကို မသဲက လုံးဝလက်သင့်မခံခဲ့ဘူး ကွယ်"

ဒေါ်သဲနု ဆိုပါသည့် အမျိုးသမီးကြီးကို လင်းလက်ထွန်း ကြည်ညိုသွားရတော့သည်။

"မသဲကလည်း ပြန်ပေးခိုင်း၊ ဦးကလည်း ငြင်းတော့ အဆင်မပြေဘဲ တင်းတင်းမာမာ ဖြစ်လာကြတော့ ဦးက သမီးငယ်ငယ်ကို ဆွဲခေါ်ပြီး ထွက်လာခဲ့တာပဲ၊ သမီးငယ်ငယ် ပါလာရင် မသဲဟာ ဘယ်နည်းနဲ့မှ မနေနိုင်ဘူး၊ သမီးဖော နဲ့ လိုက်လာမှာပဲလို့ တွက်ဆားတာကိုး၊ ဒီတစ်ချက်လည်း ပါစင်အောင် လွဲခဲ့ပြန်တယ်"



"လိုက်မလာခဲ့ဘူးပေါ့ ဦး၊ ဟုတ်လား"

"အင်း ... လိုက်မလာရုံတင် ဘယ်ကမလဲ၊ လိုက်လာမိမှာစိုးလို့ သမီးငယ်ဖော၊ လင်ဖောနဲ့ စိတ်ယိုင်သွားမှာ သူ့စိတ်သူ မနိုင်မှာစိုးတာနဲ့ အမြဲငြင်းခဲ့တဲ့ သူဌေးသား လူပျိုကြီးကို ကောက်ယူပစ်လိုက်တော့တယ်"

"သြော် ... ဒေါ်ဒေါ်ရဲ့ စိတ်ထားက ဖြောင့်လည်းဖြောင့်၊ ထက်လည်းထက်တယ်နော်"

"နောက်အိမ်ထောင်သာ မကျရင် သူ့သမီးဖောကြောင့် ဦးဆီ ပြန်ပါမိမှာတဲ့၊ သူတစ်ပါးပစ္စည်း မတရားယူချင်တဲ့ ဦးလိုစိတ်မျိုး ရှိတဲ့လူကို ဘယ်လိုမှ မပေါင်းနိုင်ပါဘူးတဲ့၊ အဲ ... ကလေးစကား ပြောရရင် အသည်းထဲက နင့်အောင် ချစ်နေပေမဲ့ အထင်သေးသွားပါပြီတဲ့၊ ဦးမှာဖြင့် မျက်နှာလို မျက်နှာရ သွားမိကာမှ အခက်ကြုံနေတော့တာပဲ လင်းလင်း၊ မသဲရဲ့စိတ်ထားက အဲဒီလောက်ထိ ရိုးသားဖြောင့်မတ်တယ်၊ မတရားတာ မမှန်တာကို နည်းနည်းမှ မကြိုက်ဘူး"

"အဲဒီကတည်းက ညီအစ်မနှစ်ယောက် ခွဲနေကြရတာပေါ့ နော်"

"ဟုတ်တယ်၊ ဦးရဲ့ဘဝလည်း အဲဒီကစပြီး ငရဲကျရတာပဲ လင်းလင်း၊ လင်းလင်းဖေဖေရဲ့ ပစ္စည်းကို ခိုးမိလို့ ခံစားရတဲ့ဒုက္ခဟာ အဲဒီက စခဲ့ရပါတယ်"

"တကယ်ဆိုတော့ ဦးဘဝလည်း တော်တော် နာခဲ့ရတာပါပဲလား"

"ဒါပေါ့ လင်းလင်း၊ မကောင်းမှု ကျူးလွန်မိရင် ဘယ်လို မကောင်းမှုပဲဖြစ်ဖြစ် အပြစ်နဲ့ မျှအောင်တော့ ခံရတာပဲ၊ ရဲကမသိလို့ ဥပဒေကြောင်းက လွတ်သည့်တိုင် သဘာဝ တရားသူကြီးကတော့ လက်ပိုက်ကြည့်မနေဘူး၊ သဘာဝ ခုံရုံးက အလိုအလျောက် ပြစ်ဒဏ် ခတ်တတ်ပါတယ် လင်းလင်း"

"သဲနုငယ်က သူ့မှာ အစ်မရှိကြောင်း တစ်ခါမှ မပြောခဲ့ဖူးဘူး"

"သူ့အမေက သေခန်းအထိ ဖြတ်ပစ်တာကိုး လင်းလင်းရဲ့၊ သေရင်တောင် အကြောင်းမကြားစတမ်းဆိုလို့ မသဲ စိတ်ဆိုးမှာစိုးတာနဲ့ သမီးငယ်ရဲ့ နာရေးကြော်ငြာမှာတောင် သူ့အမေနာမည်နဲ့ သူ့အစ်မနာမည်ကို မထည့်ရဲခဲ့ဘူး၊ ဖအေက သမီးတစ်ယောက်၊ မအေက သမီးတစ်ယောက် ခွဲယူလိုက်တာ၊ တရားမျှတတာပဲတဲ့၊ ဒါကြောင့် ဦးမှာလည်း မိန်းမသေဆုံးပြီဆိုပြီး မုဆိုးဖိုဘဝနဲ့ နေခဲ့ရတာ သမီးငယ်ငယ့် တစ်သက်နီးပါး ဆိုပါတော့ကွယ်"

"ဟို … မလုံးတို့ တန်းလျားရှေ့မှာ ကစားနေတဲ့ ကလေးက …"

"အဲဒါ မသဲသား၊ အဲဒီကလေးထက် အကြီးက ယောကျ်ားလေးပဲ၊ တစ်ယောက်ရှိသေးတယ်၊ နောက်အိမ်ထောင်နဲ့ သားချည်းနှစ်ယောက်မွေးပြီး မသဲ ခမျာလည်း မုဆိုးမဖြစ်ရှာတယ်၊ သူ့ယောကျ်ားက သင်္ဘောသူဌေးဆိုတော့ မြစ်ဝ



ကျွန်းပေါ်တစ်လျှောက် အစုန်အဆန်သွားရင်း သင်္ဘောပေါ်မှာပဲ နှလုံးရောဂါနဲ့ ရုတ်တရက် ဆုံးရှာတယ်"

"ဪ … ဒေါ်ဒေါ်တို့က ဘယ်မှာနေတာပါလဲ"

"ဘယ်ဝေးလို့လဲ လင်းလင်းရဲ့၊ ဟသ်ာတတင်ပဲ၊ မနေ့က မင်္ဂလာညှော်ခံပွဲလုပ်တဲ့ အိုသက်က သမီးသွယ်နဲ့ ဟသ်ာတမှာ ညီအစ်မလို နေကြတာလေ၊ အိုသက်က အသက်ပိုကြီးတော့ အတန်းပိုကြီးတာပေါ့၊ အိမ်ချင်းက ခြေရင်းခေါင်းရင်းမို့ သိပ်ခင်ကြတာ"

သည်တစ်ခါတော့ ဒေါ်သဲနုက ဝင်ပြောသည်။

ဦးလှဖေက သူ့ဇာတ်ကြောင်းကို ဆက်ပြန်သည်။

"ဦးတို့ လူကြီးချင်းကျတော့ အဆက်အသွယ် မရှိပေမဲ့ သမီးနှစ်ယောက်က သူတို့ညီအစ်မချင်း ခိုးဆက်သွယ်နေကြတယ်၊ စာပေးစာယူ လုပ်ကြတယ်၊ တစ်ယောက်အကြောင်း တစ်ယောက် အမြဲစာရေးပြီး ပြောနေကျတဲ့၊ သမီးငယ်ငယ် ဆေးရုံကဆင်းလာပြီး လင်းလင်းနဲ့မချိန်းခင်မှာ သူ့အစ်မဆီ ပေးတွေရေးပို့လိုက်တာ စာမျက်နှာ ရှစ်ဆယ်ရှိတဲ့ စာအုပ်တစ်အုပ်လုံး ပြည့်လုရောတဲ့"

"ကျွန်တော့် အကြောင်းတွေလား ဦး"

"အင်းပေါ့၊ အသေးစိတ် ရေးတာတဲ့၊ ဦးက နောက်မှသိရတာပါ၊ သူ့စာထဲမှာ နိဂုံးချုပ်အနေနဲ့ မင်းသာ သူ့ဆီကို လာမတွေ့ရင်တော့ သူလည်း လူ့ဘဝမှာ မနေတော့ဘူးတဲ့"

"ဪ ... ဒါကြောင့် သဲနုသွယ်က သဲနုငယ် ကိုယ်စား ကျွန်တော့်ကို သိပ်စိတ်နာသွားတယ် ထင်တယ်"

"ဟုတ်တယ်၊ သူကလည်း မင်းကို ကလဲ့စားချေမဲ့ စိမ်ကိန်းနဲ့ ရန်ကုန်ကို ရောက်လာတာ၊ သမီးငယ်ငယ် ဆုံးပြီဆိုတဲ့ သံကြိုးရတော့ မသဲကလည်း မနေနိုင်ဘူး၊ ပြေးလာချင်ရော၊ သမီးသွယ်က ဖွတ်ပူဆာတာလည်း တစ်ကြောင်းကွယ့်"

"ဒေါ်ဒေါ် အတန်တန် တားတဲ့ကြားက သမီးသွယ် လုပ်ဖြစ်အောင် လုပ်တယ် လင်းလင်း၊ သူ့ညီမရဲ့ ဈာပနမှာတောင် သူ့ကို အမြွှာညီအစ်မမှန်း လူမသိအောင် မိတ်ကပ်အညိုလိမ်း၊ မျက်စိနဲ့ ပါးတစ်ခြမ်းကို ဆံပင်ဖုံးပြီး ရုပ်ဖျက်ပို့ခဲ့တာ"

"အင်း ... ခုမှပဲ မိတ်ကပ်အညိုလိမ်းတဲ့ကိစ္စ ရှင်းတော့တယ်၊ ဒါထက် မနုကကော"

"သူက တကယ်ပဲ အငြိမ့်သမကလေးပါ၊ သမီးသွယ်ရဲ့ သူငယ်ချင်းပဲ၊ အငြိမ့်နားတုန်း လိုက်ကူညီတာ၊ လင်းလင်းတို့အိမ်မှာ လာနေတုန်း အိမ်ထဲကနေ တယ်လီဖုန်းဆက်တာ မနု ကိုယ်တိုင်ပါပဲ၊ လင်းလင်း စိတ်တွေ ချောက်ချားကုန်အောင် သမီးသွယ် စီစဉ်ပေးတာလေ၊ အဲဒီလိုလုပ်ချင်လို့ အိမ်ဖော် တမင်ဝင်လုပ်ရတာ၊ သူ့နာမည်က နုနုကြည်တဲ့"

"သဲနုကြည် မဟုတ်တာ တော်သေးတာပေါ့"

"ဘယ်ရတော်မလဲ လင်းလင်းရဲ့၊ သဲနုသွယ်ကို သိပ်ခင်တာနဲ့ အငြိမ့်က,တော့ မင်းသမီးနာမည်ကို သဲနုကြည်လို့ ပြောင်းလိုက်သေးတယ်"



"ဪ"

"ခေတ်မိန်းကလေးတွေ ဆိုတော့ ထက်တာလည်းတစ်ကြောင်း၊ စွန့်စားတာကို စတန့်တစ်မျိုး ထင်ကြတာကိုး လင်းလင်းရဲ့၊ မင်းတောင် မရှုးတာ ကံကောင်းမဟုတ်လား"

"ရှူးလုလုပါပဲ ဦးရယ်"

"ခုတော့ မင်းကိုလည်း သံသရာကြွေးဆပ်ပြီးပြီ၊ ဒုလ္လဘရဟန်းလည်း ခံပြီးပြီ၊ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ အကုန်ဆေးကြောပစ်ပြီးပြီမို့ ဦး စိတ်ချမ်းသာရပါပြီ လင်းလင်း၊ သွေးသားရင်းချာလိုနေပါ၊ အာဃာတ တရားတွေ အားလုံးကို သင်ပုန်းချေကြပါစို့လို့ ဦး ပြောချင်တာပါပဲ"

"ကျွန်တော့် မှာတော့ ဘယ်လို အာဃာတမျိုးမှ မရှိတော့ပါဘူး၊ အဲ ... သဲနုသွယ် အနေနဲ့သာ"

"ဒေါ်ဒေါ် ဆုံးမလို့ နားဝင်နေတာ ကြာပါပြီကွယ်၊ ဖြစ်ပျက်ခဲ့ကြတဲ့ အကြောင်းတွေမှာ မင်းရော၊ ဒေါ်ဒေါ်ရော၊ မင်းဦးရော၊ သမီးတွေပါ ဘဝနာသင့်သလောက် နာကုန်ကြပြီးပါပြီ၊ ဒေါ်ဒေါ်တောင်မှ စိတ်ကိုလျှော့ပြီး ဟသ်ာတ မပြန်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ မင်းဦးလည်းပဲ သမီးတစ်ယောက်လုံး ဆုံးရတော့ အကျွတ်တရား ရသွားပြီလေ"

ဪ ... အဘိုးကြီး အဘွားကြီး ပြန်ပေါင်းထုပ်ခန်းပေကိုး။

"မင်းတို့လူငယ်ချင်းလည်း အာဃာတတွေ ပြေကြပါ။ ခြံထဲမှာ မင်းနှမ ရှိလေရဲ့၊ မင်းက စိတ်မဆိုးတော့ဘူးဆိုရင် သွားတွေ့လိုက်ပါ၊ သမီးသွယ် ခမျာ မင်းကို အရူးလုပ်ထားမိတော့ မျက်နှာပူရှာတယ်"

"ဟာ ... ကျွန်တော် စိတ်မဆိုးပါဘူး ဒေါ်ဒေါ်"

"အေး ... အေး ... ဒါဖြင့် သွား ... သွား"



## ယုံမိလိုက်ပြီ သဲမောင်ရေ

ပိတောက်ပင်စိမ်းစိမ်းအုပ်အုပ်ကြီးအောက်မှ ခုံတန်းလေးပေါ်မှာ သဲနုသွယ်၊ လင်းလက်ထွန်းအဖို့က သဲနုသွယ်ကို သဲနုသွယ်ဟု မမြင်၊ သဲနုငယ် အဖြစ်နှင့်သာ မြင်ကြည့်မိပါတော့သည်။

သည်ပိတောက်ပင်ကြီးအောက်မှာပင် သူ့လက်ဖျံကို သူ့ဓားနှင့် ခွဲချခဲ့သည်။ သွေးစက်လက်နှင့် ဒဏ်ရာကို သဲနုငယ်က ပါးကလေးနှင့် ပြေးကပ်ရှာပါ၏။ "အို ... သဲမောင်ရယ်"ဟူသည့် စကားသံကလေးကို ကြားယောင်ဆဲ။

"သဲနု"

"ဩော် ... ကိုလင်းလင်း"

သဲနုသွယ် ဟူ၍ ခေါ်ချင်စိတ် မရှိပါ။ သဲနုငယ်ဟူ၍သာ ခေါ်ချင်မိပါ၏။ သူက သဲနုငယ် ချန်ရစ်ခဲ့ပါသည့် အချစ်ရုပ်ကြွင်းတစ်ခု မဟုတ်ပါလား။

သို့ပေမင့် သဲနုငယ်ဟူ၍ ခေါ်၍မရပါပြီ။ သူက သဲနုငယ်မှ မဟုတ်ပါလေပဲ။

"ဒီပိတောက်ပင်ကြီး အောက်မှာပဲ သဲနုငယ် လဲကျကျန်ရစ် ခဲ့ရှာတာ၊ ကိုယ့်လက်ချောင်းတွေက သွေးတွေ တစက်စက် စီးကျရင်းက ကိုယ် သဲနုငယ်ကို မိုက်မိုက်မဲမဲ စွန့်ခွာခဲ့မိ တာ"

"ငယ်ငယ်က ကံဆိုးရှာပါတယ်ရှင့်"

"ယှဉ်ကျူးမရ ဖြစ်ရပါတယ် သဲနုရယ်၊ ဒီစကားလုံးထက် ပိုပြီးလေးနက်တဲ့ စကားလုံး ရှာမတွေ့တော့လို့ပါ၊ ရင်ထဲက ခံစားချက်က ထုတ်ပြောနိုင်တဲ့ စကားလုံးထက် ပိုပါတယ် ဗျာ"

"ချစ်တတ်လွန်းသူတစ်ဦးရဲ့ ကြမ္မာဆိုးကို သဲနု ဘယ်လိုမှ မေ့မပစ်ရက်တော့ပါဘူးရှင်၊ ငယ်ငယ်သာ ပြန်ရှင်လာပြီး၊ ကိုလင်းလင်းတို့ ပျော်ရွှင်စွာ လက်တွဲနိုင်ကြဖို့အတွက် အသက်ချင်း လဲပေးရမယ် ဆိုရင်တောင် သဲနု သေပေးချင် မိပါတယ်"

"သြော် ... သဲနုရယ်၊ ခွင့်လွှတ်ပါလို့တောင် ဖတောင်းပန် ဝံ့ပါဘူးဗျာ"

"ကိုလင်းလင်းက မတောင်းပန်ဝံ့ဘူး ဆိုပေမဲ့ သဲနုကတော့ ခွင့်လွှတ်လိုက်ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့"

"ဘာဖြစ်လို့လဲဟင်"

"ငယ်ငယ်သာ အသက်ထင်ရှား ရှိနေရင် ကိုလင်းလင်းကို ခွင့်လွှတ်နေရှာမှာပဲဆိုတာ သဲနု သိလို့ပါ၊ ငယ်ငယ့်ဆန္ဒကို မေးပိုင်ခွင့်ရခဲ့ရင် မမသွယ်ရယ် သဲမောင်ကို ခွင့်လွှတ်လိုက် ပါလို့ ပြောရှာမှာပါ"



"သဲနု ရင်ထဲက ဆန္ဒအမှန်ကျတော့ကော"

"အစကတော့ သိပ်စိတ်ဆိုး၊ သိပ်မုန်းခဲ့ပါတယ်။ ရူးပါစေ သေပါစေလို့တောင် ဆုတောင်းမိခဲ့ပါတယ်"

"သြော် ... သဲနုရယ်၊ အဲဒီဆုတောင်း ပြည့်စေချင်လိုက်တာ ဗျာ၊ တကယ်ပါ"

"ငယ်ငယ့် အဖြစ်နဲ့ ကိုလင်းလင်းဆီ ဖုန်းဆက်ရင်းက ကိုလင်းလင်း ရင်ထဲက မေတ္တာအစိုင်အခဲကို မြင်တတ်လာ ပါတယ်၊ နားလည်လာမိပါတယ်၊ မေမေကလည်း တွင်တွင် နားချခဲ့ပါတယ်၊ အမုန်းရေစီးကြောင်းဟာ သဲနုတို့ မိသားစု ဘက်ကသာ မြစ်ဖျားခံတာပါတဲ့"

"အဲဒီလို ခွင့်လွှတ်နိုင်ကြသူ တွေနဲ့ ကြုံရတော့ ခွင့်လွှတ်နိုင် စွမ်းအားကို နောက်ကျပြီးမှ ရရှိတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိပါတယ်"

လင်းလက်ထွန်းက ခုံတန်းလေးနံဘေးမှ မြက်ခင်း စပ်ပေါ်မှာ ထိုင်ချသည်။ သဲနုသွယ်၏ မျက်နှာကလေးကို တငေးတမော မော့ကြည့်မိပါသည်။ သူ မြင်နေရသည့် မျက်နှာ ကလေးမှာ မဲ့စိစိလက်လက်ကလေးကိုသာ ဖြည့်၍ ဖြည့်၍ မြင်မိ ပါတော့သည်။

"အို ... ကိုလင်းလင်း၊ ခုံပေါ်မှာ ထိုင်ပါ"

"နေပစေ၊ သဲနုကို မော့ကြည့်နေချင်တယ်"

"အယ်"

နှင်းဆီသွေးကလေးက ပါးဝင်းဝင်းကလေးပေါ်မှာ ဖြတ်ပြေးရင်း နှာသီးဖျားကလေးကိုပါ ခလုတ်တိုက်သွားသည်ကဲ့သို့။

"သဲနု"

"ရှင်"

"သဲနုရယ် ချစ်ခွင့်ပေးပါ၊ လက်ထပ်ခွင့်ပေးပါ၊ သဲနုကို ချစ်ပါရစေ၊ လက်ထပ်ပါရစေ၊ ဒီကမ္ဘာမှာ သဲနုငယ် မရှိ ရှာတော့တဲ့နောက်မှာ ကျန်ရစ်ခဲ့တဲ့ "အချစ်ရုပ်ကြွင်း" ကလေးလို ဖြစ်နေတဲ့ သဲနုသွယ်ကို ကိုယ် မခွဲပါရစေနဲ့တော့ကွယ်၊ ကိုယ့်မေတ္တာကိုနားလည်ပါ၊ သဲနုငယ်ကိုယ်စား အဖြစ်နဲ့ ချစ်မိတာကိုလည်း ခွင့်လွှတ်ပေးပါ၊ နားလည်ခွင့်လွှတ်စွာနဲ့ အချစ်ပြန်ပေးပါ သဲနုရယ်"

"သြော် ... ကိုလင်းလင်းရယ်"

"သဲနုကို သဲနုသွယ် အဖြစ်နဲ့ ခွဲခြားကြည့်လို့ မရတော့ပါဘူး၊ သဲနုငယ်လို့ပဲ မြင်မိပါတယ်၊ သဲနုငယ်ရဲ့ ကိုယ်ပွားကလေးလို့ပဲ မြင်နေတယ်၊ သဲနုကို နောက်ထပ်တစ်ခါ မဆုံးရှုံးပါရစေနဲ့လား သဲနုရယ်၊ ကိုယ့်အဖို့တော့ သဲနုသွယ်နဲ့ သဲနုငယ်ဟာ တစ်ယောက်တည်းလို ဖြစ်နေရပါပြီ၊ ဒီဖြစ်ရပ်ကို သဲနု နားလည်စွာနဲ့ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ် သဲနုရယ်"

"ခွင့်လွှတ်ပါတယ် ကိုလင်းလင်းရယ်၊ နားလည်းလည်ပါတယ်"



သဲနုသွယ်က သူထိုင်နေသည့် ခုံတန်းကလေးပေါ်မှ ဆင်းလာကာ မြက်ခင်းစပ်မှာပင် ထိုင်ချသည်။ လင်းလက်ထွန်း၏ ပခုံးပေါ်သို့ လက်ကလေးတစ်ဖက် တင်လာသည်။

ဝါဂွမ်းဖတ်နုနုကလေးများ ပခုံးပေါ် ကြွေကျသလားကွယ်။ သြော် ... သဲနုငယ်၊ မင်းလည်း ဒီလိုပဲ သဲမောင်ရဲ့ပခုံးပေါ် လက်ကလေးတစ်ဖက် တင်နေကျပါလားကွယ်။ သဲနုရယ် မင်းဟာ သဲနုငယ်ပါပဲကွယ်။ ကိုယ့်အဖို့တော့ သဲနုငယ်ပါပဲ အချစ်ရယ်။ ရင်ထဲက စကားသံများက ဆွေးမြည့်ခြင်းနှင့် ကြည်နူးခြင်းတို့ကို ရောပြွမ်းဖြစ်ပေါ်စေပါသည်။

"အဖြေပေးပါ သဲနုရယ်"

"မေမေက ပြောပါတယ်၊ ဒက်ဒီက ... အဲ ... ဒက်ဒီဆိုတာ သဲနုရဲ့ နောက်အဖေကို ခေါ်တာပါ၊ ဒက်ဒီ့ဆီကလည်း အမွေတွေ အများကြီး ရလိုက်တာမို့ ဒက်ဒီရဲ့ အဲဒီအမွေတွေကို သဲနုရဲ့ မောင်လေးနှစ်ယောက်ကိုပဲ ပေးချင်ပါတယ်တဲ့"

"ပေးပစေလေကွယ်၊ အဲဒါ သဲနုကို ချစ်မိတာနဲ့ ဘာဆိုင်လို့လဲ"

"ဖေဖေ့မှာ ရှိသမျှ စည်းစိမ်ဥစ္စာတွေကိုတော့ ကိုလင်းလင်းသာ ရထိုက်တာမို့ ကိုလင်းလင်းကိုပဲ လွှဲပေးရမယ်တဲ့"

"ကိုယ် မလိုချင်ပါဘူး သဲနုရယ်၊ ကိုယ်နဲ့မတန်ပါဘူးလို့ ပြောခဲ့ပြီးပါပြီ၊ ကိုယ် မယူရက်ပါဘူး"

"ဒီဝန္စည်းတွေဟာ ကိုလင်းလင်း ဖေဖေရဲ့ ပတ္တမြားကြီးငါး လုံးအပေါ် အခြေခံပြီး တိုးပွားလာရတာပါတဲ့၊ ကိုလင်းလင်း ဘယ်လိုပဲ ငြင်းငြင်း အဲဒါတွေကိုတော့ လွှဲပြောင်းပေးရမှာပဲလို့ ဖေဖေကရော မေမေကပါ သဘောတူ ဆုံးဖြတ်ကြပါတယ်၊ အဲ နောက်တစ်ခု အပိုထပ်ဖြည့်ပေးချင်ပါသေးတယ်တဲ့၊ အဲဒါကတော့ ကိုလင်းလင်း ဆန္ဒရှိမှာပါတဲ့"

"ဘာကိုလဲ သဲနု၊ ဟင်"

"ဖေဖေ စတဲ့ပြဿနာ၊ ဖေဖေ မွေးခဲ့တဲ့မီးဟာ ကိုလင်းလင်းရဲ့ဘဝကို အတော်ကြီး လောင်မြိုက်ခဲ့တာမို့ အဲဒီမီးတွေကို ငြိမ်းနိုင်ဖို့ မေတ္တာရေစင်လေးတစ်စက်ကို အပိုဖြည့်ပေးချင်ပါတယ်တဲ့၊ ကိုလင်းလင်းက ဆန္ဒရှိမယ်ဆိုရင် လက်ခံမယ်ဆိုရင်ပေါ့"

"သဲနု ဆိုလိုချက်ကို နားမလည်ဘူး"

"အဲဒီ အပိုဆု မေတ္တာရေစင် ဆိုတာ သဲနုသွယ်တဲ့၊ ကိုလင်းလင်း နားမှာ ထိုင်နေတဲ့ မိန်းကလေးပါပဲရှင်"

"ဟာ ... သဲနု ... သဲနု ... ရယ်"

ပုံ့ပုံ့ကလေး ထိုင်နေသည့် သဲနုသွယ်ကို ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်မိပါတော့သည်။ ကြည်နူးမှု အရှိန်အဟုန်များက လေနှင့်အတူ ပျံ့ဝဲတက်နေရပါတော့သည်။

"ဖေဖေတို့ မေမေတို့ နားချလို့ သဘောတူလို့ ဆိုတာထက် သဲနုလေ ... သဲနု ကိုယ်တိုင်က ..."

"ပြောလေ ... ဆက်ပြောလေ"



ဒူးတစ်ဖက် ထောင်ထားသည့် လင်းလက်ထွန်း၏ ပေါင်ပေါ်မှာ လှဲအိပ်ရင်း ချစ်သူ့မျက်နှာကို ရွှန်းရွှန်းစားစား မော့ကြည့်နေမိပါသည့် သဲနုသွယ် ...။

သူ့ကို ငုံ့ကြည့်နေသည့် လင်းလက်ထွန်း။

အချစ်မျက်ဝန်းချင်း ဆုံတွေ့မိကြပါ၏။

"တယ်လီဖုန်းဆက်တိုင်း ကိုယ့်ချစ်သူ တစ်ယောက်ကို ပြောသလို ပြော,ပြောနေရတာက စခဲ့တယ် ထင်မိပါတယ်၊ ကိုလင်းလင်း ရင်ထဲက မေတ္တာတွေကို သိလာရတော့လည်း ရယူခံစားချင်မိလာပါတယ်၊ ချစ်တတ်လွန်းသူတစ်ဦးရဲ့ နှလုံးသားကို အပိုင်ရလိုက်ချင်မိတာပါပဲ"

"သြော် ... သဲနုရယ်"

သည်တစ်ခါ ထွေးပွေ့မိကြရာမှာ မနေ့ညကလို တောင့်တောင့်ရောင့်ရောင့်ကလေး ဖြစ်မနေတော့ပါ၊ အိအိထွေးထွေး ကိုယ်လုံးကလေးက ချစ်သူ၏ ရင်ခွင်မှာ တွယ်တွယ်တာတာ နားခိုမိပါပြီ။

"ချစ်တယ်လို့ ပြောပါ သဲနုရယ်"

"သိပ်ချစ်မိပါတယ် သဲမောင်ရယ်"

"မေတ္တာရေနဲ့ ဝေးခဲ့ရလို့ ရက်ပေါင်းများစွာ ညှိုးကျနေရတဲ့ သဲမောင် ရင်ထဲက အချစ်သစ်ပင်ကလေးဟာ သဲနု မေတ္တာရေစင်နဲ့မှ ပြန်လည်လန်းဆန်းလာရတာမျိုးပါ"

"ငယ်ငယ့် ကိုယ်စား အငှားချစ်ရတယ်လို့ပဲ ဖြစ်ချင်ဖြစ်ပါစေ၊ ကြည်ဖြူမိပါတယ် သဲမောင်ရယ်"

ဩော် ... အချစ်အနွေးပိုင်းဝံ့မှာ အချစ်အသည်းကလေးများ တဆတ်ဆတ် ခုန်ရပါဘီခြင်း။

"သိပ်ချစ်ပါတယ် သဲနုရယ်"

"ယုံပစ်လိုက်ပြီ သဲမောင်ရေ"

စာချစ်သူတိုင်းကို ချစ်တဲ့

နေနွယ်ဇင်မြင့်